# ပါရဂူ

# သူ့လိုဘုရင်

တကိုး၏ဝတ္ထု။



http://myanmarpyithar.net

မြနန္ဒာစာအုပ်တိုက်

အမှတ် ၁၄၅၊ ၃၆လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

http://myanmarpyithar.net

# သူ့လိုဘုရင်

ဝါရှူး

တ ဂို း ၏ ဝ တ္ထု

ထုတ်ဝေကာလ
၂၀၀၃၊ ဒီဇင်ဘာလ။

http://myanmarpyithar.net

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၈၃/၂၀၀၃(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၃၉/၂၀၀၃(၇)

ထုတ်ဝေသူ- ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)(မြဲ ၀၉၁၀)၊ အမှတ်(၁၁၁) ၃၃ လမ်း၊ ကျောက်တံတား။ ပုံနှိပ်သူ -ဒေါ်မြင့်မြင့်အေး(ရွှေတြိဂံအော့ဖ်ဆက်)၊ ၆/က၊ - စစ္စယ်တော်။ မျက်နှာဖုံး- ဇော်မောင်

အကြိမ် - ဆဋ္ဌမအကြိမ်။
စောင်ရေ - ၅၀၀
တန်ဖိုး - ၈၀၀ ကျပ်

## ဖြန့်ချိရေး

မြန်န္မာစာအုပ်တိုက် - အမှတ် ၁၄၅၊ ၃၆လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း - ၀၁- ၂၅၆၁၈၂၊ ၂၅၃၂၉၅
- ၈၄လမ်း၊ ၂၉- ၃၀လမ်းကြား၊ မန္တလေး။

## သူ့လိုဘုရင်
## ပထမအကြိမ်ထုတ်ဝေခြင်းအတွက်အမှာ

တဂိုးနှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် တဂိုးရေးသားပြုစုခဲ့သည့် စာပေများကို ဘာသာပြန်ဆိုပြီး၊ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ဝေဖြန့်ရန် စီမံဆိုင်းပြင်းနေကြသည်ဟူသော သတင်းကို ကြားရသည်မှာ အချိန်ကာလ အတန်ကြာကပင်ဖြစ်၏။ ယင်းသို့စီမံဆိုင်းပြင်းနေခြင်းမှာ အိန္ဒိယတပြည်သာလျှင် မဟုတ်ပေ၊ တရုတ်ပြည်၊ ရပ်ရှားပြည်၊ ဂျပန်ပြည် စသည်တို့၌လည်း အလားတူ စီမံကိန်းများ ရှိကြသည်ဟု မဆွကပင် သိရလေသည်။

တဂိုးနှစ်တစ်ရာပြည့်သည် တစတစနှင့် နီးကပ်လာလေပြီ၊ တဂိုးစာပေ ထုတ်ဝေဖြန့်ချိရေး စီမံကိန်းများလည်း နိုင်ငံတကာ၌ တိုးတက်လျှက်ရှိနေကြောင်း ကြားသိရ၏။ ကျွန်တော်သည် မြန်မာစာပေလောကဘက်သို့ တစိတစောင်း ငဲ့ကြည့်လိုက်၏။ မြန်မာစာပေလောကမှာ “ ပြားငါးဆယ်တန်၊ ပြားခြောက် ဆယ်တန် ” တို့နှင့် အလုပ်ရှုပ်နေသဖြင့် တဂိုးနှစ်တရာကို စိတ်မဝင်စားနိုင် ဖြစ်နေ၏။ တဂိုးစာပေကို ခေါင်းထောင်မကြည့်နိုင်အောင် ဖြစ်နေ၏။ ဤတွင် ကျွန်တော်သည် မနေနိုင်တော့ဘဲ ပုံနှိပ်ထုတ်ဝေသူများကို ချဉ်းကပ်ပြီး လှုံ့ဆော်တိုက်တွန်းရတော့သည်။ အမျိုးသားစာပုံနှိပ်တိုက်ရှင်သည် ကျွန်တော်၏ လှုံ့ဆော်တိုက်တွန်းချက်ကို လက်ခံပြီး တဂိုး၏ ဤငြိမ်းရေးဝတ္ထုကို တဂိုးရာပြည့် အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေရန် တာဝန်ယူလိုက်လေသည်။

ဤဝတ္ထု၏ အမည်ရင်းမှာ “ ငြိမ်းချမ်းရေး ” မဟုတ်ပေ၊ “ ရာဂျာရိရှိ ” ဖြစ်၏။ ရာဂျာရိရှိ၏ အဓိပ္ပါယ်မှာ “ ဘုရင်၊ ရသေ့ ” ဖြစ်၏။ ဝတ္ထု၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးကို အဓိကထားသဖြင့် ကျွန်တော်က ဝတ္ထု၏ အမည်ကို “ ငြိမ်းချမ်းရေး ” ဟု တပ်လိုက်ခြင်းဖြစ်သည်။

http://myanmarpyithar.net

ဤဝတ္ထုကို တဂိုးသည် ၁၈၈၇- ခုနှစ်က ရေးသားခဲ့သည်။ ၁၈၉၀ ခုနှစ်ရောက်သောအခါ ဤဝတ္ထုဇာတ်ကြောင်းကိုပင်ယူပြီး " ဝိဆရဂျန် " (အနာခံ) ဟူသော အမည်ဖြင့် ပြဇာတ်တပုဒ်ကို ရေးသားပြန်သည်။

ကမ္ဘာကြီးတွင် စစ်တိမ်တောင်တိမ်လိပ်များဖြင့် လွှမ်းမိုးအုံ့ဆိုင်းနေ၏။ နိုင်ငံတကာတွင် အတိုက်အခိုက် အသတ်အဖြတ်များ ခေတ်စားနေ၏။ ထို့အတွက် ယခုလို ငြိမ်းချမ်းရေးကို အဓိကထားသော ဤဝတ္ထုကိုရွေးပြီး ဘာသာပြန်ဆိုရခြင်းဖြစ်သည်။

တဂိုးသည် သူ၏စာပေဝတ္ထုများဖြင့် မေတ္တာတရားပွားများကြရန်၊လူလူချင်းလူသားစိတ်ထားကြရန် တဖွဖွညွှန်ကြားပြောပြခဲ့သည်။ ဤဝတ္ထုမှာ ထိုကဲ့သို့သော သဘောများပါဝင်သည့် ဝတ္ထုတခုဖြစ်ပါသည်။

**ပါရဂူ**
**၁၉၆၁- ခုနှစ် မေလ ၁ ရက်။**

http://myanmarpyithar.net

## ပဉ္စမအကြိမ်အမှာ

မဟာဝိကရာဗင်ဒြာနတ်တဂိုးသည် ဝတ္ထုတိုပေါင်းတရာ နီးပါးမျှကို လည်းကောင်း၊ ဝတ္ထုရှည်(၂) ဒါဇင်ကျော်ကို လည်းကောင်း၊ ပြဇာတ်ပေါင်း များစွာကိုလည်းကောင်း၊ ကဗျာနှင့် ဂီတများစွာကိုလည်းကောင်း၊ ဆောင်းပါး စာတမ်းများစွာ ကိုလည်းကောင်း ရေးသားသွားခဲ့သည်။ ' သူ့လိုဘုရင် ' သည် တဂိုးပထမဦးဆုံးရေးသားသော ' ရာဂျာရိရှာ ' ဝတ္ထုရှည်ကို မြန်မာ ပြန်ဆိုထားသော ဝတ္ထုဖြစ်သည်။ ' ရာဂျာရိရှာ '၏ အနက်အဓိပ္ပါယ်မှာ ဘုရင်ရသေ့ ဖြစ်သည်။စိတ် နှလုံးကောင်းရှိသော ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားမှုရှိသော ဘုရင်ဟူ၍ ဆိုလိုသည်။ ' ရာဂျာရိရှာ '(သူ့လိုဘုရင်)၏ အဓိက ဇာတ်ဆောင်ဘုရင်သည် တိုင်းပြည်နိုင်ငံကို မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်မင်းလုပ်သော၊ ပြည်သူ၊ ပြည်သားများအပေါ်တွင် မေတ္တာကရုဏာ အပြည့်ရှိသော၊ အထူးအားဖြင့် လူမမယ် ကလေးများအပေါ်တွင် မေတ္တာတရားကြီးမားသော ဘုရင်ဖြစ်သည်။

' ရာဂျာရိရှာ ' ဝတ္ထုတွင် ရေးသားထားသော ဇာတ်လမ်းဇာတ်ကွက်ဖြင့် တဂိုးသည် (ဗိဆရဂျန်း) အမည်ရှိ ပြဇာတ်ကိုလည်း ရေးသားထားသည်။ ' ရာဂျာရိရှိ '၌ပါသော ဇာတ်လမ်း ကျောရိုးနှင့် ' ဗိဆရဂျန်း ' ၌ပါသောဇာတ်လမ်း ကျောရိုးသည် အတူတူပင် ဖြစ်သည်။ ဇာတ်လမ်း၊ ဇာတ်အိမ် တစ်ခုတည်းကိုပင် ' ရာဂျာရိရှိ '၌ ဝတ္ထုပုံစံဖြင့် ရေးသားထားပြီး ' ဗိဆရဂျန်း ' ၌ပြဇာတ်ပုံစံဖြင့်ရေး သားထားသည်။ ' ရာဂျာရိရှိ 'သည် တဂိုး၏ ဝတ္ထုရှည်များထဲတွင် ထင်ပေါ် ကျော်ကြားသော ဝတ္ထုတစ်ပုဒ် ဖြစ်သကဲ့သို့ ' ဗိဆရဂျန်း ' လည်း တဂိုး၏ပြဇာတ် များထဲက လူသိများသော ပြဇာတ်တစ်ခု ဖြစ်သည်။

၁၉၀၆ ခုနှစ် ပတ်ဝန်းကျင်လောက်က ' ရာဂျာရိရှိ ' ဝတ္ထုကို ကျွန်တော် မြန်မာပြန်ခဲ့သည်။ ထိုအချိန်က ယင်းမြန်မာပြန်ကို တဂိုးဝတ္ထုစာအုပ်ကို

http://myanmarpyithar.net

ငြိမ်းချမ်းရေးဟူ၍ အမည်ပေးခဲ့သည်။ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်အထိ ' ငြိမ်းချမ်းရေးဟူ 'ဟူသောအမည်ဖြင့်ပင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ တတိယအကြိမ် ပုံနှိပ်ထုတ်ဝေသောအခါ ' ရာဂျာရိရှိ ' မြန်မာပြန်ကို ' သူ့လိုဘုရင် ' အမည်ဖြင့် ပြောင်းလဲထုတ်ဝေခဲ့သည်။ ယခုပဉ္စမအကြိမ် ထုတ်ဝေသောအခါ၌လည်း ' သူ့လိုဘုရင် ' ဟူသောအမည်ဖြင့်ပင် ထုတ်ဝေထားသည်။

တဂိုးသည် ' ရာဂျာရိရှိ ' ဝတ္ထု၌ ကရုဏာရသနှင့် သန္တရသကို ပြောင်မြောက်စွာ သရုပ်ဖော်ထားသည်။ ဝတ္ထု၌ပါသော အဖြည့်ခံ ဇာတ်ဆောင်နှစ်ဦးဖြစ်သည့် ကလေးမလေးဟာသီနှင့် ကလေးလေး ခုဝ မောင်နှမနှစ်ယောက်သည် ဝတ္ထုတစ်ပုဒ်လုံး၏ အမာခံကျောရိုးဖြစ်နေသည်။ မောင်နှမ ကလေးနှစ်ယောက်နှင့် ဘုရင်မင်းကြီး၏ သံယောဇဉ်တွယ်ယတာမှုသည် ဝတ္ထုတစ်ပုဒ်လုံးကို အသက်သွင်းပေးထားသည်။

' ရာဂျာရိရှိ ' ဝတ္ထု၌ ဝတ္ထုရေးဆရာသည် သတ္တဝါ၏ အသက်ကိုသတ်ပြီး သတ္တဝါ၏သွေးဖြင့် ယဇ်နတ်ပူဇော်သော အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းဓလေ့ထုံးစံကို တိုက်ဖျက်ထားသည်။ ထို့ပြင် ' ရာဂျာရိရှိ 'ဝတ္ထု၌ ဓမ္မတိုက်ပွဲကို သရုပ်ဖော်ထားသည်။ ဝတ္ထု၏အစပိုင်း နှင့် အလယ်ပိုင်း၌အဓမ္မ အပေါ်စီးရသလိုလိုဖြစ်နေသော်လည်း ဝတ္ထုအပြီးသတ်၌မူ ဓမ္မက အနိုင်နှင့် ပိုင်းသွားသည်။ ခိုကိုးရာမဲ့သူများအား ခိုကိုးရာပေးခြင်းသည် လူသား၏ မလုပ်မဖြစ်သော တာဝန်ဝတ္တရားဖြစ်သည် ဆိုသည့်အကြောင်းကိုလည်း ဝတ္ထု၌ ချန်လှပ်မထားပေ။

ဤဝတ္ထု၌ ရေးသားဖော်ပြထားသော ဇာတ်လမ်းဇာတ်အိမ်ထဲက အစိတ်အပိုင်းတစ်ခုမှာ မြန်မာနိုင်ငံနှင့်လည်း ပတ်သက်ဆက် နွယ်နေသည်။ ဝတ္ထု၏ အဓိကဇာတ်ဆောင်ဖြစ်သော ' သူ့လိုဘုရင် ' သည်နန်းကစွန့်ခွာ သွားရသောအခါ ရခိုင်နယ်စပ်သို့ လာပြီးခိုလှုံနေရသည်။ ထိုအချိန်တွင် နန်းကျသူ့လိုဘုရင်အား ရခိုင်ဘုရင်က လက်ကမ်းခဲ့သည်။ ယင်းအချက်မှာ တဂိုး၏ ' ရာဂျာရိရှိ ' အမည်ရှိသမိုင်းနောက်ခံ ဝတ္ထု၏ စိတ်ပါဝင်စားဖွယ် သမိုင်းအချက်အလက် တစ်ခုဖြစ်နေသည်။

ခြုံငုံပြီးပြောရလျှင် ' ရာဂျာရိရှိ ' မြန်မာပြန် သူ့လိုဘုရင် ဝတ္ထုသည် တဂိုး၏ ကိုယ်ပိုင်ဟန်ဖြစ်သော စကားလုံးလှလှလေးများဖြင့် မေတ္တာကရုဏာဘွဲ့ကို ရင်နင့်ဖွယ် သီဆိုကျူးရင့်ထားသော မဟာကဗျာတစ်ပုဒ် ဖြစ်နေသည်။

**ပါရဂူ**

**၁၂၊ ၁၂၊ ၉၉**

http://myanmarpyithar.net

## အခန်း(၁)

ဘုဝနေရှုရီ နတ်သမီး၏ နတ်ကွန်းသည် မြစ်ဆိပ်ကမ်းဘေးရှိကျောက်များဖြင့် ဆောက်လုပ်ထားအပ်သည်ဖြစ်၍ နတ်ကွန်း၏အဆုံးသည်ဂေါမတီမြစ်ထဲသို့အထိ ထိုးဝင်သွားလေသည်။ တစ်နေ့သ၌ နံနက်ခင်းအချိန်တွင် တရိပူရဘုရင် ဂေါဝိန္ဒမဏိကျသည် ထိုမြစ်ဆိပ်သို့ ရေချိုးရန်ရောက်လာခဲ့လေ၏။ ဘုရင်နှင့်အတူ ဘုရင့်ညီတော် နက္ခတ္တရာယလည်းပါလာလေသည်။ ထိုအချိန်၌ ကလေးမလေးတစ်ယောက်သည်သူ၏မောင်ငယ်လေးနှင့်အတူ မြစ်ဆိပ်သို့ ရောက်လာလေ၏။ ကလေးမလေးသည် ဘုရင်၏ဝတ်လဲအစကို ဆွဲလိုက်ပြီး "ဦးလေးဘယ်သူလဲ" ဟု မေးလိုက်လေ၏။

ဘုရင်က ပြုံးပြီး ပြန်ပြောလေသည်။

"ဦးလေးက ကလေးရဲ့ မိတ်ဆွေပေါ့"

"ကျမကို ဘုရားတင်ဖို့ ပန်းခူးပေးပါလား"

"အေး . . . လာ ခူးပေးမယ်"

ဘုရင်၏ မင်းချင်းယောကျ်ားများနှင့် ခြွေရံ ပရိသတ်တို့သည် အားလုံးပင် အံ့အားသင့်နေကြ၏။

"အရှင်မင်းကြီး သွားဖို့မလိုပါဘူး၊ ကျွန်တော်မျိုးများ သွားခူးပေးလိုက်ပါ့မယ်"

"သူက ငါ့ကို အခူးခိုင်းတာ၊ ငါပဲ သွားခူးပေးရမယ်"

ဘုရင်သည် ကလေးငယ်မ၏မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ ထိုနေ့က ညစ်ကြေးကင်းစင်နေသည့် နံနက်ခင်းအချိန်သမယသည် တင့်တယ် သာယာနေသကဲ့သို့ပင် ကလေးငယ်မ၏ မျက်နှာသည်လည်း တင့်တယ်သာယာ၍နေပေ

သည်။

ကလေးငယ်မသည် ဘုရင်၏လက်ကိုဆွဲပြီး နတ်ကွန်းအနီးရှိ ပန်းဥယျာဉ်ထဲမှာ လှည့်လည်နေသည့်အခါ ပတ်ပတ်လည်တွင် ပွင့်ဝေလျက်ရှိသည့် လတ်ဆတ်သော စပယ်ပွင့်များကဲ့သို့ သူ၏ ပွင့်လန်းလျက်ရှိသော ခံတွင်းမှရနံ့တစ်မျိုးသည် ဥယျာဉ်တွင်းဝယ် ပျံ့နှံ့ကြိုင်လှိုင်နေသကဲ့သို့ပင်ထင်ရလေသည်။ ကလေးမ၏မောင်တော်သူ ကလေးငယ်ကလေးမှာလည်းသူ့မမ၏သင်တိုင်းစကိုဆွဲကိုင်ရင်း နောက်က တကောက်ကောက်ပါလာလေသည်။ သူသည် သူ့မမကိုသာလျှင် သိသည်၊ ဘုရင်နှင့် ရင်းရင်းနှီးနှီးမရှိလှသေးပေ။

ဘုရင်က ကလေးငယ်မကလေးကို မေးလိုက်သည်။

"ကလေးနာမည် ဘယ်လိုခေါ်သလဲ"

ကလေးငယ်မက ပြန်ဖြေသည်။

"ကျွန်မနာမည် ဟာသီ"

ဘုရင်သည် ကလေးငယ်လေး၏နာမည်ကိုလည်း မေးလိုက်၏။ ကလေးငယ် သည် သူ၏မျက်လုံးဝိုင်းဝိုင်းစက်စက်ကြီးများကို ပြူးပြီးသူ့မမ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ စကားကိုမူ မည်သို့မျှ ပြန်မပြော။

ဟာသီသည် ကလေးငယ်၏ကိုယ်ကို လက်နှင့်လှမ်းပုတ်ပြီး ပြောသည်။

"ပြောလိုက်လေ . . .၊ ကျွန်တော့်နာမည် တာတာလို့ . . ."

ကလေးငယ်သည် သူ၏နှုတ်ခမ်းကလေးများကိုဟပြီး ခပ်တိုးတိုးပြောလေ၏။

"ကျွန်တော့်နာမည် တာတာ" ထိုသို့ပြောပြီး ကလေးငယ်သည် သူ့မမ၏အင်္ကျီစကို ထပ်ပြီးဆွဲထားလေ၏။ ဟာသီက ဘုရင်ကို ရှင်းလင်းပြောပြနေသည်။

"သူက အခု ကလေးပဲရှိသေးတယ်၊ ဒါကြောင့် သူ့ကို အားလုံးက တာတာလို့ ခေါ်ကြတယ်" ဟာသီသည် ထိုသို့ပြောပြီး သူ့မောင်ကလေးဘက်လှည့်၍ ပြောပြန်သည်။

"တာတာ နတ်ကွန်းလို့ပြောစမ်း"

ကလေးငယ်သည် သူ့မမကိုကြည့်ပြီး ပြောလေ၏။

"နတ်တွန်း"

ဟာသီသည် ရယ်ပြီးပြောလေ၏။

"တာတာက အခု စကားမပီသေးဘူး၊ နတ်ကွန်းကို နတ်တွန်းလို့ပြောတယ်" ယင်းသို့ပြောပြီး ဟာသီသည် သူ၏ မောင်ကလေးကိုတစ်ကြိမ်မက နမ်းလိုက်လေသည်။ တာတာကမူ သူ့မမကိုမျက်လုံးအပြူးသားနှင့်သာ ကြည့်နေသည်။

ဟာသီသည် တာတာ့အကြောင်းကို ဘုရင်ကြီးအား ထပ်ပြီးပြောနေပြန်သည်။ တစ်ခါတုန်းက အဖိုးကြီးတစ်ယောက် စောင်ကြီးကို ခေါင်းမြီးခြုံပြီး လာသည်။ တာတာက သူ့ကို လူဝံဟုခေါ်သည်။ တာတာ ဘယ်လောက်နုံသလဲဆိုလျှင် တစ်ခါတုန်းက ဩဇာသီးတွေကို ငှက်မှတ်၍သူ့လက်ခုပ်ကလေး တီးတီးပြီး ချောက်လှန့်နေခဲ့သည်။ ဟာသီနှင့်စာလျှင်တာတာမှာ တကယ့်လူမမယ် ကလေးမျှသာ ရှိသေးသည်။ ထိုအကြောင်းကို သူ့မမ ဟာသီက အကျယ်တဝင့် ရှင်းလင်းပြောပြနေခြင်းဖြစ်သည်။တာတာသည် သူ့အကြောင်းပြောသည်ကို စိုက်ပြီးနားထောင်နေ၏။

ယင်းသို့လျှင် ထိုနေ့နံနက်ခင်းအချိန် ပန်းခူးသည့်အခမ်းအနားမှာ ပြီးဆုံးသွားလေသည်။ ဘုရင်သည် ထိုကလေးမငယ်၏ သင်တိုင်းစထဲတွင်ပန်းပွင့်များကို ထည့်ပေးလိုက်သည့်ခဏ၌ သူ၏ ဘုရားပူဇော်သည့်ကိစ္စ၊နတ်ပူဇော်သည့်ကိစ္စ ပြီးဆုံးသွားပြီဟု အောက်မေ့လိုက်သည်။ ထိုရိုးသားအပြစ်ကင်းစင်သည့် နှလုံးသားနှစ်ခု၏ ချစ်ခင်ကြင်နာပုံကြည့်ပြီး ထိုအပြစ်ကင်းစင်သည့်နှလုံးသား၏ အလိုဆန္ဒကို ဖြည့်ပေးလိုက်ခြင်းအားဖြင့်သူ၏နတ်ပူဇော်သည့်ကိစ္စ ပြီးဆုံးသွားပြီဟု သူအထင် ရှိနေပုံရသည်။

## အခန်း(၂)

တစ်နေ့သောအခါက တခဏတာမျှတွေ့လိုက်ရရုံနှင့် ထိုမောင်နှမ နှစ်ယောက်နှင့် ဘုရင်သည် ဘယ်လောက်ချစ်ခင်ရင်းနှီးမှု ရှိသွားသနည်းဟုဆိုလျှင် ဘုရင်သည် နံနက်မိုးလင်း၍ မောင်နှမနှစ်ယောက်၏မျက်နှာကို ကွက်ခနဲမြင်လိုက်သည်နှင့်တစ်ပြိုင်နက် သလွန်ပေါ်ကငေါက်ခနဲထတတ်သည်သာ များလေ၏။ နေ့စဉ်နေ့တိုင်း နိစ္စပတ်ဝတ်တစ်ခုကဲ့သို့ ဖြစ်နေသည်မှာ မောင်နှမနှစ်ယောက်ကို ပန်းရူးပေးမပြီးမချင်း ဘုရင်သည် ဘယ်တော့မှ ရေချိုးလေ့မရှိပေ။ မောင်နှမနှစ်ယောက်ကလည်း ဘုရင်ကို တမ်းတမ်းစွဲ ဖြစ်နေကြသည့်အတွက်ဘုရင်ရေချိုးမပြီးမချင်း ကမ်းပေါ်က အငူသားနှင့် ထိုင်စောင့်ကြည့်နေတတ်ကြလေ၏။ တရံတစ်ခါ အဆင်မသင့်သဖြင့် မောင်နှမနှစ်ယောက်ကိုမတွေ့ရသည့်အခါမျိုး၌ ထိုနေ့အဖို့မှာ ဘုရင်သည် သူ နေ့စဉ်ပြုလုပ်နေကျမင်းမှုကိစ္စ မပြည့်စုံသေးဟုသာ အထင်ရှိ နေတတ်သည်။

ဟာသီနှင့် တာတာသည် မိဘမဲ့ကလေးများ ဖြစ်ကြသည်။ သူတို့တွင် ဗ္ဗေါ်ရေရွှရအမည်ရှိ ဦးကြီးတစ်ယောက်သာလျှင် ရှိ၏။ကေဒါရေရွှရမှာလည်း သားထောက်သမီးခံဟူ၍ တစ်ယောက်မျှမရှိ။ ထိုမောင်နှမနှစ်ယောက်ကိုသာလျှင် သားသမီးအရင်းနှင့်မခြားမွေးမြူကြည့်ရှုထား၏။

ထို့နောက် တစ်နှစ်ကြာရှိသွားသောအခါ တာတာသည် စကားလည်လည်ဝယ်ဝယ် မပြောတတ်သေးစေကာမူ နတ်ကွန်းဟူသော စကားလုံးမျိုးကိုကား ပီပီသသပြောတတ် လာခဲ့လေ၏။ ဂေါမတီမြစ်ကမ်းပါးရှိ သစ်ပင်ရင်းမှာခြေဆင်းထိုင်ပြီး သူ့မမက ပုံပြောနေသည့်အခါ၌ တာတာသည်စိတ်ပါလက်ပါ နားထောင်နေလေ့ရှိတတ်ပေသည်။ ထိုအမြီးအမောက်မတဲ့သည့်ပုံပြင်ဝတ္ထုတို့ကို

နားထောင်ရသဖြင့် တာတာသည် ဘယ်လိုသဘောပေါက်သည်မသိရပေ။ သစ်ပင်ရင်း လဟာပြင်မှာ ထိုင်နေသောထိုနုနယ်သည့် လူမမယ်ကလေး၏ စိတ်နှလုံး၌ ပုံနားထောင်ရသဖြင့်ဘယ်လိုအသိမျိုး ဖြစ်ပေါ်လာသည်ကို ကျွန်ုပ်တို့မသိပေ။ တာတာမှာထူးခြားချက်တစ်ခု ရှိသေးသည်။ သူသည် အခြားကလေး သူငယ်များနှင့်အတူကစားလေ့မရှိပေ။ သူ့မမ နောက်သာလျှင် အရိပ်ပမာ အမြဲတကောက်ကောက်၏လိုက်နေလေ၏။

ဝါဆိုလဖြစ်လေသည်။ နံနက်စောစောကပင် ကောင်းကင်ပြင်၌မိုးတိမ်များ အုံ့ဆိုင်းညို့မှိုင်း၍ နေ၏။ မိုးမရွာသေးသော်လည်း ရွာတော့မည့်အရိပ်အရောင် ပြလျက် ရှိ၏။ ခပ်လှမ်းလှမ်း၌မူ မိုးရွာနေမည်မှာ အမှန်ဖြစ်၏။ သို့မဟုတ်လျှင် လေထဲမှာ ယခုလောက် အအေးဓာတ်ဘယ်ကပါလာမည်နည်း။ ဂေါမတီမြစ်၏ ရေပြင်ပေါ်၌လည်းကောင်း၊ကမ်းပါးနှစ်ဘက်ရှိ တောတန်းပေါ်၌လည်းကောင်း ညို့မှိုင်း၍နေသောကောင်းကင်၏အရိပ်သည် မိုး၍နေသည်။ မနေ့က လကွယ်နေ့ဖြစ်သည်။ သို့ဖြစ်၍ ဘုဝနေ့ရွှေရှိနတ်ပူဇော်ပသပွဲသည် မနေ့က ပြီးဆုံးသွားခဲ့လေပြီ။

ဟာသီနှင့် တာတာကို လက်ကဆွဲပြီး ဘုရင်သည် အချိန်ကျသောအခါ ရေချိုးရန် ရောက်လာလေ၏။ သွေးစီးကြောင်းတစ်ခုသည် ပြောင်လက်သည့် ကျောက်ပြားများဖြင့် ဆောက်လုပ်ထားသည့် ရေချိုးဆိပ်လှေခါးထစ်များကို ဖြတ်ကျော်ပြီး ဂေါမတီမြစ်ရေထဲသို့အထိ ကျဆင်းလျက် ပျောက်ကွယ်သွားလေ၏။ ထိုသွေးစီးကြောင်းမှာ ယမန်နေ့က ယဇ်ပူဇော်ရန်အတွက် သတ်လိုက်သည့် ဆိတ်အကောင်တစ်ရာ၏ သွေးစီးကြောင်းဖြစ်သည်။ ဟာသီသည် ထိုသွေးစက်များကို တွေ့ရသည့်အခါ တအံ့တဩဖြစ်ပြီးလျှင် ဘုရင်ကိုမေးကြည့်လေသည်။

"ဒါ ဘာစက်တွေလဲ "

"ဒါလား . . . ဒါ သွေးစက်တွေ"

"ဒါလောက် သွေးတွေ ဘာဖြစ်လို့ပါလိမ့်"ဟု မဝေခွဲနိုင်အောင် ရှိနေသဖြင့် ဟာသီသည် ဘုရင်အား "ဒါလောက်သွေးတွေ ဘာဖြစ်လို့လဲ"ဟု ထပ်မေးကြည့်လိုက်လေသည်။

ဘုရင်၏ စိတ်နှလုံးထဲတွင်လည်း "ဒါလောက် သွေးတွေ ဘာဖြစ်လို့လဲ" ဟူသော မေးခွန်းသည် ပေါ်ပေါက်လာလေသည်။ ဘုရင်ကြီးသည် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားလေ၏။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကစပြီးသူသည် နှစ်စဉ် နှစ်တိုင်း သွေးစီးကြောင်းများကို မျက်မြင်ကိုယ်တွေ့ဖြစ်လာခဲ့သည်မှာ

အမှန်ဖြစ်သည်။ သို့ရာတွင် ယနေ့ကလေးမငယ်လေးတစ်ဦး၏ နှုတ်မှ ဤမေးခွန်းကို ကြားလိုက်ရသဖြင့်သူ၏စိတ်နှလုံးတွင်လည်း "ဒါလောက်သွေး တွေ ဘာဖြစ်လို့လဲ" ဟုသံသယဖြစ်လာမိလေ၏။ ဘုရင်ကြီးသည် ဟာသီကို ပြန်အဖြေပေးဖို့မေ့ပြီးရေချိုးရင်းနှင့် ထိုပြဿနာကိုသာ စဉ်းစားတွေးတော၍ နေလေတော့သည်။

"ဂေါမတီ၊ သင်သည် နှစ်စဉ်နှစ်တိုင်း အပြစ်ကင်းမဲ့သည့် ရာပေါင်းများစွာ သော တိရစ္ဆာန်တို့၏သွေးကို စီးဆင်းလာခဲ့စေသည်။ သို့ဖြစ်ပါလျက် သင်၏ ရေသည် အဘယ့်ကြောင့် ဒါလောက် ဖြူစင်သန့်ရှင်း၍ နေဘိသနည်း"

ဘုရင်ကြီးသည် ဤသို့ တစ်ကိုယ်တည်း စိတ်ကူးနေမိသည်။ ဟာသီသည် လှေခါးပေါ်မှာထိုင်ပြီးလျှင် သူ၏သင်တိုင်းစကလေးကို ရေဆွတ်ပြီး သွေးစက် များကို တဖြည်းဖြည်းဆေးကြော တိုက်ချွတ်ပစ်နေ၏။ သူ လုပ်သည်ကိုမြင်၍ တာတာကလည်း သူ့လက်ကလေးများနှင့်ဟာသီလုပ်သလို သွေးစက်များကို ပွတ်ပစ်နေသည်။ ဟာသီ၏ သင်တိုင်းတစ်ခုလုံးမှာ ရစရာမရှိအောင် သွေးရောင် လွှမ်းသွားလေသည်။ ဘုရင်ကြီးရေချိုးနေသည့် အချိန်အတောအတွင်းမှာပင် သူတို့နှစ်ဦးသည် သွေးစက်များကို ဆေးကြောပစ်လိုက်ကြလေသည်။

ထိုနေ့ ထိုနေရာမှ အိမ်သို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် ဟာသီသည် အအေးမိပြီး ဖျားလေတော့သည်။ တာတာသည် သူ၏မမအနီးမှာ ထိုင်ပြီး သူ၏လက်ချောင်း ကလေးများနှင့် မှိတ်နေသော သူ့မမ၏မျက်လုံးကလေးများကို ပွင့်အောင်လုပ်ပြီး "မမ. . မမ. ." ဟု ခေါ်ခေါ်နေလေသည်။ ယင်းသို့ တာတာက ခေါ်လိုက်သည့်အခါ ဟာသီသည်လန့်သလိုဖြစ်သွားပြီးလျှင် "တာတာ . . ဘာလဲ" ဟုပြောပြီး တာတာကိုလှမ်းဖက်ထားလေ၏။ ထိုနောက် သူ့မျက်လုံး ကလေးများမှာမှိတ်မြဲမှိတ်သွားလေသည်။ တာတာသည် စကားတစ်ခွန်းမျှ မပြောဘဲသူ့မမ၏မျက်နှာကို အကြာကြီးစိုက်ကြည့်နေပြီးနောက် တော်တော် ကြာသွားမှသူ့မမ၏လည်ပင်းကို ဖက်လိုက်ပြီးလျှင် မျက်နှာနားကပ်ပြီး "မမ . .၏. နင် မထတော့ဘူးလား" ဟု မေးလေ၏။ ဟာသီသည် လန့်နိုး သွားလေ၏။ တာတာကို လှမ်းဖက်လိုက်ပြီးလျှင် "ထမှာပေါ့" ဟု ပြောလိုက် လေ၏။သို့ရာတွင် သူ့အဖို့ ထဖို့ရန် အင်မတန်မှ ခဲယဉ်းနေပေသည်။ တာတာ ၏သေးငယ်သော နှလုံးတွင်း၌ အမိုက်တိုက်လွှမ်းသွားသည်ဟု ထင်ရသည်။ သူ၏တစ်နေ့လုံးအတွက် ပျော်ဖို့၊ ရွှင်ဖို့၊ ကစားဖို့ ရည်ရွယ် ချက်ကြီးမှာ တစ်ခါတည်းပြိုလဲသွားလေပြီ။ အာကာသကောင်းကင်ပြင်၌ အမိုက်တို့သည် တစ်ခဲနက်ပျံ့နှံ့လွှမ်းမိုးသွားလေသည်။ အိမ်ခေါင်မိုးပေါ်၌ တဖျောက်ဖျောက်နှင့်

မိုးစက်ကျသံကိုပင် ကြားလာရသည်။ ကြည့်ရင်း ကြည့်ရင်းနှင့် အိမ်ရှေ့ရှိမန်ကျည်းပင်ကြီးမှာ မိုးရွဲရွဲစိုသွားလေပြီ။ ကေဒါရေရွှရသည် ဆေးဆရာတစ်ဦးကို ခေါ်ပြီး ပြန်လာလေ၏။ သွေးကို စမ်းကြည့်သည့်အခါဆေးဆရာ၏ အမူအရာမှာ သိပ်ပြီးရွှင်ပျပုံ မရပေ။

နောက်တစ်နေ့တွင် ရေချိုးရန် ဘုရင် ရေဆိပ်သို့လာသည့်အခါနတ်ကွန်း၌ သူ့ကိုစောင့်နေသည့် မောင်နှမနှစ်ဦးကို မတွေ့ရတော့ပေ။ ရေကိုအမြန်ချိုးပြီး ဝေါပေါ်တက်ပြီးလျှင် ဘုရင်ကြီးသည်အထမ်းသမားများကို ကေဒါရေရွှရ၏ အိမ်ဘက်သွားဖို့ အမိန့်ပေးလေ၏။ မင်းချင်းယောကျာ်းများသည် ဘုရင့်အမိန့် ကို ကြားရသည့်အခါ များစွာအံ့ဩသွားကြလေ၏။ သို့ရာတွင် ဘုရင့်အမိန့်ကို မည်သူမျှ မဝေဖန်ဝံ့ကြပေ။ဘုရင်၏ဝေါ ကေဒါရေရွှရ၏အိမ်ဝင်းထဲသို့ ရောက်လာသည့်အခါ ထိုအိမ်၌လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေ၏။

ပြာပြာသလဲ ဖြစ်နေကြသဖြင့် ဝေဒနာရှင်ကို အားလုံးမေ့နေကြလေ၏။ ဝေဒနာရှင်၏အနားက ခွာမသွားသူမှာ တာတာတစ်ဦးသာလျှင် ဖြစ်လေသည်။ တာတာသည် သတိမေ့နေသည့် သူ့မမအနားမှာသာလျှင် သူ့အင်္ကျီစကလေးကို ပါးစပ်ထဲတွင်ထည့်ပြီး မတုန်မလှုပ်နှင့် ထိုင်နေလေသည်။ သူသည် ဘုရင်ကြီး အိမ်ထဲသို့ ဝင်လာသည်ကို တွေ့ရသည့်အခါ "မမ… ဘာဖြစ်တာလဲ" ဟု လှမ်းမေးလိုက်လေ၏။ စိုးရိမ်တကြီးဖြစ်နေသဖြင့် ဘုရင်သည် တာတာ၏ အမေးကို ပြန်ဖြေဖို့ရန် သတိမရပေ။ "မမ နာသွားလို့လား" ဟု တာတာက မေးပြန်လေသည်။ သူ့ဦးကြီး ကေဒါရေရွှရသည် အနည်းငယ် စိတ်ပေါက်လာပြီး "အေး–နာသွားလို့" ဟု ခပ်ဆတ်ဆတ် ပြောလိုက်လေ၏။ ထိုအခါ တာတာ သည် သူ့မမအနားသို့ ကပ်သွားပြီးလျှင် သူ့မမ၏မျက်နှာကိုအသာမြှောက် လိုက်ပြီး လည်ပင်းကိုဖက်လျက် "မမ… ဘယ်နေရာနာသွားသလဲဟင်" ဟု မေးလေ၏။ ထိုကဲ့သို့မေးလိုက်ခြင်းမှာ သူ၏စိတ်ထဲ၌သူ့မမ အနာရသွား သည့်နေရာကို "ဥုဖွ" ဟု ပါးစပ်နှင့်မှုတ်၊ လက်နှင့်ပုတ်ပြီးသူ့မမ၏ဝေဒနာကို ပျောက်အောင်လုပ်လိုသည့်ဆန္ဒ ပေါ်ပေါက်လာသည့်အတွက်ကြောင့် ဖြစ်ပေ၏။ သို့ရာတွင် သူ့မမက မည်သို့မျှအဖြေပြန်မပေးသဖြင့် အကြီးရကြပ်၍ နေလေ သည်။ ခဏကြာသောအခါတာတာသည် စိတ်ခါတ်ထိခိုက်ပြီး ရှိုက်ကြီး ငင်ကြီးဖြင့် ငိုလေတော့သည်။

"မနေ့ကတည်းက ငါထိုင်နေတာ သူကဘာဖြစ်လို့ ငါ့ကိုစကားမပြောတယ် မသိဘူး၊ ငါ သူ့ကို ဘာလုပ်လို့ သူက ငါ့ကိုဒါလောက်စိတ်ကောက်နေရတာလဲ" တာတာသည် ငိုပြီး သူ့မကျေနပ်ချက်ကိုမပီကလာ ပီကလာနှင့် ပြောနေသည်။

ဘုရင့်ရှေ့မှောက်၌ တာတာသဲနေပုံကိုတွေ့ရ၍ သူ့ဦးကြီး ကေဒါရေရှူရသည် ဒေါသထွက်လာပြီးလျှင်တာတာ၏လက်ကိုဆွဲ၍ တခြားအိမ်သို့ ဖွတ်အတင်း ခေါ်သွားလေ၏။ထိုအခါအထိ ဟာသီသည် စကားမပြောနိုင်သေးပေ။

ဆေးဆရာသည် အဖျား မကြာခင်ကျသွားလိမ့်မည်ဖြစ်ကြောင်း ပြောပြပြီး ပြန်သွားလေ၏။ ဘုရင်ကြီးသည် ဟာသီ၏အနီးမှာထိုင်၍ နေသည်။ ညနေစောင်းသို့ ရောက်လာသည့်အခါ ဟာသီသည် "အမလေး... ဒါလောက် သွေးတွေ ဘာဖြစ်လို့လဲ" ဟု ယောင်ရမ်းပြောလေ၏။ ဘုရင်ကြီးက "ဒီသွေး အလျှဉ်ကို ငါဖျောက်ပစ်မယ်" ဟု ဟာသီကို ပြောလေသည်။ ဟာသီက တဖန်"တာတာ၊ လာ–တို့နှစ်ယောက ဒီသွေးတွေကို ဖျောက်ပစ်မယ်" ဟု ယောင်ပြန်လေသည်။ ထို့နောက် အတန်ငယ်ကြာသွားသောအခါ ဟာသီသည် မျက်လုံးကို တစ်ချက်ဖွင့်လိုက်ပြီးနောက် တစ်စုံတစ်ဦးကိုရှာသကဲ့သို့ပတ်ဝန်းကျင် ကို ဟိုကြည့်ဒီကြည့် ကြည့်လေ၏။ ထိုအချိန်၌ တာတာသည်နဘေး အိမ်တစ်အိမ်တွင် ငိုရင်းနှင့် အိပ်ပျော်သွားလေ၏။ ဟာသီသည်သူရှာသည့်သူ ကို မတွေ့ရ၍ မျက်စိကို မှိတ်လိုက်လေသည်။

ထိုအကြိမ်၌ မှိတ်သွားသောမျက်စိမှာ ဘယ်သောအခါမှ တဖန်ပြန်ပွင့် မလာတော့ပေ။ ထိုနေ့ ညဦးသန်းခေါင်အချိန် ဘုရင်ကြီး၏ရင်ခွင်ထဲ၌ပင် ဟာသီသည် လူ့ဘဝ ဇာတ်သိမ်းသွားရှာလေတော့သည်။ ဟာသီကို သုသာန် တစပြင်သို့ ထုတ်သွားကြသည့်အချိန်၌ တာတာသည် အိပ်မောကျလျက် ရှိရှာသည်။ အကယ်၍ ထိုအချိန်၌ တာတာနိုးနေပါမူ သူ့မမနောက်သို့ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်သွားမည်မှာ အမှန်ဖြစ်လေ၏။

မြန်မာ့စာအုပ်တိုက်
http://myanmarpyithar.net

# အခန်း(၃)

ဘုရင်သည် ညီလာခံသဘင် ဆင်ယင်ကျင်းပလျက်ရှိသည်။ ဘုဝနေရှရီ နတ်ကွန်းမှပရောဟိတ်သည် ကိစ္စတစ်စုံတစ်ခုနှင့် ဘုရင့်အထံသို့ရောက်လာလေ၏။ ပုရောဟိတ်၏အမည်မှာ ရဃုပတိဟု ခေါ်သည်။ဘုဝနေရှရီနတ်သမီး ပူဇော်ပွဲ ကျင်းပပြီးနောက် ဆယ့်လေးရက်မြောက်နေ့၌နတ်ဆယ့်လေးဦးတို့၏ ပူဇော်ပွဲတစ်ခု ကျင်းပပြုလုပ်မြဲ ဖြစ်သည်။ ထိုပူဇော်ပွဲကျင်းပပြုလုပ်သည့် ညဥ္ဌ မည်သူမျှ အိမ်၏အပြင်ဘက်သို့ မထွက်ရပေ။ဘုရင်သော်မှ အပြင်သို့ ထွက်ခွင့် မရှိပေ။ အကယ်၍ ဘုရင်သည် ထိုညဥ့်၌အိမ်အပြင်ဘက်သို့ ထွက်မိခဲ့လျှင် ပုရောဟိတ်ကို ငွေဒဏ်ဆောင်ရလေသည်။ထိုပူဇော်ပွဲ ကျင်းပသည့် ညဥ္ဌ လူကိုသတ်ပြီး ယဇ်ပူဇော်သည်ဟူ၍လည်းကောလဟလ ဖြစ်ပွားလျက်ရှိလေသည်။ ထိုပူဇော်ပွဲအတွက် စပြီးသတ်ရမည့်တိရစ္ဆာန်တို့ကို ဘုရင့်နန်းတော်နှင့် ပတ်သက်သည့်အလှူဒါနဟု ပြောပြီးဘုရင့်ဆီမှ အလှူခံယူရလေသည်။ ပုရောဟိတ်သည် ပူဇော်ပွဲအတွက်တိရစ္ဆာန်တို့ကို ဘုရင့်ထံမှ တောင်းယူဖို့ရန်အတွက် ရောက်လာခဲ့ခြင်းဖြစ်လေ၏။ ပူဇော်ပွဲ ကျင်းပမည့်ရက်မှာ ဆယ့်နှစ်ရက်သာ ကျန်တော့သည်။

"ဒီနှစ်ကစပြီး နတ်ကွန်းမှာ ဘယ်သက်ရှိသတ္တဝါကိုမျှ သတ်ဖြတ်ခြင်း မပြုရဘူး"

ဘုရင်၏ ရုတ်တရက် အမိန့်ကိုကြား၍ ပရိသတ်အားလုံး အံ့အားသင့်နေကြ၏။

"ဘယ့်နဲ့လည်း၊ ကျွန်ုပ် အိပ်မက်မက်နေတာများလား"

"မဟုတ်ဘူး ပုရောဟိတ်၊ ကျွန်ုပ်တို့ဟာ ဒီနေ့ ဒီရက်အထိ အိပ်မက်ပဲ

မက်လာခဲ့ကြတယ်၊ အခုတော့ ကျွန်ုပ်တို့ မျက်လုံးပွင့်ပြီ၊ ကလေးငယ်မလေးရဲ့ အသွင်ဆောင်ပြီး မယ်တော်နတ်သမီးက ကျွန်ုပ်ကို ကိုယ်ထင်ပြခဲ့တယ်၊ သူက "ငါဟာ ကရုဏာရှင် ကမ္ဘာ့မိခင်ဖြစ်တယ်၊ ငါ အခုငါ့သက်ရှိသတ္တဝါများ ရဲ့ သွေးမြေကျတာကို မမြင်လိုဘူး" လို့ ကျွန်ုပ်ကိုပြောသွားတယ်"

"ဒီလိုဆိုရင် ဒီနေ့ ဒီရက်အထိ မယ်တော်နတ်သမီးဟာ ဘာဖြစ်လို့ သက်ရှိသတ္တဝါတွေရဲ့ သွေးကို သောက်လာခဲ့သလဲ"

"ဒါ မဟုတ်ဘူး၊ မယ်တော်နတ်သမီးက သွေးကိုသောက်တာ မဟုတ်ဘူး၊ သင်တို့ သတ္တဝါတွေကို သတ်ဖြတ်ပြီး သွေးချောင်းစီးအောင်လုပ်တဲ့အခါမှာ မယ်တော် နတ်သမီးဟာ မျက်နှာလွှဲနေတယ်"

"ဘုရင်မင်းကြီး၊ အသင်မင်းကြီးဟာ မင်းမှုကိစ္စကို ကောင်းစွာ ကျွမ်းကျင် နားလည်တယ် ဆိုတာတော့ ယုံမှားသံသယဖြစ်ဖွယ်မရှိပါဘူး။ သို့သော်လည်း ပူဇော်ပွဲနဲ့ ပတ်သက်တဲ့အကြောင်းအရာကိုတော့ အသင်မင်းကြီး ဘာမျှ နားမ လည်ပါဘူး။ တိရစ္ဆာန်တွေကို ယဇ်ပူဇော်တဲ့ကိစ္စနဲ့ စပ်လျဉ်းပြီး မယ်တော် နတ်သမီးက မနှစ်သက်ရိုးအမှန်ဆိုလို့ရှိရင် ကျွန်ုပ်ကသာ ထိုအကြောင်းကိုစပြီး သိရဖို့ရှိတယ်"

နက္ခတ္တရာယသည် တကယ့်ပညာရှင်ကြီးကဲ့သို့ ဦးခေါင်းကို ဆတ်ကနဲ ငြိမ့်လျက် "ဟုတ်တယ်၊ ပုရောဟိတ်ပြောတာမှန်တယ်။ မယ်တော်နတ်သမီး မနှစ်သက်ဘူးဆိုရင် မနှစ်သက်တဲ့အကြောင်းကို ပုရောဟိတ်က ပထမစပြီး သိရဖို့ရှိတယ်" ဟု ပြောလေ၏။

ဘုရင်က ပြောလေ၏။ "စိတ်နှလုံး ခက်ထန်ကြမ်းကြုတ်တဲ့လူဟာ မယ်တော် နတ်သမီးရဲ့စကားကို မကြားရဘူး"

နက္ခတ္တရာယသည် ပုရောဟိတ်မျက်နှာကို လှမ်းကြည့်လိုက်သည်။ အဓိပ္ပာယ် မှာ ဘုရင်ကို ပြန်ပြီးချေပဖို့ရန် ဖြစ်လေ၏။

ရဃုပတိသည် အကြီးအကျယ်ဒေါသထွက်ပြီးလျှင် "အသင်မင်းကြီးက အကျင့်သိက္ခာမရှိတဲ့ မိစ္ဆာဒိဋ္ဌိလို စကားပြောနေတာလား" ဟု ပြောလေ၏။

ဂေါဝိန္ဒမဏိကျဘုရင်သည် အမျက်တော်ရှပြီးလျှင် ပုရောဟိတ်၏မျက်နှာ ကို စေ့စေ့ကြည့်လျက် ပြောလေ၏။

"ပုရောဟိတ်၊ သင်ဟာ ဘုရင့်ညီလာခံမှာလာပြီး ဘာဖြစ်လို့အချိန်ကို ဖြုန်းနေတာလဲ။ နတ်ကွန်းကို ပြန်သွားပြီး ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ပါ။ ပြန်သွားတဲ့အခါ လမ်းမှာ ကြေညာသွားစမ်းပါ။ ကျွန်ုပ်ရဲ့ တိုင်းနိုင်ငံမှာ နေထိုင်တဲ့ ဘယ်သူဖြစ်ဖြစ် နတ်ကွန်းအနီးမှာ သက်ရှိသတ္တဝါကို သတ်ဖြတ်

ပူဇော်လျှင် ပြည်နှင်ဒဏ်ခံရလိမ့်မယ် ဆိုတဲ့အကြောင်း”

ထိုအခါ ဒေါသကြောင့် အသားဆတ်ဆတ် တုန်နေသော ရဃုပတိသည် ထိုင်နေရာမှထပြီး ကိုယ်တွင် သိုင်းထားသည့် ရစ်ခြည်ကြိုးကို လက်နှင့်တို့ပြီး “သင် မင်းကြီး ပျက်စီးပါစေ” ဟု ကျိန်ဆိုလိုက်လေ၏။ ပုရောဟိတ်၏ ကျိန်စာကို ကြားလိုက်ရသဖြင့် အနီးရှိပရိသတ်မှာ ဟယ်ကနဲဖြစ်သွားကြပြီး ပုရောဟိတ်ကို ရိုက်မောင်း ပုတ်မောင်းလုပ်ဖို့ရန် ဟန်ပြင်ကြလေ၏။သို့ရာတွင် ဘုရင်က ထိုသူများအား အချိန်မီ တားမြစ်လိုက်လေသည်။ရဃုပတိက ပြောလေသည်။

“သင်က ဘုရင်မို့ တိုင်းပြည်မှာ ထင်သလိုလုပ်နိုင်တယ်ဆိုပြီး မယ်တော်နတ်သမီးရဲ့ ဗလိနတ်စာကိုလဲ သိမ်းပိုက်မယ် ကြံရွယ်သလား။ သင်က ဘယ်လောက်များ စွမ်းရည်သတ္တိ ရှိလို့လဲ။ မယ်တော်ရဲ့ ပုရောဟိတ် ရဃုပတိတစ်ယောက်လုံး အသက်နဲ့ကိုယ် ထင်ရှားရှိရက်နဲ့ မယ်တော်နတ်သမီးရဲ့ ဗလိနတ်စာပူဇော်ပွဲမှာ သင်မင်းကြီး ဘယ်အထိ နှောင့်ယှက်ဖျက်ဆီးနိုင်သလဲ ဆိုတာ ကြည့်ရအုံးမှာပေါ့”

အမတ်ကြီးသည် ဘုရင်၏သဘောကို ကောင်းစွာသိထားသူ ဖြစ်လေသည်။ ကိစ္စတစ်ခုကို ဆုံးဖြတ်ချက်ချပြီးလျှင် ထိုကိစ္စကို မဖြစ်မနေ ပြုလုပ်တတ်ခြင်းမှာ ဘုရင်ကြီး၏ ဉာဉ်ဖြစ်ကြောင်း အမတ်ကြီး အသိဖြစ်၏။

“အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ နတ်ရွာစံ ဘေးလောင်းတော် ဘိုးလောင်းတော်များဟာ မယ်တော်နတ်သမီးရဲ့မျက်မှောက်မှာ အမြဲတစေ ထုံးတမ်းစဉ်လာတစ်ခုအနေနဲ့ ယဇ်ပူဇော်လာခဲ့ကြပါတယ်။ မည်သည့်အခါကမျှ ပျက်ကွက်ခြင်း မရှိခဲ့ပါဘူး”

အမတ်ကြီးသည် တစ်လုံးချင်း အေးအေးကလေးပြောပြီး အသာရပ်လိုက်လေ၏။ ထိုနောက် ဘုရင်ကြီးက ဘာမျှမပြောသဖြင့် ဆက်ပြောပြန်လေသည်။

“နှစ်ပေါင်း သည်လောက်ကြာပြီးသည့်နောက် ဒီနေ့ဒီအခါမှာအရှင်မင်းကြီးရဲ့ ဘေးလောင်းတော် ဘိုးလောင်းတော်များ ချမှတ်တီထွင်သွားခဲ့တဲ့ ဒီရှေးဟောင်းထုံးစံတစ်ခုဖြစ်တဲ့ ယဇ်ပူဇော်ပွဲကိုအရှင်မင်းကြီး နှောင့်ယှက်ဖျက်ဆီးပစ်မယ်ဆိုရင် နတ်ပြည်မှာရှိနေတဲ့ဘေးလောင်းတော်၊ ဘိုးလောင်းတော်များ စိတ်မချမ်းမသာဖြစ်နေပါအုံးမယ်အရှင်မင်းကြီး”

ဘုရင်မင်းကြီးသည် စဉ်းစားစိတ်ကူး၍ နေလေ၏။ နက္ခတ္တရာယသည် တကယ့် ပညာရှိကြီးတစ်ဦးအနေဖြင့် ဝင်၍ပြောလေ၏။

“ဟုတ်တယ်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်များ စိတ်မချမ်းမသာ

ဖြစ်မှာ အမှန်ဘဲ”

အမတ်ကြီးက ဆက်ပြောပြန်လေ၏။ “အရှင်မင်းကြီး၊ ကျွန်တော်မျိုး အကြံဉာဏ် တစ်ခုပေးပါရစေ။ တိရစ္ဆာန်တစ်ထောင် ယဇ်ပူဇော်မဲ့အစား၊ အကောင်ရေလျှော့ပြီး တစ်ရာယဇ်ပူဇော်ဖို့ အမိန့်ပေးပါလျှင် သင့်လျော်လိမ့်မည် ထင်ပါတယ်”

မင်းပရိသတ်သည် အံ့သြငေးမောသွားကြ၏။ ဂေါဝိန္ဒမဏိကျာဘုရင်သည် အကြံပေးချက်ကို လေးလေးနက်နက် စဉ်းစား၍ နေလေသည်။ ဒေါသမွှန်၍ နေသော ရဃုပတိသည် သူ့ကိုယ်သူ မထိန်းနိုင်သဖြင့် ညီလာခံသဘင်မှ ထွက်သွားလေတော့၏။

ထိုအခိုက် တံခါးမှူး၊ တံခါးစောင့်တို့၏ လက်ထဲမှ တနည်းနည်းအားဖြင့် လွတ်ထွက်လာသော အင်္ကျီမပါ၊ ဖိနပ်မပါနှင့် ကိုယ်တုံးလုံးချွတ် ကလေးငယ် တစ်ဦးသည် နန်းတော်ထဲသို့ဝင်လာလေ၏။ နန်းတော်တွင်းသို့ ရောက်လာသည့်အခါ ကလေးငယ်သည် သူ့မျက်လုံးဝိုင်းဝိုင်းစက်စက်ကြီးများဖြင့်ဘုရင်၏ မျက်နှာကို လှမ်းကြည့်ပြီး “မမ ဘယ်မှာလဲ” ဟု မေးလေ၏။

ထိုကျယ်ပြန့်သည့် နန်းတော်အဆောင်တွင်းရှိ မင်းပရိသတ်တို့မှာမင်သက် မိနေကြလေသည်။ “မမ ဘယ်မှာလဲ” ဟူသောထိုကလေးငယ်၏အသံသည် သာလျှင် ထိုနန်းတော်ခန်းဆောင်ထဲဝယ်ပဲ့တင်ထပ်၍ နေလေသည်။

ဘုရင်ကြီးသည် ရတ်ခြည်း ရာဇပလ္လင်ပေါ်က ဆင်းပြီး ကလေးကို ပွေ့ချီလိုက်လေသည်။ ထို့နောက် ကျယ်လောင်သောအသံဖြင့် အမတ်ကြီးအား လှမ်းပြောလိုက်လေသည်။‘

“ဒီကနေ့ကစပြီး ငါ၏တိုင်းနိုင်ငံမှာ ယဇ်ပူဇော်ပွဲမကျင်းပ မပြုလုပ်ရဘူး။ ံအမိန့်နဲ့ ပတ်သက်ပြီးတော့လဲ ဘယ်သူမှ စောဒကတက်စရာမလိုဘူး”

အမတ်ကြီးက ပြန်လည်လျှောက်ထား၏။ “အရှင်မင်းကြီး၏ အမိန့်တော်မြတ် အတိုင်းပါ”

တာတာသည် ဘုရင်မင်းကြီးအား တဖန်မေးလိုက်ပြန်သည်။

“မမ ဘယ်မှာလဲ”

ဘုရင်မင်းကြီးက ပြန်ဖြေသည်။ “မယ်တော်နတ်သမီးဆီမှာ”

တာတာသည် အချိန်အတန်ကြာမျှ ပါးစပ်ထဲတွင် လက်ချောင်းကလေး ထည့်ပြီး ငြိမ်၍ရပ်နေလေသည်။ သူ့မမရောက်နေသည့် နေရာအမှန်ကို သိရသဖြင့် စိတ်ချသွားပုံရသည်။ ထိုနေ့မှအစပြုပြီး ဘုရင်သည် တာတာကို သူ့ဆီမှာပင် ထားလေ၏။ တာတာ၏ဦးကြီးတော်သူ အဖိုးကြီး ကေဒါရေရွှရ

ကိုလည်း နန်းတော်ထဲ၌ပင်လျှင် နေရာပေးထားလေ၏။

ညီလာခံစည်းဝေးသဘင်ရှိ ပရိသတ်များသည် အချင်းချင်း တီးတိုးပြောကြလေ၏။ "အလို အပျက်အပျက်နဲ့ တို့တိုင်းပြည်လဲ 'မဂ' လူမျိုးတို့ရဲ့ တိုင်းပြည် ဖြစ်နေပါပကော။ ဗုဒ္ဓဘာသာဝင်တွေနဲ့ 'မဂ' လူမျိုးတို့ပဲ သူတစ်ပါးအသက်ကို သတ်တာ၊ ဖြတ်တာ မလုပ်ကြဘူးလို့ ငါတို့ အောက်မေ့မိတယ်။ အခုတော့ ငါတို့ဟိန္ဒူလူမျိုးတိုင်း ပြည်မှာလဲ ဒီထုံးစံ ရောက်လာပါပကော"

နက္ခတ္တရာယကလည်း သူ၏ထင်မြင်ချက်ကို ဖြည့်စွက်ပြောလေသည်။ "အင်း ဟုတ်ပါရဲ့၊ ဟိန္ဒူတိုင်းပြည်မှာလဲ ဒီထုံးစံရောက်လာတော့မှာပါကလား"

ယင်းအချက်ထက် ပိုမို လွန်ကဲသည့် ဆုတ်ယုတ်လျှော့ကျခြင်း၏ အမှတ်လက္ခဏာ မရှိနိုင်တော့ပြီဟု အားလုံးက သတ်မှတ်ဆုံးဖြတ်လိုက်ကြသည်။

# အခန်း(၄)

ဘုဝနေရှရီနတ်ကွန်း၌ အစေအပါးအလုပ်ကို လုပ်သူ၏အမည်မှာ ဇယသီဟဟု ခေါ်သည်။ သူသည် အမျိုးအနွယ်အားဖြင့် ခတ္တိယမျိုးနွယ်ဝင် ဖြစ်လေ၏။ သူ၏ဖခင် ဆုကျေတ်ဆိန်မှာ တရိပူရာနေပြည်တော်၌ မင်းမှုထမ်း တစ်ဦးဖြစ်သည်။ ဆုကျေတ်ဆိန် ကွယ်လွန်သွားသည့်အခါ၌ ဇယသီဟသည် ကလေးအရွယ် လူမမယ်ကလေးမျှသာ ဖြစ်လေ၏။ ထိုမိဘမဲ့ ကလေးအား ဘုရင်ကြီးက သနားသဖြင့် နတ်ကွန်းတွင် အလုပ်သွင်းပေးထားလေ၏။ ဇယသီဟအား နတ်ကွန်းရှိ ပုရောဟိတ် ရဃုပတိကပင် ကြည့်ရှုစောင့်ရှောက်ပြီး ပညာသင် ပေးထားလေ၏။ သူငယ်အရွယ်ကစပြီး နတ်ကွန်း၌ ကြီးပြင်းလာရသည်ဖြစ်၍ ဇယသီဟသည် နတ်ကွန်းကိုပင်ကိုယ့်အိမ်ကိုယ့်ယာဟု မှတ်ထင်နေလေ၏။ နတ်ကွန်းထဲတွင်သူမသိသည့်နေရာဟူ၍မရှိ။ နတ်ကွန်းထဲရှိ လျှို့ဝှက်ထားသည့် နေရာကိုဖြစ်စေ၊ ရိုးရိုးနေရာကိုဖြစ်စေ နေရာဟူသမျှကို သူအကုန် လုံးသိသည်။သူ့မိခင်လည်း လူ့လောကတွင် မရှိတော့ပေ။ သို့ဖြစ်၍ ဘုဝနေရှရီနတ်ကွန်းမှနတ်ရုပ်ထုကိုပင် သူသည် သူ့မိခင်ကဲ့သို့ သဘောထားပေ၏။ ရုပ်ထု၏ရှေ့မှောက်တွင်ထိုင်ပြီး သူသည် တတွတ်တွတ်ဖြင့် စကားပြောဆိုနေတတ်သည်။သူသည် မည်သည့်အခါမျှ သူ့ကိုယ်ကို တစ်ကောင်ကြွက်ဟု မယူဆပေ။သူ့တွင် အခြားအဖော်အပေါင်းလည်း များစွာရှိလေသည်။ နတ်ကွန်းအနီးအနား ခြံဥယျာဉ်ထဲမှ သစ်ပင်ပေါင်းများစွာကို သူသည်ကိုယ်တိုင် စိုက်ပျိုးပြီး ကိုယ်တိုင်ကြီးထွားသန်မာအောင် လုပ်လာခဲ့လေသည်။လေးဘက်လေးတန်၌ သူစိုက်ပျိုးထားသည့် သစ်ပင်များမှာကြီးထွားနေကြသည်။ ထိုသစ်ပင်များပေါ်၌ နွယ်ပင်များယှက်သန်းနေကြသည်။ သစ်ခက်သစ်ရွက်များ

စိမ်းစိုနေကြသည်။ အရိပ်အာဝါသကလည်း ပျံ့၍နေသည်။ ထိုစိမ်းလန်းစိုပြေသော နွယ်ပင်များကြောင့်တောအုပ်တစ်ခုလုံးမှာ စိမ်းစိုညို့မှိုင်းနေလေ၏။ ထိုအရာအားလုံးမှာဇယသီဟ၏နှလုံးထဲက စိတ်ကူးယဉ်စရာအရာများသာလျှင် ဖြစ်ပေ၏။ သူ၏ထိုသဘာဝကို မြတ်နိုးနှစ်သက်ပုံကို မည်သူကမျှ ထူးထူးခြားခြားမသိကြပေ။ လူတွေက သူ့ကို အသိများခြင်းမှာ သူ၏ခွန်အားဗလနှင့်စွမ်းရည်သတ္တိကြောင့်သာလျှင် ဖြစ်ပေ၏။

နတ်ကွန်း၏ ဝေယျာဝစ္စကို ပြုလုပ်ဆောင်ရွက်ပြီး၍ အနားရသောအခါ ဇယသီဟသည် သူ့အိမ်တံခါးဝမှာ ထိုင်နေလေသည်။ ရှေ့ဘက်၌ ပန်းဥယျာဉ်ရှိသည်။ ညနေစောင်းရောက်လာပြီ။ မိုးသားတိမ်လိပ်များ တက်လာပြီး မိုးရွာချလေ၏။ အသစ်စက်စက် ရွာသွန်းချလိုက်သော မိုးရေဖြင့် ဇယသီဟ၏ သစ်ပင်ပန်းမန်တို့သည် ရေချိုးနေကြသည်။ သစ်ရွက်များပေါ်တွင်မိုးပေါက်တို့၏ ကပွဲကျင်းပနေသည်။ ရာပေါင်းများစွာသော မိုးရေရေစီးကြောင်းကလေးများသည် စုပေါင်းပြီး အသံမြည်လျက်ဂေါမတီမြစ်ထဲသို့ စီးဆင်းနေကြ၏။ ဇယသီဟသည် စိတ်ရွှင်လန်းတက်ကြွစွာဖြင့် ထိုင်ပြီး သူ့ဥယျာဉ်၏ တင့်တယ်သာယာနေပုံကိုအာရုံခံစား၍ နေလေ၏။ ပတ်ဝန်းကျင်တွင် ညိုမြဲသောမိုးသား တိမ်လိပ်များ၊တောရိပ်တောင်ရောင်၊ သစ်ရွက်သစ်ညွန့်များ၏ စိမ်းလဲ့သော အရောင်အသွေး၊ဖားများ၏အော်သံအပြင် လစပ်ကျနေသော မိုးပေါက်သံများ၊ တောထဲ၌ယင်းကဲ့သို့ လန်းဆတ်သာယာသောရှုခင်းကို တွေ့ရသဖြင့် သူ၏ နှလုံးမှာရွှင်ပြုံးတက်ကြွနေလေ၏။

ထိုအခိုက် မိုးရေများရွှဲရွှဲစိုနေသော ရဃုပတိသည် ပြန်ရောက်လာလေ၏။ ဇယသီဟသည် ပျာပျာသလဲထပြီး ခြေဆေးဖို့ရေနှင့်လဲဖို့အဝတ်များကို ယူပေးလေ၏။ ရဃုပတိက "မင်းကို အဝတ်ယူလာဖို့ဘယ်သူကပြောသလဲ" ဟု မာန်မဲပြီး အဝတ်ကို လွှင့်ပစ်လိုက်လေ၏။ဇယသီဟသည် ခြေဆေးဖို့ ရေယူလာပြီး ရှေ့၌ရပ်နေလေသည်။ရဃုပတိသည် "ဟေ့ ဒီရေကိုအသာထားစမ်း" ဟု ကြိမ်းမောင်းပြီး ရေခွက်ကိုခြေထောက်ဖြင့် ကန်ပစ်လိုက်ပြန်လေသည်။ ဇယသီဟသည် အကြောင်းကိုနားမလည်၍ အခက်တွေ့နေသည်။ သူသည် အဝတ်ကို မြေကြီးပေါ်မှကောက်ယူပြီး နေရာတကျ ပြန်ထားလေသည်။ ရဃုပတိသည် ရှူးရှူးရှဲရှဲနှင့် "ဟေ့ မင်းဒီအဝတ်ကို သွားမထိနဲ့" ဟု အော်ငေါက်ပြီး သူကိုယ်တိုင်အဝတ်ကိုသွားယူလေ၏။ သူကိုယ်တိုင်ပင် ရေကို သွားယူပြီး ခြေထောက်ကိုဆေးလေသည်။ ထိုအခါ ဇယသီဟသည် မျက်နှာငယ်စွာဖြင့် "ကျွန်တော်ဘာအပြစ်များ ကျူးလွန်မိလို့လဲဆရာ"

ဟု မေးလိုက်လေသည်။ရဃုပတိသည် စိတ်တိုမြဲ တိုနေပြီး "မင်းကို ဘယ်သူက အပြစ်ကျူးလွန်တယ်လို့ ပြောလို့လဲ" ဟု ပြန်ပြောလိုက်လေသည်။ ဇယသီဟသည်စိတ်ပျက်အားငယ်စွာဖြင့် မလှုပ်မရှက်သာ ထိုင်နေလေ၏။ ရဃုပတိသည်ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီးလျှင် အိမ်၏အပြင်ဘက်၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေလေသည်။ ယင်းသို့အားဖြင့်ညဥ့်နက်လာခဲ့လေသည်။ ထို့နောက် တစ်ဖန် မိုးရွာပြန်လေ၏။ နောက်ဆုံး၌မူရဃုပတိသည် ဇယသီဟ၏ကျောကို အသာသပ်ပြီးလျှင်"ညဥ့်သိပ်နက်သွားပြီ။ သွားအိပ်တော့" ဟု ပြောလေ၏။ ဇယသီဟသည် ရဃုပတိ၏ ပျော့ပြောင်းနူးညံ့လာသော စကားတို့ကြောင့်အံ့အားသင့်သွားပြီးလျှင် 'ဆရာ အရင်သွားအိပ်လေ၊ နောက်ပြီးတော့ကျွန်တော်လည်းအိပ်ပါ့မယ်" ဟု ပြောလေ၏။ ရဃုပတိက ပြန်ပြောလေ၏။

"ငါနောက်မှ အိပ်မယ်။ငါဒီကနေ့ မင်းကိုမဖွယ်မရာပြုမူခဲ့တဲ့အတွက် ငါ့ကို စိတ်မရှိနဲ့နော်၊ ငါ့စိတ်တွေ ဘယ်လို ဖြစ်နေမှန်းမသိဘူး။ငါအကြောင်းစုံကို နက်ဖြန်ခါကျတော့ မင်းကို ပြောပြမယ်။ အခုမင်းသွားအိပ်ချေတော့"

"ဟုတ်ကဲ့၊ ဒီလိုဆိုရင် ကျွန်တော်သွားအိပ်ပါတော့မယ်" ယင်းသို့ပြောပြီး ဇယသီဟ ထွက်သွားလေ၏။

ရဃုပတိသည် တစ်ညဥ့်လုံးအငြိမ်မနေပေ။ လမ်းသလား၍သာ နေသည်။ နံနက် မိုးလင်းသောအခါ ဇယသီဟသည် သူ့ဆရာ ရဃုပတိကို အရိုအသေပြုပြီးလျှင် ရှေ့တွင်ရပ်နေလေ၏။

ရဃုပတိက ပြောလေသည်။ "ဇယသီဟ၊ မယ်တော်နတ်သမီးရဲ့ ဗလိနတ်စာကျွေးပွဲတော့ ပိတ်ပစ်လိုက်ရပြီ "

"ဘယ်လိုဖြစ်တာလဲ ဆရာ" ဇယသီဟက အံ့အားသင့်ပြီး မေးလိုက်လေ၏။

"ဘုရင်က ပိတ်ပစ်ဖို့ အမိန့်ချမှတ်လိုက်တယ်"

"ဘယ်ဘုရင်လဲ"

ရဃုပတိသည် စိတ်မရှည်နိုင်သည့် ဟန်မျိုးဖြင့် " ဒီနေရာကဘုရင်ဘယ်သူရှိအုံးမလဲ၊ ဂေါဝိန္ဒမဏိကျပေါ့။မတ်တော်နတ်သမီးရဲ့နတ်ကွန်းမှာ သက်ရှိသတ္တဝါတွေကိုသတ်ပြီးယဇ်ပူဇော်ပွဲ မကျင်းပရတော့ဘူးလို့ အမိန့်ချမှတ်လိုက်တယ်"

"လူကို သတ်ပြီးတော့ကော"

"မင်း တယ်ဝွကျတဲ့ အကောင်ပဲ၊ သက်ရှိသတ္တဝါတွေကိုသတ်ပြီး ယဇ်ပူဇော်ပွဲ

မကျင်းပရတော့ဘူးလို့ ပြောနေတာ၊ လူကိုသတ်ပြီးယဇ်ပူဇော်တာကို မေးနေရသေးသလား ”

“ဘယ်လိုသက်ရှိသတ္တဝါကိုမျှ သတ်ပြီး ဗလိနတ်စာ မကျွေးရတော့ဘူးဟုတ်လား”

“အေး”

“ဘုရင် ဂေါဝိန္ဒမဏိကျုက ဒီလိုပဲ အမိန့်ချမှတ်လိုက်တယ် ဟုတ်လား”

“ အေး...အေး...မင်းကို ဘယ်နှစ်ခါ ထပ်ပြောနေရအုံးမလဲ”

ဇယသီဟသည် အချိန်အတန်ကြာ ဘာကိုမျှ မပြောဘဲ ငြိမ်နေလေ၏။ သူ၏စိတ်ထဲ၌မူ ဘုရင်ဂေါဝိန္ဒမဏိကျုကို ကြိတ်ပြီး ကျေးဇူးတင်နေသည်။ ဂေါဝိန္ဒမဏိကျုကို ဇယသီဟသည် ငယ်စဉ်တောင်ကျေး ကလေးရွယ်ကပင်စတင်ပြီး နတ်ဒေဝတာတစ်ဦးကဲ့သို့ပင် လေးစားမြတ်နိုးလာခဲ့လေသည်။ အာကာသကောင်းကင်ပြင်၌ တည်ရှိနေသော ငွေစန္ဒာလမင်းကိုကလေးသူငယ်တို့၏ မွှတာသဘာဝအရ ချစ်ခင်ကြသကဲ့သို့ထိုနည်းအတိုင်းပင် ဇယသီဟသည်လည်း ဂေါဝိန္ဒမဏိကျုကိုခင်မင်လေးစားမှု ရှိလေသည်။ ဂေါဝိန္ဒမဏိကျု၏ ငြိမ်းအေးပြီးကျက်သရေရှိသော မျက်နှာဝန်းကို တွေ့လိုက်ရလျှင် ဇယသီဟသည် ဘုရင့်အတွက် အသက်ကိုစွန့်လိုက်ဖို့ရန်ပင် ဝန်မလေးသူ ဖြစ်လေသည်။

ရဃုပတိက ပြောလေ၏။ “တို့ နည်းလမ်းဥပါယ်တစ်ခုကိုတော့ ကြံရလိမ့်မယ်”

“ဟုတ်တယ်၊ ကျွန်တော် ဘုရင်ကြီးဆီကို သွားပြီး အနူးအညွတ် တောင်းပန် . . .”

“အပိုပါပဲ”

“ဒါဖြင့် ဘာလုပ်မလဲ”

ရဃုပတိသည် အတန်ကြာမျှ စဉ်းစားတွေးတောပြီး ပြောလေ၏။

“နက်ဖြန်ခါကျမှ ပြောမယ်၊ နက်ဖြန်ခါ မနက်ကျရင် မင်း နက္ခတ္တရာယဆီကိုသွားပြီး ငါနဲ့ တိတ်တဆိတ်လာတွေ့ဖို့ ပြောပြ သိလား”

## အခန်း(၅)

နောက်တစ်နေ့နံနက်တွင် နက္ခတ္တရာယ ရောက်လာပြီး ရဃုပတိကို နှုတ်ဆက်လျက် "ဘယ်လို အမိန့်မျိုးကို ပေးချင်လို့ပါလဲ" ဟု ပြောလေ၏။

ရဃုပတိကပြန်ပြောလေသည်။ "မင်းကို မယ်တော်နတ်သမီးက ခေါ်တာ၊ သူ့ကိုသွားပြီး အရင်ရှိခိုးလိုက်အုံး"

နှစ်ဦးလုံး နတ်ကွန်းထဲသို့ ဝင်သွားကြလေ၏။ ဇယသီဟလည်း သူတို့နှင့် အတူပါသွားလေသည်။ နက္ခတ္တရာယသည် ဘဝနေရှုရီနတ်ရုပ်ထု၏ရှေ့မှောက်၌ တပ်ပျပ်ဝပ်လျှိုးပြီး ရှိခိုးဦးချလေ၏။ရဃုပတိက နက္ခတ္တရာယအား ရုတ်တရက် ပြောလိုက်သည်။ "နက္ခတ္တရာယ. . မင်း ဘုရင်လုပ်မလား"

"ဘာပြောလိုက်တာလဲ ပုရောဟိတ်ကြီး၊ ကျွန်တော် ဘုရင်လုပ်ရမယ် ဟုတ်လား၊ ပုရောဟိတ်ကြီးပြောလိုက်မှဖြင့် အဆန်းချည်းဘဲ"

ယင်းသို့ပြောပြီး နက္ခတ္တရာယသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

"ငါ အကောင်းပြောနေတာ၊ မင်း ဘုရင်လုပ်ရလိမ့်မယ်"

"ကျွန်တော် ဘုရင်လုပ်ရလိမ့်မယ်လို့ ပုရောဟိတ်ကြီး တကယ်ပြော နေတာလား"

ယင်းသို့ပြောပြီး နက္ခတ္တရာယသည် ရဃုပတိ၏မျက်နှာကို လှမ်းကြည့် လိုက် လေသည်။

"မင်းကို ငါက ညာပြောနေရအုံးမှာလား"

"ညာပြောတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ဘယ်လိုလုပ် ဘုရင်ဖြစ်နိုင်ပါ့မလဲ၊ ဒီမှာ ပုရောဟိတ်ကြီး...မနေ့ညက ကျွန်တော် ဖားကို

မြင်ရတယ်လို့ အိပ်မက်မက်တယ်၊ ဖားကို မြင်ရတယ်လို့ အိပ်မက်မက်တာ ဘာဖြစ်တတ်သလဲ ပုရောဟိတ်ကြီး"

ရဃုပတိသည် ရီချင်သဖြင့်ကြိတ်ပြီး "ဘယ်လိုဖားကို မြင်ရသလဲ၊ သူ့ခေါင်းပေါ်မှာ အမှတ်ကို မတွေ့ရဘူးလား" ဟု မေးလေ၏။

နက္ခတ္တရာဃသည် အားတက်လာပြီးပြောလေ၏။ " ဟုတ်တယ်၊ သူ့ခေါင်းပေါ်မှာ အမှတ်တစ်ခုကို တွေ့ရတယ် "

"ဒီလိုဆိုရင် မကိုဋ္ဌသရဖူကို မင်းတကယ်ဆောင်းရမှာဘဲ"

"ကျွန်တော်...မကိုဋ္ဌသရဖူကို ဆောင်းရမယ် ဟုတ်လား၊ ကျွန်တော်ဘုရင်ဖြစ်မယ်လို့ ပုရောဟိတ်ကြီး ပြောနေတာပေါ့နော်၊ တကယ်လို့ မဖြစ်ရင်..."

"ငါက ညာပြောရအုံးမှာလား"

"မဟုတ်ဘူး...ကျွန်တော်က ပုရောဟိတ်ကြီးကို ညာတယ်လို့ပြောတာ မဟုတ်ပါဘူး၊ မကိုဋ္ဌသရဖူ ဆောင်းရလိမ့်မယ်လို့ ပုရောဟိတ်ကြီးကပြောတယ်နော်၊ ဥပမာ ပြောကြပါစို့...၊ တကယ်လို့ ပုရောဟိတ်ကြီးပြောတဲ့အတိုင်း မဖြစ်ဘူးဆိုရင်..."

ရဃုပတိက စကားဖြတ်ပြီး ပြောလေ၏။ "မဖြစ်ဘူးရယ်လို့ မရှိရဘူး၊ ငါပြောတဲ့အတိုင်း ဖြစ်ကိုဖြစ်ရမယ်"

"ပုရောဟိတ်ကြီးက ါလောက် ခိုင်ခိုင်မာမာပြောရင်တော့ ကျွန်တော်လည်း စိတ်ချ ယုံကြည်ပါတယ်၊ ကျွန်တော် ဘုရင်ဖြစ်ရင်တော့ပုရောဟိတ်ကြီးကို အမတ်ရာထူး ချီးမြှင့်ရမှာပဲ"

"ငါ အမတ်မလုပ်ချင်ပါဘူး"

နက္ခတ္တရာဃက ပြောလေသည်။ ဒီလိုဆိုရင် ဇယသီဟကို အမတ်ကြီးရာထူး ပေးရမှာပဲ"

"အမတ်ခန့်ဖို့ကိစ္စ အသာထားပါအုံး၊ ဘုရင်မဖြစ်ခင် လုပ်ရမယ့်လုပ်ငန်းဆောင်တာအကြောင်းကို အရင်နားထောင်ပါအုံး။ မယ်တော်နတ်သမီးကဘုရင့်သွေးကိုကြည့်ချင်နေတယ်။ အိပ်မက်ထဲမှာ ငါ့ကိုလာပြီးအမိန့်ပေးတယ်"

"မယ်တော်နတ်သမီးက ဘုရင့်သွေးကို ကြည့်ချင်နေတယ်ဟုတ်လား။ အိပ်မက်ထဲမှာ ပုရောဟိတ်ကြီးကို ဒီလိုဘဲ လာအမိန့်ပေးတယ် ဟုတ်လား။အဲဒါ အကောင်းသားပဲ"

"မင်း ဂေါဝိန္ဒမဏိကျရဲ့သွေးကို ဆောင်ကြဉ်းလာရလိမ့်မယ်"

နက္ခတ္တရာဃာသည် "ဟုတ်ကဲ့" ဟု ပြောဆိုလိုက်ရပြီး ပါးစပ်အဟောင်းသား ဖြစ်နေလေ၏။ ပထမတွင် သူသည် "အကောင်းသားပဲ" ဟု ပြောဆို

လိုက်မိ၏။ သို့သော်လည်း တကယ်စဉ်းစားကြည့်မိသောအခါ သူသည် ထိုအကြောင်းကို နှစ်မြို့ခြင်း မရှိပေ။

ရဃုပတိသည် မျက်နှာထားခပ်တည်တည်ဖြင့် ပြောလေ၏။

"ဘာလဲ မင်းစိတ်ထဲမှာ ညီအစ်ကိုချင်းချင်း ငဲ့ညှာထောက်ထားတဲ့ စိတ်ဓာတ် ပေါ်နေလို့လား"

နက္ခတ္တရာယာသည် မရယ်ချင်ရယ်ချင်ရယ်ပြီး "ညီအစ်ကိုချင်း ငဲ့ညှာမှု ဟုတ်လား ညီအစ်ကိုချင်း ငဲ့ညှာမှုဆိုတဲ့ စကားလောက် ရယ်စရာကောင်းတဲ့ စကားမရှိဘူး" ဟု ပြောလိုက်လေ၏။ သို့ရာတွင်နက္ခတ္တရာယ၏စိတ်နှလုံးထဲ၌ ညီအစ်ကိုစိတ်၊ သွေးချင်းသားချင်းစိတ်ကိန်းအောင်းနေသည်ဆိုသည့် အချက်ကို ဘုရားသခင်သာလျှင်သိရှိလေသည်။ အမှန်စင်စစ်မှာမူ ထိုညီအစ်ကို စိတ်ကို သူသည် ခါးခါးသီးသီး ပစ်ပယ်ခြင်းငှာ စွမ်းနိုင်လိမ့်မည် မဟုတ်ပေ။

ရဃုပတိက ပြောလေသည်။ "ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲဆိုတာ ပုရောဟိတ်ကြီးက ပြောပြမှပေါ့"

"ဒါဖြင့် ကောင်းပြီ၊ နားထောင်။ မယ်တော်နတ်သမီးရှုစားဖို့ဂေါဝိန္ဒမဏိကျ ရဲ့ သွေးကို မင်းဆောင်ကြဉ်းလာရလိမ့်မယ်"

နက္ခတ္တရာယသည် "မယ်တော်နတ်သမီး ရှုစားဖို့ဂေါဝိန္ဒမဏိကျရဲ့သွေးကို ဆောင်ကြဉ်းလာရမယ်" ဟူသော စကားကိုဂါထာမန္တန်ရွတ်ဆိုသည့်ဟန်မျိုးဖြင့် ခပ်လေးလေး လိုက်ပြောနေလေသည်။

ရဃုပတိသည် စိတ်မရှည်သည့်ဟန်မျိုးဖြင့် "မဖြစ်ပါဘူး။ မင်း ဒီအလုပ် လုပ်လို့ မဖြစ်ပါဘူး" ဟု ပြောလေ၏။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ပုရောဟိတ်ကြီးပြောသလို ဖြစ်ရမှာပေါ့၊ ပုရောဟိတ်ကြီး အမိန့်ပေးနေတယ် မဟုတ်လား"

"အေး ငါ အမိန့်ပေးနေတာ"

"ဘာ အမိန့်ပေးနေတာလဲ"

ရဃုပတိသည် ဒေါသထွက်လာပြီးလျှင် ခပ်ဆတ်ဆတ်ပြောလေသည်။

"မယ်တော်နတ်သမီးက ဘုရင့်သွေးကိုကြည့်ရှုလိုစိတ် ပေါက်နေတယ်။ ဒါကြောင့်မို့ မင်း ဂေါဝိန္ဒမဏိကျရဲ့ သွေးကို ဆောင်ကြဉ်းလာခဲ့ပြီး မယ်တော် နတ်သမီးရဲ့ အလိုဆန္ဒကို ဖြည့်တင်းရလိမ့်မယ်။ အဲဒါ မယ်တော်နတ်သမီးရဲ့ အမိန့်ပဲ"

"ကျွန်တော် ဒီကနေ့ပဲသွားပြီး ပတောခန်ကို ဒီကိစ္စအတွက် ဆောင်ကြဉ်းဖို့ ပြောလိုက်မယ်"

"အမယ်လေး မောင်မင်းကြီးသား ဒီအကြောင်းကို ဘယ်သူကိုမှ သွားမဟလိုက်ပါနဲ့။ ငါ ဓိကိစ္စအတွက် မင်းကိုအကူအညီပေးဖို့ ဇယသီဟကို ပြောထားမယ်။ နက်ဖြန်ခါ နံနက်ကျရင်လာခဲ့။ အဲဒီတော့ ငါ မင်းကို ဘယ်လိုဆောင်ရွက်ရမည်ဆိုတာ အသေးစိတ်ပြောပြမယ် "

နက္ခတ္တရာယသည် ရဃုပတိ၏အနှောင်အဖွဲ့မှ ရုန်းထွက်ပြီးလျှင်ထိုခဏ၌ပင် ထိုနေရာမှအပြင်ဘက်သို့ ထွက်သွားလေ၏။

အခန်း (၆)

နက္ခတ္တာရာယ ထွက်ခွာသွားပြီးသည့်နောက်တွင် ဇယသီဟက ပြောလေသည်။ ဒီလောက် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းတဲ့အကြောင်းကို ကျွန်တော် ဘယ်တုန်းကမှ မကြားခဲ့ဖူးဘူး။ ဆရာဟာ မယ်တော်နတ်သမီးရဲ့မျက်မှောက်မှာ မယ်တော်နတ်သမီးရဲ့ကိုယ်စားအနေနဲ့ ညီအစ်ကိုချင်းချင်း သတ်ဖြတ်ဖို့ တိုက်တွန်းနေပါကလား။ ကျွန်တော် ခပ်လှမ်းလှမ်းကရပ်ပြီးနားထောင်နေတယ်”

“ဒီနည်းလမ်းမှတစ်ပါး တခြားနည်းလမ်း ဘာရှိလို့လဲ။ မင်းပြောပြပါအုံး”

“နည်းလမ်း၊ ဘာနည်းလမ်းလဲ ”

“မင်းလဲပဲ ၊ တိယနက္ခတ္တာရာယပဲ။ ဒီလောက် အကြာကြီးနားထောင်နေပြီး မကြားဘူးလား”

“ကြားရတဲ့အရာတွေကတော့ နားကိုမထောင်ထိုက်တဲ့ အရာတွေပဲ။ အဲဒါတွေကို နားထောင်ရင် နားထောင်တာနဲ့ပဲ အပြစ်ဖြစ်တယ်”

“အပြစ်နဲ့ အကျိုးဆိုတာကို မင်းက ဘယ်လိုအောင့်မေ့လို့လဲ”

“ဆရာ့ဆီမှာ ဒီလောက်ကြာအောင် ပညာဆည်းပူးလာခဲ့တာ အပြစ်နဲ့ အကျိုးကို ဘာဖြစ်လို့ နားမလည်ရမှာလဲ”

“နားထောင် ကလေး၊ ငါ မင်းကို ဥပမာသေတစ်ခုပြောပြမယ်။ အပြစ်နဲ့ အကျိုးဆိုတာ ဘာမှမဟုတ်ဘူး။ ဘယ်သူဟာ ဘယ်သူ့အဖေမှလဲ မဟုတ်ဘူး။ ဘယ်သူဟာ ဘယ်သူ့ညီ၊ ဘယ်သူ့အစ်ကိုမှလဲ မဟုတ်ဘူး။ ဘယ်သူဟာ ဘယ်သူနဲ့ ဘယ်လိုမှ မတော်ဘူး။ သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲတာဟာ အပြစ်လို့ ဆိုခဲ့လို့ရှိရင် ညှဉ်းဆဲသတ်ဖြတ်မှု ဟူသမျှဟာ အတူတူချည်းဘဲ။ ညှဉ်းဆဲသတ်ဖြတ်ခြင်းဟာ အပြစ်ဖြစ်တယ်လို့ ဘယ်သူက ပြောသလဲ။

ပုရွက်ဆိတ်စတဲ့ သေးငယ်တဲ့သတ္တဝါပေါင်းများစွာကို ငါတို့ နေ့စဉ်နေ့တိုင်းခြေနဲ့ နင်းသတ်ကြတယ်။ သတ်ဖြတ်ခြင်းဟာ နေ့စဉ်နဲ့အမျှ ဖြစ်ပေါ်နေတယ်။အချို့မှာ ဦးခေါင်းတွင် ကျောက်ခဲထိပြီး သေကြတယ်။ အချို့မှာ ရေထဲနစ်ပြီးသေကြတယ်။ အချို့မှာ ရောဂါဗ္ဗရကပ်ထဲမှာပါပြီး အသက်ဆုံးကြရတယ်။အချို့ကတော့ ဒဏ်ရာနဲ့ သေပွဲဝင်ကြရတယ်။ ဒီ ဘာမျှမပြောပလောက်တဲ့သတ္တဝါတွေရဲ့ အသက်ရှင်ခြင်း၊ သေခြင်းဟာ ဘာမှ ထူးဆန်းတဲ့အရာမဟုတ်ဘူး။ အချိန်ကာလတည်းဟူသော မယ်တော်နတ်သမီးရဲ့မျက်မှောက်မှာ သတ္တဝါ အသင်္ချေ အနန္တတွေဟာ နေ့စဉ်နှင့်အမျှ ဗလိနတ်စာအကျွေးခံနေရတယ်။ ကမ္ဘာလောကရဲ့ လေးဘက်လေးရပ်က သတ္တဝါများရဲ့သွေးအလျဉ်ဟာ သူ့ရဲ့ အဲဒီအချိန်ကာလ နတ်သမီးရဲ့ကျယ်ပြန့်တဲ့ဦးခေါင်းခွံထက်မှာ စီးကျနေတယ်။ တကယ်လို့ ငါတို့ဟာအဲဒီသွေးအလျဉ်ထဲမှာ သွေးတစ်ပေါက် ထပ်ဖြည့်လိုက် လို့ရှိလျှင် ဘာအကျိုးယုတ်စရာ ရှိမလဲ။ တစ်နေ့နေ့ကျရင် သူ့ဗလိနတ်စာကိုသူကိုယ်တိုင် ယူမှာ အမှန်ဘဲ”

ထိုအခါ ဇယသီဟသည် နတ်ရုပ်ထုဘက်သို့ လှည့်ကြည့်ပြီးလျှင် ပြောလေသည်။

“ဘယ့်နဲ့လည်း၊ အသင်နတ်သမီးကို လူအပေါင်းက မယ်တော်လို့ ခေါ်နေတာဟာ ဒါကြောင့်လား။ သင်နတ်သမီးဟာ ဒါလောက်ပဲ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်နှလုံးရှိသလား။ သင်နတ်သမီးဟာ ဘီလူးသဘက်တွေထက်ပဲ သာလွန် နေပါပကောလား။ တစ်ကမ္ဘာလုံးက သွေးများကို သောက်စားဝါးမျိုလိုတဲ့အတွက် သင်နတ်သမီးရဲ့ အငမ်းမရဖြစ်နေတဲ့လျှာကို အပြင်ကို ထုတ်ထားတာလား။ သင်နတ်သမီးဟာ မေတ္တာကရုဏာနဲ့အားလုံးသော ဓမ္မသဘောတရားတွေကို ဖျက်ဆီးပစ်လိုက်ပြီ။ သင်နတ်သမီးမှာ သွေးမွတ်သိပ်နေတဲ့အာသာရမက် တစ်ခုသာရှိတယ်။ သင်နတ်သမီးရဲ့ ဝမ်းပြည့်ဖို့ရန်အတွက် လူသားတစ်ယောက်ဟာ လူသားတစ်ယောက်ရဲ့ လည်ပင်းကိုဓါးတင်တော့မယ်။ ညီအစ်ကိုချင်း၊ သားအဖချင်း သတ်ဖြတ်ကြတော့မယ်။ တကယ်လို့ သင်နတ်သမီးဟာ ယခုလို သွေးမွတ်နေတယ်ဆိုလျှင် မိုးမင်းဟာမိုးရေအစား သွေးကို ဘာဖြစ်လို့ ရွာမချသလဲ။ အသက်ာတ်ကိုပေးတတ်တဲ့ကရုဏာရှင် မြစ်နဒီဟာ သွေးလျှဉ်ကို ယူဆောင်ပြီး ပင်လယ်သမုဒ္ဒရာထဲကိုဘာဖြစ်လို့ စီးဆင်းမသွားသလဲ။ ဟင့်အင်း ဟင့်အင်း မယ်တော်သင်မယ်တော် နတ်သမီး ကိုယ်ထင်ပြပြီး အဖြေပေးပါ။ ဒီ ဆုံးမဥပဒေတွေဟာအလိမ်အညာတွေချည်းဖြစ်တယ်။ ဒီသျှတ္တရကျမ်းဂန်တွေဟာအမှားတွေချည်း ဖြစ်တယ်။ အကျွန်ုပ်၏ မယ်တော်ကို

မယ်တော်လို့ မခေါ်ဘဲသွေးကိုသောက်တဲ့ ဘီလူး ရက္ခိုက်မလို့ ခေါ်တာကို အကျွန်ုပ်ဘယ်နည်းနဲ့မှုမခံရပ်နိုင်ဘူး ”

ယင်းသို့ပြောပြီး ဇယသီဟ၏မျက်လုံးများမှ မျက်ရည်ပေါက်များ စီးကျလာလေ၏။ ထိုကဲ့သို့ စဉ်းစားတွေးတောမှုများသည် သူ၏စိတ်နှလုံးထဲတွင် ယခင်က မည်သည့်အခါကမှ မပေါ်ပေါက်ခဲ့ဘူးပေ။ အကယ်၍ ရဃုပတိသည် သူ့အား ထူးခြားဆန်းကြယ်သော ဆုံးမဉပဒေ့ကို မပေးပါလျှင် ထိုအကြောင်းများသည် သူ၏နှလုံးထဲတွင် ပေါ်ပေါက်လာမည် မဟုတ်ပေ။

ရဃုပတိက အနည်းငယ်ရယ်ပြီးပြောလေ၏။ “ ဒီလိုဆိုရင် ယဇ်ပူဇော်ပွဲကို တစ်ခါထဲ ပိတ်ပစ်လိုက်ချင်တယ်ပေါ့ ”

ဇယသီဟသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စတင်ပြီး ယဇ်ပူဇော်ပွဲကို တွေ့မြင်သိရှိလာခဲ့သူ ဖြစ်သည်။ ထိုအကြောင်းကြောင့် နတ်ကွန်း၌ ယဇ်ပူဇော်ပွဲကို ပိတ်ပစ်လိုက်ဖို့ရန်ကိုမူ သဘောမတူပေ။ ယဇ်ပွဲ ပိတ်ပင်လိုက်ဖို့ စိတ်ထဲက တွေးတောရုံမျှနှင့်ပင် သူသည် စိတ်မကောင်းဖြစ်မိခဲ့လေသည်။ ထို့ကြောင့် သူသည် ဤသို့ပြန်ပြောလေ၏။ “ယဇ်ပူဇော်ပွဲနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမျှမပြောလိုပါဘူး၊ ါပေမယ့် ယဇ်ပူဇော်ပွဲကို အကြောင်းပြုပြီး ညီအစ်ကိုချင်းသတ်ဖြတ်ရမယ် ဟုတ်လား။ ဂေါဝိန္ဒမဏိကျဘုရင်ကိုသတ်ဖြတ်ရမယ်ဟုတ်လား။ ဆရာ..ကျွန်တော် ဆရာ့ခြေကို ဆုပ်ကိုင်ပြီးတောင်းပန်ပါတယ်။ ကျွန်တော့်ကို မလှည့်စားချင်ပါနဲ့။ မယ်တော်နတ်သမီးက အမှန်တကယ်ပဲ အိပ်မက်ထဲမှာ ဆရာ့ကို ဒီလိုပြောတာလား။ဘုရင့်သွေးကို မရလို့ ရှိရင် သူရဲ့အာသာဆန္ဒ ပြေပျောက်သွားမှာမဟုတ်ဘူးတဲ့လား ”

ရဃုပတိသည် အတန်ငယ်ကြာမျှ ခပ်မဆိတ်နေပြီးလျှင် ပြောလေ၏။

“အမှန်တကယ်မဟုတ်လို့ ငါက မင်းကို ညာပြောနေရအုံးမှာလား၊ ငါ့ကို မင်းက မယုံကြည်ဘူးလား ”

ဇယသီဟသည် ရဃုပတိ၏ခြေကိုတို့ပြီးလျှင် ပြောလေသည်။

“ကျွန်တော် ဆရာ့အပေါ်မှာ ယုံကြည်လေးစားမှု လျော့မသွားဘူး။ ဒါပေမယ့် နက္ခတ္တရာယကလဲပဲ ဘုရင့်မျိုး ဘုရင့်နွယ်ဘဲ မဟုတ်လား ”

ရဃုပတိက ပြောလေသည်။ “နတ်ဒေဝတာဆိုတာ အိပ်မက်ထဲမှာ အမှတ်အသား မျှလောက်သာပြတယ်၊ သူတို့ ဆိုလိုတဲ့အကြောင်းကိုနားနဲ့ကြားဖို့မလွယ်ဘူး။ သူတို့ ဆိုလိုတဲ့အကြောင်းကို အသိဉာဏ်ဗဟုသုတအရသာ သိရှိရတယ်။ ဂေါဝိန္ဒမဏိကျအပေါ်မှာ မယ်တော်နတ်သမီးအမျက်တော် ရှိတယ်ဆိုတာတော့ ထင်ရှားသိသာပါတယ်။အမျက်တော်ရှိစရာလဲ အကြောင်း

ရှိတယ်မဟုတ်လား၊ ဒါကြောင့်မို့မယ်တော်နတ်သမီးက ဘုရင့်သွေးကို ချင်ခြင်းဖြစ်တဲ့အကြောင်းကိုသိစေတဲ့အခါမှာ ဂေါဝိန္ဒမဏိကျရဲ့ သွေးကိုပဲ ချင်ခြင်းဖြစ်တယ်လို့ အဓိပ္ပာယ်ကောက်ရမှာပဲ"

"အဲဒါ တကယ်အမှန်ဆိုလို့ရှိရင် ကျွန်တော်ကပဲ ဘုရင့်သွေးကို ဆောင်ကြဉ်းလာခဲ့ပါ့မယ်၊ နက္ခတ္တရာယကို အကုသိုလ်ကျူးလွန်ခွင့်မပေးတော့ပါဘူး"

"မယ်တော်နတ်သမီးရဲ့ အမိန့်အာဏာကို လိုက်နာတာဟာ အကုသိုလ်မဟုတ်ပါဘူး"

"အကုသိုလ်မဟုတ်ရင် ကုသိုလ်ဟုတ်ရမယ်၊ အဲဒီကုသိုလ်ကိုကျွန်တော်ကပဲ ခံယူပါတော့မယ်"

"သူငယ်...ငါဟာ မင်းကို ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကစပြီး အသက်တမျှချစ်မြတ်နိုးစွာနဲ့ မွေးမြူကြည့်ရှုလာခဲ့ရတာ၊ ငါ မင်းကို အဆုံးရှုံးမခံနိုင်ဘူး။ နက္ခတ္တရာယက ဂေါဝိန္ဒမဏိကျဘုရင်ကို လုပ်ကြံပြီး နန်းတက်မယ်ဆိုရင် ဘယ်သူကမှ ဝင်စွက်မှာမဟုတ်ဘူး။ သို့ပေမယ့် မင်းက ဘုရင်ကို ကွပ်မျက်မယ်ဆိုရင်တော့ ငါမင်းကို လက်လွှတ်ဆုံးရှုံးသွားရဖို့ရှိတယ်"

"ဆရာက ကျွန်တော့်ကို ဒါလောက်ပဲ ချစ်နေသလား၊ ကျွန်တော်က ဘာမှမပြောပလောက်တဲ့ ကလေကဝလူတစ်ယောက်ပါ၊ အခုလို အခြေအနေမှာ ကျွန်တော့်ကို ချစ်ခင်တဲ့အကြောင်းတစ်ခုနဲ့ ဆရာက အပြစ်တစ်ခုကို ကျူးလွန်မယ်လို့ရည်ရွယ်ရင် ဆရာနဲ့ ကျွန်တော့်အပေါ်မှာထားတဲ့ ချစ်ခင်ကြင်နာမှုကို ကျွန်တော် ကြာရှည်လေးမြင့်စွာ ခံစားနိုင်မှာမဟုတ်ဘူး၊ အဲဒီချစ်ခင်ကြင်နာမှုရဲ့ အကျိုးဟာလဲ ဘယ်တော့မှ အကောင်းဖြစ်မလာနိုင်ဘူး"

ရဃုပတိက မဆိုင်းမတွပင်ပြန်ပြောလေ၏။ "ကဲ ကောင်းပြီ။ဒီအကြောင်းနောက်တစ်ချိန်ကျမှ ဆက်စဉ်းစားကြစို့၊ နက်ဖြန်ခါ နက္ခတ္တရာယရောက်လာမှဘဲ တစ်ခုခု ဆုံးဖြတ်ချက်ချကြတာပေါ့"

ဇယသီဟာက စိတ်နှလုံးတွင်းမှပင် ပဋိညာဉ်ပြုလိုက်လေသည်။

"ဘုရင့်သွေးကို ငါပဲဆောင်ကြဉ်းလာခဲ့မယ်၊ မယ်တော်နတ်သမီးရဲ့ရောင့်ရဲတင်းတိမ်မှုအတွက် ဆရာအရှင်ရဲ့ ရှင်လန်းဝမ်းမြောက်မှုအတွက် ညီရဲ့လက်ချက်နဲ့ အစ်ကိုရဲ့အသက်ကို ဘယ်တော့မှ မထွက်စေရဘူး"

## အခန်း(၇)

ဇယသီဟသည် ထိုညအဖို့ တစ်ညဥ့်လုံး အိပ်မပျော်ပေ။ ဆရာရဃုပတိနှင့် အပြန်အလှန် ဆွေးနွေးခဲ့သော အကြောင်းအရာမှာ အစိတ်စိတ်အမွှာမွှာ ဖြာထွက်ပြီး သူ၏ဦးနှောက်ထဲတွင် ပျံ့နှံ့၍ နေလေ၏။ များသောအားဖြင့် လုပ်ငန်းတစ်ခုခုကို အစပျိုးဖို့ရန် လွယ်ကူသော်လည်း ထိုလုပ်ငန်း၏ အကျိုးအာနိသင်မှာ ကျွန်ုပ်တို့အလိုကျဖြစ်လာဖို့ရန် မလွယ်ကူပေ။ ဆင်ခြင်စဉ်းစားသည့်နေရာ၌လည်း ဤနည်းနှင်နှင် ဖြစ်လေ၏။ ဇယသီဟ၏စိတ်နှလုံးထဲ၌ အဟုန်ပြင်းစွာဖြင့် အကြောင်းခြင်းရာတို့သည် တစ်ခုပြီးတစ်ခု အားလုံးပင် ပေါ်ပေါက်လာကြသည်။ ထိုအကြောင်းခြင်းရာတို့သည်အချိန်ကြာမြင့်စွာ ကာလကစပြီး အမြစ်တွယ်လာခဲ့သော သူ၏ယုံကြည်မှုအမြစ်အရင်းကို ကိုင်လှုပ်ကြလေ၏။ ဇယသီဟသည် အထူးပင်စိတ်ညစ်နေသည်။ စိတ်သောကရောက်နေသည်။ သူ၏စိတ် သောကသည်ရွှေ့လျားပျောက်ကွယ်မသွားပေ။ သူ ယနေ့အထိ 'မယ်တော်' အဖြစ်နှင့် အသိအမှတ်ပြုခဲ့သော နတ်သမီး၏ မိခင်မေတ္တာကို ဆရာရဃုပတိက အဘယ့်ကြောင့် ဖယ်ရှားပစ်ရသနည်း။ သူ့ကို ကရုဏာမဲ့သူ၊ ရက်စက်သူဟု အဘယ့်ကြောင့်ခေါ်ရသနည်း။

နောက်တစ်နေ့နံနက်ခင်းအချိန်မှာ အလွန်သာယာကြည်နူးဖွယ် ကောင်းနေပေ၏။ မိုးလည်းစဲသွားလေပြီ။ အရှေ့ဘက်ကောင်းကင်၌ မိုးတိမ်မရှိတော့ပေ။ နေရောင်ခြည်များသည် ရေဖြင့်ဆေးကြောထားသကဲ့သို့ ပိုပြီးကြည်လင်သန့်ရှင်း၍ နေလေ၏။ မိုးရေများနှင့် နေရောင်ခြည်များကြောင့် အရပ်ထက်ဝန်း ကျင်မှာ ဝင်းလက်ပြိုးပြက်၍နေသည်။ နေမင်း၏ဖြူစင်သန့်ရှင်းပြီး ရှင်လန်းကြည်နူးဖွယ်ကောင်းသော ရောင်ခြည်မှာကောင်းကင်တစ်ခွင်၌လည်းကောင်း၊

စိမ်းညို့သော ကွင်းပြင်၌လည်းကောင်း၊တောတောင်တစ်ခွင်နှင့်မြေ၊ ရေပြင်တို့၌လည်းကောင်း၊ ပွင့်ဖူးနေသောကြာဖြူအရာအထောင်တို့ကဲ့သို့ ပွင့်လန်းရွှန်းတင့်၍ နေလေ၏။ ညိုပြာသောကောင်းကင်ပြင်၌ စွန်ငှက်များသည် လှည့်ပတ်ပျံဝဲနေကြသည်။ သက်တန့်၏အောက်ဘက်တွင် ဥဗျိုင်းတစ်သိုက်သည် တန်းစီပြီး ပျံသန်းနေကြ၏။ရှဉ့်များသည် သစ်ပင်တစ်ပင်မှ အခြားသစ်ပင်တစ်ပင်သို့ ကူးသန်းနေကြ၏။ယုန်ငယ်တစ်ကောင် နှစ်ကောင်မှာမူ ချုံပုတ်တစ်ခုထဲမှထွက်ပြီးထိတ်ထိတ်ပျာပျာနှင့် ပုန်းခိုဖို့ရန်အတွက် အခြားလုံခြုံစိတ်ချရမည့်နေရာတစ်ခုကို ရှာဖွေနေလေ၏။ ဆိတ်ငယ်ကလေးများသည်တောင်ကုန်းပေါ် ခဲခဲယဉ်းယဉ်းတက်ပြီး မြက်နုများကို စားနေကြသည်။ နွားတစ်အုပ်မှာမူ ထိုနေ့အဖို့တွင် ကွင်းပြင်ထဲ၌ သဘောရှိ အစာစားနေကြ လေ၏။ နွားကျောင်းသားများက သံကုန်ဟစ်ပြီး တေးဆိုနေကြသည်။ ရေအိုးရွက်လာသော မိခင်၏လုံချည်စကို ဆွဲကိုင်ပြီး ကလေးငယ်များလည်း ယနေ့အပြင်သို့ လိုက်ပါလာကြသည်။ အဖိုးကြီး၊ အမယ်ကြီးများမှာ ဘုရားတင်ဖို့ရန်အတွက် ပန်းခူးနေကြသည်။ မြစ်ထဲတွင် ရေချိုးဖို့ရန်အတွက် ယနေ့လူအများ စုရုံးရောက်လာကြလေ၏။ သူတို့သည် ကျယ်လောင် ကျယ်လောင်နှင့် အချင်းချင်း စကားပြောဆိုနေကြသည်။ မြစ်ထဲတွင်လည်း ရေစီးသံကြားနေရ၏။ ဝါဆိုလ၏နေ့တစ်နေ့တွင် အသချေ်အနန္တသက်ရှိသတ္တဝါများကို သယ်ပိုးထားသည့် ဤရွှင်လန်းနှစ်သိမ့်ဖွယ်ပထဝီမြေပြင်ဘက်သို့ လှမ်းမျှော်ကြည့်ပြီးလျှင် ဇယသီဟသည်သက်ပြင်းကြီးတစ်ချက် ရှူလိုက်ပြီး နတ်ကွန်းထဲဝင်သွားလေ၏။

ဇယသီဟသည် နတ်ရုပ်ထုဘက်ကိုကြည့်ပြီး လက်ယုက်လျက် ပြောလေ၏။ "ဘယ့်နဲ့လည်းမယ်တော်၊ဒီနေ့ ဘာကြောင့် မျက်မာန်တော်ပွားနေတာလဲ၊ တစ်နေ့တစ်လေလေး သတ္တဝါတွေရဲ့သွေး မျက်မှောက်ရောက်မလာတာနဲ့ဒီလိုဘဲ မျက်မှောင်ကြုတ်နေရသလား။ အကျွန်ုပ်တို့ရဲ့ နှလုံးထဲဝင်ပြီးကြည့်ပါအုံးတော့လား။ တပည့်သားမြေးများ၊ သားမြေး၊ မြေးမြစ်များရဲ့ ကြည်ညိုမှု၊ ရိုသေမှုစိတ်ဓာတ်ကို လက်ခံရရှိမှာပဲဟာ ကျေနပ်နှစ်သိမ့်ပါတော့လား။ ဘာဖြစ်လို့ မတင်းတိမ် မရောင့်ရဲဖြစ်နေရသေးတာလဲ။ အပြစ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့သွေးကို သောက်ချင်သေးသလား။ မှန်မှန်ပြောပြပါမယ်တော်။ တရားမင်း ဂေါဝိန္ဒမဏိကျကို လူ့လောကထဲက ထုတ်ပစ်ပြီး ဒီဒေသမှာ သမှာဘီလူးကို ဘုရင်မြှောက်ဖို့ သင်မယ်တော် အလိုရှိပါသလား။ ဘုရင့်သွေးကို သင်မယ်တော် ချင်ခြင်းဖြစ်နေပါသလား။ သင်မယ်တော်ရဲ့ နှုတ်တော်မှ

အဖြေမရမချင်း အကျွန်ုပ် ဘုရင်မင်းမြတ်ကို ဘယ်တော့မှ မကွပ်မျက်စေရဘူး။ ကွပ်မျက်မလို့ လုပ်တဲ့အလုပ်ကို လိုက်ပြီးနှောင့်ယှက်ဖျက်ဆီးနေမှာပဲ။ မယ်တော်ရဲ့ နှုတ်တော်မှ ဟုတ်သလား၊ မဟုတ်လားဆိုတာတစ်ခွန်းထဲသာပြောပေါ့ ”

ထို လူခြေတိတ်နေသော နတ်ကွန်းကြီးထဲ၌ ရုတ်တရက် “ဟုတ်တယ်” ဟုသော အသံထွက်ပေါ်လာလေ၏။ ဇယသီဟသည် လန့်ဖြတ်ပြီး နောက်ဖက် လှည့်ကြည့်လိုက်လေ၏။ ဘယ်သူ့ကိုမျှ မတွေ့ရပေ။ သို့ရာတွင် တစ်စုံတစ်ဦး၏ အရိပ်သည် လှုပ်ရှားပြီးထွက်သွားသည်ဟု စိတ်ထဲကထင်မှတ်လိုက်ရ၏။ ထိုအသံကို ကြားလိုက်ရသည့်ခဏ၌ ပထမသော်သူ့ဆရာ့အသံပဲဟု သူသည် တွေးမိလေသည်။ ထို့နောက်တွင် တစ်ဖန်မယ်တော်နတ်သမီးကပဲ သူ့ဆရာ၏ အသံဖြင့် အမိန့်ပေးတာဖြစ်မှာပဲဟုလည်း စိတ်ကူးမိပြန်လေ၏။ သို့သော် ထိုအသံကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် သူ၏တစ်ကိုယ်လုံးတွင်မူကား ကြက်သီးမွေးညင်းထသွားလေသည်။ ထိုနောက်တွင် ဇယသီဟသည် ဦးခေါင်းကို ညွတ်ပြီးလျှင် နတ်ရုပ်ထုကို အရိုအသေပြုလျက်ခေါးကိုကောက်ကိုင်ပြီး အပြင်ဘက်သို့ ထွက်လာခဲ့လေ၏။

## အခန်း (၈)

ဂေါမတီမြစ်၏ တောင်ဘက်၌ အတန်မြင့်မားသော တောင်ကုန်းတစ်ခု ရှိလေသည်။ မိုးရေအလျဉ်နှင့်စိမ့်စမ်းတို့က ထိုတောင်ကုန်းကို လျှိုမြောင်အဖြစ် ဖန်တီးပစ်လိုက်လေ၏။ ထိုနေရာနှင့် မလှမ်းမကမ်းတွင်ရှိသောလခြမ်းသဏ္ဍာန် ရှိ သစ်ပင်အဝန်းအဝိုင်းတို့မှာ ထိုတောင်ကုန်းကို ပတ်ရံထားကြလေသည်။ သို့ရာတွင် ထိုတောင်ကုန်း အလယ်၌ကားသစ်ပင်ဟူ၍ တစ်ပင်မျှမရှိပေ။ ထိုတောင်ကုန်းအပေါ်၌မူ ကွက်တိကွက်ကျားအင်ကြင်းပင်များ ပေါက်နေကြ ၏။ သို့ရာတွင် ထိုအင်ကြင်းပင်များမှာကြီးထွားသည်မရှိဘဲ ငိုက်ကျ၍ သာနေကြ၏။ ကျောက်တုံးကျောက်ခဲများလည်း ပျံ့ကြဲ၍နေ၏။ တစ်တောင် နှစ်တောင်ခန့်ပမာဏမျှအကျယ်ရှိသော စမ်းချောင်းကလေးများသည် ကွေ့ကောက် သွားပြီးနောက်အချင်းချင်းပေါင်းဆုံပြီး မြစ်ထဲတွင် စီးဝင်သွားကြ၏။ ထို နေရာ၌လူသူရှင်းလှပေသည်။ ထိုတောင်ကုန်းပေါ်၌ မျက်စိအမြင်ကို ကာကွယ် ဟန့်တားထားနိုင်သည့် သစ်ပင်ကြီးကြီးမားမားဟူ၍မရှိပေ။ ထိုနေရာမှနေပြီး ကြည့်လျှင် ဂေါမတီမြစ်၊ ထိုမြစ်တစ်ဖက်ကမ်းရှိ စိမ်းစိုသာယာသော လယ်ခင်း၊ ယာခင်းစသည်များကို မြင်တွေ့ရလေသည်။ ဂေါဝိန္ဒမဏိကျသည် နေ့စဉ်နေ့တိုင်း နံနက်စောစောအချိန်တွင် ထိုနေရာသို့လမ်းလျှောက်တတ်လေ့ရှိလေ၏။ ထို အချိန်မျိုး၌ သူနှင့်အတူသက်တော်စောင့် သို့မဟုတ် အဖော်အဖြစ်ဖြင့် တစ်ဦး တစ်ယောက်ကိုမျှခေါ်လာလေ့မရှိပေ။ ဘုရင်မင်းကြီးသည် တစ်ခါတစ်ရံ ဂေါမတီမြစ်ထဲတွင်ငါးဖမ်းနေကြသည့် တံငါသည်များကို အဝေးကလှမ်းပြီး ကြည့်ရှုနေတတ်သည်။ ထိုတံငါသည်တို့၏ ကြည်လင်ရွှင်လန်းပုံများကို မြင်ရသောအခါ ဘုရင်မင်းကြီးသည် ယောဂီတစ်ဦးကဲ့သို့ထိုင်ပြီး မျက်စိစုံမှိတ်

လျက် သူတို့၏မျက်နှာပေါ်၌ ဘာကြောင့်နံနက်ခင်း အပြုံးရှိနေသနည်း။သူတို့၏ နှလုံးအရောင် ဘာကြောင့် တောက်ပြောင်ဝင်းလက်နေသနည်းဟုစိတ်ကူးကြည့် လေ၏။ သို့ရာတွင် ဘယ်လိုအဖြေမှ ထွက်ပေါ် မလာခဲ့ပေ။ ယခုအတောအတွင်း မိုးမကြာမကြာရွာသဖြင့် ဘုရင်မင်းကြီးသည် ထိုရာသို့ နေ့တိုင်းမလာရောက် နိုင်ခဲ့ပေ။ သို့ရာတွင် မိုးတိမ်ရှင်းပြီးကောင်းကင်ကြည်လင်သည့်နေ့ဆိုလျှင် သူသည် ရောက်လာတတ်သည်သာများ၏။ သူလာသည့်အခါတိုင်းလည်း သူငယ်'တာတာ' ကိုပါ အပါခေါ်လာတတ်လေသည်။

တာတာကို ယခု 'တာတာ' ဟူသောအမည်နာမဖြင့် ခေါ်ဝေါ်လိုစိတ် မရှိတော့ပေ။ အကြောင်းမူကား 'တာတာ၊ တာတာ' ဟု ပါးစပ်ဖျားကလေးဖြင့် ချစ်စဖွယ်ခေါ်ရှာသော သူကလေးမှာ ဤလောကတွင် မရှိရှာတော့ပေ။ စာရှုသူ တို့အတွက်မူ တာတာဟူသော စကားလုံးမှာ ဘာမှအဓိပ္ပာယ်ရှိမည် မဟုတ်ပေ။ သို့ရာတွင် နံနက်ခင်းအချိန်တွင် အင်ကြင်းတောထဲ၌ ဟာသီက သစ်ပင်ကွယ်ပြီး ချိုသာသောအသံကလေးဖြင့် 'တာတာ' ဟု ခေါ်လိုက်လျှင် တောရိပ်တစ်ခွင်မှ 'တာတာ' ဟု ပဲ့တင်သံပြန်လာသည့်အခါ ထို 'တာတာ'ဟူသော စကားလုံး ကလေးသည် အနက်အဓိပ္ပာယ်အပြည့်အဝဖြင့်တစ်တောလုံးတွင် ပြန်နှံ့သွား လေသည်။ ထိုအခါမျိုး၌ ထို 'တာတာ' သည်သူငယ်မလေးတစ်ဦး၏ သေးငယ်သောနှလုံးတွင်းရှိအလွန်နူးညံ့ပျော့ပျောင်းသော ချစ်ခင်ကြင်နာခြင်း တည်းဟူသောအသိုက်အအုံကို စွန့်ခွာပြီးလျှင် ငှက်ငယ်အသွင်ကဲ့သို့ နတ်ပြည် ထက်သို့ပျံတက်သွားလေ၏။ ထိုအခါမျိုး၌ ချစ်ခင်ကြင်နာခြင်းအပြည့်အဝရှိသော ထိုချိုသာအေးမြသည့်ခေါ်သံသည် ကျေးငှက်သာရကာအားလုံးတို့၏ နံနက် မိုးသောက် တွန်ကြူးသံများကို ပျက်ရယ်ပြုလိုက်လေသည်။ နံနက်ခင်းသဘာဝ လောက၏သာယာပုံနှင့် ကလေးငယ်မတစ်ဦး၏ ကြည်နူးဖွယ်ချစ်ခင်ကြင်နာပုံကို ရောစပ်ပြလိုက်လေသည်။ ယခုအခါတွင်ထိုသူငယ်မကလေး မရှိတော့ပြီ။ သူငယ်တစ်ဦးသာလျှင် ရှိတော့သည်။သို့ရာတွင် 'တာတာ' မဟုတ်တော့ပေ။ ကမ္ဘာလောကရှိ ရာထောင်မကသောလူများအတွက် သူသည် သူငယ်တစ်ဦးမျှ သာဖြစ်၏။ တာတာကမူထိုကလေးငယ်မလေးအတွက်မျှသာ လျှင်ဖြစ်ပေ၏။

ဂေါဝိန္ဒမဏိကျာဘုရင်သည် ထိုကလေးငယ်ကို 'ဓုဝ' ဟုခေါ်လေသည်။ ကျွန်ုပ်တို့လည်း သူ့အား ထိုအမည်နာမဖြင့်သာလျှင် ခေါ်ဝေါ်ကြကုန်စို့။

ဘုရင်မင်းကြီးသည် အစပထမတွင် သူတစ်ဦးတည်းသာလျှင် ဂေါမတီမြစ် ကမ်းပါးသို့ လာလေ့ရှိ၏။ ယခုအခါတွင်မူဓုဝကိုပါ တပါတည်းခေါ်လာလေ့ ရှိလေသည်။ဓုဝ၏ စင်ကြယ်ရိုးသားသည့် မျက်နှာအသရေ၌နတ်ပြည်

နတ်လောက၏ အရိပ်ထင်ဟပ်၍နေလေသည်ဟု ဘုရင်ကြီးက အောက်မေ့လေသည်။ နေ့လယ်နေ့ခင်းအချိန်၌ ဘုရင်ကြီးသည်ရာဇဓမ္မမင်းမှုကိစ္စတို့ကို ဆောင်ရွက်သည့်အခါ ပညာရှိ သက်တော်ရှည်အမတ်ကြီးများသည် သူ့ကိုဝန်းရံပြီး အကြံဉာဏ် ပေးကြလေသည်။ နံနက်ခင်းအချိန်တွင်မူ သူငယ်ကလေးတစ်ဦးက သူ့အား လောကစက်ဝန်း ထဲမှ အပြင်ဘက်သို့ ဆွဲထုတ်ခေါ်ဆောင်လာလေသည်။ ထိုကလေးငယ်၏ပြုံးကျယ်ငြိမ်းအေးသည့် မျက်လုံးများ၏ ရှေ့မှောက်၌ ရာဂ၊ ဒေါသ စသောကာမဂုဏ်အာရုံအညစ်အကြေး အဆိုးအသွမ်းတို့မှာ ငုပ်လျှိုးသွားကြလေ၏။ ထိုအချိန်၌ ကလေးငယ်၏လက်ကို ဆွဲကိုင်ပြီး ဘုရင်မင်းကြီးသည်လောက၏အလယ်ခေါင်ရှိ ဆုံးစမရှိ ပြန့်ပြူးသွားသော ဖြောင့်ဖြူးတည့်မတ်သည့် မင်းလမ်းမကျယ်ကြီး၌ ရပ်နေသကဲ့သို့ ထင်ရလေ၏။ထိုနေရာမှနေပြီး သူသည် ညိုပြာသောကောင်းကင်ပြင်အောက်ရှိ ကမ္ဘာလောက၏ ပွဲလမ်းသဘင်ကို မြင်နေရသကဲ့သို့ ရှိသည်။ လောကသုံးပါးက တူရိယာသံတို့၏ ပဲ့တင်သံကို ကြားနေရသကဲ့သို့ရှိသည်။ထို့ပြင် ထိုဖြောင့်မတ်သော လမ်းမပေါ်၌ အရာဝတ္ထုဟူသမျှသန့်ရှင်းစင်ကြယ်သည်၊ ရိုးသားသည်။ လှပသည်ဟု ထင်ရပေသည်။ ရှေ့သို့တက်လှမ်းလိုသည့် လုံ့လဥဿဟသာလျှင် ပေါ်ပေါက်လေသည်။ကြောင့်ကြမှု၊ ပူပန်မှု၊ စိတ်နှလုံးငြိမ်သက်မှုများသည် အဝေးသို့လွင့်စင်ပျောက်ကွယ်သွားလေသည်။ ဘုရင်မင်းကြီးသည် ထိုနံနက်ခင်းအချိန်၌လူသူဆိတ်သုဉ်းသည့် တောအတွင်း၌၊ မြစ်ကမ်းပါး၌၊ တိမ်မြူကင်းနေသည်ကောင်းကင်ပြင်အောက်၌ ကလေးသူငယ်တစ်ဦး၏ အချစ်တွင် မြုပ်နစ်ပြီး ဆုံးစမရှိသော အချစ်ပင်လယ်ပြင်၏လမ်းမကို ငေးမျှော်ကြည့်ရှုနေသကဲ့သို့ ထင်ရပေသည်။

ဂေါဝိန္ဒမဏိကျသည် ခုဝကိုချီပြီး ရှေးဟောင်း'ခုဝ' ပုရာဏ်ဝတ္ထုကို ပြောပြနေလေ၏။ ကလေးငယ်ခုဝက ပုရာဏ်ဝတ္ထုကို ဟုတ်တိပတ်တိ နားလည်သွားမည်ကား မဟုတ်ပေ။ သို့ရာတွင် ဘုရင်၏စိတ်ဆန္ဒမှာကလေးငယ်ပါးစပ်က မပြီကလာ ပြီကလာနှင့် 'ခုဝ' ပုံဝတ္ထု ပြန်ပြောသည်ကို နားလည်ချင်နေသည်။

ပုံဝတ္ထုကို နားထောင်ရင်ခုဝက ပြောလေသည်။

"ကျွန်တော် တောထဲကိုသွားမယ်"

"ဘာလုပ်သွားမလဲ"

"ဟရိ(ဗိသံနိုး)ကို ကြည့်ချင်လို့"

"ငါတို့ ဟရိကိုကြည့်ဖို့ ဒီတောထဲရောက်လာကြမှာဘဲ"

“ဟာရိဘယ်မှာလဲ”

“ ဒီနေရာမှာဘဲရှိတယ်”

“မမ ဘယ်မှာလဲ”ဤသို့ပြောပြီး ခုဝသည် မတ်တပ်ရပ်လိုက်လျက် နောက်ဘက်သို့ လှည့်ကြည့်လေသည်။ သူ၏စိတ်ထဲတွင် သူ၏မမသည် ယခင်ကကဲ့သို့ပင် ရုတ်တရက် နောက်ဖက်မှ သူ၏မျက်စိကို လက်ဖြင့်ပိတ်ရန် လာနေသည်ဟုပင် အောင့်မေ့နေသည်။ မည်သူမျှလာသည်ကို မတွေ့ရသော အခါ ပြန်လှည့်ပြီး ဘုရင်မင်းကြီး၏ မျက်နှာကိုကြည့်လျက် “မမ ဘယ်မှာလဲ” ဟု မေးပြန်လေ၏။

“မင်းမမကို ဟာရိခေါ်သွားပြီ”

“ဟာရိ ဘယ်မှာလဲ”

“ဟာရိကို ခေါ်လိုက်လေ၊ မင်းကို ငါသင်ပေးထားတဲ့သီချင်းကို ဆိုပြီး ခေါ်လေ”

ခုဝသည် ဘုရင်မင်းကြီးက သူ့အား သင်ပေးထားသော တရားသီချင်းကို အသံကလေး စာစာ စာစာနှင့် မပြီကလာ ပြီကလာ ဆိုလေ၏။ သူ၏ အသံကို ကြားရသည့်အခါ ဘုရင်မင်းကြီးသည် ကြက်သီးမွေးညှင်း ထသွားလေသည်။ နံနက်ခင်း၏တင့်တယ်သာယာခြင်းသည် ဆထက်တံပိုး တိုးတက် သွားလေသည်။ လေးဘက်လေးမျက်နှာရှိ မြစ်၊ ချောင်း၊သစ်ပင်နွယ်ပင်များသည် ရွှင်ပြုံး သွားကြလေသည်။ ဘုရင်မင်းကြီးသည် ရွှေရောင်တောက်နေသော နေရောင် ခြည်ပွင့်၍နေသည့် ကောင်းကင်ပြင်၌တစ်စုံတစ်ဦး၏ ပြုံးဖက်ကင်းမျှ လုပပြီး လျှို့ဝှက်အသိခက်သောမျက်နှာအသရေကို မြင်နေရသကဲ့သို့ ရှိလေသည်။ သူ၏ရင်ခွင်ထဲမှာဝထိုင်နေသကဲ့သို့ ထိုနည်းအတိုင်း သူ့ကိုလည်း တစ်စုံ တစ်ဦးကလက်နှစ်ဖက်ဖြင့် ရင်ခွင်ထဲမှာ ပွေ့ချီထားသည်ဟု ထင်နေရသည်။ သူသည်မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏ပတ်ဝန်းကျင်ရှိ လူသားအားလုံးကို လည်းကောင်း၊ ကမ္ဘာလောကရှိ သက်ရှိသက်မဲ့အရာဝတ္ထု အားလုံးကို လည်း ကောင်း၊ တစ်စုံတစ်ဦး၏ရင်ခွင်တွင် ထိုင်နေသည်ကို မြင်နေရသည်။ သူ၏ချစ်ခင်မှု၊ ရွှင်လန်းမှုတို့သည် နေရောင်ခြည်ကဲ့သို့ အရပ်ဆယ်မျက်နှာတွင် ပျံ့နှံ့သွားကြ၏။ အရပ်ထက်ဝန်းကျင်၌ ချစ်ခင်မှု ရွှင်လန်းမှုအထိပြည့်ဝနေသည် ကို တွေ့ရလေ၏။

ထိုအချိန်၌ လက်နက်ကိုကိုင်ဆောင်လျက် ဇယသီဟသည် လိုဏ်ဂူလမ်းမှ ဖြတ်ပြီး ဘုရင်မင်းကြီး၏ရှေ့မှောက်၌ ရုတ်တရက်လာရောက်ရပ်လိုက်သည်။ ဘုရင်မင်းကြီးက လက်နှစ်ဖက် ဆန့်တန်းပြီး“လာလေ…ဇယ၊ လာလေ” ဟု လှမ်းခေါ်လိုက်လေ၏။ ထိုအချိန်၌ဘုရင်မင်းကြီးသည် ကလေးသူငယ်နှင့်

ရောနှောပြီး ကလေးသူငယ်အတိုင်းဖြစ်သွားလေ၏။ ရာဇိန္ဒေ၊ ရာဇဂုဏ်သိက္ခာ များ ဘယ်ရောက်သွားကြသည်မသိရတော့ပေ။

ဇယသီဟသည် ကိုယ်ကိုညွတ်လျက် ဘုရင်ကို အရိုအသေပေးပြီးလျှင် "အရှင်မင်းကြီး၊ တစ်ခုကြားလျှောက်ချင်ပါတယ်" ဟု ခရီးရောက်မဆိုက် ပြောလိုက်လေ၏။

"ဘာလဲ၊ ပြောလေ"

"မယ်တော်နတ်သမီးက အရှင်မင်းကြီးအပေါ်မှာ အမျက်တော် ပွားနေပါတယ်"

"ဘာဖြစ်လို့လဲ၊ ငါက အမျက်တော်ပွားလောက်အောင် ဘာအပြစ်များ ကျူးလွန်မိလို့လဲ"

"အရှင်မင်းကြီး ယဇ်နတ်ပူဇော်ခြင်းကို တားမြစ်ပိတ်ပင်ပြီး မယ်တော် နတ်သမီးရဲ့ ပူဇော်ပွဲကို ဟန့်တားနှောင့်ယှက်ထားပါတယ် "

"ဘယ့်နဲ့လဲ ဇယသီဟ၊ ဒီအကြမ်းဖက်မှု၊ ညှဉ်းဆဲသတ်ဖြတ်မှုတို့ကို ဘာဖြစ်လို့ ဒါလောက် လိုလားနှစ်သက်နေကြသလဲ၊ စဉ်းစားကြည့်စမ်းပါ၊ မယ်တော်ရဲ့ရင်ခွင်မှာ သူ့သားသမီး မြေးမြစ်တွေရဲ့ သွေးကို ချောင်းစီးစေပြီး မင်းတို့ သူ့ကို နှစ်သိမ့်ရွှင်လန်းအောင် ပြုလုပ်ချင်လို့လား။ ကမ္ဘာလောကရဲ့ ငြိမ်းချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးဖို့ရန်အတွက် ဘာဖြစ်လို့ ဒါလောက် အာသာဆန္ဒ ပြင်းပြနေရသလဲ။ အကြမ်းဖက်မှု၊ ညှဉ်းဆဲသတ်ဖြတ်မှုတည်းဟူသော အဆိပ်ပင်ကို အမြစ်အရင်းမှာသက်ရှိသတ္တဝါတွေရဲ့ သွေးလောင်းပြီး ဘာဖြစ်လို့ ကြီးထွားသန်မာလာအောင်လုပ်နေရတာလဲ"

ဇယသီဟသည် တဖြည်းဖြည်း ဘုရင်မင်းကြီး၏ ခြေရင်းနားသို့ လာထိုင် နေလေ၏။ ဓုဝက သူ၏ဓားကို ယူပြီး ကစားနေလေသည်။

ဇယသီဟကပြောလေ၏။

"အရှင်မင်းကြီး သျှတ္တရကျမ်းဂန်တွေထဲမှာ ယဇ်နတ်ပူဇော်ရမယ် ဆိုတဲ့ အကြောင်း ညွှန်ကြားထားတယ်မဟုတ်လား"

"သျှတ္တရကျမ်းဂန်အတိုင်း ဘယ်သူလိုက်နာလို့လဲ၊ အားလုံးပဲကိုယ့်သဘော ကိုယ့်အလိုအတိုင်း သျှတ္တရကျမ်းဂန်ကိုအဓိပ္ပာယ်ပြန်နေကြတယ် မဟုတ်လား။ မယ်တော်နတ်သမီးရဲ့ မျက်မှောက်မှာခိုကိုးရာကင်းမဲ့တဲ့ သတ္တဝါများကိုသတ်ပြီး ယဇ်နတ်ပူဇော်တဲ့အခါမှာဗလိနတ်စာက ဖြာထွက်လာတဲ့သွေးများ ကိုယ်တွင် ပေရေ လိမ်းကျံပြီးအရူးအမူးနဲ့ ဟစ်အော်ကြ၊ ကခုန်ကြတဲ့အခါ သူတို့ဟာ အမှန်တကယ်ဘဲမယ်တော်နတ်သမီးကို ပူဇော်ကြတာတဲ့လား၊ မဟုတ်ဘူး ဇယသီဟ၊သူတို့ရဲ့နှလုံးထဲမှာ ကိန်းအောင်းနေတဲ့ အကြမ်းဖက်ခြင်း၊ ညှဉ်းဆဲ

သတ်ဖြတ်ခြင်းဆိုတဲ့ ဟိံသာတည်းဟူသော ဘီလူးမကို ပူဇော်ပသကြတာဖြစ်တယ်။ အဲဒီဘီလူးမကို သွေးရည်တိုက်ပြီး ကြီးထွားသန်မာလာအောင် လုပ်ကြခြင်းဖြစ်တယ်။ အဲဒီဘီလူးမကို သတ္တဝါတွေရဲ့အသွေးနဲ့ ဗလိနတ်စာကျွေးတာဟာ သျှတ္တရကျမ်းဂန်ရဲ့ ညွှန်ကြားချက်မဟုတ်ဘူး။အကြမ်းဖက်ခြင်း၊ ညှဉ်းဆဲသတ်ဖြတ်ခြင်းဆိုတဲ့ ဟိံသာသဘောတရားကိုညွှန်ပြထားတဲ့ စည်းကမ်းချက်ဖြစ်တယ်။ အဟိံသာပရမောဓမ္မောလို့လည်း ဟောကြားထားတယ်မဟုတ်လား"

ဇယသီဟာသည် အချိန်အတန်ကြာမျှ မလှုပ်မယှက် ထိုင်နေလေ၏။ယမန်နေ့ညကစပြီး သူ၏စိတ်နှလုံးထဲတွင်လည်း ယင်းသို့သော အတွေးအခေါ်များသာလျှင် ဖြစ်ပေါ်လာခဲ့လေသည်။ နောက်ဆုံးတွင်သူကပြောလေသည်။

"ကျွန်တော်မျိုးကိုယ်တိုင် မယ်တော်နတ်သမီးရဲ့နှုတ်က ထုတ်ဖော်ပြောပြတာကို ကြားရလို့ ကျွန်တော်မျိုးတော့ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘယ်လိုမျှ သံသယမရှိဘူး၊ သူကိုယ်တိုင်က 'ငါ ဘုရင်မင်းမြတ်ရဲ့သွေးကို အလိုရှိတယ်' လို့ ပြောပြထားပါတယ်"

ယင်းသို့ပြောပြီး ဇယသီဟာသည် နံနက်စောစောက နတ်ကွန်းထဲတွင် ဖြစ်ခဲ့သော အဖြစ်အပျက်ကို ဘုရင်မင်းကြီးအား ပြောပြလေ၏။ ထိုအခါ ဘုရင်မင်းကြီးက ရယ်ပြီးပြောလေသည်။

"အဲဒါ မယ်တော်နတ်သမီးရဲ့နှုတ်က ထွက်တဲ့စကား မဟုတ်ဘူး။ ရဃုပတိရဲ့ စကားသာဖြစ်တယ်။ သူက အထဲမှာ ပုန်းအောင်းနေပြီး မင်းမေးတာကို ပြန်ဖြေလိုက်တာ ဖြစ်မှာပေါ့"

ဘုရင်၏ စကားကိုကြားရ၍ ဇယသီဟာသည် မျက်လုံးပြူးသွားလေ၏။ သူ၏စိတ်နှလုံးထဲတွင်လည်း ယင်းသို့သော သံသယမျိုးတစ်ကြိမ်က ပေါ်ခဲ့ဖူးလေသည်။ သို့ရာတွင် လျှပ်စစ်ပြက်သကဲ့သို့ ခဏချင်းပင် ပျောက်ကွယ်သွားခဲ့သည်။ ဘုရင်၏စကားကို ကြားရသည့်အခါ ထိုသံသယသည် သူ၏အသည်းဆိုင်ကို တစ်ကြိမ်လှုပ်လိုက်ပြန်လေသည်။ ဇယသီဟာသည် စိတ်နှလုံးဇဝေဇဝါဖြင့် ပြောလေ၏။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့သံသယကို ကြီးထွားလာအောင်လုပ်တော်မမူပါနဲ့။ မြစ်ကမ်းပါးက တွန်းချပြီး ကျွန်တော်မျိုးကိုပင်လယ်သမုဒ္ဒရာထဲကို မပစ်လိုက်ပါနှင့်။ အရှင်မင်းကြီးပြောလိုက်တဲ့စကားကြောင့် ကျွန်တော်မျိုးရဲ့ ဘေးပတ်ဝန်းကျင်မှာအမိုက်တိုက်ဟာ မှောင်သထက်မှောင်၊ မိုက်သထက်မိုက်လာပါတယ်။ကျွန်တော်မျိုးရဲ့ ယုံကြည်မှု၊ ကျွန်တော်မျိုးရဲ့ ကြည်ညိုမှုဟာ သူ့

အတိုင်းပဲရှိပါစေ။သူတို့ရဲ့အစား ကျွန်တော်မျိုးနှလုံးနှစ်ခု ဖြစ်မနေပါရစေနဲ့။ မယ်တော်နတ်သမီးရဲ့ အမိန့်ပဲဖြစ်ဖြစ်၊ ဆရာသမားရဲ့အမိန့်ပဲဖြစ်ဖြစ်တစ်သဘော ထဲပါ။ ကျွန်တော်မျိုး မပျက်မကွက်လိုက်နာဆောင်ရွက်ရပါလိမ့်မယ်"

ယင်းသို့ပြောပြီး ဇယသီဟသည် ဖြုတ်ခနဲထိုင်ရာမှထလျက် သူ၏ဒါးကို ဒါးအိမ်မှ ဆွဲထုတ်လိုက်လေ၏။ နေ၏ရောင်ခြည်တွင် ဒါးသည် ဝင်းကနဲ လက်သွားလေသည်။ ယင်းကိုတွေ့မြင်ရသည်ဖြစ်၍ ခုဝသည် ဟစ်ငိုလေတော့ သည်။ ဘုရင့်ကိုယ်တွင် အတင်းတွယ်ကပ်ပြီးသူ၏လက်ချောင်းကလေးများဖြင့် အသက်ကိုစွန့်ပြီး စွမ်းနိုင်သမျှဘုရင်ကြီးကို ကာကွယ်ဖုံးအုပ်ထားလေ၏။ ဘုရင်မင်းကြီးသည် ဇယသီဟကိုစိုးစဉ်းမျှဂရုမထားဘဲ ခုဝကိုသာလျှင် ရင်ခွင်ဖြင့် ဖက်ထားလေ၏။

ဇယသီဟသည် ဒါးကိုလွှင့်ပစ်လိုက်ပြီးလျှင် ခုဝ၏ကျောကို ပွတ်သပ်လျက် ပြောလေ၏။

"မကြောက်နဲ့ကလေး၊ မကြောက်နဲ့။ ဒီမှာကြည့်၊ ငါသွားတော့မယ်၊ မင်း သူ့ရင်ခွင်မှာပဲနေပေတော့။ သူ့ ကျယ်ပြန့်တဲ့ နှလုံးသားထဲမှာပဲ နေပေတော့။မင်းကို ဘယ်သူမှ သူနဲ့ကွဲအောင်မလုပ်ဘူး"

ယင်းသို့ပြောပြီးဇယသီဟသည်ဘုရင်ကြီးကို အရိုအသေပေးလျက်၊ ထွက်သွားလေ၏။ သို့ရာတွင် ဘာအတွေးပေါက်လာသည်မသိ၊ တဖန်ပြန်လှည့် လာပြီးလျှင် ပြောလေသည်။

"အရှင်မင်းကြီးကို သတိပေးသွားရအုံးမယ်။ အရှင်မင်းကြီးရဲ့ညီတော် နက္ခတ္တရာယဟာ အရှင်မင်းကြီးကိုလုပ်ကြံဖို့ စီမံစိုင်းပြင်းနေပါတယ်။ ဝါဆို လဆုတ် ၁၄ရက်နေ့ညမှာ မယ်တော်နတ်သမီးကို ပူဇော်ပွဲကျင်းပလိမ့်မယ်။ အဲဒီနေ့မှာ သတိဝီရိယထားပြီး နေတော်မူပါ"

ဘုရင်ကြီးက ရယ်ပြီးပြန်ပြောလေ၏။ "နက္ခတ္တဟာ ငါ့ကို ဘယ်နည်းနဲ့မှ မသတ်ပါဘူး။ သူ ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်"

ဇယသီဟသည် ထိုနေရာမှ ထွက်ခွာသွားလေသည်။

ဘုရင်မင်းကြီးသည် ခုဝကို ကြည့်ပြီးလျှင် အလွန်ချစ်ခင်လေးစားသော အမူအရာဖြင့်" ဒီနေ့ မင်း ပထဝီမြေကြီးကို သွေးမစွန်းထင်အောင် ကာကွယ် လိုက်တယ်။ ဒီရည်ရွယ်ချက်နဲ့ မင်းမမက မင်းကိုငါ့ဆီမှာထားပစ်ခဲ့တာဖြစ်မှာဘဲ" ဟုပြောပြီး ခုဝ၏ပါးပြင်ပေါ်မှမျက်ရည်များကို သုတ်ပေးလေ၏။

ခုဝသည် "မမ ဘယ်မှာလဲ" ဟု တဖန် မျက်နှာငယ်ကလေးဖြင့်မေးလိုက်ပြန် လေ၏။

ထိုအချိန်၌ မိုးသားတိမ်လိပ်တို့သည် နေမင်းကို ဖုံးအုပ်လိုက်လေ၏။ မြစ်ရေပြင်ပေါ်၌ အမှောင်ရိပ်ထိုးသွားလေသည်။ အဝေးတွင်လှမ်းမြင်နေရသော ခင်တန်းတစ်ခွင်မှာလည်း မိုးသားတိမ်ရိပ်ကဲ့သို့ညို့မှောင်၍နေလေသည်။ မိုးရွာတော့မည့်အသွင် ပေါ်လာသဖြင့်ဘုရင်ကြီးသည် နန်းတော်သို့ ပြန်လာခဲ့လေ၏။

# အခန်း(၉)

နတ်ကွန်းမှာ သိပ်မဝေးလှပေ။ သို့ရာတွင် ဇယသီဟသည် လူသူ တိတ်ဆိတ်သည့် မြစ်ကမ်းဘက်မှလှည့်ပြီး နတ်ကွန်းဘက်သို့ တစ်လှမ်းချင်းပြန်လာခဲ့လေ၏။ သူ၏စိတ်နှလုံးတွင် ဝေခွဲမရဖြစ်နေသည်။ သူသည်မြစ်ကမ်း နဘေးရှိ သစ်ပင်တစ်ပင်အောက်၌ ထိုင်ပြီးလျှင် လက်နှစ်ဖက်ဖြင့်မျက်နှာကို အုပ်ကာ စဉ်းစားခန်းဝင်၍နေလေသည်။ "အလုပ်တစ်ခုကိုတော့ငါလုပ်ခဲ့ပြီ။ ဒါပေမယ့် ငါ့ စိတ်နှလုံးထဲက သံသယဟာ လွင့်ရှားပျောက်ကွယ်မသွားသေးဘူး။ ဒီကနေ့ကစပြီး ငါ့ သံသယကို ဘယ်သူဖယ်ရှားပေးမလဲ။ဘယ်ဟာကောင်းတယ်၊ ဘယ်ဟာမကောင်းဘူးဆိုတာကို ဒီကနေ့ကစပြီးငါ့ကို ဘယ်သူသွန်သင်ပြောပြမလဲ။ ကမ္ဘာလောကရဲ့ အရာအထောင်မကတဲ့လမ်းဆုံလမ်းခွပေါ်မှာရပ်ပြီး ဘယ်လမ်းက မှန်တယ်ဆိုတာ ဘယ်သူ့ကိုမေးမြန်းစုံစမ်းရမလဲ။ ဒီထူးခြားဆန်းကြယ်တဲ့ လွင်တီးခေါင်ထဲမှာ ငါဟာသူကန်းအသွင်လို ရပ်တည်နေရတယ်။ ဒီနေ့ ငါရဲ့အမှီအခိုဖြစ်တဲ့တောင်ဝှေးဟာလည်း ကျိုးသွားလေပြီ"

ဇယသီဟတို့ နေရာမှထလိုက်သောအခါ မိုးရွာစပြုနေလေပြီ။ သူသည် မိုးရေထဲမှာပင် ရွှဲရွှဲစိုပြီး နတ်ကွန်းဘက်သို့ လှည့်ပြန်လာခဲ့လေ၏။ ထိုအခိုက် အရေအတွက်မနည်းလှသော လူတစ်အုပ်သည် ဟစ်အော်ကြွေးကြော်ပြီး နတ်ကွန်းဘက်မှ ပြန်လည်လာကြသည်ကို ဇယသီဟတွေ့ရလေ၏။ အဖိုးကြီးတစ်ဦးက ပြောလေသည်။ "ဘိုးစဉ်ဘောင်ဆက်ကစပြီး အစဉ်အလာဖြစ်လာတဲ့ဟာကို ဒီဘုရင်က ဘာများ ရွှေဉာဏ်တော် စူးရောက်တယ်မသိဘူး၊ ပယ်ဖျက်မယ်လို့လုပ်တယ်"

လူငယ်တစ်ဦးက ပြောပြန်သည်။

“ ဒီနေ့ နတ်ကွန်းကို သွားလိုစိတ် လုံးလုံး မရှိတော့ဘူး။ ပူဇော်တယ်ဆိုတဲ့ အခိပ္ပာယ်ဟာ ဘယ်မှာရှိတော့လို့လဲ”

အမျိုးသမီးများက ပြောလေသည်။

“ ဒီတိုင်းပြည်ကြီး ဘယ်မှာကောင်းစား အုံးတော့မှာလဲ”

တစ်ယောက်က ထင်မြင်ချက်ပေးပြန်၏။ “ပုရောဟိတ်ကြီးကိုယ်တိုင်က ပြောတယ်။ သုံးလအတောအတွင်းမှာဘဲ ဒီတိုင်းပြည်ကြီးဟာရောဂါန္တရကပ်ကြီး ဆိုက်မယ်လို့ မယ်တော်နတ်သမီးက သူ့ကိုအိပ်မက်ထဲမှာ ပြောတယ်တဲ့ ”

လလိတာက ဝင်စွက်ပြန်သည်။

“ဟုတ်တယ်၊ မမြင်ကြဘူးလား။ မာဆာဟာ တရှောင်ရှောင်နဲ့ မမာမကျန်း ဖြစ်နေတာ တစ်နှစ်ကျော်ပြီ မသေဘူး။ ဟော ယဇ်ပူဇော်ပွဲကို ပိတ်လိုက်တယ် လဲဆိုရော သူလဲ တစ်ခါထဲ အသက်ပျောက်သွား တာပဲ”

သန္တာက ထောက်ခံပြန်လေ၏။

“ ဒါတင် ဘာဟုတ်သေးသလဲ၊ ကျုပ်တူ ကလေး သေမယ်လို့ ဘယ်သူမှ မတွက်ဘူး၊ ဒါပေမယ့် ဆေးဆရာကြီးရဲ့ ဆေးလုံးကိုစားလိုက်တာနဲ့တစ်ပြိုင်နက် မျက်ဖြူလန်သွားတာပဲ”

သူ့တူကလေး၏ သောကကြောင့်လည်းကောင်း၊ တိုင်းပြည်တွင်ကျရောက် လာမည့် ဘေးအန္တရာယ်ကို စိုးရွံ့သောကြောင့် လည်းကောင်း၊သန္တာသည် စိတ်နှလုံးမသာမယာ ဖြစ်နေလေသည်။

တိကောရီက ပြောလေ၏။

“တစ်နေ့က မစုရဟတ် ဈေးမှာ မီးလောင်လိုက်တာ တစ်အိမ်မှမကျန်တော့ ဘူး။ အကုန်ပြောင်တာဘဲ”

စိန္တာမဏိအမည်ရှိ လယ်သမားက သူ၏အဖော် လယ်သမားတစ်ဦးကို ပြောပြလေသည်။

“တခြားဟာတွေ ပြောနေလို့အပိုပါပဲ။ ကြည့်၊ ဘယ်နှစ်တုန်းကမှဒီ လောက် စပါးဈေးမကျခဲ့ဘူးဘူး။ ဒီနှစ်တော့ လယ်သမားတွေ ဘယ်သောင်ဘယ်ကမ်း ဆိုက်မယ်ဆိုတာ ပြောကိုမပြောတတ်ဘူး ”

ယဇ်နတ်ပူဇော်ပွဲကို ပိတ်ပင်တားမြစ်လိုက်ပြီးသည့်နောက်နှင့် မပိတ်ခင် ဆိုးရွားနစ်နာမှုမှန်သမျှ၏ လက်သည်တရားခံမှာ ယဇ်ပူဇော်ပွဲကို ပိတ်ပင်လိုက်ခြင်း သာလျှင်ဖြစ်၏ဟု တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်လိုက်ကြလေသည်။ ဤတိုင်းနိုင်ငံက စွန့်ခွာပြီး တခြားနိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့သွားခြင်းသာလျှင် သင့်လျော်လိမ့်မည်ဟုအားလုံးက နှလုံးပိုက်ကြလေသည်။ သို့ရာတွင် ထိုအကြံ၊

ထိုစိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ရာမှာမူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ဘယ်သူမျှ တိုင်းပြည်ကိုပစ်ပြီး တခြားသို့မသွားကြပေ။ မိမိတို့နေမြဲ နေရာ၌သာလျှင် နေထိုင်ကြလေ၏။

ဇယသီဟသည် စိတ်နှလုံး ဝေခွဲမရအောင် ဖြစ်နေလေ၏။ ထို့ကြောင့် သူသည် ထိုအကြောင်းအရာကို စိုးစဥ်းမျှဂရုမပြုဘဲ နတ်ကွန်းသို့သွားလေ၏။ နတ်ကွန်းရောက်သောအခါ မယ်တော်နတ်သမီးကို ပူဇော်ဝတ်ပြုပြီးဖြစ်၍ အပြင်ဘက်၌ ထိုင်နေသော ရဃုပတိကို တွေ့ရလေသည်။ ဇယသီဟသည် ခြေလှမ်းခပ်ကျဲကျဲဖြင့် ရဃုပတိ၏ အနီးသို့လျှောက်သွားပြီးလျှင် တုန်လှုပ်နေသော အသံဖြင့် မေးလေ၏။

"ဆရာ၊ မယ်တော်နတ်သမီးရဲ့အမိန့်ကို ရလိုတဲ့ဆန္ဒနဲ့ ဒီနေ့မနက် ကျွန်တော် မယ်တော်နတ်သမီးသို့ မေးလျှောက်တဲ့အခါ ဆရာက ဘာဖြစ်လို့ဝင်ပြီး သူ့အဖြေကို ပေးရသလဲ"

ရဃုပတိသည် အနည်းငယ် တွေနေပြီးနောက် ပြောလေ၏။

"မယ်တော် နတ်သမီးဟာ သူပြောလိုတာကို ငါ့ပါးစပ်နဲ့ပဲ ပြောတယ်။ သူ့ပါးစပ်နဲ့ ဘယ်တုန်း က ပြောဖူးလို့လဲ"

"ဒီလိုဆိုရင် ဆရာဘာဖြစ်လို့ ကိုယ်ထင်ပြပြီး မပြောသလဲ။ နောက်ကွယ်ကပုန်းပြီး ဘာဖြစ်လို့ ကျွန်တော့်ကိုလှည့်စားပြီး ပြောရသလဲ"

ရဃုပတိ စိတ်တိုလာလေ၏။

"ဟေ့ တိတ်၊ ငါဘယ်လိုအကြံနဲ့ ဘာလုပ်တယ်ဆိုတာ မင်းမသိဘူး။စကားတောင်းစားလို ပါးစပ်ထဲပေါ်လာတိုင်း လျှောက်ပြောမနေနဲ့။ငါပေးတဲ့အမိန့်ပဲ မင်းလိုက်နာဆောင်ရွက်ရမယ်။ ထပ်ပြီးဘာမှစကားရှည်နေစရာ၊ စောဒက တက်နေစရာမလိုဘူး"

ဇယသီဟသည် တိတ်၍သွားလေ၏။ သူ၏သံသယစိတ်သည် တိုးတက်လာလေသည်။ ထို့နောက် အတန်ငယ်ကြာသောအခါ ထပ်၍ပြောပြန်လေသည်။ "မနက်က ကျွန်တော်မယ်တော်နတ်သမီးကို တကယ်လို့ မယ်တော် နတ်သမီး ကိုယ်တိုင်နှုတ်နဲ့အမိန့်မပေးရင် ကျွန်တော်ဘယ်တော့မှ ဘုရင်မင်းကြီးကို မသတ်ဖြတ်မလုပ်ကြံစေရဘူး။ လုပ်ကြံတဲ့အလုပ်မှာ လိုက်ပြီး နှောင့်ယှက်မယ်လို့ပြောခဲ့တယ်။ မယ်တော်နတ်သမီးကိုယ်တိုင်က အမိန့်ပေးတာ မဟုတ်ကြောင်း သိရတဲ့အတွက် ကျွန်တော်ဘုရင်မင်းကြီးကို နက္ခတ္တရာယရဲ့အကြံကို သတိထား နေဖို့ သတိပေးလာခဲ့တယ်"

ရဃုပတိသည် အချိန်အတန်ငယ်မျှ ဘာမှပြောဆိုခြင်းမရှိဘဲ တွေဝေ

စဉ်းစားနေလေ၏။ ထို့နောက်မှ တက်ကြွလာသေဒေါသကို မျိုသိပ်ကာ အသံခပ်မာမာဖြင့် "နတ်ကွန်းထဲ သွားမယ်၊ လာ..." ဟု ပြောလေ၏။ထို့နောက် သူတို့နှစ်ဦးသည် နတ်ကွန်းထဲ ဝင်သွားကြလေသည်။

ရဃုပတိက ပြောလေသည်။

"မယ်တော်နတ်သမီးရဲ့ ခြေကိုထိပြီး ဝါဆို လဆန်း ဆယ့်လေးရက်နေ့မှာ ဘုရင့်သွေးကိုဆောင်ကြဉ်းပြီး မယ်တော်ရဲ့ ခြေရင်းမှာ လာအပ်နှင်းပါ့မယ်လို့ သစ္စာဆိုလိုက် "

ဇယသီဟသည် ဦးခေါင်းငုံ့ပြီး အချိန်အတန်ကြာမျှ မလှုပ်မယှက် လုပ်နေလေ၏။ ထို့နောက် ဆရာ၏မျက်နှာကို တစ်ချက်၊ နတ်ရုပ်ထု၏မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်ပြီးလျှင် မယ်တော်နတ်သမီးရုပ်ထုကို အသာလက်ဖြင့် ထိလျက် တစ်လုံးချင်းပြောလေ၏။

"ဝါဆိုလဆန်း ဆယ့်လေးရက်နေ့ ကျရင် ဘုရင့်သွေးကို ဆောင်ကြဉ်းခဲ့ပြီး ခြေတော်ရင်းမှာ အပ်နှင်းပါ့မယ် "

## အခန်း(၁၀)

နန်းတော်သို့ပြန်လာခဲ့ပြီး ဘုရင်မင်းကြီးသည် ဆောင်ရွက်စရာရှိသည့် မင်းမှု ကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ပြီး အနားယူနေလေ၏။ မိုးတိမ်များ အုံ့ဆိုင်း လာသဖြင့် အမှောင်လွှမ်းလာပြန်လေပြီ။ ဘုရင်ကြီး၏စိတ်သည် တည်ငြိမ်မှုမရဘဲ လွင့်ပါး၍ နေလေသည်။ တခြားနေ့များကဆိုလျှင် နက္ခတ္တရာယကို နန်းတော် ထဲ၌ တွေ့ရလေသည်။ ယနေ့ သူဘယ် ပျောက်နေသည်မသိ။ ဘုရင်မင်းကြီးက သူ့ကိုအခေါ်ခိုင်းလိုက်လေ၏။နက္ခတ္တရာယသည် နေထိုင်မကောင်းဖြစ်နေသည့် အတွက် မလာရောက်နိုင်ဟုအခေါ်လွှတ်သူအား ပြန်လည်အကြောင်းကြား လိုက်လေ၏။ဘုရင်မင်းကြီးကိုယ်တိုင် နက္ခတ္တရာယဆီသို့ သွားလေသည်။ နက္ခတ္တရာယသည် ဦးခေါင်းထောင်ပြီး ဘုရင်ကြီးကို မကြည့်နိုင်ဖြစ်နေလေ၏။ စာရွက်တစ်ရွက်ကို လက်ကကိုင်ပြီး အတွေးနယ်ကျွံ၍ နေလေသည်။

ဘုရင်မင်းကြီးက မေးလိုက်၏။

"နက္ခတ္တ၊ ဘာဖြစ်လို့လဲ။ နေမကောင်း ဘူးလား"

နက္ခတ္တရာယသည် စာရွက်ကို မှောက်လိုက်လှန်လိုက်လုပ်ပြီးလျှင် သူ၏ လက်ချောင်းများကို ကြည့်လျက် ပြောလေ၏။

"နေမကောင်းတာတော့ မဟုတ်ပါဘူး။ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ပါ။ အင်း... နေမကောင်းတာလို့ဆိုရင်လဲ ဆိုနိုင်ပါတယ် "

နက္ခတ္တရာယသည် စိတ်ဂယောင်ချောက်ချားဖြစ်နေလေသည်။ ဂေါဝိန္ဒ မဏိကျသည် စိတ်ပျက်သောအမူအယာဖြင့် နက္ခတ္တရာယကို လှမ်းကြည့်လိုက်ပြီး စိတ်အတွင်းမှ တွေးတောနေမိလေ၏။

"အင်း... ချစ်ခင်မှု၏ ဗိမာန်ထဲမှာ အကြမ်းဖက်ခြင်း၊ညှင်းဆဲသတ်ဖြတ်ခြင်း၊

ဟိံသာတရား ဝင်ရောက်လာပါပြီ ကော။ အဲဒီတရားဟာ မြွေလို ပုန်းလျှိုး ကွယ်လျှိုးနဲ့ နေချင်တယ်။ ဦးခေါင်းကိုမဖော်ချင်ဘူး။ ငါတို့ရဲ့တောထဲမှာ အသားစား သားရဲတိရစ္ဆာန်များအလုံအလောက်မရှိတော့လို့လား။ ယခုအခါတွင် တစ်ဦးဟာအခြားလူတစ်ဦးကို ကြည့်ပြီး ကြောက်နေရတော့မှာလား။ ညီအစ်ကို တော်သူတစ်ဦးဟာ အခြား ညီအစ်ကိုတော်သူတစ်ဦးနားမှာ စိတ်ချလက်ချ မနေရတော့ဘူးလား။ ဒီကမ္ဘာ လောကမှာ ဟိံသာတရားဟာ ချစ်ခြင်းမေတ္တာ အတွက် နေရာမရလောက်အောင်ဘဲ မင်းမူနေပြီလား။ သူဟာ ငါ့ညီဖြစ်တယ်။ သူနဲ့အတူ အမြဲတစေ တစ်အိမ်တည်း၊ နန်းဆောင်တစ်ခုတည်းမှာဘဲ နေထိုင် လာခဲ့တယ်၊ တစ်နေရာတည်းမှာပဲ နေထိုင်ခဲ့ကြတယ်၊ ချစ်ကြည်ရင်းနှီးစွာဖြင့် စကားပြောဆိုခဲ့ကြတယ်။ သို့သော်လဲ ဒီနေ့အဖို့မှာ သူဟာ ငါ့အနီးမှာနေပြီး ဆင်ကြံကြံနေပြီ။ စိတ်ထဲကနေပြီး ဓားသွေးနေပြီ”

ထိုအချိန်၌ ဂေါဝိန္ဒမဏိကျသည် ဤကမ္ဘာလောကအား သားရဲတိရစ္ဆာန်များ အပြည့်ဖြစ်နေသော တောနက်သဖွယ်ထင်မှတ်၍နေလေသည်။ တခဲနက် မှောင်မိုက်နေသော ပတ်ဝန်းကျင်၌အစွယ်များ၊ ထက်လှစွာသော ခြေသည်း လက်သည်းများကိုသာလျှင်မြင်နေရ၏။ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ် လိုက်ပြီးလျှင်ဘုရင်မင်းကြီးသည် ဆက်လက်တွေးတောနေပြန်သည်။

“ငါဟာ ဒီချစ်ခင်ကြင်နာခြင်းကင်းမဲ့ပြီး အသတ်အဖြတ်တွေ ခေတ်စားနေတဲ့ တိုင်းနိုင်ငံမှာ အသက်ရှင်နေပြီး ကိုယ့်ညီအစ်ကိုသားချင်းတွေရဲ့ စိတ်နှလုံးထဲမှာ ဟိံသာတရား၊ လောဘတရား၊ ဒေါသတရားတွေ ပွားများလာအောင် မီးမွှေး နေတယ်။ ငါ့ သီဟာသနပလ္လင်ရဲ့ပတ်ဝန်းကျင်မှာနေကြတဲ့ ငါ့အသက်ထက်ပင် ငါနဲ့ရင်းနှီးကြတဲ့ကိုယ့်သွေးကိုယ့်သားထဲက လူတွေဟာ ငါ့ကိုကြည့်ပြီး စိတ်ထဲက မျက်မှောင်ကြုတ်နေကြတယ်၊ အံသွားကြိတ်နေကြတယ်၊ သံကြိုးနဲ့ ချည်နှောင်ထားတဲ့ခွေးဆိုးများလို လေးဘက်လေးတန်ကနေပြီး ငါ့အပေါ်ကို ခုန်အုပ်ဖို့အခွင့်ကောင်းကို ချောင်းနေကြတယ်။ ဒီလူတွေရဲ့ထက်မြက်လှတဲ့ အစွယ်ဒဏ်ရာ၊ ခြေသည်း လက်သည်းဒဏ်ရာနဲ့ အစိတ်စိတ်အမွှာမွှာဖြစ်ပြီး သူတို့ရဲ့ သွေးမွတ်သိပ်နေခြင်းကို ပယ်ဖျောက်မဲ့အစား ဒီနေရာက တခြားနေရာ တစ်ခုခုကို ထွက်ခွာသွားခြင်းကသာ သင့်လျော်ကောင်းမြတ်ပေလိမ့်မယ် ”

နံနက်ခင်းအချိန်က အာကာသကောင်းကင်ပြင်တွင် ဂေါဝိန္ဒမဏိကျ မြင်တွေ့ခဲ့သော ချစ်ကြည်ရွှင်ပြုံးနေသည့် မျက်နှာအသရေသည် ဘယ်ဆီဘယ် ဝယ်သို့ ရောက်သွားသည်မသိရတော့ပေ။

ဘုရင်မင်းကြီးသည် မတ်တတ်ရပ်လိုက်ပြီး တည်ငြိမ် ဣန္ဒြေရသော အသံဖြင့်

ပြောလေ၏။

"နက္ခတ္တ၊ ဒီနေ့ သုံးပဟိုရ်လောက်မှာ တို့နှစ်ယောက် ဂေါမဏီမြစ် ကမ်းပါးက လူသူရှင်းတဲ့တောထဲ အလည်သွားကြရအောင် "

ဘုရင်မင်းကြီး၏ ညှိလေးနက်သော အမိန့်သြဇာနှင့် ဆန့်ကျင်ပြီး နက္ခတ္တရာယ၏ပါးစပ်မှ စကားတခွန်းမျှ ထွက်ပေါ်မလာပေ။ သို့ရာတွင်အမျိုးမျိုးသော ယုံမှားသံသယတို့ကြောင့် သူ့စိတ်သည် ဂနာမငြိမ်ဖြစ်နေလေ၏။ ဘုရင်မင်းကြီးက သူ့စိတ်နှလုံးကို ထိုးဖောက်ကြည့်ရှုနေတုန်းပင် ဖြစ်လိမ့်မည်ဟု သူ အထင်ရှိနေသည်။ မရဲတရဲဖြင့် နက္ခတ္တရာယသည် ဘုရင်ကြီး၏မျက်နှာကို တစ်ချက်မော့ကြည့်လိုက်လေ၏။ သူ၏မျက်နှာ၌ တကယ်စိတ်ပျက် အားလျော့နေသည့် အမူအယာနှင့်တကွငြိမ်သက်အေးချမ်းသည့်အသွင်ပေါ်နေသည်ကို တွေ့ရလေ၏။ ဒေါသကိုမူအရိပ်အရောင်မျှပင် မမြင်ရပေ။ လူ့စိတ်နှလုံး၏ ခက်ထန်ကြမ်းကြုတ်လှပုံ၊ရက်စက်လှပုံကို တွေ့ရသောကြောင့် စိတ်နှလုံးမသာမယာ ဖြစ်နေခြင်းမျှသာလျှင် ဖြစ်ပေ၏။

ထိုအချိန် ဆိုက်ရောက်လာလေ၏။ ထိုအချိန်အထိ ကောင်းကင်၌ မိုးသားတိမ်လိပ်တို့ ဖုံးအုပ်နေဆဲဖြစ်သည်။ နက္ခတ္တရာယကို ခေါ်ခဲ့ပြီး ဘုရင်ကြီးသည် တောတန်းဘက်သို့ လမ်းလျှောက်လာခဲ့လေ၏။ နေဝင်မိုးချုပ်ဖို့ အတန်ငယ်လိုသေးသော်လည်း မိုးသားတိမ်လိပ်တို့၏ အမှောင်ရိပ်ကြောင့် မိုးချုပ်တော့လေမလားဟု ယုံမှားနေရသည်။ ကျီးကန်းများသည်တောအလယ်သို့ ဟိုမှဒီမှ ရောက်လာပြီး 'အား....အား' နှင့် အော်မြည်နေကြသည်။ စွန်တစ်ကောင်နှစ်ကောင်ကမူ ယခုထက်တိုင်ပင်ကောင်းကင်၌ ပျံဝဲနေတုန်းပင် ရှိသေးသည်။ ညီနောင်နှစ်ဦးတို့အမှောင်ရိပ်သန်းနေသည့် တောတွင်းသို့ ဝင်မိကြသောအခါ နက္ခတ္တရာယ၏ကိုယ်ခန္ဓာသည် ယိမ်းယိုင်တုန်လှုပ်နေသည်။ သစ်ပင်အိုကြီးများသည်တစ်ပင်နှင့်တစ်ပင်ယှက်ပြီး မားမားမတ်မတ် ရပ်နေကြလေ၏။ သူတို့သည်တစ်ခွန်းတပ္ပါမျှ ပြောဆိုခြင်းမရှိ။ သို့ရာတွင် တည်ငြိမ်အိန္ဒြေရစွာဖြင့် ပုရွက်ဆိတ်သွားသည့် အသံကိုပင် မလွတ်တမ်း နားစိုက်ထောင်နေသကဲ့သို့ ထင်ရလေ၏။ သူတို့သည် သူတို့၏အရိပ်ရှိရာ မဲမှောင်နေသည့် အောက်ဘက်သို့သာ ငေးစိုက်နေကြသည်။ ထိုရှုပ်ထွေးပွေလိမ်ပြီး လျှို့ဝှက်ရာဖြစ်သည့် တောအတွင်း၌ နက္ခတ္တရာယသည် ရှေ့သို့ ခြေလှမ်းလှမ်းလိုလှ၏။ သို့ရာတွင် ခြေထောက်ကို သယ်၍မရပေ။ တန့်ရပ်၍သွား၏။ ပတ်ဝန်းကျင်တစ်ခုလုံး၌ တစ်ခဲနက် ငြိမ်သက်တိတ်ဆိတ်နေသည်ကို တွေ့ရ၍ သူ၏စိတ်နှလုံးသည် ချောက်ချားလာလေသည်။ သူ၏စိတ်နှလုံးတွင် ယုံမှားသံသယနှင့် စိုးရိမ်

သောကတို့သည် ပေါ်လာလေသည်။ ကြောက်မက်တုန်လှုပ်ဖွယ်ကောင်းသော ကံကြမ္မာဆိုးအသွင်ကဲ့သို့ ဘုရင်သည် ဤညနေချမ်း ဆည်းဆာအခါတွင် တိတ်တဆိတ် သူ့ကို ဘယ်ဆီ ဘယ်စခန်းကိုများ ခေါ်သွားနေသနည်း။ သူသည် ဝေခွဲမရနိုင်အောင် ဖြစ်နေလေသည်။ သူသည် ဘုရင်၏ အကျဉ်းသား ဖြစ်နေပြီ။ သူ့ကို အပြစ်ဒဏ်ပေးဖို့ရန် ဤတောထဲသို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ ဤသို့ သူကယူဆနေသည်။ နက္ခတ္တရာယသည် ထွက်ပြေးဖို့တစ်ကြိမ် ကြိုးစားလိုက်လျှင် လွတ်မြောက်သွားနိုင်သည်။ သို့ရာတွင် သူ့ခြေထောက်ကို တစ်စုံတစ်ဦးက ဖမ်းဆွဲချုပ်ကိုင်ထားသည်ဟုသူအောက်မေ့နေသည်။ သူ့အတွက် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းနည်းလမ်းမရှိတော့ပေ။

တောထဲ၌ နေရာပေါင်းများစွာတွင် ဟာလာဟင်းလင်းဖြစ်နေသည်။ မိုးတွင်းအခါ မိုးရေအပြည့်ဖြစ်နေသော ရေကန်ကြီးတစ်ခုလည်း ရှိလေသည်။ ထိုရေကန်၏ ကန်ဘောင်ရိုးပေါ်တွင် လမ်းလျှောက်ရင်းနှင့်ဘုရင်မင်းကြီးသည် ရုတ်တရက်ရပ်လိုက်ပြီး “ ရပ်အုံး ”ဟု ပြောလိုက်လေ၏။

နက္ခတ္တရာယသည် လန့်ပြီး ရပ်လေ၏။ ဘုရင်မင်းကြီး၏ ထိုအမိန့်ကို ကြားရသဖြင့် အချိန်ကာလ၏ အစဉ်အလျဉ်သည် တန့်ရပ်ဆုတ်ဆိုင်းသွားသည် ဟု သူ့စိတ်တွင် အောက်မေ့လိုက်သည်။ ထိုခဏ၌ တောထဲရှိသစ်ပင်တို့သည် ဦးခေါင်းငိုက်စိုက်ချပြီး ရပ်နေသကဲ့သို့ထင်ရပေသည်။ မြေပြင်နှင့် ဝေဟင်တို့ ကလည်း ပင့်သက်မချဘဲကြည့်နေသကဲ့သို့ အောက်မေ့ရ၏။ ကျီးကန်းများ၏ တအာအာအော်နေသောအသံမှာ တိတ်သွားကြလေပြီ။ တောထဲ၌ လုံးဝ တိတ်ဆိတ်ငြိမ်သက်နေ၏။ အပ်ကျသံမျှကိုပင် ကြားရလောက်အောင်ဖြစ်နေ၏။ ထို “ရပ်အုံး” ဟူသော အသံသည်သာလျှင်လျှပ်စစ်၏အဟုန်မျိုးဖြင့် သစ်ပင် တစ်ပင်မှတစ်ပင်သို့၊ သစ်ကိုင်း၏တစ်ကိုင်းမှတစ်ကိုင်းသို့ ပြန့်နှံ့သွားလေ၏။ တော အတွင်းရှိသစ်ခက်သစ်ရွက်မှန်သမျှမှာ ထိုအသံလှိုင်းရိုက်ခတ်သဖြင့် တဖြတ် ဖြတ်လှုပ်နေကြသည်ဟု အောက်မေ့ရ၏။ နက္ခတ္တရာယသည်လည်း ထို သစ်ပင်များကဲ့သို့ပင် မတုန်မလှုပ် ရပ်နေလေသည်။

ထိုနောက် ဘုရင်မင်းကြီးသည် နက္ခတ္တရာယ၏မျက်နှာကို မကြည်သာ သော အကြည့်ဖြင့် ကြည့်ပြီးလျှင် “ နက္ခတ္တ၊ မင်း ငါ့ကို သတ်ချင်တယ်ဆို...” ဟု မေးလိုက်လေ၏။

နက္ခတ္တရာယသည် မိုးကြိုးအထိခံရသူအသွင်ကဲ့သို့ မတုန်မလှုပ် ရပ်နေ လေ၏။ စကားကိုပင် ပြန်မပြောရဲအောင် ဖြစ်နေသည်။

ဘုရင်က ပြောပြန်သည်။

"ညီတော်၊ မင်း ဘာဖြစ်လို့ နောင်တော်ကို သတ်ချင်ရသလဲ။ ထီးနန်း အရိုက်အရာကို လိုလားတဲ့ လောဘဇောကြောင့်ပဲ မဟုတ်လား။ ထီးနန်း အရိုက်အရာဆိုတဲ့ သဘောဟာ ရွှေပလ္လင်၊ စိန်မကိုဋ်နဲ့ ထီးဖြူကနက်ပဲလို့ ညီတော်က တွက်သလား။ ဒီမကိုဋ်၊ ဒီထီးဖြူကနက်နဲ့ ဒီဘုရင့် ကြိမ်စကြာရဲ့ ဝန်ဟာ ဘယ်လောက်လေးတယ် မှတ်သလဲ။ ထီးနန်းကို လိုချင်ရင်တိုင်းပြည်ကို အုပ်ချုပ် မင်းလုပ်လိုရင် သိန်းသန်းမကတဲ့ လူများဒုက္ခကို ကိုယ့်ဒုက္ခလို အောက်မေ့ရတယ်။ သူတို့ရဲ့ဘေးရန်ကို ကိုယ့်ဘေးရန်လို့သဘော ထားရတယ်။ သူတို့ရဲ့ဆင်းရဲခြင်းကို ကိုယ့်ဆင်းရဲခြင်းလို့ယူဆပြီးတာဝန်ကို ရှောင်ဖယ် မပစ်ရဘူး။ အဲဒီလိုလုပ်တဲ့လူမှသာတိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်တဲ့ လူမည် တယ်၊ ဘုရင်မည်တယ်။သစ်ခက်တဲကုတ်မှာနေနေ၊ ရွှေအိမ်နန်းမှာနေနေ၊ လူထုအားလုံးကိုကိုယ်ချင်းစာနာတတ်ရင်၊ ကိုယ့်လို သဘောထားတတ်ရင် တလောကလုံးဟာသူ့လောကပဲ။ လူအားလုံးဟာ သူ့လူချည်းပဲ။ ဒီကမ္ဘာ လောကရဲ့ဒုက္ခကိုဖယ်ရှားပစ်တဲ့လူဟာ ဒီကမ္ဘာလောကရဲ့ ဘုရင်ပဲ။ ဒီကမ္ဘာ လောကရဲ့အသွေးကို စုတ်တဲ့လူ၊ ဒီကမ္ဘာလောကရဲ့ စည်းစိမ်ကို မတရား သိမ်းပိုက်တဲ့လူကတော့ ဘုရင်မဟုတ်ဘူး။ သူခိုး၊ ဓါးမြသာ ဖြစ်တယ်။ သိန်းသန်း မကတဲ့ ကံမွဲသူခများတွေရဲ့မျက်ရည်ဟာ နေ့ညဥ့်မပြတ်ဘဲ သူ့ဦးထိပ်ပေါ်မှာ ရွာသွန်းနေတယ်။ ထက်မြက်ပြင်းထန်လှတဲ့ အဲဒီကျိန်စာ ရေယာဉ်မထိအောင် သူ့ကို ဘယ်လောက်ကြီးတဲ့ ထီးဖြူကနက်ကမမကာကွယ်နိုင်ဘူး။ သူရဲ့ ကြီးကျယ်ခမ်းနားလှတဲ့မင်းစည်းစိမ်ရိပ်ငြိမ်အတွင်းထဲမှာ ထမင်းငတ်ပြီး ရိက္ခာပြတ် နေတဲ့လူပေါင်းအရာအထောင်တို့ရဲ့ မွတ်သိပ်ဆာလောင်ခြင်းများဟာ ငုတ်လျှိုးပုန်း အောင်းနေကြတယ်။ သူဟာ ခိုကိုးရာမဲ့၊ တွယ်တာမဲ့သူတွေရဲ့ဆင်းရဲဒုက္ခတွေကို ကြိုပြီး ရွှေလက်ဝတ်တန်ဆာ လုပ်ဝတ်တယ်။ သူရဲ့မြေကြီးအထိပြန့်ကျနေတဲ့ ဝတ်လဲတော်များရဲ့အတွင်းမှာ အချမ်းနိုပ်စက်သဖြင့်မလုံနိုင်၊ မထွေးနိုင်ဖြစ်နေကြ တဲ့ ရာထောင်မကသော ဆင်းရဲသားတွေရဲ့ညစ်ပတ်စုတ်ပြဲနေတဲ့ အဝတ်အစားစုတ် များ ဝင်ရောက်ကိန်းအောင်းနေတယ်။ ညီတော်ဘုရင်ကို လုပ်ကြံသတ်ဖြတ်လိုက်ရုံ နဲ့ တစ်စုံတစ်ဦးဟာထီးနန်းကိုမရနိုင်ဘူး။ ဘုရင်ရယ်လို့ မဖြစ်နိုင်ဘူး။ တိုင်းပြည် ကိုမစိုးမိုးနိုင်ဘူး။ ကမ္ဘာလောကကို ကိုယ့်အလိုပါအောင်လုပ်ပြီး ဘုရင်လုပ်ခြင်း သာလျှင် တိုင်းပြည်ကို စိုးမိုးခြင်းသာလျှင် ကောင်းမြတ်တဲ့လမ်းစဉ်ဖြစ်ပါတယ်"

ဂေါဝိန္ဒမဏိကျသည် ပြောရင်းပြောရင်း ရပ်သွားလေ၏။ အရပ်ထက်ဝန်းကျင် ၌မူ အကြွင်းမဲ့တိတ်ဆိတ်ငြိမ်သက်နေသည်။နက္ခတ္တရာယသည် ဦးခေါင်း ငိုက်စိုက်ချပြီး မတုန်မလှုပ် ရပ်နေလေ၏။

ဘုရင်ကြီးသည် ဓားအိမ်မှားကိုထုတ်ပြီးလျှင် နက္ခတ္တရာယ ရှေ့ထိုးပေးပြီး ပြောလေ၏။

"ညီတော် ဒီနေရာမှာ ဘယ်သူမှမရှိဘူး။ ဘယ်သက်သေမှလဲ မရှိနိုင်ဘူး။ တကယ်လို့ ညီအစ်ကိုချင်း အသဲနှလုံးကို ဓားနဲ့ထိုးဖောက်ချင်ရင်တော့ လိုလုပ်ဖို့အတွက် ဒီနေရာဟာ အကောင်းဆုံးနေရာပဲ။ ဒီအချိန်ဟာ အသင့်လျော်ဆုံးအချိန်ပဲ။ ဒီနေရာမှာ မင်းကို ဘယ်သူကမှ ကဲ့ရဲ့ပြစ်တင်ကြမှာ မဟုတ်ဘူး။ မင်းအကြောနဲ့ ငါ့အကြောမှာ သွေးတစ်မျိုးထဲစီးနေကြတယ်။ တစ်မိတစ်ဖထဲရဲ့သွေး၊ တစ်ဘိုးတစ်ဘိုးထဲရဲ့သွေး၊ မင်းနဲ့ ငါရဲ့ ကိုယ်ကာယထဲမှာ ရှိနေကြတယ်။ မင်းက အခု အဲဒီသွေးကို ဖျောက်ဖျက်ချင်နေတယ်။ ဖျောက်ဖျက်နိုင်ပါတယ်။ ဒါပေမယ့် လူသူနေတဲ့နေရာမှာ အဲဒီလိုသွားလုပ်လို့မတော်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူသူတွေနေတဲ့နေရာမှာလုပ်ရင် အဲဒီနေရာမှာ သွေးစက်ကျလိမ့်မယ်။ အဲဒီသွေးစက် ကျတဲ့နေရာဆိုရင် ညီအစ်ကိုချင်း ချစ်ခင်တဲ့ ဖြူစင်မြင့်မြတ်တဲ့ မေတ္တာနှောင်ကြိုးဟာ ရှော့ရဲသွားမှာပဲ။ မကောင်းမှုအကုသိုလ်ဟာ ဘယ်မှာသွားပြီးအဆုံးသတ်မယ်လို့ ဘယ်သူသိမလဲ။ မကောင်းမှုမျိုးစေ့ဟာ တစ်စေ့ပဲဖြစ်ဖြစ် တစ်နေရာရာမှာကျလျှင် ကျတဲ့နေရာမှာ မျက်စိအောက်မှာပဲ ဘယ်လောက်အရာအထောင်မကများလှတဲ့ မကောင်းမှုအကုသိုလ်ပင်များ ပေါက်ပွားလာတတ်တယ်ဆိုတာ၊ ပြီးတော့ ဒီလှပသာယာတဲ့ လူ့လောကဟာ တစ်စတစ်စနဲ့ ဘယ်ပုံဘယ်နည်း တောကြီးတစ်ခုအသွင်အဖြစ် ပြောင်းလဲသွားတတ်တယ်ဆိုတာ ဘယ်သူသိနိုင်မလဲ။ ဒါကြောင့် ကောက်ကျစ်စဉ်းလဲတဲ့ စိတ်ထားမရှိဘဲ ချစ်ခင်ရင်းနှီးစွာ ညီအစ်ကိုချင်း တစ်ဦးနဲ့တစ်ဦး လည်ပင်းဖက်နေတဲ့ မြို့လို ရွာလိုနေရာမျိုးမှာ ညီအစ်ကိုချင်းမသတ်ဖြတ်အောင် ဒီနေ့ ငါ မင်းကို ဒီတောထဲ ခေါ်လာခဲ့ခြင်းဖြစ်တယ် "

ယင်းသို့ပြောပြီး ဘုရင်ကြီးသည် နက္ခတ္တရာယ၏ လက်ထဲဓားထည့်ပေးလိုက်လေ၏။ နက္ခတ္တရာယ၏ လက်ထဲမှလွတ်ပြီး ဓားသည် မြေကြီးပေါ် ကျသွားလေသည်။

နက္ခတ္တရာယသည် လက်နှစ်ဖက်ဖြင့် မျက်နှာကိုပိတ်ပြီး ငိုလေ၏။ ငိုရင်းနှင့် ကြေကွဲသောအသံဖြင့် ပြောလေ၏။

" နောင်တော်၊ ညီတော့်မှာ အပြစ်မရှိပါဘူး။ ညီတော့်စိတ်ထဲမှာ ဘယ်တုန်းကမှ ဒီလိုသဘောမျိုး မထားခဲ့ဘူးပါဘူး"

ဘုရင်ကြီးသည် သူ့ကို လည်ချင်းယှဉ်ဖက်လိုက်ပြီးလျှင် ပြောလေသည်။

"ငါသိပါတယ် နက္ခတ္တ၊ မင်းဟာ ငါ့ကို ဘယ်တော့မှ မလုပ်ကြံရက်ဘူးဆိုတာ

ငါကောင်းကောင်းသိတယ်၊ မင်းကို တခြားလူတွေကသွေးဆောင်ဖြားယောင်းနေတာ မဟုတ်လား။ မင်းမှာ အပြစ်မရှိပါဘူး ”

“ တခြားဘယ်သူမှ မဟုတ်ပါဘူး။ ညီတော့်ကို အကြံပေးညာဏ်ပေးလုပ်နေတာ ရဃုပတိပါ ”

“ ရဃုပတိနဲ့ မပေါင်းနဲ့၊ ခပ်ခွာခွာနေ ”

“ညီတော် ဘယ်သွားရမယ်ဆိုတာ နောင်တော်ပဲပြောပါ။ ညီတော် ဒီမှာ မနေချင်တော့ဘူး။ ဒီနေရာက ရဃုပတိရဲ့အနီးက ပြေးထွက်သွားချင်တဲ့စိတ် ပေါက်နေပါတယ် ”

“ မင်း ငါ့အနားမှာပဲနေ။ တခြား ဘယ်ကိုမှမသွားနဲ့။ ရဃုပတိက မင်းကိုဘာမှမလုပ်စေရဘူး ”

နက္ခတ္တရာယသည် ဘုရင်မင်းကြီး၏လက်ကို မြဲမြံစွာဆုပ်ကိုင်လိုက်လေ၏။ ရဃုပတိက သူ့ကိုများ ဆွဲခေါ်သွားလေမလားဟု စိုးရွံ့ထိတ်လန့်နေဟန် ရှိလေ သည်။

## အခန်း (၁၁)

နက္ခတ္တရာယသည် ဘုရင်ကြီး၏လက်ကိုကိုင်ဆွဲပြီး တောထဲမှ နန်းတော်ဘက်သို့ ပြန်လာလေ၏။ ထိုအချိန်အထိပင် အလင်းရောင်ကလေး တစ်စိတ်တဒေသသည် ကောင်းကင်ပြင်၌ ကျန်ရှိနေတုန်းပင် ရှိသေးသည်။ သို့ရာတွင် တောအတွင်း၌မူ မှောင်သထက်မှောင်လာလေရာ အမိုက်မှောင် ရေဘေးကြီး လွှမ်းလာသလားဟု အောက်မေ့ရလေသည်။ ယခုအခါတွင် သစ်ပင်များ၏ ထိပ်ဖျား အကိုင်းအခက်လောက်သာလျှင် မျက်စိနှင့် မြင်တွေ့ ရတော့၏။ မကြာမြင့်မီ ထိုအကိုင်းအခက်တို့လည်း ပျောက်ကွယ်တိမ်မြုပ်သွားတော့သည်။ ထိုအခါတွင် အမိုက်တိုက်သည် အကြွင်းမရှိပျံ့နှံ့သွားပြီးလျှင် ဝေဟင်နှင့် မြေပြင်သည် တပြင်တည်း၊ တညီတည်းဖြစ်သွားပေတော့သည်။

ဘုရင်ကြီးသည် နန်းတော်ဘက်သို့မသွားဘဲ နတ်ကွန်းဘက် ခြေဦးလှည့်လာလေ၏။ ညနေချိန် မီးပူဇော်ခြင်းကိစ္စကိုပြုလုပ်ဆောင်ရွက်ပြီးနောက် ရဃုပတိနှင့် ဇယသီဟတို့သည်နတ်ကွန်း၏အပြင်ဘက်၌ ထိုင်နေကြသည်။ နှစ်ယောက်သားသည်ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ ဆီမီး၏မှုံမွှားသော အရောင်အောက်၌သူတို့နှစ်ဦး၏မျက်နှာအရိပ်မျှသာလျှင် ပေါ်နေလေသည်။ ရဃုပတိကို တွေ့လိုက်ရသည်ဖြစ်၍ နက္ခတ္တရာယသည် ဦးခေါင်းမဖော်ရဲတော့ပေ။ သူသည် ဘုရင်မင်းကြီး နောက်ကွယ်တွင်ရပ်နေပြီး မြေကြီးကိုစိုက်ကြည့်နေလေ၏။ ဘုရင်ကြီးသည် နက္ခတ္တရာယကို သူ့အနီးဆွဲခေါ်လိုက်ပြီး လက်ကိုဆုပ်ကိုင်လျက် ရပ်နေလေ၏။ ထို့နောက်ရဃုပတိဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ရဃုပတိကလည်းနက္ခတ္တရာယကို မျက်စောင်းထိုး ကြည့်လိုက်လေ၏။ ထို့နောက်တွင်ဘုရင်မင်းကြီးသည် ရဃုပတိကို လှမ်းနှုတ်ဆက်လိုက်လေသည်။

နက္ခတ္တရာယကလည်း ဘုရင်မင်းကြီးကဲ့သို့ပင် ရဃုပတိကို နှုတ်ဆက်လိုက်လေသည်။ ရဃုပတိသည် သူတို့နှစ်ဦးနှုတ်ဆက်ခြင်းကို ခံပြီးနောက် "ဘယ့်နဲ့လည်း ဘုရင်မင်းကြီး၊ တိုင်းပြည်နိုင်ငံ အေးချမ်းသာယာရဲ့လား" ဟု မေးလိုက်လေ၏။

ဘုရင်မင်းကြီးသည် ခေတ္တခဏမျှ စဉ်းစားပြီး ပြောလေ၏။

"ပုရောဟိတ် ကြီးက ဆုတောင်းမေတ္တာပို့ရင် တိုင်းပြည်မှာ မငြိမ်းချမ်းမသာယာစရာ မရှိ ပါဘူး။ ဒီတိုင်းပြည်နိုင်ငံမှာ 'မယ်တော်ရဲ့' သားစဉ် မြေး၊ မြစ်တွေအားလုံးဟာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေထိုင်နေကြတယ်။ ဒီတိုင်းပြည် နိုင်ငံမှာ ညီအစ်ကိုချင်း တစ်ဦးနဲ့တစ်ဦး သွေးခွဲလို့မရဘူး။ မေတ္တာကရုဏာ လွှမ်းမိုးတဲ့နေရာမှာ ဟိံသာသဘောတရားဘယ်မှာ အမြစ်တွယ်လို့ရမလဲ။ ကျွန်ုပ်တိုင်းပြည်နိုင်ငံမှာ မအေးချမ်းမသာယာများ ဖြစ်လိမ့်မလားလို့ စိုးရိမ်ပြီး ဒီကို လာခဲ့ခြင်းဖြစ်ပါတယ်။မကောင်းတဲ့အကြံ၊ မတော်တဲ့စိတ်ထားပွတ်တိုက် ခြင်း ခံရရင်တောမီးထတောက်ပါတယ်။ ပုရောဟိတ်ကြီးက အဲဒီမီးကို ငြိမ်းသတ်ပါ။မေတ္တာရေကြည်သွန်းလောင်းပြီး ပထဝီမြေကြီးကို အေးချမ်းသွား အောင်ဆောင်ရွက်ပါ။"

ရဃုပတိက ပြောလေ၏။

"နတ်ဒေဝတာရဒေါသမီးတောက်လောင်လာရင် ဘယ်သူ ငြိမ်းသတ်လို့ရမလဲ။ အပြစ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့အတွက်ကြောင့်အပြစ်ကင်းမဲ့တဲ့ လူပေါင်းအရာအထောင် အဲဒီမီးထဲမှာ လောင်ကျွမ်းပြီးပြာအတိ ဖြစ်သွားမှာပဲ"

"အဲဒါ အင်မတန် ထိတ်လန့်စရာကောင်းတာပဲ။ ဒါကြောင့်ကျွန်ုပ်တုန်လှုပ်ကြောက်ရွံ့နေခြင်း ဖြစ်ပါတယ်။ ဒီအကြောင်းကိုပြောပြပေမယ့် ဘယ်သူမှနားမဝင်ကြဘူး။ ဒီတိုင်းပြည်မှာနတ်ဒေဝတာများအတွက်ဆိုပြီး နတ်ဒေဝတာတွေသတ်မှတ်ထားတဲ့စည်းကမ်းဥပဒေတွေကို ဖောက်ဖျက်ကျူးလွန်နေကြတာပုရောဟိတ်ကြီးသိတယ်မဟုတ်လား။ အဲဒါကြောင့် တိုင်းပြည်နိုင်ငံမှာ မလိုလားအပ်တာတွေ၊အမင်္ဂလာတွေ ဖြစ်ပေါ်လာမှာစိုးလို့ ကျွန်ုပ် ဒီနေ့ညနေ ဒီကိုလာရခြင်းဖြစ်ပါတယ်။ ဒီနေရာမှ စရိုက်သစ်ပင်ကိုစိုက်ပျိုးပြီး ကျွန်ုပ်တို့ရဲ့ စည်ပင်ဝပြောနေတဲ့ တိုင်းနိုင်ငံမှာ ပုရောဟိတ်ကြီးက နတ်ဒေဝတာတွေရဲ့အမျက်ဒေါသကို ဖိတ်ခေါ်မလာပါနဲ့။ ပုရောဟိတ်ကြီးကို အဲဒါပြောပြမလို့ကျွန်ုပ် ဒီကိုတမင်သက်သက် လာခဲ့တာပဲ"

ယင်းသို့ပြောပြီးလျှင် ဘုရင်မင်းကြီးသည် အင်မတန် စိတ်နှလုံး ထိခိုက်နေသည့် အမူအရာဖြင့် ရဃုပတိ၏မျက်နှာကို လှမ်းကြည့်လိုက်လေ၏။ သူ၏

လွန်စွာနက်နဲပြီး ထက်မြက်မြဲမြံသော စကားလုံးတို့မှာ အဟုန်ပြင်းလှသော လေပွေကဲ့သို့ ထိုအဆောက်အအုံထဲတွင် ပဲ့တင်ထပ်၍နေလေသည်။ ရဃုပတိသည် ဘာမျှ ပြန်မပြောပေ။ သူ့ကျောတွင် သိုင်းထားသော ယဇ်ကြိုးကိုသာလျှင် လက်ဖြင့်သပ်နေလေ၏။ ဘုရင်မင်းကြီးသည်နှုတ်ဆက်လျက် နက္ခတ္တရာယကို ဆွဲခေါ်ခဲ့ပြီး အပြင်ထွက်လာခဲ့လေ၏။ဇယသီဟလည်း အပြင်ထွက်လာလေသည်၊ အဆောက်အအုံထဲ၌မှုဆိမီးတစ်တိုင်နှင့် ရဃုပတိအပြင် ရဃုပတိ အရိပ်သာလျှင် ကျန်နေရစ်ခဲ့လေသည်။

ထိုအချိန်အထိ ကောင်းကင်ပြင်၌ အလင်းရောင်ကို မတွေ့ရသေးပေ။ အမိုက်မှောင်သာလျှင် လွှမ်းနေ၏။ ကြယ်တာရာများသည် တိမ်တိုက်တိမ်လိပ်ထဲတွင် ပျောက်ကွယ်တိမ်မြုပ်နေကြလေသည်။ ကောင်းကင်ပြင်တစ်ခုလုံး၌ အမိုက်မှောင်အတိသာလျှင် ဖြစ်နေ၏။ ထိုတစ်ခဲနက် မှောင်မိုက်နေသော အမိုက်တိုက်ထဲ၌ အရှေ့ဘက်မှ တိုက်ခတ်လာသည့်လေထဲ၌တောပန်းပွင့်တို့၏ ရနံ့သည် တသင်းသင်း ပျံ့နှံ့ကြိုင်လှိုင်၍ နေလေသည်။ သစ်ပင်ဝါးပင်တို့၏ လှုပ်ရှားသံကိုလည်း ကြားနေရသည်။ဘုရင်မင်းကြီးသည် တစ်စုံတစ်ခုကို တွေးတောစဉ်းစားရင်းနှင့်သူသွားလာနေကျလမ်းအတိုင်း လျှောက်သွားနေလေ၏။ ထိုအခိုက်နောက်ဖက်မှ ရုတ်တရက် "အရှင်မင်းကြီး" ဟု လှမ်းခေါ်လိုက်သော အသံကိုကြားရလေ၏။

ဘုရင်ကြီးသည် နောက်ဖက်သို့ လှည့်ကြည့်ပြီးလျှင် "ဘယ်သူလဲ" ဟု မေးလိုက်လေသည်။

ကျက်မိနေသော အသံတစ်သံက ပြန်ဖြေလေ၏။

"အရှင်မင်းကြီးရဲ့ ကျေးကျွန် ဇယသီဟပါ၊ အရှင်မင်းကြီးဟာ ကျွန်တော်မျိုးရဲ့ ဆရာသမားလဲ ဟုတ်တယ်၊ အရှင်သခင်လဲ ဟုတ်တယ်၊ အရှင်မင်းကြီးမှတစ်ပါး ကျွန်တော်မျိုးမှာ တခြားလူရယ်လို့ မရှိပါဘူး၊ အရှင်မင်းကြီး ကိုယ့်ညီငယ်ရဲ့ လက်ကိုဆွဲကိုင်ပြီး အမိုက်မှောင်ထဲက အပြင်ဆွဲခေါ်သွားသလို ကျွန်တော်မျိုးရဲ့လက်ကိုလဲ ဆွဲကိုင် ပြီး အရှင်မင်းကြီးနဲ့တစ်ပါးတည်းခေါ်သွားပါ၊ ကျွန်တော်မျိုးလဲ အမိုက်မှောင်ထဲမှာကျရောက်နေပါတယ်။ ဘာလုပ်ရင် ကောင်းမယ်၊ ဘာလုပ်ရင်မကောင်းဘူးဆိုတာ ကျွန်တော်မျိုး ဘာမျှမသိတော့ဘူး။ ကျွန်တော်မျိုးဟာတစ်ခါတရံ လက်ဝဲဘက် သွားပြီး တစ်ခါတရံ လက်ျာဘက်ကို သွားနေမိတယ်၊ ကျွန်တော်မျိုးကို ပဲ့ကိုင် ပေးမယ့်လူ မရှိတော့ဘူး"

ထိုအမိုက်မှောင်ထဲ၌ ဇယသီဟ၏မျက်လုံးများမှ မျက်ရည်ပေါက်များစီးကျ၍ လာလေသည်။ သို့ရာတွင် မည်သူမျှမမြင်ရပေ။ဇယသီဟ၏တက်ကြွမှုအပြည့်အဝ

ရှိသောကြင်နာသနားဖွယ်အသံသည်သာလျှင် လှုပ်ရှားပြီး ဘုရင်မင်းကြီး၏ နားထဲတိုးဝင်နေ၏။ လေလှိုင်းရိုက်ခတ်လိုက်သဖြင့် ပင်လယ်သမုဒ္ဒရာပြင်သည် လှုပ်ရှားလူးလွန့်သွားသကဲ့သို့ ထိုတစ်ခဲနက် မှောင်မိုက်နေသော အမိုက်တိုက် သည် ဇယသီဟ၏ကြင်နာသနားဖွယ် အသံလှိုင်းရိုက်ခတ်လိုက်သဖြင့်လှုပ်ရှား သွားလေ၏။ ဘုရင်မင်းကြီးသည် ဇယသီဟ၏လက်ကိုဆွဲကိုင်လိုက်ပြီး ပြောလေ၏။

" လာ၊ ငါနဲ့ နန်းတော်ကို လိုက်ခဲ့ "

# အခန်း(၁၂)

နောက်တစ်နေ့တွင် ဇယသီဟသည် နတ်ကွန်းသို့ ပူဇော်ဝတ်ပြုချိန်အမီ ရောက် မလာပေ။ သူရောက်လာသောအချိန်မှာ ပူဇော်ဝတ်ပြုချိန် ကျော်လွန် ကုန်ဆုံးသွားလေပြီ။ ရဃုပတိသည် မျက်နှာမသာမယာဖြင့် တစ်ယောက်တည်း ထိုင်နေလေ၏။ သည့်အရင်က ယခုကဲ့သို့ ဘယ်တုန်းကမျှ ပူဇော်ဝတ်ပြုသည့် ကိစ္စနှင့်စပ်လျဉ်းပြီး စည်းကမ်းသတ်မှတ်ချက်ကိုမဖောက်မဖျက်ဘူးခဲ့ပေ။

ဇယသီဟသည် သူ့ဆရာဆီမသွားဘဲ သူ့ပန်းဥယျာဉ်ထဲသို့တန်းသွားလေ ၏။ ထိုပန်းဥယျာဉ်ထဲ၌ သူသည် သစ်ပင်ကြားထဲတွင် သွားပြီးထိုင်လိုက် သည်။ သူ၏ဘေးပတ်လည်မှ သစ်ပင်ပန်းပင်များသည်လေအလာတွင် ယိမ်းနွဲ့ လှုပ်ရှားနေကြသည်။ သူ၏ပတ်ပတ်လည်၌ ပန်းပွင့်အပြည့်နှင့် ပန်းခိုင်ပန်းဆုပ် များကို တွေ့နေရ၏။ကြည်နူးဖွယ်ကောင်းသော သစ်ပင်ရိပ်များမှာ အေးမြသည့် လရောင်ကဲ့သို့ဇယသီဟကို ရွှင်ပြုံးနှစ်သိမ့်ဖို့ရန်အတွက် ပျံ့ပျူးနေကြသကဲ့သို့ ထင်ရပေ၏။ အလွန်ချိုသာသောအသံကိုလည်း ကြားနေရသည်။ တစ်စုံ တစ်ယောက်ကချိုသာ အေးမြသောအသံဖြင့် ခေါ်ငင်နေသကဲ့သို့ ထင်နေရ လေသည်။သဘာဝသည် သူ၏ချစ်မေတ္တာအပြည့်ရှိသော ပွေ့ဖက်ခြင်းဖြင့် အေးချမ်းမှုကိုပေးကမ်းနေသကဲ့သို့လည်း ထင်ရပေ၏။ ဤ အေးချမ်းသာယာ သောပတ်ဝန်းကျင်တွင် သဘာဝ၏ ဤဗိမာန်ဆောင်တွင် ထိုင်ပြီး ဇယသီဟ သည်စိတ်ကူးခန်းဝင်နေလေ၏။ သူသည် ဘုရင်မင်းကြီး ညွှန်ကြားပြောပြသည့် ဆုံးမဉပ္ပလ္လသေများကို စားမြုံ့ပြန်နေလေ၏။

ထိုအခိုက် ရဃုပတိသည် တလှမ်းချင်းလာပြီးလျှင် သူ၏ကျောပေါ်တွင် လက်အသာတင်လိုက်လေ၏။ ဇယသီဟလန့်သွားလေ၏။ ရဃုပတိသည်

သူ၏အနီးတွင် ထိုင်လိုက်သည်။ သူသည် ဇယသီဟကိုကြည့်ပြီ ဝမ်းနည်းသည့်အသံဖြင့် ပြောလေ၏။

“ဇယသီဟ. . . မင်းဘာဖြစ်နေတာလဲ၊ ငါ့ကို မကြည့်ချင် မခေါ်ချင် ဖြစ်နေရလောက်အောင် ငါ မင်းကို ဘာများ ဆူပူကြိမ်းမောင်းမိလို့လဲ”

ဇယသီဟက ပြန်ပြောမည်လုပ်စဉ်မှာပင် ရဃုပတိသည်စကားကိုဖြတ်ပြီး ပြောလေ၏။

“မင်းအပေါ်မှာ ငါ နာရီပိုင်းလောက်ကလေး မေတ္တာပျက်ခဲ့ဖူးတာ ကိုများ မင်းတွေ့ခဲ့ဖူးသလား၊ ငါ ဘာအပြစ်များ ကျူးလွန်ခဲ့လို့လဲ ဇယသီဟ၊ ကျူးလွန်ခဲ့တယ်ပဲ ထားပါအုံး…ငါဟာ မင်းရဲ့ ဆရာသမားဖြစ်တယ်၊ မင်းရဲ့ဖခင်သဖွယ် ဖြစ်တယ်၊ ငါ မင်းကို တောင်းပန်ပါတယ်၊ ငါ့ကို သည်းခံပါ၊ ကျေအေးပါ ”

ဇယသီဟသည် ထိတ်လန့်တုန်လှုပ်နေသည်။ သူသည် သူ့ဆရာ၏ ခြေထောက်ကိုဖက်ပြီး ငိုလေတော့သည်။

“ ကျွန်တော် ဘာမှမသိဘူး၊ ကျွန်တော် ဘာမှ နားမလည်ဘူး၊ ကျွန်တော် ဘယ်ကိုသွားနေတယ်ဆိုတာလဲ ကျွန်တော် မသိဘူး”

ရဃုပတိသည် ဇယသီဟ၏လက်ကို ဆုပ်ကိုင်ပြီးပြောလေ၏။

“ဇယသီဟ ငါဟာ မင်းကို ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကစပြီး မွေးမြူကြည့်ရှုလာခဲ့ရတယ်၊ မင်းကို ပညာသင်ကြားပေးတဲ့ နေရာမှာပဲ မိဘထက်တောင် ပိုပြီးကြိုးစားခဲ့တယ်၊ မင်းကို လုံးဝယုံကြည်စိတ်ချတဲ့အတွက် ငါ့ မိတ်ဆွေစစ်တစ်ဦးလိုပဲ ဆိုးတိုင်ပင် ကောင်းတိုင်ပင် လုပ်လာခဲ့တယ်၊ ဒီနေ့ မင်းကို ငါနဲ့ကွဲသွားအောင် ဘယ်သူလုပ်နေသလဲ၊ ကြာမြင့်စွာကာလကစပြီး ခိုင်ခန့်တည်မြဲလာခဲ့တဲ့ မင်းနဲ့ငါရဲ့မေတ္တာနှောင်ကြိုးကို ဘယ်သူက ဖြတ်တောက်ပစ်ဖို့ ကြိုးစားနေသလဲ၊ဘုရားသခင်ကပေးထားတဲ့ မင်းအပေါ်မှာရှိတဲ့ ငါရဲ့ အခွင့်အရေးကိုဘယ်သူကလာပြီး ဖျက်လိုဖျက်ဆီးလုပ်နေတာလဲ၊ ပြောစမ်းပါ ဇယ၊ အဲဒီအယုတ်တမာရဲ့ နာမည်ကို ”

ဇယသီဟက ပြောလေသည်။

“ ဆရာ ရဃုပတိ၊ ဆရာ့ဆီက ကျွန်တော့်ကို ဘယ်သူကမှ ခွဲပစ်တာ မဟုတ်ဘူး၊ ဆရာကိုယ်တိုင်က ကျွန်တော့်ကို တခြား နှင်ထုတ်ပစ်တာ။ ကျွန်တော် အိမ်ထဲမှာပဲ ရှိနေတဲ့ဟာကို ဆရာကပဲ ကျွန်တော့်ကို အိမ်ထဲကဆွဲထုတ်ပြီး လမ်းပေါ်မှာ လွှင့်ပစ်ခဲ့တယ်။ ဘယ်သူဟာ ဘယ်သူ့ အဖေမှလည်းမဟုတ်ဘူး။ ဘယ်သူဟာ ဘယ်သူ့အမေမှလဲ မဟုတ်ဘူး။ ဘယ်သူဟာဘယ်သူ့ ညီအစ်ကိုမှလည်း မဟုတ်ဘူးလို့ ဆရာက ပြောတယ် မဟုတ်လား။ ကမ္ဘာလောကမှာ

ဘယ်သူဟာ ဘယ်သူနဲ့မှ ဆက်စပ်ခြင်း မရှိဘူးလို့လည်း ဆရာကပဲ ပြောတယ် မဟုတ်လား။ မယ်တော်ဆိုတဲ့ အသိအမှတ် နဲ့ကျွန်တော်လေးစားမြတ်နိုးတဲ့ သူကိုလည်း ဆရာကပဲ 'စွမ်းရည်သတ္တိ' တစ်ခုအနေနဲ့ ပြောခဲ့တယ်။ အချင်းချင်း သတ်ကြဖြတ်ကြတဲ့ နေရာမှာ၊ သွေးမြေကျတဲ့ နေရာမှာ၊ ညီအစ်ကိုချင်း ခိုက်ရန်ဖြစ်ကြတဲ့ နေရာမှာ၊ လူနှစ်ဦးနှစ်ယောက် တိုက်ကြခိုက်ကြတဲ့အခါမှာ အဲ့ဒီဆာလောင်မွတ်သိပ်နေတဲ့ 'စွမ်းရည်သတ္တိ' ဟာ သွေးကိုတပ်မက်တဲ့ အာသာရမက်နဲ့ ခွက်ကိုကိုင်ပြီးရပ်စောင့်နေတယ်။ ဆရာကပဲ ကျွန်တော့်ကို မယ်တော်ရဲ့ရင်ခွင်ထဲကဆွဲခေါ်ပြီး ဘီလူးမတိုင်းပြည်ထဲကို နှင်ထုတ်လိုက်တယ် မဟုတ်လား ”

ရဃုပတိသည် အချိန်အတန်ကြာမျှ တွေဝေငေးမောပြီး ထိုင်နေလေသည်။ ထို့နောက် သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်ပြီးပြောလေ၏။

“ဒါဖြင့် မင်းလွတ်လွတ်လပ်လပ် နေပေတော့၊ အချုပ်အချယ် အနှောင်အဖွဲ့မရှိ နေပေတော့။ မင်းအပေါ်မှာရှိတဲ့ ငါ့အခွင့်အရေးတွေကိုငါပြန်နုတ်သိမ်းလိုက်မယ်။ အဲဒီလို လုပ်လိုက်တဲ့အတွက် မင်းစိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်တယ်ဆိုရင် တော်ပါပြီ”

ယင်းသို့ပြောပြီး ရဃုပတိ ထလိုက်လေသည်။ ဇယသီဟက သူ၏ ခြေထောက်ကို ကိုင်ပြီးလျှင် ပြောပြန်လေသည်။

“မဟုတ်ဘူး၊ မဟုတ်ဘူး ဆရာ။ ဆရာက ကျွန်တော့်ကို စွန့်ပစ်ပေမယ့် ကျွန်တော်ကတော့ ဆရာ့ကို မစွန့်ပစ်နိုင်ပါဘူး။ ကျွန်တော် ဆရာ့ခြေရင်းမှာပဲ နေမှာပဲ။ ဆရာအလိုရှိတဲ့အတိုင်း ဖြစ်ပါစေမယ်။ ဆရာပြောပြတဲ့ လမ်းမှတပါး ကျွန်တော့်အတွက် တခြားဘာလမ်းမှ မရှိပါဘူး။

ရဃုပတိသည် ဇယသီဟကို လည်ချင်းယှဉ် ဖက်လိုက်သည်။ သူ၏ မျက်လုံးများမှ မျက်ရည်များစီးပြီး ဇယသီဟ၏ ပခုံးပေါ်တွင် တပေါက်ပေါက် ကျနေလေ၏။

## အခန်း(၁၃)

နတ်ကွန်းထဲ၌ လူအများ စုဝေးရောက်ရှိလာကြ၏။ သူတို့သည် ဆူညံစွာ ဟစ်အော်ကြွေးကြော်နေကြသည်။ ရဃုပတိက အသံခပ်မာမာဖြင့် “ မင်းတို့ ဘာဖြစ်လို့ လာကြသလဲ” ဟု မေးလိုက်လေ၏။

လူအများက တစ်ပြိုင်တည်း ပြန်ဖြေကြ၏။ “မယ်တော်နတ်သမီးကို ဖူးရအောင် လာတာ”

ရဃုပတိက တဖန်ပြန်ပြောလေ၏။ “ မယ်တော် နတ်သမီး ဘယ်မှာလဲ။ သူ ဒီတိုင်းပြည်နိုင်ငံက ထွက်သွားပြီ။ မင်းတို့အထဲက ဘယ်သူ သူ့ကို တားထားနိုင်လို့လဲ။ သူထွက်သွားပြီ ”

လူပ်ရှားဆူပွက်သွားကြလေ၏။ တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုကြလေ၏။

“ပုရောဟိတ်ကြီး၊ ဘယ်လိုပြောနေတာလဲ”

“ကျုပ်တို့ ဘာအပြစ်များ ကျူးလွန်မိလို့လဲ”

“မယ်တော်နတ်သမီးကို တနည်းနည်းနဲ့ ကျေနပ်အောင်လုပ်လို့ မရတော့ ဘူးလား”

“ကျုပ်တူကလေး နေထိုင်မကောင်းဖြစ်နေလို့ ကျွန်တော်ပူဇော်ဝတ်ပြုဖို့ မရောက်တာ နေ့ရက် တော်တော်ကလေး ကြာသွားတယ်”

သူ ဝတ္တရားပျက်ကွက်၍ မယ်တော်က စိတ်ကွက်ပြီး ဤတိုင်းနိုင်ငံ၌ နေဖို့ရန် စိတ်ကုန်သွားသည်ဟု ထိုသူက အယူရှိလေသည်။

“ ကျုပ် မယ်တော်နတ်သမီးကို ဆိတ်နှစ်ကောင် ဗလိနတ်စာကျွေးဖို့ စိတ်ထဲက ပိုင်းဖြတ်ထားတယ်။ အိမ်က အလှမ်းဝေးလှတဲ့အတွက် တော်တော်နဲ့

ရောက်မလာနိုင်ဘူး"

ဆိတ်နှစ်ကောင်ကို ယဇ်နတ်ပူဇော်ဖို့ရန်အတွက် နှောင့်နှေးကြန့်ကြာနေသည့်အတွက် တိုင်းပြည်နိုင်ငံ၌ ဤကဲ့သို့မလိုလားအပ်သောအရာများ ဖြစ်ပွားလာသည်ဟု ထိုသူက တွက်လေသည်။

လူအုပ်ကြီး၏ကြားထဲ၌ ကာယဗလ ကောင်းကောင်းလူတစ်ယောက်ကို တွေ့ရသည်။ ထိုလူသည် တခြားလူများအား ကြိမ်းမောင်းမာန်မဲ၍ အတိတ်ခိုင်းပြီးလျှင် လက်အုပ်ချီပြီး ရဃုပတိအား မေးလေ၏။

"ပုရောဟိတ်ကြီး၊ မယ်တော်နတ်သမီး ဘာဖြစ်လို့ ထွက်သွားတာလဲ၊ ကျုပ်တို့မှာ ဘာအပြစ်ရှိလို့လဲ"

"မင်းတို့က မယ်တော်နတ်သမီးကို သွေးတစ်ပေါက်ကလေးမျှ မပေးဆက်နိုင်ကြဘဲ။ ဒါလား ... မင်းတို့ သူ့ကို ကြည်ညိုတယ်ဆိုတာ" အားလုံးတိတ်ဆိတ်နေကြ၏။ ထို့နောက်မှ စကားကိုဆက်ကြပြန်သည်။ တချို့က အသံတိုးတိုးကလေးဖြင့် ပြောလေ၏။

" ဘုရင့်အမိန့်နဲ့ တားမြစ်ပိတ်ပင်ထားတာ၊ ကျုပ်တို့ ဘာတတ်နိုင်မလဲ"

ဇယသီဟသည် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ထိုင်နေလေ၏။

"မယ်တော် နတ်သမီးက တားမြစ်ပိတ်ပင်ထားတာ "ဤစကားသည် လျှပ်စစ်အဟုန်မျိုးဖြင့် သူ၏လျှာဖျားအထိ တက်လာလေသည်။ သို့ရာတွင် အတင်းမျိုသိပ်ပြီးလျှင် မပြောမိအောင် ထိန်းချုပ်ထားလိုက်လေ၏။

ရဃုပတိသည် ခက်ထန်သောအသံဖြင့် ပြောလေ၏။

"ဘုရင်ဆိုတာ ဘာလဲ။ မယ်တော်နတ်သမီးရဲ့ပလ္လင်ကဘုရင်ရဲ့ပလ္လင်ထက် နိမ့်ကျရမှာလား။ ဒီလိုဆိုရင် ဒီမယ်တော်နတ်သမီးမရှိတဲ့တိုင်းပြည်မှာ မင်းတို့ဘုရင်ကိုပဲ အားကိုး နေကြ။ မင်းတို့ကို ဘယ်သူကစောင့်ရှောက်မယ်ဆိုတာ ကြည့်ရသေးတာပေါ့"

ထိုလူအုပ်ကြီးသည် တုန်လှုပ်ချောက်ချားသွားလေ၏။ အားလုံးပင် သတိထားပြီး စကားပြောကြလေသည်။

ရဃုပတိသည် မတ်တတ်ရပ်ပြီးလျှင် ပြောလေသည်။

" မင်းတို့က ဘုရင်ကိုသာ အကြီးအမှူးအချုပ်လို့ သဘောထားပြီး ကိုယ့်မယ်တော်နတ်သမီးကို တိုင်းပြည်က ထုတ်ပစ်ကြတယ်။ မင်းတို့တစ်တွေဟာ ဘေးမထိရန်မခပဲ ချမ်းချမ်းသာသာနဲ့ နေရတာကို မနှစ်သက်ကြဘူး။ နောက်သုံးနှစ်လောက်လွန်တဲ့အခါ ကြည့်ပါ။ "လောက်ကြီးတဲ့ တိုင်းပြည်ကြီးမှာ မင်းတို့ရဲ့နေရာဌာန အမှတ်အသားရယ်လို့ ကျန်အုံးမလားလို့။ မင်းတို့ရဲ့

မျိုးနွယ်စဉ်ဆက်ဟာ တစ်ခါထဲ သုဉ်းသွား လိမ့်မယ် ”

လူအုပ်ကြီးသည် ပင်လယ်သမ္မုဒ္ဒရာလှိုင်းတံပိုးကဲ့သို့လှုပ်ရှားသွားလေ၏။ လူစုလူဝေးမှာလည်း တစ်စထက်တစ်စများပြားလာလေသည်။ ထိုကာယဗလ ကောင်းကောင်း ပုဂ္ဂိုလ်သည်လက်ယှက်ပြီး ရဃုပတိကို တဖန်ပြောပြန်လေ၏။

“သားသမီး အပြစ်ကျူးလွန်မိရင် မိခင်ဆိုတာ အပြစ်ကိုသည်းခံပြီး သားသမီးကို ဆုံးမတယ်။ မိခင်ဆိုတာ သားသမီးကိုပစ်ပြီးသွားရိုးထုံးစံမရှိဘူး။ ပုရောဟိတ် ကြီး၊ ဘယ်လိုလုပ်ရင် မယ်တော်နတ်သမီးပြန်လာမယ်ဆိုတာကို ပြောပြပါအုံး”

ရဃုပတိက ပြောလေ၏။

“မင်းတို့ရဲ့ဘုရင် ဂေါဝိန္ဒမဏိကျကို နန်းက ချပစ်လိုက်ရင် မယ်တော်နတ်သမီး ဒီတိုင်းပြည်ကို ပြန်လာဖို့ရာ ရှိတယ် ”

ထိုစကားကို ကြားရသောအခါ တလှုပ်လှုပ် တရွရွဖြစ်နေသောလူစုလူဝေး ကြီးသည် မီး ရေနှင့်သတ်လိုက်သလို ငြိမ်းသွားလေ၏။ ပတ်ဝန်းကျင်တွင် ရုတ်တရက် ငြိမ်သက် တိတ်ဆိတ်သွားလေသည်။သူတို့သည် တစ်ဦးမျက်နှာကို တစ်ဦးကြည့်နေကြသည်။ ဘယ်သူမျှစကားတစ်ခွန်း မဟာရဲပေ။

ရဃုပတိသည် ကျယ်လောင်သောအသံဖြင့် ပြောပြန်လေ၏။

“မင်းတို့ မယ်တော်ကြီးကို ဖူးချင်ကြတယ်မဟုတ်လား၊ ကဲ လာလာ. . . ငါနဲ့လိုက်ခဲ့ကြ၊ မင်းတို့က ရပ်ဝေးကနေပြီး မျှော်လင့်ချက်ကြီးစွာနဲ့မယ်တော်ကြီး ကို ဖူးတွေ့ဖို့ လာကြတဲ့ လူတွေဖြစ်တယ်။ ကဲ လာကြ၊နတ်ကွန်းထဲကို လာကြ”

ပရိသတ်အားလုံးသည် တထိတ်ထိတ်နှင့် နတ်ကွန်းဝင်းထဲသို့စုဝင်လာကြ လေ၏။ နတ်ကွန်းအထဲသို့ ဝင်လာသည့် တံခါးမှာပိတ်ထားလေသည်။ ရဃုပတိက ထိုတံခါးကို ဖွင့်လိုက်လေ၏။

အချိန်အတန်ငယ်ကြာသည့်အထိ ဘယ်သူကမျှ စကားမစကြပေနတ်ရုပ်ထု ၏မျက်နှာကို မမြင်ရပေ။ ပရိသတ်ဘက်သို့ ကျောပေးနေသည်ကို တွေ့ရ၏။ မယ်တော်ကြီးသည် မျက်နှာလွှဲနေလေပြီ။ လူစုလူဝေးကြီးဆီကရုတ်တရက် ငိုသံကြားရ၏။

“မယ်တော် တကြိမ်လောက် လှည့်ကြည့်ပါအုံး၊ အကျွန်ုပ်တို့ဘာအပြစ်များ ကျူးလွန်မိလို့လဲ” လေးဘက်လေးတန်မှ “ မယ်တော် ဘယ် ရောက်သွားပြီလဲ၊ မယ်တော်ဘယ်ရောက်သွားပြီလဲ” ဟူ၍ အုတ်အုတ်ကျက်ကျက် ဆူပွက်သော အသံများကို ကြားရလေ၏။ နတ်ရုပ်မှာကျောက်ရုပ်ထုသာ ဖြစ်သည်။ အဘယ်မှာလျှင် လှည့်ကြည့်မည်နည်း။လူပေါင်းများစွာတို့မှာ သတိလစ်ပြီး

ယိုင်လဲသွားကြလေ၏။ကလေးသူငယ်များသည် ဘာမသိ ညာမသိနှင့် ရောယောင်ငိုကြလေ၏။အဖိုးကြီးအချို့မှာ မိခင်ပျောက်သည့် ကလေးငယ်ကဲ့သို့ "မယ်တော်၊မယ်တော်" ဟု ဟစ်အော်ခေါ်ငင်နေကြသည်။ မိန်းမများကမူ ရင်ဘတ်စည်တီးဖြစ်နေကြသည်။ လုလင်များကလည်း ကြေကွဲ သောအသံဖြင့် "မယ်တော် အကျွန်ုပ်တို့ မယ်တော်ကိုမခွဲနိုင်ဘူး၊ ပြန်ခေါ်ရမယ်"ဟု ပြောနေကြသည်။

နတ်ကွန်း၏တံခါးဝ၌ရပ်ပြီး တစ်ပြည်လုံးသည် "မယ်တော်၊ မယ်တော်" ဟု ဟစ်အော်ခေါ်ငင်နေကြသကဲ့သို့ ထင်ရလေသည်။ သို့ရာတွင် မယ်တော်၏ ရုပ်ထုသည် မျက်နှာလွှဲမြဲလွှဲနေလေ၏။ နေ့လယ်မွန်းတည့်ချိန် နေက ခြစ်ခြစ် တောက်အောင် ပူနေလေ၏။ သို့ရာတွင် နတ်ကွန်းထဲ၌ ဟစ်အော်နေကြသော လူစုလူဝေးကြီး၏အသံမှာ ရပ်မသွားသေးပေ။

ထိုအချိန်၌ ဇယသီဟသည် ဒယီးဒီယိုင်ဖြင့် ရဃုပတိအနီးသို့ကပ်လာပြီးလျှင် ပြောလေ၏။

"ဆရာ ကျွန်တော် စကားကလေးတစ်ခွန်းလောက်မှ မပြောရတော့ဘူးလား"

ရဃုပတိက လက်ညှိုးထောင်ပြီး ပြန်ပြောလေ၏။

"ဟင့်အင်း တစ်ခွန်းမှ မပြောရဘူး"

"ယုံမှား သံသယဖြစ်စရာ ဘာအကြောင်းမှ မရှိနိုင်ဘူးလား"

ရဃုပတိက အသံခပ်မာမာဖြင့် ပြောလေ၏။

"မရှိနိုင်ဘူး၊ ဘာအကြောင်းမှ မရှိနိုင်ဘူး"

ဇယသီဟသည် လက်ယှက်ပြီး ပြောလေ၏။

"ဘာမဆို မျက်စိမှိတ်ပြီး ယုံကြည်ရမှာလား"

ရဃုပတိသည် သူ၏ စူးရှသောအကြည့်ဖြင့် ဇယသီဟအား ကြည့်ပြီးလျှင် ပြောလေသည်။

"အေး အေး"

ဇယသီဟသည် သူ၏ရင်ဘတ်ပေါ်တွင် လက်တင်ပြီး ... "အမယ်လေး ငါ့ရင်တော့ကွဲပြီ"ဟု ပြောလေ၏။ ထို့နောက် လူထုအုပ်ထဲမှအပြင်သို့ပြေးထွက် သွားလေ၏။

# အခန်း (၁၄)

ယနေ့ကား ဝါဆိုလဆန်း ၁၄ ရက်နေ့ဖြစ်သည်။ ယနေ့ညပင်နတ်ဒေဝတာ ဆယ့်လေးပါးတို့၏ပူဇော်ပွဲကို ကျင်းပပေလိမ့်မည်။ ယနေ့နံနက်စောစော ထန်းတောထဲမှ နေမင်းထွက်ပြူလာသည့်အခါအရှေ့ဘက်ကောင်းကင်တခွင်တွင် မိုးသားတိမ်တိုက်ကင်းစင်၍ နေလေ၏။ဇယသီဟသည် နေရောင်ခြည်ဖြင့် ပွင့်လန်း၍နေသော ကြည်နူးဖွယ်ဥယျာဉ်ထဲတွင် သွားထိုင်လိုက်သည့်အခါ အတိတ်ကအကြောင်းများကိုပြန်ပြောင်းသတိရလာလေ၏။ ဤဥယျာဉ်ရှိ ကျောက်ဖြင့်ဆောက်လုပ်ထားသည့် နတ်ကွန်း၏ ကျောက်လှေခါးအလယ်တွင် ဤဂေါမတီမြစ်ကမ်းပါးတွင် ဤညောင်ပင်ကြီး၏အရိပ်အောက်တွင် အရိပ် ထိုး၍နေသည့် ဤရေကန်ဘောင်ရိုးတွင် ကုန်ဆုံးကျော်လွန်ခဲ့သော ကလေး အရွယ်က အကြောင်းအရာများကို ပြန်ပြောင်း၍ တွေးတောမိလေ၏။ ကလေးအရွယ်က သူအလွန်နှစ်သက်ခဲ့သော ထိုရှုခင်းတို့သည် ယနေ့လည်း ရယ်ကာပြုံးကာဖြင့် သူ့ကို ခေါ်ငင်နေကြသည်။ သို့ရာတွင် သူ၏စိတ်နှလုံးက "ငါဟာ ခရီးထွက်လာခဲ့တဲ့ လူဖြစ်တယ်၊ ပြန်မလာနိုင်သေးဘူး" ဟု အဖြေ ပေးလျက်ရှိ၏။

ဖြူဖွေးသော ကျောက်သားနတ်ကွန်းပေါ်၌ နေမင်း၏ရောင်ခြည်များသည် ကျရောက်နေကြသည်။ နတ်ကွန်း၏လက်ဝဲဘက် နံရံပေါ်၌ လှုပ်လျက်ရှိသော သရက်ကိုင်းရိပ်သည် ယိမ်းထိုး၍ နေလေသည်။ ငယ်စဉ်တောင်ကျေး ကလေး ဘဝက ဤကျောက်သားနတ်ကွန်းကို အသက်ဝိညာဉ်ရှိသည်ဟူသော အမှတ်ဖြင့် လှေခါးထစ်များတွင်ထိုင်ပြီး ကစားနေသည့်အခါ ဤကျောက်သားလှေခါးများကို ဇယသီဟသည် သူ၏အဖော်ဟုအောက်မေ့ခဲ့လေသည်။ ယနေ့နံနက်ခင်း

နေရောင်ခြည်အောက်တွင်ဇယသီဟသည် နတ်ကွန်းကို ယခင်က နည်းအတိုင်း အသက်ဝိဉာဉ်ရှိသည်ဟုထင်နေလေ၏။ ထိုကြောက်လှေခါးများကိုလည်း ယခင်ကကဲ့သို့သူ၏အဖော်ဟု သဘောထားပြီး ကလေးသူငယ်အကြည့်ဖြင့် ကြည့်၍ နေလေ၏။ နတ်ကွန်းအတွင်းရှိ နတ်သမီးကို ယနေ့တစ်ဖန် 'မယ်တော်' ဟု ခေါ်လိုသည့်စိတ် ပေါ်လာလေသည်။ သို့ရာတွင် စိတ်ထွေသွားလေ၏။ သူ၏ မျက်လုံးနှစ်လုံးမှ မျက်ရည်ပေါက်များ စီးကျလာလေ၏။

ရဃုပတိလာသည်ကိုတွေ့ရ၍ ဇယသီဟသည် မျက်လုံးမှမျက်ရည်များကို သုတ်ပြီးလျှင် သူ၏ဆရာကို အရိုအသေပေးပြီးရပ်နေလေ၏။ ရဃုပတိက ပြောလေသည်။ " ဒီနေ့ပူဇော်ပွဲကျင်းပမယ့်နေ့ဖြစ်တယ်၊ မယ်တော်နတ်သမီးရဲ့ ခြေတော်ကိုထိပြီးဘယ်လိုသစ္စာဆိုထားတယ်ဆိုတာ မှတ်မိသေးရဲ့လား "

" ဟုတ်ကဲ့၊ မှတ်မိပါတယ် "

" သစ္စာဆိုထားတဲ့အတိုင်း ဆောင်ရွက်မယ်လား "

" ဟုတ်ကဲ့၊ ဆောင်ရွက်ပါ့မယ်"

" ဆောင်ရွက်မယ်ဆိုရင် သတိဝီရိယနဲ့ ဆောင်ရွက်ရလိမ့်မယ်နော်သိလား၊ အသက်အန္တရာယ်ရှိတယ်။ ငါ မင်းအတွက် လုံခြုံစိတ်ချရအောင်ဆိုပြီးတိုင်းသူပြည်သားတွေကို ဘုရင့်ဆန့်ကျင်ရေး လှုံ့ဆော်ပေးခဲ့ခြင်းဖြစ်တယ်"

ဇယသီဟသည် မတုန်မလှုပ်နှင့် ရဃုပတိ၏မျက်နှာကိုသာလျှင်ကြည့်နေလေ၏။ စကားတစ်ခွန်းမျှပင် ပြန်လှန်ပြောဆိုခြင်း မရှိပေ။ရဃုပတိသည် သူ၏ဦးခေါင်းပေါ်တွင် လက်တင်လိုက်ပြီး ပြန်ပြောလေ၏။

" ငါရဲ့ဆုတောင်းနဲ့ မင်း ကိုယ့်အလုပ်ဝတ္တရားကို ဘေးမထိရန်မခပဲ ဆောင်ရွက်လုပ်ကိုင်နိုင်ပါလိမ့်မယ်။ မယ်တော်ရဲ့အမိန့်အာဏာကိုလဲ လိုက်နာဆောင်ရွက်နိုင်ပါလိမ့်မယ်" ယင်းသို့ပြောပြီး ရဃုပတိ ထွက်သွားလေ၏။

နေ့သုံးပဟိုရ်လောက်တွင် ဘုရင်ကြီးသည် ခန်းဆောင်တစ်ခုထဲတွင်ထိုင်ပြီး ဓုဝနှင့်အတူ အပျင်းပြေကစားနေလေ၏။ ဓုဝ၏အမိန့်ဖြင့်ဘုရင်ကြီးသည် ဦးခေါင်းပေါ်က မကိုဋ်ကို ချွတ်လိုက်ပြန်တပ်လိုက်လုပ်ပြရလေ၏။ ဘုရင်မင်းကြီး၏ ယင်းအပြုအမူကိုကြည့်ပြီး ဓုဝသည်ခွက်ထိုးခွက်လန် ရီလေသည်။ ဘုရင်က ပြုံးပြီးပြောလေ၏။

"ငါ အကျင့်ရအောင်လုပ်နေတာ သူတို့ရဲ့ အမိန့်ဩဇာနဲ့ ဒီမကိုဋ်ကို လွယ်လင့်တကူ တပ်နိုင်သလို သူတို့ရဲ့ အမိန့်ဩဇာနဲ့ ဒီမကိုဋ်ကိုလွယ်လင့်တကူ ချွတ်နိုင်ဖို့ အရေးကြီးတယ်။ မကိုဋ်ကိုဆောင်းဖို့ရာမလွယ်ဘူး၊ မကိုဋ်ချွတ်ဖို့ရာက သာပြီး မလွယ်ကူသေးတယ် "

ထိုနောက်တွင် ဘုရင်ကြီးသည် မကိုဋ်ချွတ်ယူပြီး ခုဝခေါင်းပေါ်တွင်စွပ်ပေးလိုက်လေ၏။ ခုဝ၏မျက်နှာတစ်ဝက်သည် မကိုဋ်ထဲတွင်ဖုံးအုပ်၍နေလေ၏။ မကိုဋ်တပ်ထားသော ဦးခေါင်းကလေးကိုလှုပ်ရမ်းပြီးလျှင် ခုဝသည် မကိုဋ်လက်မဲ့ဖြစ်နေသော ဘုရင်ကြီးအားအမိန့်ပေးလေ၏။

"ပုံပြောပါ"

"ဘာပုံ ပြောရမလဲ"

"မမပြောတဲ့ပုံ ပြောပါ"

ခုဝ ပုံပြင်အဖြစ် သိရှိနားလည်သော ပုံပြင်များမှာ သူ့မမပြောပြသော ပုံပြင်များချည်းသာ ဖြစ်လေသည်။ သူ့မမက သူ့အားပြောပြသော ပုံပြင်များမှ တစ်ပါး လောကတွင် တခြားပုံပြင်ဟူ၍မရှိဟု သူ အယူရှိလေသည်။

ဘုရင်မင်းကြီးသည် ရှေးဟောင်းပုံပြင်တစ်ခုကို ပြောလေ၏။

"ဟို ရှေးရှေးတန်းက ဟိရညကသိပု အမည်ရှိတဲ့ဘုရင်တစ်ပါးရှိတယ်တဲ့" ဘုရင်ဟူသောစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ခုဝကပြောလေ၏။ "ဟင် သူဘုရင်မဟုတ်ဘူး၊ ကျွန်တော်ဘုရင်"

သူ၏ခေါင်းပေါ်တွင် စွပ်ထားသော မကိုဋ်၏အရှိန်ကြောင့် ခုဝသည် ဟိရညကသိပု၏ ဘုရင်အဖြစ်ကို လက်ခံလိုစိတ်မရှိပေ။

မင်းလိုလိုက်ပြီး မင်းကြိုက်ပြောသော နန်းတွင်းသားများကဲ့သို့ဂေါဝိန္ဒမဏိကျသည် မကိုဋ်ဆောင်းထားသောသူငယ်ကိုနှစ်သိမ့်ကျေနပ်စေရန် "မင်းလဲ ဘုရင်၊ သူလဲ ဘုရင်ပဲ" ဟု ပြောလေ၏။

ခုဝသည် ယင်းကိုလည်း မကျေနပ်သေးပေ။ ငြင်းပယ်လိုက်ပြန်လေ၏။

"ဟင့်အင်း၊ ကျွန်တော်သာ ဘုရင်"

နောက်ဆုံးတွင် ဘုရင်မင်းကြီးသည် လက်လျှော့လိုက်ရတော့၏။

"အေးဟုတ်တယ်၊ ဟိရညကသိပုက ဘုရင်မဟုတ်ဘူး။ ဘီလူး၊ ဘီလူး"

ခုဝ သဘောကျသွားလေ၏။ ထိုအခိုက်တွင် နက္ခတ္တရာယသည် ထိုခန်းဆောင်ထဲသို့ ဝင်လာပြီးပြောလေ၏။ "နောင်တော် ဘုရင်မင်းကြီးက မင်းမှုကိစ္စတစ်ခုရှိလို့ ညီတော်ကိုခေါ်တယ်ဆိုလို့ လာခဲ့တာပါ။ အရှင်မင်းကြီးရဲ့ အမိန့်အာဏာကို စောင့်မျှော်နေပါတယ်"

ဘုရင်က ပြောလေ၏။

"ခဏနေအုံး၊ ပုံကို အဆုံးသတ်လိုက်ပါရစေအုံး"

ယင်းသို့ပြောပြီးလျှင် ဘုရင်ကြီးသည် ချက်ချင်းပင် ပုံကို နိဂုံးချုပ်လိုက်လေ၏။ ခုဝသည် ဘီလူးက သိပ်ဆိုးတယ်နော်ဟူ၍ ပုံအပြီးတွင် မှတ်ချက်

ချလိုက်လေသည်။

ဓုဝ၏ဦးခေါင်းပေါ်တွင် မကိုဋ်တင်ထားသည်ကို နက္ခတ္တရာယသည် နှစ်မြို့ခြင်း မရှိပေ။ နက္ခတ္တရာယ သူ့ဘက်သို့ စောင်းငဲ့ကြည့်ရှုသည်ကို တွေ့ရသောအခါ ဓုဝသည် မျက်နှာခပ်တည်တည်ဖြင့် "ကျွန်တော်က ဘုရင်" ဟု ပြော လိုက်လေ၏။

နက္ခတ္တရာယသည် "ဟဲ့ ကောင်လေး၊ ဘာမဟုတ်တယုတ်တွေ ပြောနေတာလဲ" ဟု ပြောပြောဆိုဆို ဓုဝ၏ဦးခေါင်းမှ မကိုဋ်ကို ဖြုတ်ယူပြီးဘုရင်ကြီး၏ လက်ထဲ ထည့်မည့်ဟန်ပြင်လေ၏။ ဓုဝသည်မကိုဋ်အလုခံရတော့မည် ဖြစ်သည့်အတွက် တကယ့်ဘုရင်ကဲ့သို့အော်ဟစ်လေ၏။ ဂေါဝိန္ဒမဏိကျ၊က သူ့ကို ကျရောက်လာမည့်ဘေးအန္တရာယ်မှ ကယ်ဆယ်လိုက်လေ၏။ နက္ခတ္တရာအား ယင်းသို့မလုပ်ရန် တားမြစ်လိုက်လေသည်။

ထို့နောက် ဂေါဝိန္ဒမဏိကျ၊က နက္ခတ္တရာယအား ပြောလေသည်။

"ရဃုပတိ ပုရောဟိတ်ဟာ ပြည်သူလူထုတွေကို ဆွပေးနေတယ်လို့ ကြားတယ်။ မင်း ကိုယ်တိုင် မြို့တွင်းကိုသွားပြီး အဲဒါ ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုတာ ခရေစေ့တွင်းကျ စုံစမ်းပြီး ငါ့ကိုအကြောင်းကြားစေချင်တယ် "

"အမိန့်တော်အတိုင်းပါ" ယင်းသို့ ပြောပြီး နက္ခတ္တရာယသည် ထွက်သွားလေ၏။ သူသည် ထွက်ပင်ထွက်သွားသော်လည်း ဓုဝဦးခေါင်းတွင် မကိုဋ်တပ်ထားသည်ကိုမူ အနည်းငယ်မျှ နှစ်မြို့ခြင်းမရှိပေ။

တံခါးမှူးက လာပြီးလျှောက်ထားလေ၏။

"ပုရောဟိတ်ကြီးရဲ့တပည့် ဇယသီဟက ဘုရင်ကြီးကိုဖူးတွေ့ဖို့တံခါးဝမှာ ရပ်နေပါတယ် "

ဘုရင်က အမိန့်ပေးလိုက်လေ၏။

"အတွင်းဝင်လာပေစေ" ဇယသီဟသည် ဘုရင်ကြီးကို လက်ယှက်ပြီး ပြောပြလေ၏။

"ဘုရင်မင်းကြီး၊ ကျွန်တော်မျိုးအလွန် ခရီးအလှမ်းဝေးလှတဲ့ အရပ်ဒေသ တစ်ခုကို သွားတော့မယ်။ အရှင်မင်းကြီးဟာ ကျွန်တော်တို့ရဲ့ဘုရင်လဲဖြစ်တယ်။ ဆရာသမားလဲ ဖြစ်တယ်။ ဒါကြောင့်မို့ အရှင်မင်းကြီးဆုတောင်းမေတ္တာခံယူဖို့ လာခဲ့ရခြင်း ဖြစ်ပါတယ် "

ဘုရင်မင်းကြီးက မေးလေ၏။

"ဇယသီဟ၊ ဘယ်ကို သွားမလို့လဲ"

"ဘယ်သွားရမယ်ဆိုတာ မသိပါဘူး၊ ဘယ်သူမှလဲပြောနိုင်မှာမဟုတ်ဘူး"

ဘုရင်ကြီးက တစ်စုံတစ်ခုကိုပြောရန် ဟန်ပြင်သည်ကို တွေ့ရသဖြင့် ဇယသီဟ သည် ဆက်၍ပြောပြန်လေသည်။ 'အရှင်မင်းကြီး၊ ဟန့်တားမယ်တော့ မကြံပါနဲ့။ အရှင်မင်းကြီး ဟန့်တားလိုက်ရင်ကျွန်တော်မျိုးရဲ့ ခရီးလမ်းကြောင်းဟာ အောင်မြင်ထမြောက်တော့မှာမဟုတ်ဘူး။ ဒီမှာနေရတဲ့အတွက် ကျွန်တော်မျိုး စိတ်နှလုံးမှာ ပေါ်ပေါက်နေတဲ့ ယုံမှားသံသယများဟာ ဟိုရောက်သွားရင် ပျောက်ကင်းရှင်းလင်းသွားပါစေ၊ ဒီနေရာမှာ ကျွန်တော်မျိုးအပေါ် လွှမ်းနေတဲ့ တိမ်တိုက်တစ်မျိုးဟာ ဟိုကျရင်ပြိုကွဲပျောက်လွင့်သွားပါစေဆိုတဲ့ ဆုမွန်ကိုပဲ ကျွန်တော်မျိုးကို ပေးပါတော့။ အရှင်မင်းကြီးလို သဘောထားရှိတဲ့ ဘုရင်မင်းမြတ်ရဲ့နိုင်ငံကို သွားပြီးငြိမ်းချမ်းမှုကို ခံယူတော့မယ်"

ဘုရင်က မေးလေ၏။

"ဘယ်တော့ သွားမလဲ"

" ဒီနေ့ ညနေပဲ။ အချိန်သိပ်မရှိတော့ဘူး အရှင်မင်းကြီး။ ဒါကြောင့်အခု ကျွန်တော်မျိုးကို သွားခွင့်ပြုပါတော့ " ယင်းသို့ပြောပြီး ဇယသီဟသည် ဘုရင်မင်းကြီး၏ခြေထောက်ကို ဦးတိုက်လိုက်လေသည်။ ထိုအခိုက် သူ၏ မျက်လုံးများမှ မျက်ရည်နှစ်ပေါက်သည် ဘုရင်မင်းကြီး၏ ခြေထောက်ပေါ် ကျသွားလေသည်။

ဇယသီဟ ထွက်သွားတော့မည်လုပ်သည့်အခါ ဓုဝသည် မရဲတရဲနှင့် သူ့အနီးသို့ ကပ်သွားပြီးလျှင် ဇယသီဟ၏အဝတ်စကိုဆွဲပြီး "မသွားရဘူး" ဟု ပြောလေ၏။

ဇယသီဟသည် ရယ်လိုက်လေ၏။ ထိုနောက် ဓုဝကို ပွေ့ချီလိုက်ပြီးလျှင် တစ်ချက်နမ်းရှုတ်ပြီး ပြောလေ၏။

"ငါ ဘယ်သူ့ဆီမှာ နေရမလဲ။ ငါ့မှာ ဘယ်သူ ရှိလို့လဲ"

ဓုဝက ပြောလေသည်။

"ကျွန်တော်ဘုရင်"

"အေး၊ မင်းဟာ ဘုရင်တကာ့ ဘုရင်ပါဘဲ။ ချစ်ခြင်းမေတ္တာနဲ့ မင်းဟာ အားလုံးကို ဖွဲ့နှောင်ထားတယ်"

ယင်းသို့ပြောပြီးလျှင် ဇယသီဟသည် ဓုဝကို ရင်ခွင်ထဲမှချပြီး ခန်းမဆောင်ထဲမှ ထွက်ခွာသွားလေ၏။ ဘုရင်မင်းကြီးသည် အချိန်အတန်ကြာမျှ တွေဝေစဉ်းစားနေလေ၏။

# အခန်း(၁၅)

ယနေ့ကား ဝါဆိုလဆန်း ဆယ့်လေးရက်နေ့ဖြစ်၏။ ကောင်းကင်ပြင်၌ မိုးတိမ် အုံ့ဆိုင်းနေသည်။ လမင်း ထွက်ပြူလာလေပြီ။ ကောင်းကင်တစ်ခွင်၌ တချို့နေရာတွင် လရောင်ထွန်းပနေပြီး တချို့နေရာတွင် တိမ်တိုက်များ မဲမှောင်နေသည်။ လမင်းသည် တစ်ခါတစ်ရံ ထွက်ပေါ်လာပြီးတစ်ခါတစ်ရံတွင် မိုးသားတိမ်လိပ်တို့၏ကြားတွင် ပုန်းကွယ်၍ နေလေသည်။ဂေါမတီမြစ်ကမ်းပါးရှိ တောတန်းကြီးသည် လမင်းဆီကို လှမ်းမျှော်ကြည့်ပြီးလျှင် မကြာခဏ သက်ပြင်းကြီးချချနေသကဲ့သို့ထင်ရလေသည်။

ယနေ့ည အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ရဟု အမိန့်ထုတ်ထားလေသည်။ ညဥ့်အချိန်၌ အိမ်တွင်းမှ အိမ်ပြင်ထွက်သူဟူ၍ မရှိလှပေ။ သို့ရာတွင် ယနေ့ အထူးသဖြင့် ပိတ်ပင်တားမြစ်ထားသည်ဖြစ်၍ လမ်းမကြီးငယ်တို့မှာ သာ၍ပင် လူသူဆိတ်သုဥ်းပြီး ငြိမ်သက်တိတ်ဆိတ်နေလေ၏။ မြို့တွင်းရှိ လူအားလုံးတို့မှာ မီးကိုငြိမ်းပြီးလျှင် အိမ်တံခါးကို ပိတ်ထားကြလေသည်။ လမ်းမများ၌ အစောင့် တစ်ဦးတစ်လေမျှပင် မရှိပေ။ ယနေ့အဖို့တွင်သူခိုးသူဝှက်များပင် အိမ်တွင်းမှ အိမ်ပြင်မထွက်ကြပေ။ သုဿန်သို့သွားပြီးမီးသင်္ဂြိုဟ်ရန် ရှိနေသူများသည်ပင်လျှင် အလောင်းကို အိမ်မှာထားပြီး နံနက်မိုးအလင်းကို ငံ့လင့်နေကြလေသည်။ ကလေး အလောသုံးဆယ်ဖြစ်နေသည့် အိမ်ရှင်များသည်လည်း ဆေးဆရာကို ခေါ်ဖို့ရန် အိမ်အပြင်သို့ မထွက်ရဲကြပေ။ အရင့်အရင်နေ့များက လမ်းဘေးရှိ သစ်ပင် အောက်များတွင် အိပ်လေ့ရှိကြသည့် ဖုန်းတောင်းယာစကာများသည် ယနေ့ ညတွင် အိမ်ဘေးရှိ နွားတင်းကုတ်များတွင် လာရောက်အိပ်ကြလေ၏။

ယနေ့ညတွင် တောခွေးနှင့် အိမ်ခွေးတို့သည် မြို့အတွင်းရှိ လမ်းကြီး

လမ်းငယ်အသွယ်သွယ်တို့၌ လှည့်လည်ကျက်စားနေကြလေ၏။ လူပုဂ္ဂိုလ်များ အနက်မှ ယနေ့ အိမ်တွင်းမှ အိမ်ပြင်ထွက်သူတစ်ဦးတည်းသာ ရှိလေသည်။ ထိုပုဂ္ဂိုလ်မှတစ်ပါး တခြားမည်သူမျှ အပြင်သို့မထွက်ပေ။ ထိုသူသည် မြစ်ကမ်း ပါးရှိ ကျောက်တုံးပေါ်၌ ဒါးမြှောင်တစ်ခုကိုသွေးနေရင်း တွေဝေပြီး ဘာကိုစဉ်းစား နေသည်မသိပေ။ ဓားသွားမှာ ထက်လှလေပြီ။ သို့ရာတွင်ထိုသူသည် ဓားကို သွေးရင်းနှင့် သူ၏အကြံကိုလည်း ထက်အောင် သွေးနေသကဲ့သို့ ထင်ရလေ၏။ ထိုကြောင့်ပင်လျှင် သူ၏ သွေးနေသည့်ကိစ္စဆုံးခန်းသို့ မရောက်သေးခြင်း ဖြစ်ဟန်တူသည်။ ကျောက်ဖြင့်ထိပြီးမြဲနေသည့် ဓားသည် တချွင်ချွင်မြည်ပြီးလျှင် လူသားစားလိုလှသဖြင့် သွေးပူ၍နေလေပြီ။ ထိုတခဲနက် မှောင်မိုက်နေသည့်ညဥ့်၌ အမိုက်တိုက် မြစ်ရေလျှဉ်ကြီးစီးဆင်းနေသလားဟု အောက်မေ့ရလေသည်။ ကမ္ဘာလောကပေါ်၌အမိုက်မှောင်အတိပြီးသော ညဥ့်၏ ပဟိုရ်များသည် တစ်ခုပြီးတစ်ခုကုန်ဆုံးကျော်လွန်နေကြသည်။ ကောင်းကင်ပြင်၌ တခဲနက် မှောင်မိုက်နေသော မိုးသားတိမ်တိုက်တို့သည် တရွေ့ရွေ့နှင့် ရွေ့လျားသွားလာ နေကြသည်။

ထို့နောက် မိုးဖွဲကလေးကျလာမှ ဇယသိဟသည် သတိရလာလေ၏။ သူသည် ပူနေသည့်ဓားကို ဓားအိမ်ထဲတွင်ထည့်ပြီး ထလိုက်လေ၏။ ပူဇော်ချိန် နီးကပ်လာလေပြီ။ သူသည် သူကတိသစ္စာဆိုထားသည်ကိုသတိရလာလေ၏။ ယခုအချိန်တွင် အနည်းငယ်မျှ ဆုတ်ဆိုင်းနေရန် သင့်လျော်တော့မည်မဟုတ်ပေ။

ရာထောင်မကသော ဆီမီးတို့ဖြင့် ယနေ့ နတ်ကွန်းသည် ဝင်းလက်တောက်ပ နေ၏။ နတ်ဆယ့်လေးပါးတို့၏အလယ်၌ ရပ်တည်ပြီးကာလီနတ်သည် လူ့အသွေးကို သောက်မျိုရန်အတွက် လျှာတပြင်ပြင်ဖြစ်နေလေ၏။ နတ်ကွန်းရှိ အခြားအလုပ်သမားများကို ပြန်လွှတ်လိုက်ပြီးလျှင် ရဃုပတိသည် နတ်ကွန်း ထဲတွင် နတ်ဆယ့်လေးပါးတို့၏ရှေ့မှောက်၌ တစ်ကိုယ်တည်းထိုင်နေလေ၏။ သူ၏ရှေ့၌ ဓားတစ်လက်ကိုချထားလေသည်။ ထိုဓားသည် ဆီမီးရောင်အောက် တွင်တလက်လက်တောက်ပပြီး နတ်ဒေဝီ၏ အမိန့်အာဏာကို လိုက်နာဆောင် ရွက်ဖို့ရန် ငံ့လင့်စောင့်စားနေသကဲ့သို့ ထင်ရလေသည်။

ညဥ့်သန်းခေါင်လောက်တွင် ပူဇော်ပွဲ ကျင်းပရမည့်အချိန်နီးကပ်လာလေပြီ။ ရဃုပတိသည် စိတ်တထင့်ထင့်နှင့် ဇယသိဟပြန်အလာကို စောင့်မျှော်နေလေ၏။ ရုတ်တရက် လေဗွေ့ရမ်းတိုက်ခတ်လာလေ၏။ မိုးလည်းတဖျောက်ဖျောက် ရွာလာလေပြီ။ လေအရှိန်ကြောင့် နတ်ကွန်းတွင် ထွန်းညှိထားသော မီးလျှံ မီးညွန့်တို့မှာ ယိမ်းထိုးလှုပ်ရှားနေကြသည်။ဓားအိမ်မှ ချွတ်ထားသော ဓားပေါ်၌

ဝင်းကနဲလျှပ်စီးလက်သွား၏။ ရဃုပတိနှင့် တစ်ဆယ့်လေးပါးသော နတ်ဒေဝတာတို့၏အရိပ်သည် အသက်ရှိသူများကဲ့သို့ ယိမ်းကနေကြသည့် မီးညွန့်မီးလျှံများ၏စည်းချက်လိုက်ပြီး နတ်ကွန်း၏နံရံပေါ်၌ ကနေကြလေ၏။ ဦးခေါင်းခွံရိုးတစ်ခုသည် လေအဟုန်နှင့်ပါလာပြီး အိမ်နှင့်ထိပြီးလျှင် ခွပ်ခနဲမြည်သွားလေ၏။ လင်းနို့ နှစ်ကောင်သည် နတ်ကွန်းထဲတွင် သစ်ရွက်ခြောက်အသွင်ကဲ့သို့ တဖြတ်ဖြတ်နှင့် ဟိုမှသည်မှ ပျံသန်းနေကြ၏။ သူတို့၏အရိပ်များလည်း နံရံပေါ်တွင် ပျံနေကြသည်။

နှစ်ပဟိုရ် တီးသွားလေပြီ။ အစပထမတွင် အနီးအနားမှ၊ ထို့နောက်တွင် ခပ်လှမ်းလှမ်းမှ တောခွေးတို့သည် ဆူညံစွာ အူကြလေ၏။ လေတိုက်သံမှာလည်း သူတို့၏ အူသံနှင့်ရောပြီး တဟီးဟီးတဟူးဟူးနှင့် ငိုနေသလားဟု အောက်မေ့နေရသည်။

ပူဇော်ချိန် ရောက်လာလေပြီ။ ရဃုပတိသည် သွေးလန့်နေလေ၏။ ထိုအခိုက်တွင် ကမ္ဘာပျက်လေမုန်တိုင်းကဲ့သို့ ဇယသီဟသည် ညဉ့်၏တစ်ခဲနက် မှောင်မိုက်နေသော အမိုက်တိုက်ထဲမှ ထွက်လာပြီးလျှင် နတ်ကွန်း၏အလင်းရောင်ထဲ ဝင်ရောက်လာလေ၏။ သူ၏တကိုယ်လုံးမှာ စောင်ကြီးတစ်ခုဖြင့် ခြုံထားလေသည်။ မိုးလည်း ရွှဲရွှဲစိုနေ၏။ အသက်ကိုလည်း ဟောဟဲဟောဟဲနှင့် အပြေးအလွှား ရှူ၏။ မျက်လုံးများမှာမူ မီးပွားများ ထွက်နေသလားဟု အောက်မေ့နေရသည်။

ရဃုပတိသည် ဇယသီဟကို ဖမ်းကိုင်လိုက်ပြီးလျှင် နားနားကပ်ပြီး တိုးတိုးကလေး မေးလိုက်၏။

"ဘုရင့်သွေး ယူလာခဲ့ရဲ့လား "

ဇယသီဟသည် သူ၏လက်ကို ခါတွက်လိုက်ပြီးလျှင် ကျယ်လောင်သော အသံဖြင့် ပြောလေသည်။

" ယူလာခဲ့တယ်၊ ဘုရင့်သွေးကို ယူလာခဲ့တယ်။ ဆရာဖယ်၊ ကျွန်တော် မယ်တော်နတ်သမီးကို ပူဇော်ပသလိုက်မယ် "

သူ၏ ထိုစကားများကြောင့် နတ်ကွန်းသည် တုန်လှုပ်သွားသလားဟု အောက်မေ့ရလေသည်။ ကာလီနတ်သမီး၏ ရှေ့မှောက်၌ရပ်လျက် ဇယသီဟသည် ပြောလေ၏။

"မယ်တော်၊ မယ်တော်ဟာ ကိုယ့်သားသမီးတွေရဲ့သွေးကို ချင်ခြင်း ဖြစ်နေတယ်ဆိုတာ တကယ်ပဲလား။ ဘုရင့်သွေးမရရင် သင်မယ်တော် နတ်သမီးရဲ့ ဆာလောင်မွတ်သိပ်ခြင်း မပြေပျောက်တော့ဘူးလား။ ကျွန်ုပ်ဟာ မွေးကတည်း

ကစပြီး သင်နတ်သမီးကို မယ်တော်လို့အမှတ်ထားလာခဲ့ပါတယ်။ တခြားဘယ်သူ့ကိုမှ ဂရုမစိုက်ခဲ့ပါဘူး။ အကျွန်ုပ်ဘဝရဲ့ ရည်ရွယ်ချက်ရယ်လို့လဲ တခြားထွေထွေထူးထူးဘာမျှမရှိပါဘူး။ အကျွန်ုပ်ဟာ ဘုရင့်အနွယ်ထဲက ဖြစ်တယ်။ ခတ္တိယအမျိုးသားဖြစ်တယ်။ အကျွန်ုပ်ရဲ့အဘိုးဟာ ဘုရင်တစ်ဦး ဖြစ်ခဲ့တယ်။ အကျွန်ုပ်ရဲ့အဖွားဘက်က အဆက်အနွယ်တွေဟာ အခုထက်တိုင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြတုန်းရှိတယ်။ ဒါကြောင့်မို့ သင်မယ်တော်ရဲ့ဟောဒီသားတော်မောင်ရဲ့ သွေးဟာလဲ ဘုရင့်သွေးပဲ မဟုတ်ပါလား ”

ယင်းသို့ပြောပြီးနောက် ဇယသီဟ၏ကိုယ်ပေါ်တွင်ခြုံထားသောစောင်သည် အောက်သို့ ပုံကျသွားလေသည်။ ဇယသီဟသည် ခါးထဲမှာ ဓားမြှောင်ကို ထုတ်လိုက်လေသည်။ ဓားရောင်သည်ဝင်းကနဲလက်သွားလေ၏။ သူသည် ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ထိုဓားဖြင့် သူ၏ရင်ဘတ်တွင်တေ့ပြီး တအားစိုက်ထိုးလိုက်လေ၏။ သေမင်း၏ ထက်လှသောအစွယ်သည် သူ၏အသဲနှလုံးဆိုင်တွင် စူးဝင်သွားလေသည်။ သူသည် နတ်ရုပ်ထု၏ခြေရင်းတွင် ဘိုင်းကနဲ လဲကျသွားလေ၏။ သို့ရာတွင် ကျောက်ရုပ်ထုမှာမူ စိုးစဉ်းမျှ လှုပ်ရှားခြင်းမရှိပေ။

ရဃုပတိသည် ဟစ်အော်လိုက်လေသည်။ ဇယသီဟကို ထူမလေသည်။ သို့ရာတွင် မ၍မရပေ။ နောက်ဆုံး၌ သူလည်း ဇယသီဟ၏ အလောင်းပေါ်၌ ပစ်လဲကျသွားလေ၏။ သွေးများသည် တပွက်ပွက်ထွက်လာပြီး နတ်ကွန်း၏ ဖြူဖွေးသော ကျောက်သားပေါ်တွင် လဟောစီးသွားလေ၏။ ဆီမီးများသည် လည်း တခုပြီးတခု အားလုံးငြိမ်သွားကြလေ၏။ ထိုတစ်ခဲနက် မှောင်မိုက်နေသော အမိုက်တိုက်ထဲ၌ တစ်ညလုံး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အသက်ရှုသံမျှကိုသာ လျှင် ကြားရလေသည်။ညဥ့်သုံးဗဟိုရ်လောက်ရှိသောအခါတွင် လေလည်းငြိမ်၊ မိုးလည်းစဲသွားလေ၏။ အရပ်ထက်ဝန်းကျင်တွင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ညဥ့်၏နောက်ဆုံးဗဟိုရ်၌မူ မိုးသားတိမ်တိုက်တို့၏အကြားမှ ထွက်လာပြီးလျှင် လမင်း၏အရောင်သည် နတ်ကွန်းထဲတွင် ဝင်ရောက်နေလေသည်။ လရောင်သည် ဇယသီဟ၏အရောင်မှဲ့နေပြီဖြစ်သည့်မျက်နှာပေါ်၌ ကျရောက်၍နေလေ၏။ တစ်ဆယ့်လေးပါးသော နတ်ဒေဝတာတို့သည် ထိုအရာကို စူးစိုက်ကြည့်ရှုနေကြ၏။

နံနက်ခင်း တောထဲတွင် ကျေးငှက်များ တွန်မြည်ကျမှ ရဃုပတိသည် ထိုအလောင်းပေါ်က ထလေသည်။

# အခန်း (၁၆)

ဘုရင်မင်းမြတ်၏အမိန့်ဖြင့် နက္ခတ္တာရာယသည် တိုင်းသူပြည်သားတို့၏ မကျေနပ်ချက်များကို ကိုယ်တိုင်ကိုယ်ကျ လေ့လာစုံစမ်းရန်အလို့ငှာ အပြင်ဘက်သို့ ထွက်လာခဲ့လေသည်။ နတ်ကွန်းကို သွားရန်မလိုဟု သူအကြံဖြစ်မိလေသည်။ ရဃုပတိ၏ရှေ့မှောက်သို့ ရောက်သွားလျှင် သူသည် စိတ်တစ်မျိုးတစ်ဖုံဖြစ်သွားပြီး ကိုယ့်ကိုယ်ကိုလည်းမထိန်းချုပ်နိုင်ဖြစ်သွားတက်လေသည်။ ရဃုပတိ၏ ရှေ့မှောက်သို့ သွားဖို့ရန်သူသည် စိတ်ဆန္ဒလုံးဝမရှိပေ။ ထို့ကြောင့် ရဃုပတိ မမြင်အောင်ပုန်းလျှိုးကွယ်လျှိုးဖြင့် ဇယသီဟ၏အခန်းထဲသို့သွားပြီး သူ့ဆီက အကြောင်းအရာဥဿုံကို စုံစမ်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

နက္ခတ္တာရာယသည် မရဲတရဲဖြင့် ဇယသီဟ၏ အခန်းထဲသို့ ဝင်လိုက်၏။ အခန်းထဲသို့ ဝင်လိုက်သည်နှင့်တပြိုင်နက် ပြန်သွားတာက ကောင်းလိမ့်ဦးမည်ဟု အကြံဖြစ်ပေါ်လာသည်။ ဇယသီဟ၏ စာအုပ်များ၊အဝတ်အစားများနှင့်တကွ တခြား အသုံးအဆောင်ပစ္စည်းများသည်ဟိုမှာသည်မှာ ပြန့်ကြဲနေသည်ကို တွေ့ရ၏။ ဖယိုဖရဲ ပြန့်ကြဲနေသောထိုပစ္စည်းများ၏အကြားတွင် ရဃုပတိ ထိုင်နေသည်ကိုလည်း တွေ့ရလေ၏။သို့ရာတွင် ဇယသီဟကိုမူ မတွေ့ရပေ။ ရဃုပတိ၏နီရဲနေသောမျက်လုံးများသည် မီးကျီးခဲအသွင်ကဲ့သို့ တောက်လောင်နေကြ၏။ ဆံပင်များသည် ဦးခေါင်းတွင် ဗလပွာဖြစ်နေကြသည်။

နက္ခတ္တာရာယကို မြင်လိုက်သည်နှင့်တပြိုင်နက် လက်သီးကို ကျစ်ကျစ်ပါ အောင် ဆုတ်ပြီးလျှင် ရဃုပတိသည် နက္ခတ္တာရာယ၏လက်ကိုဖမ်းဆွဲပြီး အထိုင် ခိုင်းလေ၏။ နက္ခတ္တာရာယကမူ သတိလက်လွတ်ဖြစ်သွားလေသည်။ ရဃုပတိ သည် သူ၏တောက်လောင်နေသော မျက်လုံးများဖြင့် နက္ခတ္တာရာယ၏ ကိုယ်

အင်္ဂါနှင့် နှလုံးသားကို လောင်ကျွမ်းစေပြီးလျှင် အရူးအသွင်ကဲ့သို့ "သွေး၊ သွေး ဘယ်မှာလဲ" ဟု မေးလိုက်လေ၏။ နက္ခတ္တရာယ၏နှလုံးသည် အရှိန်ပြင်းစွာဖြင့် ခုန်နေသည်၊ သူ၏ပါးစပ်မှမူစကားတစ်ခွန်းမျှ ထွက်မလာပေ။

ရဃုပတိသည် အသံကျယ်လောင်စွာဖြင့် ပြောလိုက်ပြန်၏။

"မင်း ပေးထားတဲ့ကတိ ဘယ်ရောက်သွားပြီလဲ။ ပြောစမ်း၊ သွေး ဘယ်မှာလဲ"

နက္ခတ္တရာယသည် လက်ဝဲဘက်ရင်ဘတ်ကို ထိုင်လိုက်ပြီး သူ၏အဝတ်စကို လက်ဖြင့် လိမ်ရစ်နေ၏။ သူ၏ကိုယ်မှ ချွေးများ စီးကျနေ၏။ သူသည် အသံနက်ကြီးဖြင့် 'ပုရောဟိတ်ကြီး' ဟု ခေါ်လိုက်လေ၏။

ရဃုပတိက ပြောလေသည်။

"အခု တစ်ခါတော့ မယ်တော်နတ်သမီး ကိုယ်တိုင် ဓားကိုဝင့်လိမ့်မယ်ဒီ တစ်ခါတော့ လေးဘက်လေးရပ်မှ သွေးချောင်း စီးလိမ့်မယ်။ မင်းတို့ရဲ့ အမျိုးအနွယ်ထဲမှ သွေးတစ်စက်မှ ကြွင်းကျန်တော့မှာ မဟုတ်ဘူး။ အဲဒီအခါကျတော့ နက္ခတ္တရာယရဲ့ ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာကို ကြည့်ဦးတာပေါ့"

ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာမဟုတ်လား။ ဟား..ဟား..ဟား.." နက္ခတ္တရာယ၏နှုတ်မှ ယခုတစ်ကြိမ်တွင် ယခင်ကကဲ့သို့ အပြုံးထွက်ပေါ်မလာပေ။ သူ၏အသံမှာ ခြောက်ကပ်ကွဲအက်နေ၏။

ရဃုပတိက ပြောလေသည်။ "ငါဂေါဝိန္ဒမဏိကျရဲ့ သွေးကို မလိုချင်ဘူး။ ဒီကမ္ဘာလောကမှာ ဂေါဝိန္ဒမဏိကျ သူ့အသက်ထက် ချစ်မြတ်နိုးသူရဲ့ သွေးကို လိုချင်တယ်။ သူ့သွေးနဲ့ ငါဂေါဝိန္ဒမဏိကျရဲ့ ကိုယ်ကို လိမ်းကျံချင်တယ်။ အဲဒီလိုလုပ်လိုက်ရင် သူ့ရင်ဘတ်မှာ ချင်းချင်းနီသွားပြီး အဲဒီသွေးစက်တွေဟာ ဘယ်လိုလုပ်လို့မှ ပျောက်တော့မှာ မဟုတ်ဘူး။ ဟောဒါ ကိုကြည့် သေသေချာချာ ကြည့်"

ယင်းသို့ပြောပြီး ရဃုပတိသည် ခြုံထားသောစောင်ကိုခွာလိုက်လေသည်။ သူ၏တကိုယ်လုံးမှာသွေးအလိမ်းလိမ်းကပ်နေသည်။ သူ၏ရင်အုပ်ပေါ်တွင်လည်း သွေးစက်များစွန်းထင်နေသည်။

နက္ခတ္တရာယသည် မျက်လုံးပြူးသွားလေ၏။ သူ၏ ခြေလက်များသည် တုန်လှုပ်သွားလေသည်။ ရဃုပတိသည် သူ၏လက်ဖြင့် နက္ခတ္တရာယ၏ လက်ကို ဖမ်းဆုတ်လိုက်ပြီးပြောလေ၏။

"ဘယ်သူလဲ သိလား၊ ဂေါဝိန္ဒမဏိကျ သူ့အသက်ထက် ချစ်မြတ်နိုးတဲ့ လူဟာ ဘယ်သူလဲ။ ဘယ်သူမရှိရင် ဂေါဝိန္ဒမဏိကျအဖို့ ဒီကမ္ဘာလောကဟာ

သုသာန်သင်္ချိုင်းသဖွယ်ဖြစ်နေမလဲ။ မနက် မိုးလင်းလို့ အိပ်ယာက ထလိုက်တာနဲ့ တပြိုင်နက် ဘယ်သူရဲ့မျက်နှာကို ကွက်ခနဲ သွားမြင်သလဲ၊ ဘယ်သူ့စိတ်နဲ့ သူ အိပ်ယာဝင်ခဲ့သလဲ။ ဘယ်သူဟာ သူ့နှလုံး အိမ်ထဲမှာ ဝင်ရောက်နေရာယူ နေသလဲ။ အဲဒီသူဟာ ဘယ်သူလဲ။ မင်းပဲလား"

ယင်းသို့ပြောပြီး ရဃုပတိသည် ကြောက်လွန်းလှသဖြင့် တုန်နေသော သားသမင်လေးကို ခုန်မအုပ်ခင်ကြည့်သော ကျား၏အကြည့်မျိုးဖြင့် နက္ခတ္တ ရာယကို ကြည့်လိုက်လေ၏။

နက္ခတ္တရာယက ရုတ်ခြည်းပင် "မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူး"ဟု ပြန်ဖြေလေ၏။ သို့ရာတွင် သူသည် ရဃုပတိ၏ လက်သီးဆုပ်ထဲက လွတ် ထွက်သွားအောင် မစွမ်းနိုင်ပေ။

"ဒါဖြင့် ဘယ်သူလဲ ပြောစမ်း"

"ခုဝ"

"ခုဝဆိုတာ ဘယ်သူလဲ"

"ကလေး တစ်ယောက်ပါ"

"အေး ဟုတ်တယ်၊ ငါ သူ့ကိုသိတယ်၊ ကောင်းကောင်းသိတယ်။ ဘုရင်ကြီး မှာ ရင်သွေးရယ်လို့ မရှိဘူး၊ ဒီကလေးကိုဘဲ ရင်သွေးလိုပဲ မွေးစားထားတယ်။ လူတွေဟာ ကိုယ့်ရင်သွေးကိုဘယ်လောက်ချစ်ကြသလဲဆိုတာ ငါမသိဘူး။ ဒါပေမယ့် မွေးစားတဲ့ကိတ္တိမသားသမီးကို လူတွေဟာ ကိုယ့်အသက်ထက်ပဲ ချစ်ကြတယ်ဆိုတာတော့ ငါကောင်းကောင်းသိတယ်။ မိမိရဲ့ရှိသမျှစည်းစိမ် ချမ်းသာတွေထက် ဘုရင်ဟာ အဲဒီချမ်းသာမှုကို ပိုပြီးတန်ဖိုးထားတယ်။ ကိုယ့် ဦးခေါင်းပေါ်မှာ မကိုဋ်ဆင်မြန်းထားရတာထက် အဲဒီကလေးရဲ့ဦးခေါင်းပေါ်မှာ မကိုဋ်ဆင်မြန်းထားတာကို ပိုပြီးသဘောကျတယ်၊ နှစ်သက်တယ်"

နက္ခတ္တရာယသည် တအံ့တသြနှင့် ပြောလိုက်လေ၏။

"ဟုတ်တယ်၊ ပုရောဟိတ်ကြီး ပြောတာမှန်တယ်"

"မမှန်လို့ ဘာဖြစ်ရအုံးမလဲ၊ ဘုရင်က သူ့ကိုဘယ်အထိ ချစ်နေတယ်ဆိုတာ ငါမသိဘူးမှတ်နေသလား၊ ငါနားမလည်ဘူးမှတ်နေသလား။ ငါကလည်း သူ့ကိုပဲ အလိုရှိတယ်"

"ဟုတ်လား"ဟုပြောပြီး နက္ခတ္တရာယသည် ရဃုပတိကို ကြည့်နေသည်။ သူလည်း စိတ်ထဲကပြောနေ၏။

"ကျွန်တော်လဲ သူ့ကို အလိုရှိတယ်"

ရဃုပတိကပြော၏။

"သူ့ကို ယူလာခဲ့ရမယ်၊ ဒီနေ့ပဲလာခဲ့ရမယ်၊ သူ့ကို ဒီကနေ့ညပဲ ယူလာရမယ်"

နက္ခတ္တရာယသည် ပွဲတင်ထပ်သကဲ့သို့ သံယောင်လိုက် ပြောလိုက်လေ၏။

"သူ့ကို ဒီနေ့ညပဲ ယူလာရမယ်" နက္ခတ္တရာယ၏မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်ပြီးလျှင် ရဃုပတိသည်အသံကို နူးညံ့ပျော့ပျောင်းအောင်ပြုပြီး ပြောလေ၏။ "အဲဒီကလေးဟာ မင်းရန်သူပဲ မဟုတ်လား၊ မင်းမသိဘူးလား။ မင်းဟာ ဘုရင့်မျိုးနွယ်ထဲမှာ မွေးဖွားလာခဲ့တဲ့လူဖြစ်တယ်၊ ဒီအညတရ အမျိုးအနွယ်ထဲက ကလေးသူငယ်က မင်းရဲ့ဦးခေါင်းက မကိုဋ်ကို ချွတ်ယူဖို့ ဘယ်ကရောက်လာတယ် မသိဘူး၊ အဲဒါ မင်းမသိဘူးလား၊ မရိပ်မိဘူးလား။ မင်းအတွက် ရည်မှန်းထားတဲ့ သီဟာသနပလ္လင်ပေါ်မှာ အဲဒီကလေးက နေရာဦး နေပြီ။ မျက်စိနှစ်လုံးရှိလျှက်ကနဲ့ မင်း အဲဒီအချက်ကို မမြင်ဘူးလား"

နက္ခတ္တရာယအတွက် ထိုအချက်များသည် အသစ်အဆန်းမဟုတ်ပေ။ သူလည်း ဤနည်းအတိုင်း တွက်ထားပြီးဖြစ်လေသည်။

"ပုရောဟိတ်ကြီး၊ နောက်ထပ်ပြီး ပြောနေစရာ မလိုတော့ပါဘူး။အဲဒါ တွေအားလုံး သိပါတယ်"

"ဒါဖြင့် ဘာလိုသေးလဲ၊ သူ့ကို ခေါ်လာခဲ့ပါတော့လား။သီဟာသနပလ္လင်ရဲ့ ဆူးငြောင့်ခလုတ်ကို ငါဖယ်ရှားပေးမယ်။ မင်း ဒီလိုပဲတချိန်လုံး ဒီမှာပဲကုန် နေမယ်ဆိုရင် သူ့ကို ဘယ်တော့ ခေါ်လာအုံးမှာလဲ"

"ဒီနေ့ ညမိုးချုပ်တဲ့အခါ ခေါ်လာခဲ့ပါ့မယ်"

ရဃုပတိသည် ယဇ်ကြိုးကိုထိပြီး ပြောလေသည်။

"မခေါ်လာနိုင်ရင် ဗြဟ္မာဏရဲ့ ကျိန်စာသင့်ပါစေ။ ခေါ်လာမယ်လို့ တာဝန် ယူတဲ့အတိုင်း မလိုက်နာ မဆောင်ရွက်ရင် အဲဒီတာဝန်ကို ယူခဲ့တဲ့သူရဲ့မျက်နှာကို သုံးရက်အတွင်း လင်းတငှက် ထိုးဆိတ် စားပါစေ"

ယင်းကျိန်စာကို ကြားရသည့်အခါ နက္ခတ္တရာယသည် တွန့်သွားပြီးလျှင် မျက်နှာကို လက်ဖြင့် စမ်းကြည့်လေ၏။ နူးညံ့ပျော့ပျောင်းသောအသားကို လင်းတငှက်က နှုတ်သီးဖြင့် ထိုးဆိတ်စားသောက်ခြင်းကို တွေးကြည့်လိုက်ရုံဖြင့် သူသည် ရင်လေးသွားလေသည်။ ရဃုပတိကို အရိုအသေပေးခဲ့ပြီးလျှင် သူသည် ခပ်သုတ်သုတ်ပင် ထွက်လာခဲ့လေသည်။ ထိုအခန်းထဲမှ ထွက်လာခဲ့ပြီး လူသူတို့၏ကြားထဲရောက်လာသည့်အခါတွင်ကား နက္ခတ္တရာယသည် ဘဝသစ် ပြောင်းသွားသကဲ့သို့ ထင်ရလေ၏။

## အခန်း(၁၇)

ထိုနေ့ ညနေချမ်းအချိန်၌ နက္ခတ္တရာယကို တွေ့မြင်ရသဖြင့် ခုဝသည် "ဦးလေး"ဟု ခေါ်ပြီးပြေးလာသည်။ လက်နှစ်ဖက်ဖြင့် နက္ခတ္တရာယ၏လည်ပင်းကို သိုင်းဖက်ပြီးလျှင် နက္ခတ္တရာယကို မျက်နှာနားကပ်ပြီး "ဦးလေး" ဟု ဖြေးဖြေးကလေး ခေါ်လိုက်လေ၏။

"ဟဲ့ တိတ်၊ ဘာကောင်လေးလဲ၊ ဒီလိုမခေါ်နဲ့။ ငါမင်းဦးလေးမဟုတ်ဘူး"

ဤနေ့ဤရက်အထိ ခုဝသည် နက္ခတ္တကို "ဦးလေး" ဟုသာလျှင်အစဉ်မပြတ် ခေါ်လာခဲ့လေသည်။ ယနေ့ မမျှော်လင့်ဘဲနှင့် တားမြစ်ပိတ်ပင် လိုက်သည်ကို ကြားရသည့်အခါ အံ့အားသင့်သွားလေ၏။ အတန်ကြာမျှတွေဝေစဉ်းစားနေ၏။ ထိုနောက် နက္ခတ္တရာယကို မျက်လုံးပြူးကြည့်ပြီးလျှင်–

"ဦးလေးမဟုတ်လို့ ဘယ်သူလဲ" ဟုမေးလိုက်လေ၏။

"ငါ မင်းဦးလေးမဟုတ်ဘူး"

ခုဝသည် ရယ်ချင်လာလေသည်။ ဤမျှလောက် မဖြစ်နိုင်သည့်အကြောင်းအရာမျိုးကို သူသည် ယခင်ယခင်က မည်သည့်အခါကမျှ မကြားခဲ့ဘူးပေ။ သူသည် ရယ်ပြီး "ကျွန်တော့်ဦးလေးပါ" ဟုပြောပြန်လေ၏။ နက္ခတ္တရာယက တားမြစ်လေ၊ သူက "ကျွန်တော့်ဦးလေး၊ ကျွန်တော့်ဦးလေး" ဟု ပြောနေလေလေ ဖြစ်၏။ ရယ်လည်း ပိုရယ်လာလေ၏။ သူသည် နက္ခတ္တရာယကို "ဦးလေး၊ ဦးလေး" ဟု ခေါ်ပြီး စနေလေ၏။ နက္ခတ္တရာယက ပြောလေသည်။

"ခုဝ၊ မင်းမမဆီကို သွားမလား"

ခုဝသည် နက္ခတ္တရာယ၏လည်ပင်းကို ချက်ချင်းလွှတ်လိုက်ပြီးလျှင် "မမ ဘယ်မှာလဲ"

"မယ်တော်နတ်သမီးဆီမှာ"

"မယ်တော်နတ်သမီးက ဘယ်မှာလဲ"

"မယ်တော်နတ်သမီး တစ်နေရာမှာ ရှိတယ်။ ငါ မင်းကို အဲဒီခေါ်သွားနိုင်တယ်"

ဓုဝသည် လက်ခုပ်ကလေး တီးပြီးလျှင် "ဘယ်တော့ ခေါ်သွားမလဲ"

"အခု ခေါ်သွားမယ်လေ"

ဓုဝသည် ဝမ်းသာလွန်းလှသဖြင့် အော်ဟစ်ပြီး နက္ခတ္တရာယ၏လည်ပင်းကို ဖက်ပြန်လေ၏။ နက္ခတ္တရာယသည် ကလေးကို ပွေ့ချီလိုက်ပြီးလျှင် အဝတ်တစ်ခုဖြင့်အုပ်ပြီး မလွယ်ပေါက်မှ အပြင်သို့ထုတ်ယူလာခဲ့လေ၏။

ယနေ့ညတွင်လည်း အပြင်သို့ မည်သူမျှ မထွက်ရဟု ပညတ်ထားသည်ဖြစ်၍ လမ်းမများ၌ အစောင့်မှုပင် မတွေ့ရပေ။ လပြည့်ဝန်းသည် ကောင်းကင်ပြင်၌ ထွန်းပလျက်ရှိသည်။ နတ်ကွန်းသို့ ရောက်သွားသောအခါနက္ခတ္တရာယသည် ဓုဝကို ရဃုပတိ၏လက်ထဲထည့်လေ၏။ ရဃုပတိကို တွေ့ရသည်ဖြစ်၍ ဓုဝသည် နက္ခတ္တရာယကို တောက်တဲ့ကပ် ကပ်နေလေ၏။ ရဃုပတိက အတင်းဆွဲပြီး ယူလေသည်။ ဓုဝသည် " ဦးလေး၊ ဦးလေး" ဟုအော်ဟစ်ပြီး ငိုလေတော့သည်။ နက္ခတ္တရာယ၏ မျက်လုံးများတွင်လည်း မျက်ရည်ဝဲလာလေသည်။ သို့ရာတွင် ရဃုပတိ၏မျက်မှောက်၌ ပျော့သည် သတ္တိကြောင်သည်ဟု အထင်ခံရမည်စိုးနေသည်။ သူလည်း သံမဏိပါပဲဟုပြချင်စိတ်တစ်ဘက်က ရှိနေသည်။ ထိုအခိုက် ဓုဝသည် ငိုငိုပြီး "မမ၊ မမ" ဟု အော်ခေါ်လေသည်။ သို့ရာတွင် သူ့မမ ပေါ်မလာပေ။ ရဃုပတိက မိုးကြိုးပစ်လိုက်သည့် အသံမျိုးဖြင့် ဓုဝကို တစ်ကြိမ်ကြိမ်းမောင်းလိုက်၏။ ဟိန်းဟောက်လိုက်၏။ ကြောက်လွန်း လှသဖြင့် ဓုဝသည် အငိုတိတ်သွား၏။ ရှိုက်ရှိုက်ရှိုက်တော့သည်။ ဆယ့်လေးပါး သော နတ်ရုပ်ထုများကိုလည်း တွေ့မြင်နေရသည်။

ဂေါဝိန္ဒမဏိကျသည် ညဥ့်သန်းခေါင်လောက်တွင် အိမ်မက်ထဲ၌ ငိုသံကို ကြားရသဖြင့် လန့်နိုးလေ၏။ လေသာပြူတင်းအောက်ဖက်မှရပ်ပြီး တစ်စုံ တစ်ဦးက အစိုးရိမ်ကြီးသော အသံဖြင့် "အရှင်မင်းကြီး၊ အရှင်မင်းကြီး" ဟု လှမ်းခေါ်နေသည်ကို ရုတ်တရက် ကြားလိုက်ရလေ၏။

ဘုရင်မင်းကြီးသည် ချက်ခြင်းထကြည့်သောအခါ လရောင်အောက်တွင် ဓုဝ၏ဦးကြီး ကေဒါရေရွှရ ရပ်နေသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ မေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့ ဝလေး ဘယ်မှာလဲ"

"ဘာဖြစ်လို့လဲ၊ သူညောင်စောင်းပေါ်မှာ မရှိဘူးလား"

"မရှိဘူး"

ကောဒါရေွှရက ဆက်၍ပြောလေ၏။ "ညနေစောင်းက ကျွန်တော်မျိုး ခုဝကို မတွေ့လို့ မေးမြန်းစုံစမ်းတဲ့အခါ ညီတော်နက္ခတ္တရာယရဲ့ အလုပ်အကျွေးက ခုဝ နန်းတော်ထဲက ညီတော်မင်းသားဆီမှာ ရောက်နေတယ်လို့ ပြောပြတယ်။ အဲဒါကြားရတော့ စိတ်ချသွားတယ်။ ညတော်တော်ကလေး ညဥ့်နက်လာတော့ ကျွန်တော်မျိုး စိတ်ဇဝေဇဝါ ဖြစ်လာတယ်။ ထပ်ပြီးစုံစမ်းကြည့်တော့ ညီတော်မင်းသား နန်းတော်ထဲမှာ မရှိတော့ဘူးဆိုတာ သိရတယ်။ ကျွန်တော်မျိုး အကျိုးအကြောင်းလျှောက်ထားဖို့ရန်အတွက် အရှင်မင်းကြီးကိုတွေ့ဖို့ အပြင်းအထန် ကြိုးစားသေးတယ်။ သို့ပေမယ့် အစောင့်က ခွင့်မပေးဘူး။ ဒါကြောင့် မို့နောက်ဆုံး အကြံမရတာနဲ့ အရှင်မင်းကြီးရဲ့ လေသာပြူတင်းအောက်က အော်ခေါ်ရခြင်း ဖြစ်ပါတယ်။ အရှင်မင်းကြီး စက်တော်ခေါ်နေတာကို နှောင့်ယှက် ဖျက်ဆီးမိတဲ့အတွက်ကျွန်တော်မျိုးကိုသည်းခံတော်မူပါ"

ဘုရင်မင်းကြီး၏စိတ်နှလုံးထဲ၌ လျှပ်ပြက်သကဲ့သို့ အကြောင်းအရာ တစ်ခုသည် လက်ခနဲထင်လာလေသည်။ သူသည် အစောင့်လေးဦးကို ချက်ခြင်း ဆင့်ခေါ်ပြီးလျှင် "လက်နက်အပြည့်အစုံနဲ့ ငါ့နောက်ကို လိုက်ခဲ့ကြရမယ်" ဟု အမိန့်ချမှတ်လေ၏။ အစောင့်လေးဦးအနက် တစ်ဦးကပြောလေ၏။

"အရှင်မင်းကြီး၊ ဒီနေ့ညလမ်းမ မထွက်ရဘူးလို့ ပညတ်ထားတာရှိပါတယ်"

ဘုရင်က ပြန်ပြောလေ၏။

"ငါအမိန့်ပေးနေတယ်"

ကောဒါရေွှရသည် အတူလိုက်ရန် အသင့်ပြင်လေ၏။ သို့ရာတွင် ဘုရင်မင်းကြီးက သူ့ကို လိုက်ခွင့်မပေးဘဲ ပြန်လွှတ်လိုက်လေ၏။ လရောင်ရွှန်းစိုသော ညတွင် ဘုရင်မင်းကြီးသည် လူသူကင်းမဲ့သည့် လမ်းမကြီးမှဖြတ်ပြီး နတ်ကွန်းသို့ သွားလေ၏။

နတ်ကွန်း၏တံခါး ရုတ်တရက် ပွင့်သွားသောအခါ ဒူးကိုရှေ့မှာချပြီး ရဃုပတိနှင့် နက္ခတ္တရာယတို့ သေရည်သောက်နေကြသည်ကို တွေ့ရလေ၏။ အလင်းရောင်ဟူ၍ မယ်မယ်ရရမရှိပေ။ ဆီမီးခွက်ကလေး တစ်ခုသာလျှင် တောက်နေ၏။ ခုဝဘယ်မှာနည်း။ ဝမှာမူ ကာလီနတ်သမီးရုပ်ထု၏ရှေ့၌ တုံးလုံးကလေး အိပ်ပျော်နေရှာသည်။ သူ၏ပါးပေါ်၌ စီးကျလာသော မျက်ရည် ကြောင်းသည် ခြောက်သွားလေပြီ။ နှုတ်ခမ်းမှာ အနည်းငယ်ဟလျက်ရှိ၏။

သူ၏မျက်နှာပေါ်၌ ထိတ်လန့်တုန်လှုပ်ခြင်း အရိပ်အရောင် မတွေ့ရပေ။ စဉ်းစား စိတ်ကူးခြင်း

အရိပ်အငွေ့လည်းမမြင်ရပေ။ သူသည် ကျောက်သားပေါ်၌ အိပ်ပျော် နေသည်ဟု မထင်ရဘဲ သူ့မမ၏ ရင်ခွင်ထဲမှာ အိပ်ပျော်နေသည်ဟု ထင်ရလေ၏။ သူ့မမသည် သူ့ကိုနမ်းရှုပ်ရင်းနှင့် သူ၏မျက်ရည်များကို သုတ်ပေးလိုက်သကဲ့သို့ ထင်ရလေ၏။

သေရည်ဝင်သွားပြီဖြစ်၍ နက္ခတ္တရာယသည် ထွေလာလေတော့သည်။ ရဃုပတိကမူ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေပြီးလျှင် ပူဇော်ချိန်ကျရောက်မည့် နာရီပိုင်းကို သတိကြီးစွာဖြင့် ငံ့လင့်၍နေလေ၏။ နက္ခတ္တရာယ သေရည်တန်ခိုးပြ နေသည်ကို နည်းနည်းကလေးမျှ ဂရုစိုက်ခြင်းမရှိပေ။ နက္ခတ္တရာယက တောင်စဉ် ရေမရ လျှောက်ပြောနေသည်။

"ပုရောဟိတ်ကြီး ကြောက်နေတယ်မဟုတ်လား။ ကျွန်တော်လဲ ကြောက်နေ တယ်လို့ ပုရောဟိတ်ကြီး ထင်နေတယ်။ ဘာမှ ကြောက်စရာမရှိပါဘူး ပုရော ဟိတ်ကြီး။ ဘာဖြစ်လို့ ကြောက်ရသလဲ။ ဘယ်သူ့ကို ကြောက်ရမှာလဲ။ ကျွန်တော် ပုရောဟိတ်ကြီးကို ကာကွယ်ပါ့မယ်။ ကျွန်တော် ဘုရင်မင်းကြီးကို ကြောက်နေ တယ်လို့ပုရောဟိတ်ကြီးထင်နေသလား။ ကျွန်တော် ဘယ်တော့မှမကြောက်ဘူး။ ဘုရင်မင်းကြီးကို ဖမ်းလာခဲ့ပြီ။ မယ်တော် နတ်သမီးကို နှစ်သိမ့်စေလိုက်လို့ ပုရောဟိတ်ကြီးက ဘာဖြစ်လို့မပြောသလဲ။ ဓိကောင်ကလေး ဆီက သွေး ဘယ်လောက်ထွက်မှာမို့လဲ"

ထိုအခိုက် နတ်ကွန်း၏နံရံပေါ်၌ လူရိပ်ပေါ်လာသည်ကို ရုတ်တရက် တွေ့လိုက်ရလေ၏။ နက္ခတ္တရာယသည် နောက်လှည့်ကြည့်လိုက်သောအခါ ဘုရင်မင်းကြီး ရပ်နေသည်ကို တွေ့ရလေ၏။ အံ့ဩထိတ်လန့်သွားသဖြင့် အရက်မူးလည်း ပြေသွားပေပြီ။ ဂေါဝိန္ဒမဏိကျဘုရင်ကြီးသည် ချက်ချင်း ပြေးသွားပြီး အိပ်ပျော်နေသည့် ဓုဝကို ပွေ့ချီလိုက်ပြီးလျှင် "သူတို့နှစ်ယောက်ကို ဖမ်းလိုက်" ဟု အမိန့်ပေးလိုက်လေသည်။

အစောင့်စစ်သားတို့သည် ရဃုပတိနှင့် နက္ခတ္တရာယ နှစ်ဦးလုံး၏လက်များ ကို ဖမ်းချုပ်ကြလေသည်။ ဓုဝကို ရင်ခွင်တွင်ပွေ့ချီပြီး ဘုရင်မင်းကြီးသည် လရောင် ရွှန်းစို၍နေသော လူသူကင်းမဲ့သည့် ထိုလမ်းမမှပင် နန်းတော်သို့ ပြန်သွား လေသည်။ ရဃုပတိနှင့် နက္ခတ္တရာယနှစ်ဦးလုံး ထိုနေ့က တစ်ညလုံး အချုပ်ခန်းထဲ နေကြရလေ၏။

## အခန်း (၁၈)

ယနေ့ တရားကြားနာစစ်ဆေးမည့်နေ့ဖြစ်၏။ ရုံးတော်၌လူတွေ ကြိတ်ကြိတ်တိုးနေကြ၏။ ဘုရင်မင်းကြီးသည် တရားအဆုံးအဖြတ်ပေးရန်အတွက် တရားခွင်၌ထိုင်နေလေ၏။ ပတ်ပတ်လည်တွင်မူ တရားအမတ်ကြီးများသည် သူ့နေရာနှင့်သူထိုင်နေကြလေသည်။ သူတို့ရှေ့၌ကား တရားခံနှစ်ဦး ရပ်လျက်ရှိ၏။ သူတို့နှစ်ဦးအနက် ဘယ်သူ၏လက်တွင်မှ လက်ထိပ်ခတ်ထားခြင်း မရှိပေ။ ရဃုပတိသည် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ရပ်နေ၏။ နက္ခတ္တရာယ ကမူ ဦးခေါင်းငိုက်စိုက်ချလျက်ရှိသည်။

ဘုရင်မင်းကြီးသည် ရဃုပတိအား မေးခွန်းထုတ်လိုက်လေသည်။

"ပုရောဟိတ်ကြီး၊ ဘာများပြောချင်သေးသလဲ"

"ကျွန်ုပ်ကို ဆုံးဖြတ်ပိုင်ခွင့် သင်မင်းကြီးမှာ မရှိဘူး"

"ဒါဖြင့် ဘယ်သူက အဆုံးအဖြတ်ပေးရမလဲ"

"ကျွန်ုပ် ဗြဟ္မဏတစ်ဦးဖြစ်တယ်။ နတ်ဒေဝတာကို ဆည်းကပ်နေတဲ့လူဖြစ်တယ်။ ဒါကြောင့်မို့ နတ်ဒေဝတာကသာလျှင် ကျွန်ုပ်ကို အဆုံးအဖြတ်ပေးလိမ့်မယ်"

"မကောင်းမှုကျူးလွန်သူကို အပြစ်ဒဏ်ပေးဖို့ရန်နဲ့ ကောင်းမှုပြုသူကို ဆုလာဒ်ချီးမြှင့်ရန်အတွက် ဒီကမ္ဘာလောကမှာ နတ်ဒေဝတာတွေက လွှတ်ထားတဲ့လူတွေ အများကြီးရှိတယ်။ ကျွန်ုပ်လည်းပဲ အဲဒီလူတွေထဲက တစ်ဦးဖြစ်တယ်။ အဲဒီအမြင်နဲ့ကြည့်ပြီး ကျွန်ုပ် သင်ပုရောဟိတ်ကြီးရဲ့အပြစ်ကို အဆုံးအဖြတ်မပေးချင်ပါဘူး။ ကျွန်ုပ်တစ်ခုထဲ မေးပါမယ်။ မနေ့က ညချမ်းအချိန်မှာ ယဇ်ပူဇော်ဖို့ရန်အတွက် ပုရောဟိတ်ကြီး ကလေးသူငယ်တစ်ယောက်ကို ခိုးယူခဲ့သလား၊

မယူခဲ့ဘူးလား”

“ခိုးယူတယ်”

“ ဒါဖြင့် ပုရောဟိတ်ကြီး အပြစ်ကို ဝန်ခံတယ်ပေါ့”

“အပြစ် ဘာအပြစ်လဲ။ ကျွန်ုပ် မယ်တော်နတ်သမီးရဲ့ အမိန့်အတိုင်း လိုက်နာဆောင်ရွက်တာ။ သင်မင်းကြီးကသာ အဲဒီအမိန့်အတိုင်းဆောင်ရွက်တဲ့ နေရာမှာ ကပျက်ကယက်မဟုတ်လား။ အပြစ်ကိုကျူးလွန်တာ ကျွန်ုပ် မဟုတ်ဘူး။ သင်မင်းကြီးသာ ဖြစ်တယ်။ ကျွန်ုပ် သင်မင်းကြီးကို မယ်တော် နတ်သမီးရဲ့ ရှေ့မှောက်မှာ စွဲချက်တင်မယ်။ မယ်တော်နတ်သမီးက သင်မင်းကြီး ရဲ့ ပြစ်မှုအတွက် အမိန့်ချမှတ်လိမ့်မယ်”

ဘုရင်မင်းကြီးသည် သူ၏စကားများကို အနည်းငယ်မျှ ပြန်လှန်ပြောဆိုခြင်း မပြုဘဲ သူပြောချင်သည့်အရာကို ဆက်၍ပြောနေလေ၏။ “ကျွန်ုပ်၏ တိုင်းပြည် အုပ်ချုပ်ရေးမှာ နတ်ဋ္ဌဝတာကို အကြောင်းပြုပြီး ယဇ်ပူဇော်တဲ့လူ၊ ပူဇော်ဖို့ ကြိုးစားတဲ့လူရှိရင် အဲ့ဒီလူကို ပြည်နှင်ဒဏ်ခတ်ရမယ်ဆိုတဲ့ ဥပဒေ သတ်မှတ် ထားချက် ရှိတယ်။ အဲဒီဥပဒေအရ ကျွန်ုပ် သင်ပုရောဟိတ်ကြီးကို ပြည်နှင်ဒဏ် ပေးလိုက်တယ်။ သင်ပုရောဟိတ်ကြီး ရှစ်လတိတိ ဒီတိုင်းနိုင်ငံက ထွက်ခွာ နေရမယ်။ အစောင့်စစ်သားများက သင်ပုရောဟိတ်ကြီးကို ဒီတိုင်းပြည်၏ နယ်ခြားအထိ လိုက်ပို့လိမ့်မယ်”

အစောင့်စစ်သားများသည် ရဃုပတိကို တရားခန်းမဆောင်မှ အပြင်သို့ ဆွဲထုတ်သွားဖို့ရန် ဟန်ပြင်ကြလေ၏။ ရဃုပတိသည် ထိုသူတို့အား ‘ခဏနေအုံး’ ဟု ပြောပြီး ဘုရင်မင်းကြီးဖက်သို့ လှည့်ပြီးလျှင် သင်မင်းကြီးအတွက် တရား ဆုံးဖြတ်ဖို့လည်း လိုသေးတယ်။ အခု ကျွန်ုပ် သင်မင်းကြီးအတွက် တရား အဆုံးအဖြတ်ပေးမယ်။ နားထောင်။ နတ်ဒေဝတာ ဆယ့်လေးပါးကို ပူဇော်တဲ့ညမှာ အိမ်အပြင်ဖက် ထွက်တဲ့လူဟာ ပုရောဟိတ်ကပေးတဲ့ပြစဒဏ်ကို ခံယူရတယ်။ အဲဒါ နတ်ကွန်းရဲ့ စည်းကမ်းဥပဒေဖြစ်တယ်။ အဲ့ဒီ ရှေးဟောင်း စည်းမျဉ်းဥပဒေ အရ သင်မင်းကြီးဟာ အပြစ်ဒဏ်ထိုက်သူ ဖြစ်နေပါတယ်”

“ကျွန်ုပ် သင်ပုရောဟိတ်ကြီးပြောတဲ့ အပြစ်ဒဏ်ကို ခံယူဖို့ရန်အသင့်ပါပဲ” တရား အမတ်များက ပြောကြလေ၏။

“ ဒီပြစ်မှုအတွက် ငွေဒဏ်လျှင် တပ်သင့်ပါတယ်”

ပုရောဟိတ်က ပြောလေ၏။ “ကျွန်ုပ် သင်မင်းကြီးအပေါ် ငွေနှစ်သိန်း ဒဏ်တပ်လိုက်တယ်၊ အခုပဲ ပေးအပ်ရမယ်”

ဘုရင်မင်းကြီးသည် အတန်ကြာမျှ စဉ်းစားပြီးနောက် ‘ကောင်းပြီ’ ဟု

ပြောပြီးလျှင် ဘဏ္ဍာတော်ထိန်းကို ခေါ်ပြီးလျှင် ငွေနှစ်သိန်း ထုတ်ပေးလိုက်ရန် အမိန့်ပေးလိုက်လေ၏။ အစောင့်စစ်သားများသည် ရဃုပတိကို အပြင်သို့ ဆွဲခေါ်သွားကြလေသည်။

ရဃုပတိ ထွက်သွားသောအခါ နက္ခတ္တရာယကို စိုက်ကြည့်ပြီးလျှင် ဘုရင်မင်းကြီးသည် ပြောပြန်လေ၏။

"နက္ခတ္တရာယ၊ သင်ကော ကိုယ့်အပြစ်ကို ဝန်ခံတယ် မဟုတ်လား"

"နောင်တော်အရှင်မင်းကြီး၊ ညီတော်မှာ အပြစ်ရှိပါတယ်။ ညီတော့်အပြစ်ကို ခွင့်လွှတ်တော်မူပါ"

ယင်းသို့ပြောပြီး ဘုရင်မင်းကြီး၏ခြေထောက်ကို ပွေးဖက်လေ၏။ ဘုရင်မင်းကြီးသည် မျက်နှာပျက်သွားလေသည်။ အတန်ကြာမျှ ဘာမျှမပြောနိုင် ဖြစ်နေရှာသည်။ ထို့နောက်တွင် ကိုယ့်ကိုယ်ကို အနိုင်နိုင်ထိန်းချုပ်ပြီးလျှင် "နက္ခတ္တရာယ၊ ထ...ထ၊ နောင်တော့်စကားကို နားထောင်အုံး၊ နောင်တော် ဘယ်လို အပြစ်ကို ခွင့်လွှတ်လို့ ဖြစ်ပါ့မလဲ။ နောင်တော်လည်း တရားဥပဒေနဲ့ ချည်နှောင်ထားခြင်း ခံနေရာတဲ့သူဖြစ်တယ်။ တရားခံ အချုပ်အနှောင်ခံနေရသလိုပဲ တရားသူကြီးဟာလည်း အချုပ်အနှောင်ခံနေရတယ်။ ပြစ်မှုတစ်ခုတည်းအတွက်နဲ့ တစ်ယောက်ကိုတော့ အပြစ်ဒဏ်ပေးတယ်။ တစ်ယောက်ကိုတော့ ခွင့်လွှတ်ရမယ်။ အဲ့ဒါ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ။ သင် ညီတော်ကိုယ်တိုင်ပဲစဉ်းစားကြည့်စမ်းပါအုံး"

တရားအမတ်များက ပြောလေ၏။

"အရှင်မင်းကြီး နက္ခတ္တရာယဟာ အရှင်မင်းကြီးရဲ့ ညီတော်ဖြစ်ပါတယ်။ အရှင်မင်းကြီး ကိုယ့်ညီတော်ရဲ့အပြစ်ကို ခွင့်လွှတ်သင့်ပါတယ်"

ဘုရင်မင်းကြီးသည် အသံခပ်မာမာဖြင့် ပြောလေ၏။

"အသင်အမတ်မင်းတို့ တိတ်တိတ်နေကြ။ ဒီနေရာမှာ ကျွန်ုပ်ထိုင်နေသရွေ့ ကျွန်ုပ်ဟာ ဘယ်သူရဲ့ အစ်ကိုမှလည်းမဟုတ်ဘူး၊ ဘယ်သူရဲ့ဆွေမျိုးမှလည်း မဟုတ်ဘူး"

တရားအမတ်များသည် ငြိမ်ကျသွားလေ၏။ ဘုရင်မင်းကြီးက လေးနက်တည်ငြိမ်စွာဖြင့် ဆက်ပြောလေသည်။ သင်တို့အားလုံး ကြားပြီးကြပြီ မဟုတ်လား။ ကျွန်ုပ်၏တိုင်းပြည်အုပ်ချုပ်ရေးမှာ နတ်ဒေဝတာအတွက် ယဇ်ပူဇော်တဲ့လူ၊ သို့မဟုတ် ယဇ်ပူဇော်ဖို့ ကြိုးစားတဲ့လူဟာ ပြည်နှင်ဒဏ်ခံရမယ်ဆိုတဲ့ ဥပဒေရှိတယ်။ မနေ့က ညနေချမ်းအချိန်မှာ နက္ခတ္တရာယဟာ ရာဃုပတိနဲ့အတူ ဗလိနတ်စာကျွေးဖို့ ကလေးငယ်တစ်ဦးကို တိတ်တဆိတ် ခိုးယူသွားပါတယ်။

ဒီအပြစ်ဟာ ထင်ရှားနေပါတယ်။ ဒါ့ကြောင့်မို့ ကျွန်ုပ် သူ့ကို ရှစ်လတိတိ ဒီတိုင်းပြည်က နှင်ထုတ်လိုက်ပါတယ်"

အစောင့်စစ်သားများက နက္ခတ္တရာယကို ဆွဲခေါ်သွားမည်ပြုသောအခါ ဘုရင်မင်းကြီးသည် ပလ္လင်ပေါ်ကဆင်းလာပြီး နက္ခတ္တရာယကို လည်ချင်း ယှဉ်ဖက်လျက် ကြေကွဲစွာဖြင့် ပြောလေ၏။

"ညီတော် နက္ခတ္တ၊ ညီတော်သာ အပြစ်ဒဏ်ခံရတာ မဟုတ်ဘူး။ နောင်တော် လည်း အပြစ်ဒဏ်ခံရပါတယ်။ အတိတ်ဘဝက နောင်တော် ဘာအပြစ်များ ကျူးလွန်ခဲ့တယ်မသိဘူး။ ကိုယ့် သားချင်းများနဲ့ခွဲခွာပြီး တစ်ပြည်ရပ်ခြားမှာနေတဲ့ အချိန်ကာလအတွင်း နတ်ကောင်းနတ်မြတ်များ သင်ညီတော်ကို စောင့်ရှောက် မစပါစေလို့ နောင်တော်ဆုတောင်းလိုက်ပါတယ်"

တခဏအတောအတွင်းမှာပင် ထိုသတင်းသည် ထက်ဝန်းကျင်တွင် ပျံ့နှံ့ သွားလေ၏။ နန်းတော်ဆောင်အတွင်းမှ ငိုသံဆူသံများ ထွက်ပေါ်လာကြသည်။ ဘုရင်မင်းကြီးသည် ခန်းမဆောင်ထဲတွင် တံခါးအလုံပိတ်လျက် တစ်ကိုယ်တည်း ထိုင်ပြီးလျှင် ဘုရားသခင်အားပန်ကြား၏။

"အို ဘုရားသခင် အကယ်၍ အကျွန်ုပ် အပြစ်ကျူးလွန်မိပါလျှင် အကျွန်ုပ် အား ခွင့်လွှတ်တော်မမူပါနှင့်၊ အကျွန်ုပ် ကျူးလွန်မိတဲ့ ပြစ်မှုအတွက် အပြစ်ဒဏ်ကို ပေးတော်မူပါ။ အပြစ်ကို ကျူးလွန်လျှင် အပြစ်ဒဏ်ကိုခံနိုင်ရည်ရှိသင့်ပါတယ်" ဘုရင်မင်းကြီး၏နှလုံးထဲ၌ နက္ခတ္တရာယအား ချစ်ခင်သည့် ချစ်မေတ္တာ သည် ဆထက်တံပိုး နိုးကြားထကြွလာလေသည်။ နက္ခတ္တရာယ၏ ငယ်စဉ် တောင်ကျေး ကလေးဘဝက အသွင်အပြင်ကို ထင်မြင် သတိရလာလေသည်။ ကစားခဲ့ပုံမှစ၍ နက္ခတ္တရာယ၏ အမူအရာအားလုံးသည် ဘုရင်မင်းကြီး၏ စိတ်ထဲ၌ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာလေသည်။ ဘုရင်မင်းကြီး၏ မျက်လုံး များမှ မျက်ရည်များ ဖြိုင်ဖြိုင်စီးကျလာလေ၏။

## အခန်း (၁၉)

တိုင်းပြည်နိုင်ငံတွင်းမှ ထွက်ခွာသွားရန် အသင့်ဖြစ်သောအခါ ရဃုပတိအား စစ်သားများက "ပုရောဟိတ်ကြီး၊ ဘယ်ကိုသွားမယ်ကြံသလဲ"ဟု မေးလေ၏။ ရဃုပတိက "အနောက်ကို သွားမယ်"ဟု ပြန်ဖြေလေသည်။

ကိုးရက်တိတိ အဆက်မပြတ် အနောက်ဖက်သို့ခရီးထွက်ခဲ့ပြီးသည့်နောက် အကျဉ်းသားနှင့် စစ်သားများသည် ဒါကာမြို့အနီးသို့ ရောက်ရှိလာကြလေ၏။ ထိုအခါ စစ်သားများသည် ရဃုပတိကို ထိုနေရာ၌ထားခဲ့ပြီးလျှင် မင်းနေပြည်တော်သို့ပြန်လှည့်လာကြလေသည်။

ရဃုပတိသည် တစ်ကိုယ်တည်းတွေးကာ နေလေသည်။

"ဒီကလိယုဂ် အခါဆိုးကြီးမှာ ဗြာဟ္မဏတွေရဲ့ ကျိန်စာဟာလည်း မထက်မြက်တော့ဘူး။ ဗြာဟ္မဏရဲ့ အကြံဉာဏ် ဘယ်လောက် သာသွားသလဲ ဆိုတာ ကြည့်ရအုံးမှာပေါ့။ ဂေါဝိန္ဒမဏိကျက ဘယ်လိုမင်း၊ ငါက ဘယ်လို ဗြာဟ္မဏဆိုတာ ကြည့်ရအုံး မှာပေါ့"

တရိပူမြို့ရှိ နတ်ကွန်းသို့ မဂိုနိုင်ငံမှ သတင်းများရောက်လာဖို့ သိပ်မလွယ်ပေ။ သို့ဖြစ်၍ ရဃုပတိသည် ဒါကာမြို့သို့သွားပြီး မဂိုတို့၏ နေပုံထိုင်ပုံ၊ မဂိုဘုရင်တို့၏ အခြေအနေကို စုံစမ်းဖို့ရန် စိတ်အားထက်သန်၍ နေလေသည်။

ထိုအချိန်မှာ မဂိုဘုရင် ရှာဟာဂျဟာန် အုပ်ချုပ်မင်းလုပ်နေသည့် အချိန်သမယ ဖြစ်လေသည်။ သူ၏တတိယသားတော် အောက်ရန်ဂျေဗ်သည် တောင်ဘက်ရှိ ဗီဂျာပူမြို့ကို ဝင်ရောက်တိုက်ခိုက်ရန်အတွက် စီမံစိုင်းပြင်းလျက် ရှိလေ၏ ဒုတိယသားတော် သုဇာသည် ဘင်္ဂလား၏ဘုရင်ခံဖြစ်ပြီး ရာဂျမဟာလ်မှာ သူ၏ နေပြည်တော်ဖြစ်လေသည်။ အငယ်ဆုံးသားတော် ကုမာရမုရဒ်သည် ဂုဂျရတ်

တိုင်းပြည်တွင် အုပ်ချုပ်မင်းလုပ်လျက်ရှိလေသည်။ သားတော်အကြီးဆုံး ဒါရာကမူ မင်းနေပြည်တော်ဒေလီမြို့၌ပင် နေထိုင်လျက်ရှိလေသည်။ ရှာဟဂျဟန်ဘုရင်၏ သက်တော်မှာ ခြောက်ဆယ့်ခုနစ်နှစ်ရှိနေပြီ။ သူသည် ကောင်းကောင်း မကျန်းမာသည်ဖြစ်၍ တိုင်းပြည်အုပ်ချုပ်သည့်တာဝန်ကို သားတော် ဒါရာအား လွှဲအပ်ထားလေသည်။

ရဃုပတိသည် အချိန်အတန်ကြာမျှ ဒါကာတွင်နေပြီးအူရဒူဘာသာကို သင်ကြားလေ၏။ ထို့နောက်တွင် ရာဂျမဟလ်လက်သို့ ထွက်ခွာသွားလေသည်။ သူ ရာဂျမဟလ်ဘက်သို့ ရောက်သည့်အခါ အန္ဒိယနိုင်ငံတွင် ဗရုန်းသုံးကား ဖြစ်လေတော့သည်။ ဘုရင် ရှာဟဂျဟန် အလောသုံးဆယ် ဖြစ်နေသည်ဟူသော သတင်းသည် တမဟုတ်ချင်းနေရာအနှံ့ ပျံ့၍သွားလေသည်။ ထိုသတင်းကို ကြားရသည်နှင့် တစ်ပြိုင်နက်သုဇာသည် စစ်တပ်နှင့် ဒေလီဘက်သို့ ချီတက်သွားလေ၏။ ဘုရင်၏သားတော်လေးယောက်တို့သည် မေ့မြောနေသော ဖခင်ဘုရင်ကြီး၏ဦးခေါင်းမှ မကိုဋ်ကို အတင်းလုယူဖို့ရန် တကဲကဲ ဖြစ်နေကြလေသည်။

ရဃုပတိသည် ထိုအချိန်၌ မင်းမဲ့တိုင်းပြည် ဖြစ်နေသည့် ရာဂျမဟလ်ကို စွန့်ခွာခဲ့ပြီးလျှင် သုဇာ၏နောက်သို့ လိုက်ဖို့ရန် ကြိုးစားလေသည်။ သူသည် သူနှင့်အတူရှိနေသော အဖော်နှင့်အလုပ်အကြွေးများကို သွားလိုရာ သွားခွင့်ပြု လိုက်၏။ သူ့တွင်ရှိသော ငွေနှစ်သိန်းကို ရာဂျမဟလ်အနီးရှိ လူသူမနေသည့် နေရာတစ်ခုတွင် မြှုပ်ထားပြီး အပေါ်တွင် အမှတ်အသားတစ်ခုလုပ်ထားခဲ့လေ၏။ သူ့ထံတွင်မူ သုံးစွဲဖို့ရန် ငွေအနည်းငယ်မျှသာလျှင် ချန်ထားလေသည်။ ပြာပုံအတိ ဖြစ်နေသောအိမ်များ၊ လူသူဆိတ်သုန်းနေသည့်ရွာများ၊ ပြားချပ်ကြွေမွနေသော လယ်ခင်းယာခင်းများကို ဖြတ်ကျော်ပြီး ရဃုပတိသည် ခရီးဆက်သွားလေသည်။ သူသည် ရသေ့အသွင် ဆောင်ထားလေ၏။ ရသေ့ရဟန်းအသွင်ဆောင်ထား သော်လည်း ထိုအချိန်၌ ရှိသေလေးစားမှု၊ ဧည့်ဝတ်ကျေပွန်မှုကို ခံယူဖို့ရန်မလွယ်ကူ လှပေ။ အကြောင်းမူကားကျိုင်းကောင်အုပ်နှင့်တူသော သုဇာ၏စစ်တပ်ဖြတ်သွား သည့်နေရာပတ်ဝန်းကျင်၌ အငတ်ဘေးကြီးသာလျှင် လွှမ်းမိုးမင်းမူ၍ နေသော ကြောင့်ဖြစ်လေသည်။ စစ်သားများသည် မြင်းနှင့်ဆင်များအတွက် စပါးပင်ကို မျှပင် အလွတ်မထားဘဲ ဖြတ်ယူသွားကြလေ၏။ လယ်သမားများ၏ စပါး ကျီတွင် ဆန်တစ်စေ့၊ စပါးတစ်စေ့မျှပင် မကျန်တော့ပေ။ အရပ်ထက်ဝန်းကျင်၌ အလုခံရ၊ အတိုက်ခံရသဖြင့် လယ်သမားများ၏အခြေအနေမှာ အလွန်ဆိုးဝါး၍ နေလေ၏။ များစွာသောလူတို့မှာ ရွာကိုပစ်ပြီး ပြေးကြလေပြီ။ အကြောင်းအပေါင်း

သင့်သဖြင့် တစ်ယောက်စ၊ နှစ်ယောက်စ တွေ့ရပါမူလည်း ထိုသူတို့၏ မျက်နှာတွင် အပြုံးဟူ၍ တစ်စက်မျှမတွေ့ရပေ။ ညှိုးငယ်သည့် အမူအယာ သာလျှင် ပေါ်နေပြီ။ သူတို့အားလုံးသည် သွေးလန့်နေသည့် သမင်ငယ်ကဲ့သို့ နားကို စွင့်နေကြလေ၏။ သူတို့သည် ဘယ်သူ့အပေါ်မှလည်း သနားကြင်နာခြင်း မရှိတော့ပေ။

လူသူ အသွားအလာမရှိသည့် လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ လက်ထဲတွင် တုတ်ကိုယ်စီနှင့် လူသုံးလေးယောက်ထိုင်နေသည်ကို တွေ့ရလေ၏။ သူတို့သည် ခရီးသည်သားကောင်ကို အမိဖမ်းရန်အတွက် တစ်နေ့လုံး ထိုင်စောင့်နေကြသူများ ဖြစ်လေသည်။ တောမီးလောင်သည့်အခါ တောကြောင်များထသကဲ့သို့ သူခိုးပြများသည် စစ်တပ်နောက်ကမျှော်ပြီး စစ်သားများလုရ၍ကျန်သည့် ကြွင်းကျန်ပစ္စည်းများကို လုကြယက်ကြလေသည်။ လူသေကောင်အတွက် တောခွေးနှင့်အိမ်ခွေးတို့အဝေမတည့်ကြ။ ရန်ဖြစ်ကြသကဲ့သို့ ဓားပြများနှင့်စစ်သားများသည်လည်း မကြာခဏ ခွက်စောင်းခုတ်ကြသည်။ သတ်ဖြတ်ကြသည်။

အညှာတာ မဖက်ခြင်း၊ ရက်စက် ကြမ်းကြုတ်ခြင်းသည် စစ်သားများ၏ ကစားစရာ ဖြစ်နေလေသည်။ အနီးအနားတွင် တွေ့ရသည့် ခရီးသွားတစ်ဦးဦး၏ ဝမ်းဗိုက်ထဲ ဓားထိုးစိုက်လိုက်ခြင်း၊ ခေါင်းပေါင်းနှင့်တကွ ဦးခေါင်းကို ဖြတ်လိုက်ခြင်းကိုမူ သူတို့သည် သာမန်အပျင်းပြေ ကစားခြင်းလောက်ပဲ သဘောထားကြလေ၏။ ရွာသူရွာသားများသည် သူတို့ကို ပက်ပင်းပါ တွေ့ရသည့်အခါ ထိတ်လန့်ကြသည်။ ယင်းကိုပင် သူတို့က ပျော်စရာဟု အောက်မေ့နေကြ၏။ ပစ္စည်းဥစ္စာများကို လုယက်ပြီးသည့်နောက် ရွာသူရွာသားများကို အကြောင်းမဲ့ ညှဉ်းပန်းနှိပ်စက်ရသည်ကို ခံတွင်းတွေ့နေကြသည်။ တစ်ခါတစ်ရံတွင် စစ်သားများသည် ဗြဟ္မဏလူမျိုးနှစ်ဦးကို ကျောချင်းကပ်ပြီးလျှင် သူတို့နှစ်ဦး၏ ဆံထုံးကို တစ်ခုနှင့်တစ်ခု ချည်နှောင်ပေးထားပြီး နှစ်ဦးလုံးကို နှာအရှုခိုင်းလေ၏။ တစ်ခါတစ်ရံ၌ မြင်းနှစ်ကောင်ပေါ်မှာ လူတစ်ယောက်ကိုတင်ပြီး မြင်းများကို ကြာပွတ်ဖြင့် အတင်းရိုက်လေ၏။မြင်းနှစ်ကောင် တစ်ဖက်ဆီသို့ ပြေးထွက်သွားသည့်အခါ ထိုသူသည်အရှိန်နှင့်ကျပြီး လက်ခြေများ ကျိုးသွားလေသည်။ ယင်းသို့လျှင် နေ့စဉ်နှင့်အမျှ သူတို့သည် ကစားနည်းအသစ်များကို ထွင်ကြလေသည်။ အကြောင်းမရှိဘဲနှင့်လည်း ရွာများကို မီးတိုက်ပစ်ကြလေသည်။

စစ်တပ်ချီတက်သွားသည့် လမ်းကြောင်း၌ စစ်သားများ၏ ရမ်းကားချက်များကို ယင်းကဲ့သို့ အနှံ့အပြားခံနေကြရသည်ဖြစ်ရာ ရဃုပတိကို ဘယ်သူက ဂရုတစိုက်နှင့် ဧည့်ခံပြုစုနေနိုင်တော့မည်နည်း။ ရဃုပတိသည် ငတ်တလှည့်

ပြတ်တလှည့်နှင့်သာ စခန်းသွားနေရသည်။ တစ်ညတွင်မှောင်ထဲ၌ လူသူမနေတော့သည့် တဲပျက်တစ်ခုထဲ၌ သူသည် ခြေလက်မသယ်နိုင်တော့သဖြင့် တစ်ညဥ့်အိပ်ရလေတော့သည်။ နံနက်မိုးလင်းလျှင် အိပ်ယာမှထသည်နှင့် တစ်ပြိုင်နက် သူသည် ထိုညက ဦးခေါင်းပြတ်နေသည့် လူသေကောင်တစ်ခုကို ခေါင်းအုံးအိပ်ရသည့်အဖြစ်ကို တထိတ်တလန့် တွေ့ရလေသည်။ တစ်နေ့သ၌ နေ့လည်မွန်းတည့်အချိန်တွင် ရဃုပတိသည် ဆာလောင်မွတ်သိပ်လှသဖြင့် အိမ်တစ်အိမ်သို့ ဝင်သွားလေ၏။ အိမ်ထဲသို့ရောက်သောအခါ လူတစ်ယောက် သူ၏ကျိုးပဲ့နေသည့်သေတ္တာပေါ်မှာ မျက်နှာတင်ပြီး လဲနေသည်ကို တွေ့ရလေ၏။ သူ၏အလုခံရသည့် ပစ္စည်းများအတွက် စိတ်လက်မကြည်မသာနှင့် မှိုင်တွေချနေသည်ဟု ထင်ရလေသည်။ အနီးသို့ရောက်၍ လှုပ်ကြည့်သောအခါကျမှ သေတ္တာပေါ်မှလျောကျသွားလေသည်။ ထိုသူမှာ အသေကောင်မျှသာဖြစ်၏။ အသက်ထွက်သွားသည်မှာ အချိန်ကြာမြင့်လှလေပြီ။

တစ်နေ့သ၌ ရဃုပတိသည် အိမ်တစ်အိမ်၌ အိပ်လေသည်။ နံနက်ဝေလီဝေလင်းအချိန်၌ တံခါးသည် တဖြည်းဖြည်း ပွင့်သွားလေ၏။ သရဒဥတု၏ လရောင်နှင့် အတူတကွ လူရိပ်များသည် အိပ်ခန်းထဲဝင်လာကြ၏။ ခြေသံများကို ကြားရသည်နှင့် တပြိုင်နက် ရဃုပတိသည် လန့်ပြီးထထိုင်လိုက်လေသည်။ သူထိုင်လိုက်သည်နှင့် မိန်းမများက 'အမယ်လေး' ဟု လန့်အော်လေသည်။ ယောကျ်ားတစ်ယောက်က ရှေ့သို့တိုးလာပြီး "ခင်ဗျားဘယ်သူလဲ" ဟု မေးလေ၏။

ရဃုပတိက ပြောလေသည်။

"ကျွန်ုပ် ခရီးသွားဗြာဟ္မဏတစ်ဦးပါ၊ သင်တို့ ကကော ဘယ်သူတွေလဲ"

"ဒီအိမ်က ကျွန်ုပ်တို့အိမ်ပဲ၊ ကျွန်ုပ်တို့ အိမ်ကိုပစ်ပြီး ပြေးရတယ်၊ မဂိုစစ်တပ်သွားပြီလို့ ကြားရလို့ ကျွန်ုပ်တို့ ဒီကို ပြန်လာခဲ့တာ"

ရဃုပတိက မေးလေသည်။

"မဂိုစစ်တပ် ဘယ်ကို သွားပြီလဲ"

"ဝိဂျယပရ်ဘက်ကို သွားပြီတဲ့၊ ခုဆိုရင် သူတို့ ဝိဂျယဂရ်တောထဲကို ဝင်သွားကြရောပေါ့"

ရဃုပတိသည် နောက်ထပ် ထွေထွေထူးထူး မပြောတော့ဘဲ ထိုနေရာမှ ထွက်သွားလေ၏။

## အခန်း (၂၀)

ဝိဂျယဂရ်၏ ကျယ်ပြန့်သောတောသည် သူခိုးဓားပြတို့၏ လျှို့ဝှက်စခန်း ဖြစ်နေလေ၏။ တောအုပ်အလယ်က ဖြတ်ပြီးသွားသော လမ်း၏ဘေးနှစ်ဘက်၌ လူအရိုးများစွာတို့သည် မြေကြီးထဲတွင် မြုပ်နေကြလေသည်။ ထိုအရိုးများ၏ အပေါ်၌ တောပန်းများသာလျှင်ပွင့်နေပြီး တခြားဘာအမှတ်အသားမျှ မတွေ့ ရပေ။ တောအတွင်း၌ ညောင်ပင်၊ လမုပင်၊ တမာပင်များသာလျှင် အများအပြား ရှိကြလေ၏။ နွယ်ပင်အမျိုးမျိုး၊ချုံအမျိုးမျိုးလည်း ထိုတောထဲ၌ ရှုပ်ထွေး၍ နေသည်။ ဟိုနေရာ ဒီနေရာတွင်ချိုင့်လိုလို၊ ရေအိုင်လိုလို အရာများကိုလည်း တွေ့ရသည်။ အမြဲမပြတ် သစ်ရွက်များ ကြွေကျနေသည်ဖြစ်၍ ထိုရေအိုင်မှ ရေများမှာ စိမ်းရွှေရွှေဖြစ်နေသည်ကိုသာလျှင် တွေ့ ရ၏။ သေးသွယ်သော လမ်းငယ်ကလေးမှာ ညို့မှိုင်းနေသော တောအတွင်း၌ မြွေနှင့်တူစွာ နေရာအနှံ့ အပြား တွင် ကွေ့ကောက်သွားနေကြ၏။ သစ်ကိုင်းများပေါ်တွင်ကား မျောက်တို့ သည်သူ့အုပ်နှင့်သူ နေကြလေသည်။ ညောင်ပင်ကြီးများ အကိုင်းပေါ်မှ မျောက်တို့၏ အမြီးများသည် တန်းလန်းကျနေကြလေ၏။ ညနေချမ်းအချိန်၌ တမာပင်များ၏ အပေါ်၌ ဆူညံနေကြသော မရေတွက်နိုင်သော ကြက်တူရွေး များ၏အသံကြောင့် ထူထပ်ပိတ်မှောင်နေသည့် တော၏အမိုက်မှောင်သည် ကွဲ၍ ရှဲ၍ သွားသည်ဟု အောက်မေ့ရသည်။

ယနေ့ ဤကြီးမားပြန့်ကျယ်သော တောကြီးအတွင်း၌ နှစ်သောင်းမျှသော စစ်သည်တပ်သားများ ဝင်ရောက်လာကြလေ၏။ သစ်ကိုင်း၊ သစ်ခက်၊ နွယ်ပင်၊ ချုံပင်တို့ ဖုံးလွှမ်းနေသည့် ဤကျယ်ဝန်းလှသော တောကြီးသည် ချွန်ထက်သည့် နုတ်သီး ခြေသည်းများရှိသည့် သိန်းငှက်၊ စွန်ငှက်တို့နှင့်တူသော စစ်သားတို့၏

အသိုက်နှင့် တူနေတော့သည်။ ဤမျှလောက် အရေအတွက် များပြားသော စစ်သားများ တပြိုင်နက်ဝင်ရောက်လာသည်ကို တွေ့ရသဖြင့် ကျီးကန်းများသည် တအားအားနှင့်အုပ်ဖွဲ့ပြီး ကောင်းကင်တွင် ပျံဝဲနေကြသည်။ သူတို့သည် သစ်ကိုင်းများပေါ်တွင် မနားဝံ့ဖြစ်နေကြ၏။

စစ်သားများသည် တစ်နေ့လုံး ချီတက်နေရပြီးနောက် တောထဲရောက်လာကြသည့်အခါ ထင်းခြောက်များကိုစုပြီး ထမင်းဟင်းချက်ပြုတ်ကြလေ၏။ အချင်းချင်း စကားစမြည်ပြောကြလေ၏။ သူတို့၏ ထိုတိုးတိုးသာသာ စကားပြောသံသည် တစ်တောလုံးတွင် ပဲ့တင်ညံ၍ နေလေသည်။ ထို့ကြောင့်ပင် ညနေချမ်းတွင် မြည်လေ့ရှိသော ပုရစ်တို့၏အသံကိုပင် မကြားရဖြစ်နေ၏။ သစ်ပင်များတွင် ချည်နှောင်ထားသည့် မြင်းများသည် မကြာခဏ သူတို့၏ ခွာများဖြင့် မြေကြီးကိုယက်ယက်ပြီး ဟီဟီနေကြသည်ဖြစ်၍ တစ်တောလုံးသည် တုန်၍တုန်၍ သွားလေသည်။ ဘုရားကျောင်းပျက်၏အနီးရှိ မြေကွက်လပ်တစ်ခုတွင် ဘုရင်သုဇာ၏ ယာယီတဲနန်းကို ထိုးထားလေ၏။ အခြားသူများကမူ ယနေ့ သစ်ပင်အောက်၌ စတည်းချကြရလေသည်။

တစ်နေ့လုံး မရပ်မနားဘဲ ခရီးနှင်ပြီးသည့်နောက် ရဃုပတိသည်တောထဲသို့ ဝင်ရောက်လာကြလေ၏။ ထိုအချိန်၌ မိုးချုပ်သွားလေပြီ။ စစ်သားများစွာတို့မှာ အိပ်မောကျနေကြလေပြီ။ စစ်သားအနည်းငယ်မျှသာလျှင် တိတ်တဆိတ် ကင်းစောင့်နေကြလေ၏။ အချို့နေရာများတွင်မူ မီးများတောက်၍နေ၏။ အမိုက်တိုက်သည် သူ၏အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးနီကြီးများကို ခဲခဲယဉ်းယဉ်းနှင့် ဖွင့်ထားရသည်ဟု အောက်မေ့ရလေသည်။ တောထဲတွင် ခြေချမိသည်နှင့် ရဃုပတိသည် နှစ်ထောင်သော စစ်သားတို့၏အသက်ရှူသံကို ကြားလိုက်ရသည်ဟု အောက်မေ့ရလေသည်။ ထောင်ပေါင်းများစွာသော သစ်ပင်တို့သည် သစ်ခက် သစ်ရွက်တို့ကိုဖြန့်ပြီး ကင်းစောင့်နေကြသကဲ့သို့ ထင်ရလေသည်။ ဇီးကွက်ငှက်သည် သူ၏မွေးကင်းစကလေးများအပေါ် တောင်ပံကို ဖြန့်ပြီး ဝပ်နေသကဲ့သို့ တောအပြင်ဘက်မှ ကျယ်ပြန့်သည့်အမိုက်မှောင်သည်တောတွင်း အမိုက်မှောင်ပေါ်တွင် တောင်ပံအားဖြင့်အုပ်ပြီး တိတ်တဆိတ် ဝပ်နေသလားဟု အောက်မေ့ရလေသည်။ တောအတွင်းက ညဥ့်အမှောင်သည် မျက်နှာကိုအုပ်ပြီး အိပ်နေလေသည်။ တောအပြင်ဘက်က ညဥ့်အမှောင်ကမူ ဦးခေါင်းထောင်ပြီး နိုးနေ၏။ ရဃုပတိသည် ထိုည၌ တော၏အစွန်အဖျား၌ပင် အိပ်စက်ရလေ၏။

နံနက်မိုးလင်းသောအခါ ခြေထောက်ဖြင့် တစ်ချက်နှစ်ချက် အကန်ခံရပြီးနောက် လူးလဲထကြည့်သောအခါ ရဃုပတိသည် ခေါင်းပေါင်းကြီးများ

ပေါင်းထားကြသည့် မုတ်ဆိတ်ဖားဖားနှင့် မူဆလမန်စစ်သားများ သူတို့၏ဘာသာစကားဖြင့် မေးမြန်းပြောဆိုနေသည်ကို တွေ့ရလေ၏။ ထိုစကားများကိုကြားရသဖြင့် သူတို့သည် သူ့ကို ကြိမ်းမောင်းရေရွတ်နေကြကြောင်း မှန်းဆသိရလေသည်။ ရဃုပတိကလည်း အားကျမခံ သူတို့ကို ဘင်္ဂလားဘာသာဖြင့် ပြန်လှန်ဆဲဆိုလေသည်။ စစ်သားများက သူ့ကိုအတင်းဆွဲလေ၏။ ရဃုပတိက "ဘာလဲ မင်းတို့က လူကို ပြောင်စရာမှတ်နေလား" ဟု ပြောလေ၏။ သို့ရာတွင် သူတို့၏အမူအရာ၌ ပြောင်လှောင်သည့်အရိပ်အမြွက် တစ်ချက်မျှ မတွေ့ရပေ။ သူတို့သည် ရဃုပတိကို တောထဲသို့ အသနားအညှာတာ မဖက်ဘဲ ရွတ်တိုက်ဆွဲခေါ်သွားကြလေ၏။

ရဃုပတိက မခံချိမခံသာဖြင့် ပြောလေ၏။ "ဘာဖြစ်လို့ ဆွဲခေါ်နေရတာလဲ၊ ငါကိုယ်တိုင် သွားမလို့ပဲ။ ဒီလောက် ဝေးဝေးလံလံကြီးအထိ ဘာဖြစ်လို့ ဒုက္ခခံပြီး လာတယ်မှတ်သလဲ" စစ်သားများက ဝါးကနဲရယ်ကြ၏။ သူပြောသည့် ဗင်္ဂလားဘာသာစကားကိုသံယောင်လိုက်ပြီး ပြောကြပြောင်ကြ၏။ တဖြည်းဖြည်းနှင့် ရဃုပတိအနီးတွင် စစ်သားများ စုရုံးရောက်ရှိလာကြသည်။ သူတို့ဝိုင်းပြီး လှောင်ကြပြောင်ကြသည်မှာ ဆူညံနေတော့သည်။ သူ့ဒုက္ခသည် အပိုင်းအခြားမရှိ ဖြစ်နေသည်။ စစ်သားတစ်ယောက်သည် ရှဉ့်တစ်ကောင်ကို အမြီးက ဖမ်းကိုင်ပြီး ရဃုပတိ၏ ကတုံးပြောင်ပေါ်တင်လိုက်လေ၏။ ထိုစစ်သား၏ ရည်ရွယ်ချက်မှာ ရှဉ့်က ကတုံးပြောင်ကို သစ်သီးမှတ်ပြီး ကိုက်စားသလား၊ မစားဘူးလားဟု ကြည့်ရန်ဖြစ်လေသည်။စစ်သားတို့၏လှောင်သံ ရယ်မောသံကြောင့် တစ်တောလုံးပွဲတင်ညံသွားလေ၏။ ယနေ့ နေ့လယ်တွင် သူတို့သည် တိုက်ပွဲဝင်ရတော့မည်။ သို့ဖြစ်၍ တိုက်ပွဲမဝင်ခင် စိတ်ပြေလက်ပျောက် သူတို့သည် ရဃုပတိကို ပြောင်ကြစကြလေ၏။ ပြောင်၍ စ၍ အားရကျေနပ်မှ သူတို့သည် ရဃုပတိကို ဘုရင်သုဇာ၏ ယာယီတဲနန်းသို့ခေါ်သွားကြလေ၏။ ဘုရင်သုဇာကို တွေ့ရသောအခါ ရဃုပတိ ဆလံမပေးပေ။ သူသည် နတ်ဒေဝတာနှင့် ဗြာဟ္မဏမှတစ်ပါး ဦးခေါင်းကိုမကြို့ပေ။ သို့ဖြစ်၍ လက်ကိုမြှောက်ပြီး ပြောလိုက်လေ၏။

"ရှာဟဂျဟန်မင်းကြီးသက်တော်ရှည်ပါစေ"

သုဇာဘုရင်သည် သေရည်ခွက်ကိုလက်ကကိုင်ပြီး ထိုင်နေလေ၏။အရက်ကမူးနေသဖြင့် ပျင်းရိငြီးငွေ့လှသောအသံဖြင့် ဂရုမစိုက်သလို မေးလိုက်လေ၏။

"ဘာဖြစ်လာကြတာလဲ"

"အရှင်မင်းကြီး၊ ဟော္လီမှာ ရန်သူရဲ့သူလျှို ကိုယ်ရောင်ဖျောက်ပြီး ကျွန်ုပ်တို့ရဲ့လျှို့ဝှက်ချက်ကို စုံစမ်းမလို့ လာတာနဲ့တူတယ်။ ကျွန်ုပ်တို့ဖမ်းပြီး အရှင်မင်းကြီးဆီ

ခေါ်လာတယ်”

“အော် အော်၊ စုံစမ်းမလို့ လာတာလား၊ စုံစမ်းပါစေ၊ ခရေစေ့တွင်းကျပဲ စုံစမ်းပါစေ။ ဒါမှ သူ့တိုင်းပြည်ပြန်ပြီး အကြောင်းစုံပြောနိုင်မယ်”

ရဃုပတိသည် မပီသသော ဟိန္ဒူစကားဖြင့် ပြောလေ၏။

“အကျွန်ုပ် ဘုရင်မင်းရဲ့လက်အောက်မှာ အမှုထမ်းချင်ပါတယ်”

သုဇာဘုရင်သည် အရက်မူးမူးနှင့် ရဃုပတိကို ချက်ခြင်းထွက်သွားရန် လက်နှင့်ပြပြီး ‘ပူလိုက်တာ’ ဟု ပြောလိုက်လေ၏။ ယပ်ခတ်နေသောသူမှာ နှစ်ဆသော အရှိန်အဟုန်ဖြင့် ယပ်ကို ထပ်ခတ်ပေးနေသည်။

ဒါရာသည် သုဇာဘုရင်ကို တွန်းလှန်ပစ်ရန် သူ၏သား ဆုလေမန်ကို ဇယဆိန်နှင့် အတူတကွ လွှတ်လိုက်လေသည်။ ဆုလေမန်၏ ကြီးမားသော စစ်တပ်ကြီး အနီးသို့ရောက်လာပြီဆိုသည့်သတင်းကို သုဇာဘုရင် ရရှိသွားပြီး ဖြစ်သည်။ သို့ဖြစ်၍ သူသည် ဝိဇယဂရ်၏ခံတပ်ကိုထိုးဖောက်ရန် ထိုနေရာ၌ စစ်တပ်ကို ရုံးစုဖို့ရန်အတွက် အားစိုက်လျက်ရှိလေ၏။ သုဇာဘုရင်ဆီမှ ခံတပ်နှင့် ဘုရင့်ဘဏ္ဍာများကို အပ်နှင်းဘို့ရန်ဟူသော လိုလားချက်ကို ဆောင်ကြဉ်းပြီးလျှင် တမန်သည် ဝိဂျာယဂရ်၏ ဘုရင့်ဝိက္ကရမဆိန်၏အထံသို့ ရောက်သွားခဲ့လေသည်။ ဝိက္ကရမဆိန်က ထိုတမန်ဖြင့်ပင် “ကျွန်ုပ်ဒေလီ၏ဘုရင် ရှာဟဂျဟန်ကိုသာ သိတယ်၊ သုဇာဆိုတာ ဘယ်သူလဲ။ကျွန်ုပ် သုဇာကိုမသိဘူး” ဟု မချေမငံ အကြောင်းပြန်လိုက်လေ၏။

သုဇာသည် ခြောက်ကပ်သော အသံကြီးဖြင့် ပြောလိုက်လေ၏။

‘တစ်ပွဲ တစ်လမ်း စမ်းကြရအုံးမှာပေါ့’

ရဃုပတိသည် ထိုအကြောင်းအရာ အားလုံးကို ကြားသိရလေသည်။ သူသည် စစ်သားတို့၏အလစ်တွင် ဝိဂျယဂရ်ဘက်သို့ တိတ်တဆိတ် ထွက်သွားလေ၏။

## အခန်း (၂၁)

ဝီဂျယဂရ်သည် တောင်ထိပ်ပေါ်တွင် ရှိလေသည်။ ဝီဂျယဂရ်၏ တောတန်းသည် ခံတပ်အနီးတွင် သွားပြီးအဆုံးသတ်လေ၏။ တောထဲမှထွက်လာသောအခါ ရဃုပတိသည် ကျောက်သားများဖြင့် ပြုလုပ်ထားသည့် မြင့်မားသော ခံတပ်ကြီး မိုးစွန်တဖျားကို ထိပြီးတည်ရှိနေသည်ကို တွေ့ရလေ၏။ တောသည် ထောင်ပေါင်းများစွာသော သစ်ပင်ဝါးပင်တို့၏အကြားတွင် မြုပ်၍နေသကဲ့သို့ ထိုခံတပ်ကြီးသည်လည်းကျောက်သား ကျောက်တုံးများ၏ အလယ်တွင် ကွယ်၍နေလေ၏။တောကြီးက နားစွင့်နေလျှင် ခံတပ်ကြီးက သတိနှင့်ဖြစ်နေ၏။ တောကြီးကကျားအသွင်ကဲ့သို့ နောက်ခြေထောက်နှင့် အမြီးကို ဖိထိုင်ထားလျှင် ခံတပ်ကြီးက ခြင်္သေ့အသွင်ကဲ့သို့ လည်ဆံကိုဖွာပြီး၊ လည်တံကို ရမ်းပြီး ရပ်နေလေ၏။ တောကြီးက ပထဝီမြေကြီးပေါ်တွင် နားနှင့်ကပ်ပြီး နားထောင်နေလေ၏။ ခံတပ်ကြီးက ကောင်းကင်ပေါ်တွင် ဦးထောင်ပြီး ကြည့်နေလေ၏။

ရဃုပတိ တောအတွင်းမှ ထွက်လာသည်နှင့်တစ်ပြိုင်နက် ခံတပ်နံရံတွင် စောင့်ကြပ်နေကြသည့်တပ်သားများသည် ပျာရာခတ်သွားကြလေ၏။ တပိုးမှုတ်သံ ကြားလိုက်ရလေ၏။ ခံတပ်ကြီးသည် ရုတ်တရက် ခြိမ်းခြောက်ဟိန်းဟောက်လိုက်ပြီး ခြေသည်းလက်သည်းများကို ထုတ်လျက်၊ မျက်မှောင်ကို ကြုတ်လျက် ရပ်လိုက်သကဲ့သို့ ထင်ရလေ၏။ ရဃုပတိသည် သူ၏ယဇ်ချည်ကြိုးကိုပြပြီးလျှင် လက်ကိုမြှောက်၍ အချက်ပေးလေ၏။ စစ်သားများသည် သတိနှင့် ရပ်နေကြသည်။ ရဃုပတိခံတပ်အနီးကပ်လာသည့်အခါ စစ်သားများက "အသင်ဘယ်သူလဲ" ဟုမေးလိုက်လေ၏။

ရဃုပတိက ပြန်ဖြေလေသည်။

"ကျွန်ုပ် ဗြဟ္မာဏသွေ့သည် ဖြစ်ပါတယ်"

ထိုခံတပ်၏အရှင်သခင်ဖြစ်သော ဝိကရမဆိန် ဘုရင်သည် တရားဓမ္မကို အထူးကြည်ညိုလေးစားသူ ဖြစ်သည်။ သူသည် နတ်ဒေဝတာများ၊ ဗြဟ္မာဏများ၊ သွေ့သည် အာဂန္တုများကို အမြဲလိုလိုပင် ပြုစုလုပ်ကျွေးနေသူ ဘုရင်တစ်ပါး ဖြစ်သည်။ ယဇ်ချည်ကြိုးရှိနေလျှင် ခံတပ်အတွင်းသို့ ဝင်ရောက်ဖို့ရန်အတွက် တခြားအသိအမှတ်ပြုဖို့ မလိုတော့ပေ။ သို့ရာတွင် ယနေ့ ယခုအချိန်ကား စစ်ဖြစ်နေသည့်အခါ ဖြစ်၏။ သို့ဖြစ်၍ ဘယ်လိုစီမံရလျှင် ကောင်းမည်လဲဟု စစ်သားတို့သည် မဝေခွဲနိုင်အောင် ဖြစ်နေလေသည်။

ရဃုပတိက တစ်ဖန်ပြောပြန်၏။

"သင်တို့ ခိုလှုံခွင့်မပေးရင်တော့ ကျွန်ုပ် မူဆလမန်တို့ရဲ့ လက်ချက်နဲ့ အသက်ထွက်ရတော့မှာပဲ"

ထိုစကား ဝိက္ကရမဆိန်၏နား ရောက်သည်နှင့်တစ်ပြိုင်နက် ဝိက္ကရမဆိန်သည် ဗြဟ္မာဏအား ခံတပ်ထဲ ခိုလှုံခွင့်ပေးရန် အမိန့်ပေးလိုက်လေ၏။ ခံတပ်၏နံရံပေါ်မှ လှေကားတစ်ခုအောက်ဘက်ချပေးလိုက်လေ၏။ ရဃုပတိသည် ထိုလှေကားဖြင့် ခံတပ်ထဲသို့ ဝင်ရောက်သွားလေသည်။

ခံတပ်၏အတွင်း၌ကား အားလုံးပင် တိုက်ပွဲကိုဆင်နွှဲရန် စိတ်စောနေကြ၏။ ဗြဟ္မာဏကို သွေ့ခံပြုစုရန်အတွက်အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ဦးကြီးဆိုသူက တာဝန်ယူလေသည်။ သူ၏အမည်ရင်းမှာ ခင်္ဂဆိန်ဟ် ဟုခေါ်သည်။ သို့ရာတွင် သူ့ကိုဦးကြီးဟုခေါ်ကြသည်။ ဦးကြီးက မေးလေ၏။

"ဗြဟ္မာဏကြီးက ဘယ်ကလာတာလဲ"

"တရိပူရ မင်းနေပြည်တော်ကပါ"

ဝိဂျယဂရ်၏ အပြင်အပ၌ရှိသော ဟိန္ဒူစတန် တိုင်းနိုင်ငံ၏ ပထဝီဝင်နှင့် ရာဇဝင်ကို ဦးကြီးသိသည်မှာ အင်မတန်မှ ကျဉ်းမြောင်းလှပေသည်။ ဝိဂျယဂရ်မှ တစ်ပါး ဟိန္ဒူစတန် တိုင်းနိုင်ငံမှ အခြားသိသင့်သိအပ်သည့် အရာများရှိသေးသည်ဟု သူမယုံကြည်ပေ။ လုံးလုံးစိတ်ကူးနှင့်မှန်းပြီး ပြောလိုက်လေ၏။

"တရိပူရပြည်က ဘုရင်က သိပ်ကြီးကျယ်တဲ့ ဘုရင်ပဲနော်"

ရဃုပတိက ထိုအချက်ကို အကြွင်းမဲ့ ထောက်ခံလိုက်လေ၏။

ဦးကြီးက မေးပြန်လေ၏။

"ဗြဟ္မာဏကြီးက အဲ့ဒီမှာ ဘာလုပ်သလဲ"

"ကျွန်ုပ် တရိပူရက ဘုရင့်ပုရောဟိတ်ပဲ"

ဦးကြီးသည် မျက်စိကိုမှိတ်၊ ဦးခေါင်းကိုလှုပ်ရမ်းပြီး "သြော်" ဟု ပြောလိုက်

လေ၏။ ရဃုပတိ၏အပေါ်၌ သူ၏အထင်ကြီးမှု၊ လေးစားမှုမှာ ပိုမို လွန်ကဲသွားလေ၏။ သူက ထပ်မေးပြန်လေ၏။

"ပုရောဟိတ်ကြီး ဓိကိုဘာဖြစ်လို့ လာတာလဲ"

"ကျွန်ုပ် ဘုရားလှည့်လည်ဖူးမလို့ လာတာ"

ဝုန်းကနဲ ဒိုင်းကနဲဟူသော အသံများ ကြားရ၏။ ရန်သူများ ခံတပ်ကို တိုက်ခိုက်ကြလေပြီ။ ဦးကြီးသည် အပြုံးမပျက်ဘဲ မျက်လုံးမှေးပြီး "ဘာမှ မဟုတ်ပါဘူး၊ ကျောက်ခဲနဲ့ ပစ်နေကြတာပါ" ဟု ခပ်ပေါ့ပေါ့ပင် ပြောလိုက်လေ၏။ ဝိဂျယဂရ်ခံတပ်မှ ကျောက်တို့သည် ဦးကြီးစိတ်ချယုံကြည်သလောက် ခိုင်ခံ့ခြင်း မရှိကြပေ။ ရဃုပတိသည် တရိပူရ မင်းနေပြည်တော်မှ ရောက်လာသူဖြစ်သည်။ ယင်းကဲ့သို့သော ဧည့်သည်မျိုးကို တွေ့ရဖို့ရန် သိပ်မလွယ်ကူလှပေ။ သို့ဖြစ်၍ ဦးကြီးသည် အားတက်၍ နေ၏။ သူသည် ဧည့်သည်နှင့် ဝိဂျယဂရ်၏ ရှေးဟောင်း အကြောင်းအရာများကိုဆွေးနွေးပြောကြား၍ နေသည်။

ညနေချမ်းရောက်သောအခါ ခံတပ်ကို ရန်သူဘက်မှ မည်သည့်နည်းနှင့်မျှ မထိုးဖောက်နိုင်ဆိုသောသတင်း ရောက်ရှိလာလေ၏။ သူတို့သည် အမြောက်များဖြင့် လှမ်းပစ်ကြလေသည်။ သို့ရာတွင် အမြောက်ဆံများသည် ခံတပ်သို့ အထိပင် ရောက်မလာကြပေ။ ဦးကြီးဆိုသူသည် ပြုံးရယ်ပြီး ရဃုပတိကို ကြည့်လိုက်လေ၏။ ဘုရားသခင်က ခံတပ်ကို စောင့်ရှောက်နေသည်ဆိုသော သူ၏ထင်မြင်ချက်အတွက် ယခု အဖြစ်အပျက်သည် အကောင်းဆုံးသော သက်သေခံ အထောက်အထားဖြစ်သည်ဟု သူက ဆိုလိုဟန်ရှိလေသည်။

## အခန်း (၂၂)

သုဇာဘုရင်ကို တစ်နည်းနည်းဖြင့် သူ့ဘက်ပါအောင် ဆွဲဆောင်ဖို့ရန်မှာ ရဃုပတိ၏ ရည်ရွယ်ရင်းဖြစ်လေသည်။ သုဇာဘုရင်က ဝိဂျယဂရ်ခံတပ်ကို စီးဝင်ဖို့ စိမ်စိုင်းပြင်းနေကြောင်း ကြားသိရသောခါ ရဃုပတိသည် မိတ်ဆွေသင်္ဂဟ အဖြစ်ဖြင့် ခံတပ်ထဲရောက်အောင် သွားပြီးလျှင် သုဇာအား ခံတပ်တွင်းသို့ ဝင်ရောက်ရေး၌ ဖြစ်နိုင်သည့်နည်းလမ်းအားဖြင့်အကူအညီပေးရန် အကြံပြု မိလေ၏။ သို့ရာတွင် ဗြဟ္မာဏဟူသည်စစ်ရေးစစ်ရာနှင့် ပတ်သက်ပြီး ဘာမျှ နားလည်ခြင်း မရှိပေ။ သို့ဖြစ်၍ဘယ်ပုံဘယ်နည်းဖြင့် သုဇာဘုရင်ကို အကူ အညီပေးရမည် ဆိုသည်ကိုမကြံတတ်အောင် ဖြစ်နေလေ၏။

နောက်နေ့တွင် စစ်ပွဲတစ်ဖန် စပြန်လေသည်။ ရန်သူများသည် အမြောက်များ များစွာသုံးပြီး ခံတပ်၏အရှေ့ဘက်ကို သဲကြီး မဲကြီးနှင့် ပစ်ကြသောကြောင့် ခံတပ်အရှေ့ပိုင်းမှ အချို့နေရာများ ကျိုးပဲ့လွင့်စင်ထွက်သွားလေ၏။ သို့ရာတွင် ခံတပ်အပေါ်ဘက်မှ သေနတ်ဖြင့် တရစပ် ပစ်နေသောကြောင့် ရန်သူတို့သည် ခံတပ်အတွင်းသို့ ဝင်ရောက်ခြင်းငှာ မစွမ်းနိုင်ကြပေ။ ကျိုးပဲ့သွားသော နေရာ များကိုလည်းရုတ်ခြည်းပင် ပိတ်ဆို့ပြီး ပြင်ဆင်ဖာထေး ထားလိုက်လေ၏။ ယနေ့တိုက်ပွဲ၌မူ သေနတ်ကျည်ဆံအချို့ ခံတပ်ထဲလာပြီး ကျလေသည်။ ခံတပ်အတွင်းရှိ စစ်သားများထဲမှ နှစ်ဦးသုံးဦး ဏ်ရာရကြလေ၏။

"ပုရောဟိတ်ကြီး၊ ကြောက်စရာ ဘာမှမလိုဘူး၊ ဂါလောက်တော့ ကလေး ကစားတာလောက်ပဲ ရှိသေးတယ်"

ယင်းသို့ပြောပြီးလျှင် ဦးကြီးဆိုသူသည် ရဃုပတိကိုခေါ်ပြီး ခံတပ်ကို လေးဘက်လေးတန် လှည့်ကာလိုက်ပြလေ၏။ အချို့နေရာတွင် လက်နက်များ

ထားသည့်နေရာရှိပြီး အချို့နေရာတွင် ရိက္ခာသိုလှောင်ထားသည့် နေရာရှိလေသည်။ အချို့နေရာ၌ ဏ်ရာအနာတရ ရသူများကို ဆေးကုသည့်နေရာရှိပြီး အချို့နေရာ၌ သံ့ပန်းအကျဉ်းသားများကိုထားသည့် နေရာရှိလေသည်။ အချို့နေရာကား နန်းတော်အဖြစ်ထားသည့် နေရာဖြစ်သည်။ ထိုအရာအားလုံးကို တစ်ခုပြီးတစ်ခု လိုက်ပြသည်။ ထို့ပြင် မကြာခဏ ဦးကြီးသည် ရဃုပတိ မျက်နှာကိုလည်း လှမ်းလှမ်းကြည့်လေသည်။

ရဃုပတိက ပြောလေသည်။

"သိပ်ကြီးကျယ်တဲ့ ခံတပ်ကြီးဘဲ၊ တရိပူရက ခံတပ်ထက် အပုံကြီးသာတယ်၊ ဒါပေမယ့် တရိပူရခံတပ်က သာတာတစ်ခုတော့ ရှိတယ်၊ ဟိုမှာ တိတ်တိတ်ပုန်းပြီး ထွက်ဖို့ အံ့သြဖွယ်ကောင်းတဲ့ ဥမင်လှိုဏ်ခေါင်း လမ်းပေါက်ရှိတယ်၊ ဒီခံတပ်မှာတော့ အဲဒီလို ဥမင်လှိုဏ်ခေါင်းမျိုး မရှိဘဲကိုး" ဦးကြီးသည် တစ်စုံတစ်ခု ပြောလိုက်မည်ဟု ကြံ၏။ သို့ရာတွင် ရုတ်ခြည်းပင် ကိုယ့်ကိုကိုယ် ထိန်းလိုက်ပြီးလျှင် "ဟုတ်တယ်၊ ဒီခံတပ်မှာတော့ အဲဒီလိုဥမင်လှိုဏ်ခေါင်းမျိုး မရှိဘူး"

ရဃုပတိသည် အလွန်အံ့သြသွားသော အမူအရာဖြင့် ပြောလေ၏။

" ဒါလောက်ကြီးမားတဲ့ ခံတပ်ကြီးမှာဥမင်လှိုဏ်ခေါင်းတစ်ခုမှမရှိဘူးနော်။ ဘယ်လိုလဲ မသိဘူး"

ဦးကြီးသည် မခံချင်သဖြင့် ပြန်လှန်ပြောလေ၏။

"မရှိဘူးတော့ မဟုတ်ဘူး။ ရှိမှာအမှန်ပဲ။ ကျွန်ုပ်တို့မသိလို့သာ"

ရဃုပတိက ရယ်ပြီးပြောလေ၏။

" ဒီလိုဆိုရင်တော့ မရှိတာနဲ့ ဘာထူး သေးသလဲ။ ဦးကြီးလိုလူကမှ မသိရင် တခြားဘယ်သူ သိအုံးမလဲ"

ဦးကြီးသည် အတန်ကြာ ဘာမျှမပြောဘဲ တွေဝေစဉ်းစားနေ၏။ ထို့နောက် "ဘုရား၊ ဘုရား" ဟု နှုတ်ကမြည်လျက် လက်ဆစ်များကိုချိုးနေလေ၏။ အတန်ကြာမှ မုတ်ဆိတ်မွေးကို တစ်ချက်နှစ်ချက် လက်ဖြင့်သပ်လိုက်ပြီးလျှင် "ပုရောဟိတ်ကြီး၊ ဘုရား တရား အမြဲကြည်ညိုနေတဲ့ပုရောဟိတ်ကြီးလို သူတော်သူမြတ်ကို ပြောလို့တော့ အပြစ်ဖြစ်မှာမဟုတ်ပါဘူး၊ ဒီခံတပ်ကြီးမှာ ဝင်ဖို့နဲ့ ထွက်ဖို့အတွက် လျှို့ဝှက်တဲ့လမ်းပေါက်နှစ်ခု ရှိတယ်။ ဒါပေမယ့် အပြင်အပက လူစိမ်းသူစိမ်း တစ်ဦးဦးကိုအဲဒီလမ်းပေါက်ကို ပြခွင့်မရှိဘူး"

ရဃုပတိက သံသယမကင်းသော အသံမျိုးဖြင့် "ဟုတ်ကဲ့လား" ဟု ပြောလိုက်၏။

ရဃုပတိ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်မှာ သူ့ကြောင့်ပင်ဖြစ်၏

ဟု ဦးကြီးကနားလည်လေသည်။ တစ်ကြိမ်က "မရှိဘူး" ဟုပြောပြီး နောက်တစ်ကြိမ်ကျတော့ 'ရှိတယ်' ဟုပြောလျှင် မယုံသင်္ကာဖြစ်မည်မှာ ဓမ္မတာပင်ဖြစ်သည်။ တစ်မြေရပ်ခြားမှလာသူတစ်ဦး၏အမြင်၌ ဝိဂျယဂရ်ခံတပ်က နေရာမှာတော့ တရိပ္ပူရခံတပ်ကို မမှီဘူးဟူသောအသိမျိုးဖြစ်ပေါ်သွားသည်မှာကို ဦးကြီးသည် လုံးဝမလိုလားပေ။ ထို့ကြောင့် သူကပြောလေ၏။

"ပုရောဟိတ်ကြီး၊ ပုရောဟိတ်ကြီးဟာ တရိပ္ပူရနဲ့ အလွန်ဝေးကွာတဲ့ နေရာကို ရောက်နေတဲ့လူဖြစ်တယ်။ ပြီးတော့ ပုရောဟိတ်ကြီးဟာ ဗြာဟ္မဏတစ်ဦးဖြစ်တယ်။ နတ်ဒေဝတာတွေကို ပူဇော်ပသတာလောက်ပဲ ပုရောဟိတ်ကြီးရဲ့ တစ်ခုတည်းသော အလုပ်ဖြစ်တယ်။ ဒါကြောင့် ပုရောဟိတ်ကြီးဆီက လျှို့ဝှက်ချက် တစ်စုံတစ်ခု ပေါက်ကြားသွားမှာ မစိုးရိမ်ရပါဘူးနော်"

ရဃုပတိက ပြောလေ၏။

"ဦးကြီးကလည်း ကြံကြံဖန်ဖန်၊ ကျွန်ုပ်အတွက် ဘာမှမစိုးရိမ်ရပါဘူး။ တကယ်လို့ စိတ်မချလို့ရှိရင်တော့ မပြောဘဲနေနိုင်ပါတယ်။ အကျွန်ုပ်က ဗြာဟ္မဏပဲ၊ ခံတပ်အရေးအရာတွေနဲ့ ကျွန်ုပ် ဘာမှမဆိုင်ပါဘူး"

ဦးကြီးသည် စိတ်ချသွားသဖြင့် "ပုရောဟိတ်ကြီးကို စိတ်မချစရာမလိုပါဘူး။ ကဲလာ လိုက်ပြပါဦးမယ်" ဟု ပြောပြီး ရဃုပတိကိုခေါ်သွားလေ၏။

ခံတပ်၏ အပြင်ဘက်၌ကား သုဇာဘုရင်၏ စစ်သည်တပ်သားများသည် ဆူပွက်နေကြ၏။ တော၏အလယ်၌ သုဇာ၏ယာယီတဲနန်းရှိသည်။ ဆုလေမန်နှင့် ဇယဆိန်ဟ်တို့၏တပ်သည် ထိုယာယီတဲနန်းကို အလစ်တွင် ဝိုင်းပြီးလျှင် သုဇာဘုရင်ကို လက်ရဖမ်းဆီးလိုက်၏။ ထို့နောက် ခံတပ်ကိုဝင်စီးနေကြသည့် တပ်သားများကို အတင်းဝင်ပြီး တိုက်ခိုက်ကြလေသည်။ သုဇာ၏တပ်သားများသည် ဖရိုဖရဲဖြစ်ပြီး လက်နက်များကိုစွန့်ပစ်လျက် ထွက်ပြေးကြလေ၏။

ခံတပ်၏အတွင်းဘက်၌ကား လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ဝိက္ကရမဆိန်ဟ်၏အထံသို့ ဆုလေမန်၏တမန်ရောက်လာသည်နှင့်တစ်ပြိုင်နက် ခံတပ်၏တံခါးကိုဖွင့်ပေးလိုက်သည်။ ဝိက္ကမဆိန်ဟ်ကိုယ်တိုင်ထွက်လာပြီး ဆုလေမန်နှင့် ဇယဆိန်ဟ် ကို လေးလေးစားစားခေါ်ယူဧည့်ခံ၏။ ရှလီဘုရင်၏ စစ်သည်တပ်သားများ၊ မြင်းများ၊ ဆင်များဖြင့် ခံတပ်တစ်ခုလုံး ပြည့်နှက်၍သွား၏။ အောင်တံခွန်၊ အောင်လံ ဝင့်ကြွားသွားလေသည်။ အောင်စည်တော် ခရုသင်းများကိုလည်း တီးမှုတ်နေကြသည်။

ဦးကြီး၏ ဖြူဖွေးနေသော နှုတ်ခမ်းမွေးအောက်ဘက်ရှိ အပြုံးသည် အစွမ်းကုန်ပွင့်လန်း၍ သွားလေ၏။

ထိုနေ့ကား ဦးကြီးအတွက် ဘယ်လောက် ပျော်ရွှင်စရာကောင်းသည့်နေ့ ဖြစ်နေသနည်း။ ထိုနေ့တွင် ဒေလီဘုရင်၏ ရာ(ဂျ)ပုတ် စစ်သားများသည် ဝိဂျယဂရ်၏ဧည့်သည် ဖြစ်နေကြလေသည်။ ဘုန်းလက်ရုံးကြီးမားသော ဘုရင်သုဇာသည် ထိုနေ့တွင် ဝိဂျယဂရ်၏အကျဉ်းသား ဖြစ်သွား၏။

ဦးကြီးသည် ရာ(ဂျ)ပုတ် စစ်ဗိုလ်မှူးဆုကျော်ဆိန်ဟ်ကိုခေါ်ပြီးတစ်နေ့လုံး ခံတပ်ကို လှည့်လည်ကြည့်ရှုနေလေ၏။ ခံတပ်၏ လက်ဝဲဘက်နှင့် ခံတပ်၏ လကျာ်ဘက်သို့လည်းကောင်း၊ခံတပ်၏အပေါ်ဘက်နှင့် အောက်ဘက်သို့ လည်းကောင်း လှည့်လည်ပြီးဆုကျော်ဆိန်အား ခေါ်သွားလေ၏။ "ဘယ်လောက်ကောင်းတဲ့ ခံတပ်လဲ" ဟုလည်း သူ၏နှုတ်က မကြာခဏ ဖွင့်ဟပြောဆိုလေသည်။ သို့ရာတွင် ဆုကျော်ဆိန်ကမူ ခံတပ်အပေါ်တွင် ပြောလောက်ဆိုလောက်အောင် စိတ်ဝင်စားခြင်း မရှိပေ။ နောက်ဆုံး ညနေစောင်းလာသည့်အခါ ဆုကျော်ဆိန်သည် မောပန်းလာသည်နှင့် "ကျွန်ုပ် ဘရက်ပူကခံတပ်ကို တွေ့ပြီးတဲ့နောက်ပိုင်းမှာ တခြားဘယ်ခံတပ်ကိုမှ ကြည့်လို့မရတော့ဘူး" ဟု ပြောလိုက်လေ၏။

ဦးကြီးသည် ဘယ်သူနှင့်မှ အငြင်းအခုန်လုပ်လေ့ ရှိသူမဟုတ်ပေ။ သူသည် စိတ်ပျက်အားလျော့ပြီး "ဟုတ်မှာပေါ့လေ" ဟုပြောလိုက်လေ၏။ ထို့နောက် ဆက်ပြီး ပြောလေသည်။ "တရိပူရက ခံတပ်လဲပဲသာမညခံတပ်မဟုတ်ဘူးလို့ ပြောတယ်၊ ဒါပေမယ့် ဝိဂျယဂရ်ခံတပ်နဲ့ ယှဉ်လိုက်ရင်တော့ . . ."

"တရိပူရဆိုတာက ဘယ်မှာလဲ"

"တော်တော်ကြီးတဲ့ မြို့တစ်မြို့ပေါ့၊ ကျွန်ုပ်ပြောနေလို့ အပိုပါပဲ။ အဲဒီက ဘုရင့်ပုရောဟိတ် ကျွန်ုပ်တို့ခံတပ်မှာ တည်းခိုနေတယ်၊ ဗိုလ်မှူးသိချင်ရင် သူ့ဆီက မေးကြည့်နိုင်ပါတယ်"

ရဃုပတိကို လိုက်လံရှာဖွေသော်လည်း မတွေ့ရပေ။ ဦးကြီးသည် "ဒီတောသား ရာ(ဂျ)ပုတ်တွေထက်တော့ ဟိုဗြာဟ္မဏက ရေးတေးတေးရှိသေးတယ်" ဟု မှတ်ချက်ချလိုက်လေ၏။ သူသည် ဆုကျော်ဆိန်၏ရှေ့တွင် ရဃုပတိ၏ ချီးမွမ်းခန်းကို ဖွင့်လေသည်။ ဝိဂျယဂရ်နှင့် ပတ်သက်၍ ရဃုပတိ၏ တင်ပြချက်ကို လည်းဖောက်သည်ချလေ၏။

# အခန်း (၂၃)

ဦးကြီး၏စက်ကွင်းမှ လွတ်ကင်းဖို့ရန် ဆုကျေးဇူးဆိန်အတွက် သိပ်မစောင့်ရတော့ပေ။ နက်ဖြန်နံနက်တွင် အကျဉ်းသားသုဇာဘုရင်နှင့်တကွ ဘုရင်မင်းမြတ်၏တပ်သားများ ထွက်ခွာသွားဖို့ရန် စီစဉ်လိုက်လေ၏။ စစ်သည်တပ်သားများသည် ခရီးထွက်ဖို့ရန်ပြင်ဆင်နေကြလေ၏။ အချုပ်ခန်းထဲရှိ သုဇာဘုရင်ကမူ အကြီးအကျယ် ဒေါပွနေလေသည်။ ဒီလူတွေဟာ တယ်ရိုင်းစိုင်းတဲ့လူတွေပဲ၊ ယာယီတဲနန်းထဲက ငါ့ဆေးတံကိုတောင် ယူပေးဖို့သတိမရကြဘူး"

ဝိဂျယဂရ် ထောင်၏အောက်ခြေ၌ ရေကန်ကြီးတစ်ခုရှိလေသည်။ ထိုရေကန်၏ ကန်ဘောင်ရိုးအနီး တစ်ခုသောနေရာတွင်မိုးကြိုးအပစ်ခံရသဖြင့် မီးလောင်ကျွမ်းနေသော ညောင်ပင်ငုတ်တိုတစ်ခုရှိလေသည်။ ထိုသစ်ငုတ်တို၏အနီး၌ ရဃုပတိသည် ညဉ့်အမှောင်ထဲတွင်ပျောက်သွားလေ၏။

လျှို့ဝှက်စွာ ခံတပ်အတွင်းသို့ ဝင်ဖို့ရန်အတွက် ဖောက်ထားသော ဥမင်လိုဏ်ခေါင်း၏အဝင်ဝမှာ ထိုရေကန်အနီး၌ ရှိလေသည်။ ထိုလမ်းအတိုင်းဝင်သွားပြီး ဥမင်လိုဏ်ခေါင်း အဝသို့ရောက်သွား၍ အောက်ဘက်မှ ခပ်နာနာတွန်းလိုက်လျှင် ကျောက်ပြားတစ်ချပ် ပွင့်ထွက်သွားလေသည်။ အပေါ်ဘက်မှမူ ထိုကျောက်ပြားကို မည်သည့်နည်းနှင့်မျှ ဖွင့်မရပေ။ သို့ဖြစ်၍ ခံတပ်အတွင်းသို့ ရောက်နေသည့်လူများမှာမူ ထိုလမ်းဖြင့် အပြင်သို့ထွက်၍မရပေ။

အချုပ်ခန်းအတွင်းရှိပလ္လင်ညောင်စောင်းတစ်ခုပေါ်၌ ဘုရင်သုဇာသည် အိပ်၍နေလေ၏။ ထိုပလ္လင်ညောင်စောင်းမှတစ်ပါး အခန်းထဲ၌ အခြား အိပ်ရာနေရာမရှိပေ။ ဆီမီးတစ်ခွက်မှာလည်း လင်း၍နေ၏။ ရုတ်တရက် ထိုအခန်းအတွင်းရှိ ဥမင်လိုဏ်ခေါင်းဝမှာ ပွင့်သွားလေ၏။ တဖြည်းဖြည်း ဦးခေါင်း

ထွက်ပြူလာပြီးလျှင် ရဃုပတိသည် အပေါ်သို့ ရောက်လာလေ၏။ သူ၏ တစ်ကိုယ်လုံးမှာ မိုးရွှဲရွှဲစိုနေ၏။ မိုးစိုနေသောအဝတ်များမှ မိုးရေများ တစက်စက် စီးကျနေ၏။ သူသည် အသာဖြည်းညှင်းစွာ သုဇာ၏ကိုယ်ကို သွားထိလိုက် လေသည်။

သုဇာသည် ရုတ်တရက် လန့်သွားပြီးလျှင် မျက်စိပွတ်လျက် အတန်ကြာမှ ထထိုင်နေလေသည်။ ထို့နောက်မှ အံ့အားသင့်သော အသံဖြင့် ပြောလေ၏။ "ဒါဘာလုပ်တာလဲ၊ ငါ့ကို မင်းတို့ ညမှာတောင် အိပ်ခွင့်မပေးကြဘူးလား၊ မင်းတို့ အပြုအမူတွေက ဘယ်လိုဟာလဲ"

ရဃုပတိသည် အသံတိုးတိုးကလေးဖြင့် ပြောလေ၏။ "အရှင်မင်းကြီး မြန်မြန်ထပါ၊ သွားရအောင်။ ကျွန်ုပ် ဟိုဗြာဟ္မဏဟာလေ၊ ကျွန်ုပ်ကို မှတ်မိရဲ့ မဟုတ်လား။ နောက်ကိုလဲ ကျွနနနန်ုပ်ကို သတိမရဘဲ မနေပါနဲ့"

နောက်တစ်နေ့ နံနက်ချိန်တွင် ဘုရင်မင်းကြီး၏ စစ်တပ်သည် ခရီးထွက်ဖို့ အသင့်ဖြစ်နေသည်။ ဘုရင်သုဇာကို အိပ်ရာမှ နိူးရန်အတွက် ဘုရင်ဂျယဆိန်ဟ် ကိုယ်တိုင် အချုပ်ခန်းထဲသို့ သွားလေ၏။ သူသည် ထိုအချိန်အထိ သုဇာအိပ်ရာမှ မထသေးသည်ကို တွေ့ရလေသည်။ သို့ဖြစ်၍အနီးကပ်သွားပြီး သုဇာကို ကိုင်လှုပ်နှိုးလိုက်၏။ ထိုအခါကျမှ သုဇာမရှိတော့သည်ကို သိရသည်။ အဝတ် အစားများ ပုံနေသော်လည်းသုဇာကိုမတွေ့ရတော့ပေ။ အချုပ်ခန်း၏ ကြမ်းပြင်ရှိ ဥမင်လိုဏ်ခေါင်း၏အပေါက်ဝမှာ ပွင့်၍နေသည်။ ကျောက်ပြား အဖုံးမှာလည်း တခြားရောက်နေ၏။

အကျဉ်းသားလွတ်ပြေးပြီဆိုသည့်သတင်းမှာ ခံတပ်တစ်ခုလုံးတွင် ရုတ်ခြည်း ပျံ့နှံ့သွားလေ၏။ ရှာဖွေဖို့ရန်အတွက် လေးဘက်လေးတန်ဖြန့်ပြီး တပ်သားများ ကို အမြန်စေလွှတ်၏။ ဘုရင်ဝိက္ကရမဆိန်ဟ်မှာဦးခေါင်းငိုက်စိုက် ကျသွား လေသည်။ အကျဉ်းသား ဘယ်ပုံဘယ်နည်းလွတ်ပြေးသည်ဆိုသည့် အကြောင်း ကို စုံစမ်းစစ်ဆေးရန် ညီလာခံသဘင် ကျင်းပရလေသည်။ ဦးကြီး၏ ထို ပျော်တပြုံးပြုံးဖြစ်နေသော အမူအရာသည်ဘယ်ဆီဘယ်ဝယ် ရောက်သွားပြီ နည်း။ သူသည် အရူးအသွင်ကဲ့သို့ "ဗြာဟ္မဏ ဘယ်မှာလဲ၊ ဗြာဟ္မဏ ဘယ်မှာ လဲ" ဟု အော်ပြီး နေရာအနှံ့အပြားတွင် လှည့်ပတ်ရှာဖွေနေ၏။ ဗြာဟ္မဏ ကို ဘယ်နေရာမှ မတွေ့ရပေ။

ဦးကြီးသည် ဦးခေါင်းပေါ်မှ ခေါင်းပေါင်းကို ဖြုတ်ပြီးလျှင် အတန်ကြာမျှ ဦးခေါင်းပေါ်တွင် လက်တင်ပြီး ထိုင်နေလေ၏။ ဆုကျေတက်ဆိန်က အနား ကပ်လာပြီး ပြောလေ၏။ "ဘယ့်နဲ့လဲ ဦးကြီး၊ သိပ်အံ့သြစရာကောင်းပါလား၊

ဒါ တစ္ဆေတို့ သရဲတို့ လက်ချက်နဲ့တူတယ်
ဦးကြီးက မျက်နှာညှိုးငယ်စွာဖြင့် ပြန်ပြောလေ၏။

"ဒါ တစ္ဆေတို့၊ သရဲတို့ရဲ့လက်ချက်မဟုတ်ဘူး၊ အဘိုးကြီးတစ်ယောက်နဲ့ သစ္စာဖောက်တစ်ယောက် ရဲ့လက်ချက် ဖြစ်တယ်"

ဆုကျောတ်ဆိန်သည် အံ့ဩသွားပြီးပြောလေ၏။

"ဟုတ်ရဲ့လား၊ ဦးကြီးသိ လို့လား။ သိရင် ဘာဖြစ်လို့ သူတို့ကို ဖမ်းမချုပ်သလဲ"

ဦးကြီးက ပြောလေသည်။ "တစ်ယောက်ကတော့ ပြေးပြီ၊ နောက် တစ်ယောက်ကိုတော့ ဖမ်းပြီး ဘုရင့်ညီလာခံကို ခေါ်သွားရမယ်"

ယင်းသို့ပြောပြီး သူသည် ခေါင်းပေါင်းကိုပေါင်း၍ ဘုရင့်ညီလာခံနှင့် သင့်လျော်မည့်အဝတ်ကို လဲဝတ်လိုက်လေ၏။

ထိုအချိန်၌ ညီလာခံတွင် အစောင့်များကို တစ်ဦးစီ စစ်ဆေးနေလေသည်။ ဦးကြီးသည် ဦးခေါင်းကို ငိုက်စိုက်ချပြီး ညီလာခံထဲသို့ ဝင်ရောက်သွားလေ၏။ ဝိက္ကရမဆိန်ဟ်၏ခြေရင်း၌ နားကိုချလိုက်ပြီးလျှင် "အရှင်မင်းကြီး အကျွန်ုပ်ကို အကျဉ်းချဖို့ အမိန့်ပေးတော်မူပါ။ တရားခံမှာ တခြားလူမဟုတ်ပါဘူး၊ အကျွန်ုပ်ပါပဲ" ဟု ပြောလေ၏။

ဘုရင်က အံ့အားသင့်ပြီး ပြောလေသည်။

"ဦးကြီး ဘယ်လိုပြောတာလဲ၊ ဘာဖြစ်လို့လဲ"

"ဟိုဗြာဟ္မဏပေါ့၊ အခုလိုဖြစ်ရတာဟာ အဲဒီဂ်လားက ဗြာဟ္မဏရဲ့ လက်ချက်ပါပဲ"

ဘုရင်ဇယဆိန်ဟ်က ကြားဖြတ်မေးလိုက်လေ၏။

"သင်က ဘယ်သူလဲ"

"ကျွန်ုပ် ဒီဝိဂျယဂရ်က ဦးကြီးလို့ခေါ်တဲ့ အဖိုးကြီးတစ်ယောက် ဖြစ်ပါတယ်"

"သင်က ဘယ်လိုလုပ်လို့လဲ"

ကျွန်ုပ်ဝိဂျယဂရ်ရဲ့ လျှို့ဝှက်ချက်တွေကို တခြားလူကိုပြောပြပြီး သစ္စာဖောက်တဲ့ အလုပ်ကို ကျူးလွန်ပြုလုပ်မိပါတယ်၊ ကျွန်ုပ် အလွန်မိုက်မဲတဲ့ လူတစ်ယောက်လို သစ္စာဖောက်ပြီး အဲ့ဒီဇင်လားက ဗြာဟ္မဏကို ဥမင်လိုဏ်ခေါင်း အကြောင်းကို သွားပြီးပြောမိပါတယ်"

ဝိက္ကရမဆိန်ဟ်သည် ထောင်းကနဲ ဒေါသထွက်သွားပြီးလျှင် "ခင်ဆိန်ဟ်" ဟု ခေါ်လိုက်လေသည်။

ဦးကြီးသည် ခေါင်းနပန်း ကြီးသွားလေသည်။ သူသည် သူ၏အမည်နာမမှာ

ခင်္ဂဆိန်ဟ် ဖြစ်သည်ဆိုသည့် အကြောင်းကိုမေ့သလောက်ပင် ဖြစ်နေလေပြီ။

ဝိက္ကရမဆိန်ဟ် က ပြောလေ၏။

"ခင်္ဂဆိန်ဟ်၊ ဒီလောက် အရွယ်ကြီး ရောက်မှ သင်ပြန်ပြီး ကလေးဖြစ်နေပြန်ပါကလား"

ဦးကြီးသည် ဦးခေါင်းငိုက်စိုက် ကျနေလေသည်။

ဝိက္ကရမဆိန့်ဟ်က ပြောပြန်လေ၏။

"ဦးကြီး၊ ဦးကြီးကြောင့် ဇိနေ့ဝိဂျယဂရ်ရဲ့ ဂုဏ်သိက္ခာတောင် လျှော့ကျသွားပြီ"

ဦးကြီးသည် မည်သို့မျှပြန်မပြောပေ။ သူ၏လက်များသည် တုန်နေကြလေ၏။ တုန်နေသောလက်ဖြင့် ဦးခေါင်းကိုထုပြီးလျှင် "ဆိုးလိုက်တဲ့ကံ"ဟု တစ်ကိုယ်တည်း စိတ်ထဲက ညည်းမိလေ၏။

ဝိက္ကရမဆိန်ဟ်က တဖန်ပြောပြသည်။

"ကျွန်ုပ်တို့ရဲ့ ခံတပ်ထဲက ဒ္ဓလီဘုရင်ကြီးရဲ့ရန်သူ ထွက်ပြေးသွားတယ်တဲ့။ သင်ပဲ စဉ်းစားကြည့်စမ်းပါ။ သင်ဟာ ကျွန်ုပ်ကိုဒေလီဘုရင်မင်းမြတ်ရဲ့ ရှေ့မှောက်မှာ တရားခံဖြစ်အောင် လုပ်တာမဟုတ်လား"

ဦးကြီးက ပြောလေ၏။

"အပြစ်ရှိသူမှာ အကျွန်ုပ်တစ်ယောက်တည်း ဖြစ်ပါတယ်။ အရှင်မင်းကြီး အပြစ်ရှိတယ်လို့ ဒေလီဘုရင်မင်းမြတ်က ဘယ် တော့မှ ယူဆမှာမဟုတ်ဘူး"

ဝိက္ကရမဆိန်ဟ်သည် စိတ်မရှည်နိုင်သည့် အမူအရာဖြင့် ပြောလေ၏။

"သင်က ဘာလဲ။ သင့်ကို ဒေလီဘုရင်မင်းမြတ်က သိမတဲ့လား။ သင်ဟာ ကျွန်ုပ်ရဲ့ အမှုထမ်းတစ်ယောက်သာ ဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်ုပ်ကိုယ်တိုင် အကျဉ်းသားကို အချုပ်ခန်းဖွင့် လွှတ်ပစ်လိုက်တာနဲ့ ဘာထူးသေးလဲ"

ဦးကြီးသည် စကားပြန်မပြောတော့ပေ။ သူသည် မျက်ရည်များကို ကြာရှည်စွာ ထိန်းချုပ်မထားနိုင်ပေ။ သူ၏မျက်လုံးများမှ မျက်ရည်များ စီးကျလာလေ၏။

ဝိက္ကရမဆိန်က ဆက်ပြောပြန်လေ၏။

"ဒါဖြင့် သင့်ကို ဘယ်လိုအပြစ်ဒဏ် ပေးရမလဲ"

"အရှင်မင်းကြီး ကြိုက်သလို ပေးနိုင်ပါတယ်"

"သင် အသက်အရွယ်ကြီးလှပြီ။ သင့်ကို ဘယ်လိုအပြစ်ဒဏ် ပေးရမလဲ။ ပြည်နှင်ဒဏ်ပဲ သင့်အတွက် တော်လောက်ပါပြီ"

ဦးကြီးသည် ဝိက္ကရမဆိန်ဟ်၏ ခြေထောက်ကို တအားဖက်ပြီး ပြောလေ၏။

“ဝိဂျယဂရ်က နှင်ပစ်မှာလား အရှင်မင်းကြီး၊ အကျွန်ုပ် အသက်အရွယ်ကြီးလှပါပြီ။ အကျွန်ုပ်ရဲ့ အသိဉာဏ်များဟာလဲ ထုံထိုင်းအမွဲနေကြပါပြီ။ အကျွန်ုပ်ကို ဝိဂျယဂရ်မှာပဲ ခေါင်းချခွင့်ပေးပါ။ အကျွန်ုပ်ကို သေဒဏ်ပေးပါ။ ဒီအရွယ်ကြီးကျမှ အကျွန်ုပ်ကို ဝိဂျယဂရ်က ခွေးလို ဝက်လို မောင်းမထုတ်ပါနဲ့ အရှင်မင်းကြီး” ဘုရင်ဇယဆိန်ဟ်က ဝင်ပြီးပြောလေ၏။

“အရှင်မင်းကြီး ဒီအဖိုးကြီးကို အပြစ်ချမ်းသာပေးလိုက်ဖို့ ကျွန်ုပ်တောင်းပန်ပါတယ်။ ကျွန်ုပ် ဒေလီဘုရင်မင်းမြတ်ကို အကြောင်းစုံ လျှောက်ထားလိုက်ပါ့မယ်” ဦးကြီးအား အပြစ်မှလွှတ်လိုက် လေ၏။ညီလာခံသဘင်မှ အပြင်ဘက်သို့ ထွက်လာသည့်အခါ ဦးကြီးသည်တုန်ပြီးလဲကျသွားလေ၏။ ထိုနေ့မှအစပြုပြီး ဦးကြီးကိုအတွေ့ရနည်းသွားလေတော့သည်။ သူသည် အိမ်တွင်းမှအိမ်အပြင်သို့ မထွက်တော့ပေ။ သူ၏ကျောရိုး ကျိုးသွားပြီဟု ထင်မှတ်ရလေသည်။

# အခန်း (၂၄)

ဗြာဟ္မပုတ္တရ မြစ်ကမ်းပါး၌ ဂူဂျရပါရာအမည်ရှိ ရွာငယ်တစ်ရွာရှိလေ၏။ ထိုရွာမှ မြေပိုင်ရှင်၏အမည်မှာ ပီတမ္ဗရာယဟုခေါ်သည်။ ထိုရွာ၌နေထိုင်သူ ရွာသူရွာသားများ သိပ်မများလှပေ။ ပီတမ္ဗရာယသည် သူ၏ရှေးအဆောက်အအုံ တစ်ခုတွင်နေထိုင်ပြီး သူ့ကိုယ်ကို ဘုရင်ဟု သမုတ်ထားလေ၏။ သူ့ပြည်သူ တွေကလည်း သူ့ကိုဘုရင်ဟုပင်ခေါ်ကြလေသည်။ သူ၏ ဘုရင့်အာဏာမှာ ထိုသရက်ပင် မကျည်းပင်များ ဝိုင်းရံနေသော ရွာငယ်အတွင်း၌သာ တည်ရှိနေ၏။ သူ၏ဘုန်းလက်ရုံးမှာထိုရွာရှိ တော၊ ချုံ၊ ပိတ်ပေါင်းတို့အထိသာ ဂယက် ရိုက်ခတ်ပြီး ထိုရွာစည်းဝိုင်းအတွင်း၌သာလျှင် သူ၏အာဏာတန်ခိုး လွှမ်းမိုး၍ နေသည်။ ကမ္ဘာပေါ်ရှိ ဘုန်းရှင်၊ ကံရှင် ဘုရင်ဧကရာဇ်များ၏ ဘုန်းတန်ခိုး အာနုဘော်များသည်ပင်လျှင် ဤတောရိပ်ထိုးနေသည့် ရွာငယ်အတွင်းသို့ ဝင်ရောက်လာခြင်းငှာ မစွမ်းနိုင်ပေ။ တစ်ထောက်နားပြီး မြစ်ရေကိုအမြတ်တနိုး ချိုးရန်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားသောတရိပူရ ဘုရင့်အနွယ် များ၏ အဆောင်တစ်ခုသာလျှင် မြစ်ကမ်းဘေး၌ ရှိလေသည်။ သို့ရာတွင် ဘုရင့်အနွယ်တော်ထဲက မည်သူတစ်ဦးတစ်ယောက်မျှ ရေချိုးရောက်မလာသည်မှာ အချိန်ကာလကြာမြင့်လှပေပြီ။ သို့ဖြစ်၍ ထိုရွာရှိရွာသူရွာသားများ၌မူ တရိပူရဘုရင်အကြောင်းမှာထင်ရှားပြတ်သားခြင်းမရှိသော ဒဏ္ဍာရီစကားအဖြစ်မျှ လောက်နှင့်သာ
ရှိနေပေသည်။

တော်သလင်းလ တစ်နေ့သော အခါသမယ၌ တရိပူရမှ မင်းသားတစ်ဦး မြစ်ကမ်းဘေးရှိ နန်းဆောင်ဟောင်းမှာ နေဖို့ရန် လာလိမ့်မည်ဟူသော သတင်း စကားသည် ရွာတွင်းသို့ရောက်လာလေ၏။ ထိုသတင်း ကြားရပြီးနောက်

နေ့ရက်အနည်းငယ်ကြာသောအခါ ခေါင်းပေါင်းကြီးများ ပေါင်းထားသည့် ပုဂ္ဂိုလ်ကြီးများ ထိုနန်းဆောင်သို့ရောက်ရှိလာလေ၏။ ထို့နောက် တစ်ပတ်လောက် ကြာသောအခါတွင်မူ ဆင်များ၊ မြင်းများ၊နောက်လိုက်လူများနှင့်တကွ ပစ္စည်း ပစ္စယများကိုသယ်ဆောင်ပြီးနက္ခတ္တရာယ ကိုယ်တိုင် ဂူဂျရပါရာရွာသို့ ရောက်ရှိလာလေ၏။ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ ရွာသူရွာသား တို့သည်အံ့အားသင့်နေကြ၏။ ထိုနေ့ထိုရက်အထိ သူတို့သည် ပီတမ္ဗရာယ ကိုသာလျှင် တကယ့် ရှင်ဘုရင်ကြီးအဖြစ် မှတ်ထင်နေကြလေသည်။ သို့ရာတွင် ယနေ့အဖို့တွင် သူတို့သည် သူတို့၏အမြင်ကို ပြောင်းရမလိုလိုဖြစ်နေ၏။ နက္ခတ္တရာယကို တွေ့ရသည့်အခါ အားလုံးက တစ်သံတည်း "အင်းမင်းသား ဆိုတာ ဒီလိုမှပေါ့" ဟု မှတ်ချက်ချကြလေ၏။

နက္ခတ္တရာယကို တွေ့မြင်ရသည်ဖြစ်၍ သူ၏အရှိန်အဝါကို မခံနိုင်သော ကြောင့် ပီတမ္ဗရာယသည် သူ၏တန်ဆာဆင်ထားအပ်သည့် နန်းဆောင်ခန်းမကို တစ်ခါတည်း ဖြိုဖျက်ပစ်လိုက်လေသည်။ သို့ရာတွင်ယင်းသို့ဖြစ်ရသဖြင့် သူ့အဖို့မှာ ဝမ်းနည်းသည့်အပြင် ဝမ်းသာ၍မဆုံးပင် ဖြစ်နေလေ၏။ သူသည် နက္ခတ္တရာယကို ဘုန်းရှင် ကံရှင်အစစ်ဘုရင်တစ်ဆူဟု ထင်မှတ်သည်ဖြစ်၍ သူ၏ မပြောပလောက်သည့် အာဏာတန်ခိုးကို နက္ခတ္တရာယ၏ ခြေရင်းတွင် အပ်နှင်းလိုက်ရသဖြင့် အကျေနပ်ကြီး ကျေနပ်၍ နေလေ၏။ နက္ခတ္တရာယသည် ဆင်စီးပြီး အပြင်ဘက်သို့ ထွက်သည့်အခါမျိုး၌ ပီတမ္ဗရာယသည် သူ့ရွာသူ ရွာသားများအား "အသင်တို့၊ ဘုရင်ကို တွေ့ဖူးကြရဲ့လား။ ဟောဒီမှာကြည့်ကြ ဘုရင်" ဟု ဟစ်အော်ပြောလေသည်။ သူသည် နေ့စဉ်မပြတ် စားဖွယ်သောက်ဖွယ် လက်ဆောင်များကို နက္ခတ္တရာယဆီသို့ယူလာလေ့ရှိပေ၏။ နက္ခတ္တရာယ၏ ကျက်သရေရှိသောမျက်နှာကိုမြင်နေရသဖြင့် ပီတမ္ဗရာယသည် ချစ်ခင်သည့် စိတ်ဓာတ်များ တဖွားဖွား တိုးပွားနေ၏။ နက္ခတ္တရာယသည်သာလျှင် ရွာ၏ဘုရင် ဖြစ်လာခဲ့လေသည်။ပီတမ္ဗရာယကမူ သာမန်ရွာသူရွာသားအဆင့်သို့ ရောက်သွား ခဲ့လေ၏။

နေ့စဉ်နေ့တိုင်း တစ်နေ့တွင်သုံးကြိမ် စည်ကိုတီးသည်။ ရွာရိုလမ်းများပေါ်၌ ဆင်များ၊ မြင်းများ သွားနေကြသည်။ ဘုရင့်နန်းတော်တံခါးဝ၌ စောင့်ကြပ် နေကြသော အစောင့်များ၏လက်ထဲကဓားသွားများသည် လျှပ်စစ်ပြက်သကဲ့သို့ ဝင်းကနဲ လက်ကနဲ ဖြစ်နေကြသည်။ရွာထဲ၌ ဈေးဆိုင်ကန္နားများ ဖွင့်ကြလေ၏။ ပီတမ္ဗရာယနှင့် သူ့ရွာသူရွာသားများသည် အကြီးအကျယ် ပျော်ရွှင်နေကြ၏။ နက္ခတ္တရာယသည် ပြည်နှင်ဒဏ်ခံရသဖြင့် ဤနေရာသို့ရောက်လာပြီး

ဘုရင်တစ်ဆူ ဖြစ်နေ၏။ သို့ဖြစ်၍ သူသည် သူ၏ဒုက္ခအားလုံးကို မေ့သွားလေ၏။ ဤနေရာ၌ သူသည် မင်းမှုတာဝန်ကို စိုးစဉ်းမျှထမ်းဆောင်ရသည်မရှိ။ သို့ရာတွင် မင်းစည်းစိမ် ကိုမူ လိုလေးသေးမရှိ ခံစား စံစားရ၏။ ဤနေရာ၌ သူ့အတွက် လွတ်လပ်ရေးလုံးဝရှိ၏။ သူ့အရပ် သူ့ဒေသတွင် ယခုလောက် ဘုန်းတန်ခိုး သူ့တွင်မရှိပေ။ ထိုမှတစ်ပါး ရဃုပတိနှင့် စပ်လျဉ်း၍လည်း ဤနေရာ၌ အရိပ်အရောင်မျှပင်မမြင်ရပေ။ ယင်းကဲ့သို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ပြီးလျှင် နက္ခတ္တရာယသည် စည်းစိမ် ခံစား စံစားမှုတွင် နစ်မြုပ်မျောပါး၍ နေလေ၏။ ဒါကာမြို့မှ ကချေသည်များ ရောက်လာကြ၏။ သို့ရာတွင် နက္ခတ္တရာယသည် အကအခုန် အတီးအမှုတ်၌ ဝါသနာမပါချေ။

နက္ခတ္တရာယသည် တရိပူရပြည်က အချိုးအစားအတိုင်း ဤနေရာ၌ စီစဉ်ထား၏။ သူ၏နောက်လိုက်ငယ်သားများထဲက အချို့ကို အမတ် ခန့်ထား၏။ အချို့ကို သေနာပတိ ခန့်ထား၏။ ပီတမ္ဗရာယကိုမူ အမတ်ကြီးဟု ခေါ်ကြလေ၏။ ညီလာခံသဘင်ကိုလည်း စည်းစနစ်ကျစွာ ကျင်းပပြုလုပ်လေ၏။ နက္ခတ္တရာယသည် တရားအမှုများပေါ်ပေါက်ခဲ့လျှင် တကယ့်ရှင်ဘုရင် အရင့်မာကြီးကဲ့သို့ တရားအဆုံးအဖြတ်ကို ပေးလေ၏။ နကုရကလာပြီး "မထုရက ကျွန်ုပ်ကို ခွေးလို့ခေါ်တယ်" ဟုတိုင်တန်းသောအခါ စည်းကမ်းဥပဒေတိုင်း တရား အဆုံးအဖြတ်ပေးလေ၏။ သက်သေများ ခိုင်လုံသည်ဟု သိရပြီးသည့်နောက် မထုရကိုအပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။ နက္ခတ္တရာယသည်တရားသူကြီး၏နေရာမှ အလွန်တည်ကြည် ဣန္ဒြေရစွာဖြင့် 'နကုရက မထုရကို နားရွက် ရှစ်ခါဆွဲစေ' ဟု အမိန့်ချမှတ်လိုက်လေ၏။

ယင်းသို့အားဖြင့် ပျော်ရွှင်ချမ်းမြေ့စွာဖြင့်ပင် အချိန်ကုန်လွန်လာစေခဲ့လေသည်။ တစ်ခါတစ်ရံ လုပ်ကိုင်ဆောင်ရွက်စရာ အလုပ်ရှိသောအခါ ပျော်စရာရွှင်စရာ နည်းသစ်လမ်းသစ်ကို ထွင်ဖို့ရန်အတွက် အမတ်ကို တာဝန်ပေးလေ၏။ အမတ်က ညီလာခံခေါ်ပြီးမင်းချင်းယောကျ်ားများနှင့် ပျော်စရာရွှင်စရာ နည်းသစ်လမ်းသစ်များကို ကြံကြဖန်ကြ၏။ တီထွင်ကြ၏။ ထိုအချိန်မျိုး၌ တကယ့်ဣန္ဒြေဖြင့် လေးလေးနက်နက် တိုင်ပင်ကြ၊ ဆွေးနွေးကြ၏။ တစ်နေ့သော အခါတွင် တပ်သားအချို့နှင့် အတူတကွ ပီတမ္ဗရာယ နေထိုင်သည့်အိမ်ကို ဝင်စီးကြလေသည်။ သူ၏ရေကန်ထဲမှ ငါးများ၊ သူ၏ခြံထဲမှ အုန်းသီးနှင့် ဟင်းသီးဟင်းရွက်များကို သိမ်းပိုက်ပြီးလျှင် တူရိယာများ တီးမှုတ်လျက် တစ်ခမ်းတစ်နား နန်းတော်ဆောင်သို့ ယူဆောင်လာကြလေ၏။ ယင်းကဲ့သို့သော အပျော်အပါး

အကစားများကြောင့် ပီတမ္ဗရာယ၏ ချစ်ခင်စိတ်သည် နက္ခတ္တရာယ၏အပေါ်၌ တိုးတက်ကြီးထွားလာခဲ့လေ၏။

ယနေ့ နန်းတော်ဆောင်အတွင်း၌ ကြောင်ကလေးများ၏ လက်ထပ်ပွဲ ရှိလေသည်။ နက္ခတ္တရာယ၌ ကြောင်မလေးတစ်ကောင်ရှိသည်။ ထိုကြောင်မလေးကို မာဏ္ဍလဝ္ဓေ အိမ်က ကြောင်လေးတစ်ကောင်နှင့်လက်ထပ်ပေးဖို့ရန် ဖြစ်၏။ မင်္ဂလာအခါကောင်းသဖြင့် ယနေ့ညနေတွင် လက်ထပ်ပွဲကျင်းပရန် ဖြစ်သည်။ ဤမင်္ဂလာလက်ထပ်ပွဲအတွက် နေ့ရက်အတော်ကြာကြာကစပြီး နန်းတော်တစ်ဆောင်လုံး အလုပ်များနေကြသည်မှာလက်မလယ်နိုင်အောင် ဖြစ်နေခဲ့လေသည်။ ညနေချမ်းရောက်သောအခါလမ်းများအပေါ်၌ မီးများ ထွန်းညှိထားလေသည်၊ စည်တီးသံလည်း ကြားနေရပြီ။ မာဏ္ဍလဒေဝ၏ အိမ်မှ ဝတ်ကောင်းစား သစ်များကိုဝတ်ပေးပြီးသတို့သားကြောင်ကို ခေါ်လာလေ၏။ သတို့သားကြောင်မှာ ညောင်၊ ညောင်ဟု အော်ပြီး လိုက်ပါလေသည်။ မာဏ္ဍလဝေ၏အိမ်မှ သူငယ်လေးတစ်ယောက်က သတို့သား၏ လူပျိုရံ အဖြစ်ဖြင့် သတို့သားလည်ပင်းတွင် တပ်ထားသောကြိုးကိုဆွဲပြီး လိုက်ပါလာလေသည်။ မင်္ဂလာခရုသင်းများ မှုတ်ပြီး သတို့သား မင်္ဂလာမဏ္ဍပ်ထဲသို့ဝင်လေ၏။

ပုရောဟိတ်၏အမည်မှာ ကေနာရာယ ဖြစ်၏။ သို့ရာတွင် နက္ခတ္တရာယက သူ့အမည်ကို ရဃုပတိဟု မှည့်ထား၏။ နက္ခတ္တရာယသည် ရဃုပတိအစစ်ကို ကြောက်သည်။ ထို့ကြောင့် ရဃုပတိအတုကို ပြောင်ရလှောင်ရသည်မှာ ပျော်ရွှင်လှပေသည်။ မကြာခဏ ရဃုပတိအတုကို နှိပ်စက်ကလူလည်း ပြုလိုက်သေး၏။ ကေနာရာယ ခများကမူတစ်ခွန်းမျှပြန်မပြောဘဲ ကြိတ်ပြီး ခံရရှာလေ၏။ ယနေ့အကြောင်းမညီညွတ်သဖြင့် ကေနာရာယ နန်းတော်ဆောင်သို့ ပေါ်မလာပေ။အိမ်တွင် သူ၏သား ဆရေဆန် အသည်းအသန် ဖြစ်နေသောကြောင့် ဖြစ်၏။

နက္ခတ္တရာယသည် စိတ်ဆိုးပြီး မေးလေ၏။

"ရဃုပတိ ဘယ်မှာလဲ"

အမှုထမ်းတစ်ယောက်က ပြောလေ၏။

"သူ့အိမ်မှာ လူမမာ ရှိနေလို့တဲ့"

နက္ခတ္တရာယက အော်ပြီး ပြောလိုက်လေ၏။

"သွား၊ သူကို ခေါ်ခဲ့"

ကေနာရာယကို ခေါ်ရန် လူအများ သူ့ထက်ငါ ပြေးသွားကြလေသည်။ ထိုအချိန်၌ ညောင်၊ ညောင် နှင့် အပြင်းအထန် အော်နေသော ကြောင်ကလေးများ

၏ရှေ့၌ အဆို အကများ စကြလေ၏။ အချိန်အနည်းငယ် ကြာသောအခါ အမှုထမ်းတစ်ယောက် လာပြီး "ရဃုပတိ လာပြီ" ဟုပြောလေ၏။ နက္ခတ္တရာယက ဒေါသကို မချုပ်နိုင်ဘဲ "ခေါ်ခဲ့" ဟုအမိန့်ပေးလိုက်လေ၏။ ပုရောဟိတ်ကြီးသည် ချက်ခြင်းပင် ခန်းဆောင်ထဲသို့ဝင်လာလေ၏။ ပုရောဟိတ်ကို တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် နက္ခတ္တရာယ၏အမူအရာမှာ တစ်ခါတည်း ပြောင်းသွားလေ၏။ သူ၏မျက်နှာမှာ ညှိုးကျသွားလေ၏။ ချွေးသီးချွေးပေါက်များလည်း ထွက်လာလေသည်။ အဆိုအကများမှာလည်း တစ်ခါတည်း ရပ်သွားကြလေ၏။ ထိုတိတ်ဆိတ်နေသော ခန်းဆောင်ထဲ၌ ကြောင်များသာလျှင် တညောင်ညောင်နှင့် အော်နေကြလေသည်။

ရဃုပတိတော့ ဟုတ်ပါသည်။ မည်သို့မှ လင်းပါးဖွယ်ရာ မရှိပါ။ အတွင်းသို့များစွာ ချိုင့်ဝင်နေသော သူ၏မျက်လုံးများမှာ နေ့ရက်ပေါင်းများစွာ အစာရေစာ ငတ်နေသည့် ခွေး၏မျက်လုံးကဲ့သို့ တောက်၍နေလေ၏။ သူသည် ဖုံမှုန့်များ ပေကျံနေသည့် ခြေထောက်နှစ်ဖက်ကိုကမ္ဗလာအခင်းပေါ်၌ နင်းပြီးလျှင် ဦးခေါင်းကို မော့လျက် "နက္ခတ္တရာယ" ဟု ခေါ်လိုက်လေ၏။

နက္ခတ္တရာယ တုတ်တုတ်မျှ မလှုပ်။

ရဃုပတိက ပြောလေ၏။ "မင်း ရဃုပတိကို အခေါ်ခိုင်းတယ် မဟုတ်လား၊ ငါ လာပြီလေ"

နက္ခတ္တရာယက အသံတိမ်ကလေးဖြင့် ပြောလေ၏။

"ဟုတ်ကဲ့"

"ဒီကို ထလာခဲ့စမ်း"

နက္ခတ္တရာယသည် မရဲတရဲဖြင့် ထိုပွဲသဘင်မှ ထလာလေ၏။ ကြောင်၏ လက်ထက်ပွဲနှင့်တကွ အဆိုအကများ တစ်ခါတည်း ရပ်သိမ်းပစ်လိုက်ရလေ၏။

## အခန်း (၂၅)

ရဃုပတိက မေးလိုက်လေသည်။

“ဒါ ဘာလုပ်နေကြတာဘဲ”

နက္ခတ္တရာယသည် ဦးခေါင်းကိုလက်ဖြင့်ကုတ်ပြီး ပြန်ဖြေလေ၏။

“ကပွဲ လုပ်နေကြတာပါ”

“ထွီ”

နက္ခတ္တရာယသည် အပြစ်ရှိသူတစ်ဦးကဲ့သို့ မတုန်မလှုပ်ရပ်နေလေသည်။

“နက်ဖြန်ခါ ဒီကသွားရမယ်၊ အသင့်ပြင်ထား”

“ဘယ်ကို သွားရမယ်ဆိုတာ နောက်မှပြောမယ်၊ အခုဒီက ငါနဲ့အတူလိုက်ခဲ့”

“ကျွန်တော် ဒီမှာနေရတာ သိပ်ပျော်တယ်”

“ပျော်တယ် ဟုတ်လား၊ မင်း ဘုရင့်အနွယ်မှာ မွေးဖွားလာခဲ့တဲ့လူ မဟုတ်လား၊ မင်းမိဘ ဘိုးဘွားတွေ အားလုံးဟာ တိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်လာခဲ့ကြတယ်။ မင်းကျမှ ဒီတောထဲလာပြီး တိရစ္ဆာန်ဘုရင် လုပ်နေတယ်။ ဒါနဲ့တောင်မှ ဒီမှာ ပျော်တယ်လို့ပြောသေးတယ်”

“မပျော်လို့ ဘယ့်နဲ့လုပ်ရမလဲ။ ဒီပြင်နည်းလမ်းမှ မရှိတော့ဘဲဟာ”

“နည်းလမ်းလား၊ နည်းလမ်းတွေ အများကြီးရှိတယ်။ ငါ မင်းကို နည်းလမ်းပြောပြမယ်၊ ငါနဲ့လိုက်ခဲ့”

“အမတ်ကြီးကို ပြောပါရစေအုံး”

“မလိုဘူး”

“ကျွန်တော့် ပစ္စည်းတွေကော မယူရဘူးလား”

“ယူစရာမလိုဘူး”

"အစေအပါးတွေကော"

"ဘာမှမလိုဘူး"

"ကျွန်တော့်ဆီမှာ ငွေကြေးအလုံအလောက် မရှိသေးဘူး"

"ငါ့ဆီမှာရှိတယ်၊ သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့။ အခုသွားအိပ်ချေ၊ နက်ဖြန်ခါ နံနက်စောစော ခရီးထွက်ရမယ်"

ယင်းသို့ပြောပြီးလျှင် နက္ခတ္တရာယဆီက စကားပြန်ကိုမစောင့်တော့ဘဲ ရဃုပတိသည် ထွက်သွားလေ၏။

နောက်တစ်နေ့နံနက် ကျသောအခါ နက္ခတ္တရာယသည် အိပ်ရာမှ ထလေ၏။ ထိုအချိန်၌ သီချင်းသည်များသည် သာယာနာပျော်ဖွယ် သီချင်းကို သီဆိုနေကြလေသည်။ နက္ခတ္တရာယသည် အပြင်ဘက်အခန်းသို့ ထွက်လာခဲ့ပြီးလျှင် ပြူတင်းပေါက်မှ လှမ်းကြည့်လိုက်၏။ အရှေ့ဘက်တစ်ခွင်တွင် ရောင်ခြည်ပြူ၍ နေပေပြီ။ အနီရောင် အတွန့်အတန်းများကိုတွေ့ရ၏။

ကမ်းပါးနှစ်ဖက်တွင် ထူထပ်အုံ့ဆိုင်းနေသော သစ်ပင်ချုံပုတ်များ၏ အကြားမှ ဖြတ်ပြီးလျှင် ငြိမ်သက်တိတ်ဆိတ်နေသော ကျေးရွာ၊ အိမ်ခြေများကို ကွေ့ပတ်လျက် ဗြဟ္မပုတ္တရမြစ်သည် သူ၏ကျယ်ပြန့်သော ရေအလျဉ်ကို ဆောင်ကြည်းပြီးလျှင် အစဉ်မပြတ် စီးဆင်း၍နေလေသည်။နန်းဆောင်ပြတင်းပေါက်မှ မြစ်ကမ်းပါးရှိ အိမ်ငယ်တစ်ဆောင်ကို အထင်းသား မြင်နေရ၏။ မိန်းမတစ်ဦးသည် ထိုအိမ်ခြံထဲတွင်တံမြက်စည်းလှည်းနေသည်။ ယောကျာ်းတစ်ယောက်က ထိုမိန်းမအားစကားတစ်ခွန်းနှစ်ခွန်းပြောပြီးလျှင် ဦးခေါင်းတွင် မျက်နှာသုတ်စောင်ကို ပေါင်းလိုက်ပြီး တုတ်တစ်ချောင်းနှင့် အထုပ်တစ်ခုကို လွယ်ထမ်းလျက် ကြည်သာရွှင်လန်းသောအမူအရာဖြင့် အပြင်ဘက်သို့ ထွက်သွားလေ၏။ ငှက်ကလေးများသည် သီဆိုကြူးရင့်နေကြသည်။ ပြတင်းပေါက်ဝနားတွင်ရပ်ပြီး အပြင်ဘက်သို့ ငေးကြည့်လျက် နက္ခတ္တာရာယသည် သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်လေ၏။ ထိုအခိုက် ရဃုပတိသည် နောက်ဖက်မှလာပြီး နက္ခတ္တရာယ၏ ကျောကိုပုတ်လိုက်လေ၏။ နက္ခတ္တရာယ လန့်သွား၏။ ရဃုပတိသည် တည်ငြိမ်ကြန့်ရသော အသံဖြင့် ပြောလိုက်လေ၏။

"ခရီးထွက်ဖို့အဆင်သင့်ဖြစ်နေပြီ မဟုတ်လား"

နက္ခတ္တရာယသည် လက်ကိုယှက်လျက် မှုမမှန်သောအသံဖြင့် ပြောလေ၏။

"ပုရောဟိတ်ကြီး၊ ကျွန်တော့်ကို သည်းခံပါ။ ကျွန်တော်ဘယ်ကိုမှ မသွားချင်ဘူး၊ ဒီမှာနေရတာ ပျော်လွန်းလို့ပါ"

ရဃုပတိသည် စကားတစ်ခွန်းမျှ ထပ်မပြောဘဲနှင့် နက္ခတ္တရာယကို သူ၏

မီးကျီးခဲကဲ့သို့ ထက်မြက်စူးရှလှသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်လေ၏။ နက္ခတ္တရာယသည် ဦးခေါင်းကိုငုံ့လျက် "ဘယ်ကိုသွားရမှာလဲ" ဟု မေးလိုက်လေသည်။

"အခု မပြောနိုင်သေးဘူး"

"နောင်တော်နဲ့ဆန့်ကျင်ဘက်တော့ ကျွန်တော် ဘာမှမလုပ်နိုင်ဘူး"

ရဃုပတိသည် ယမ်းပုံမီးကျ ဒေါသဖြစ်သွားပြီး ပြောလေ၏။

"မင်းနောင်တော်က မင်းကို ဘယ်လိုအကျိုးကျေးဇူးများ ပြုထားလို့လဲ။ ပြောစမ်းပါ၊ ငါ့ကို"

နက္ခတ္တရာယသည် မျက်နှာလွှဲလိုက်ပြီး ပြောလေ၏။

"သူကျွန်တော့်ကို ချစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်"

ရဃုပတိသည် မရယ်ချင်ရယ်ချင် ရယ်လိုက်ပြီးလျှင် "ဘာချစ်တာလဲ၊ ငါက အကုန်သိတယ်၊ ဓုဝကို အနှောင့်အယှက်အဟန့်အတားမရှိဘဲ သူ့ အရိုက်အရာ ဆက်ခံစေနိုင်အောင်လို့ မင်းနောင်တော်က မင်းကို ကလိန်စေ့ ငြိမ်းဆင်ပြီး တိုင်းပြည်က နှင်ထုတ်တာမဟုတ်လား၊ မင်းအခု သူ့တိုင်းပြည်ထဲကို အလွယ်တကူနဲ့ ပြန်ဝင်လို့ ရအုံးမှာတဲ့လား"

နက္ခတ္တရာယက မဆိုင်းမတွပင် ပြန်ပြောလိုက်လေသည်။

"ကျွန်တော်လဲ ပုရောဟိတ်ကြီးပြောတဲ့ အကြောင်းတွေကို ဘာဖြစ်လို့ မသိရမှာလဲ၊ ကျွန်တော် အားလုံးသိပါတယ်၊ ဒါပေမယ့် သိပေမယ့်လဲ ဘာမှမတတ်နိုင်ဘူး၊ နည်းလမ်းမှ မရှိဘဲဟာ"

"အဲ့ဒီနည်းလမ်းအကြောင်းကို ပြောနေတာဘဲ။ အဲဒီကိစ္စအတွက် ငါ ဒီကိုလာခဲ့တာ၊ ဆန္ဒရှိရင် ငါနဲ့တပါတည်းလိုက်ခဲ့။ မလိုက်ချင်ရင်လဲ ဒီတောထဲမှာပဲနေပြီး ကိုယ့်အကျိုးကိုလိုလားတဲ့ နောင်တော်ရဲ့ဂုဏ်ကျေးဇူးကိုပဲ အောက်မေ့တသနေပေတော့၊ငါတော့သွားမယ်"

ယင်းသို့ပြောပြီး ရဃုပတိသည် ထွက်သွားလေသည်။ နက္ခတ္တရာယသည် ချက်ချင်းပင် သူ့နောက်သို့လိုက်သွားရင်း ပြောလေ၏။ "ကျွန်တော်လဲလိုက်ပါ့မယ်၊ အမတ်ကြီးက လိုက်ချင်တယ်ဆိုရင် သူ့ကိုလဲ ခေါ်ခဲ့ပါရစေ"

"ငါကလွဲပြီး မင်းနဲ့ဘယ်သူမှ မလိုက်ရဘူး"

နက္ခတ္တရာယ၏ ခြေထောက်များသည် အိမ်ကိုစွန့်ခွာပြီး အပြင်သို့ ထွက်မသွားလိုကြပေ။ ပျော်ရွှင်စရာ ဤအဆောင်အယောင်အားလုံးနှင့်တကွ အမတ်ကြီးကိုခွဲခွာပြီးလျှင် ရဃုပတိနှင့်တကွ ဘယ်ကိုလိုက်သွားရမည်နည်း။ ရဃုပတိသည် သူ၏ဆံပင်ကိုဆွဲပြီး ရွှတ်တိုက် ဆွဲခေါ်သွားသကဲ့သို့ ထင်ရ

သည်။ ထို့ပြင် နက္ခတ္တရာယ၏စိတ်ထဲတွင် ကြောက်ရွံ့ခြင်းနှင့်တကွ စိတ်ဆန္ဒတစ်မျိုးလည်း ပေါ်ပေါက်လာလေသည်။ ထိုစိတ်ဆန္ဒက ထူးခြားသော အဆွဲဓာတ်တစ်ခုဖြစ်နေ၏။

လှေအသင့်ရှိနေသည်။ မြစ်ကမ်းပါးသို့ရောက်သောအခါ နက္ခတ္တရာယသည် ပခုံးပေါ်တွင်ရေလဲတင်ပြီး ရေချိုးလာသော ပီတမ္ဗရာယကို တွေ့ရလေ၏။ နက္ခတ္တရာယကို တွေ့သည်နှင့်တစ်ပြိုင်နက် ပီတမ္ဗရာယသည် ရွှင်ပြုံးသော မျက်နှာဖြင့် ပြောလေ၏။ "အရှင်မင်းကြီးသက်တော်ရှည်အပါစေ၊ မနေ့က တစ်နေရာကဗြာဟ္မဏဆိုးတစ်ယောက်ပေါက်လာပြီး မင်္ဂလာလက်ထပ်အခမ်းအနားကို နှောင့်ယှက်ဖျက်ဆီးပစ်လိုက်တယ်လို့ ကြားရပါကလား"

နက္ခတ္တရာယ မျက်လုံးပြူးသွားလေ၏။ ရဃုပတိက အသံခပ်မာမာဖြင့်

"အဲဒီဗြာဟ္မဏဆိုးဟာ ငါပဲ" ပီတမ္ဗရာက ရယ်ပြီးပြောလေ၏။

"ဒါဖြင့် ခင်ဗျားရှေ့မှောက်မှာ ခင်ဗျားအကြောင်းကိုပြောတာ မကောင်းဘူး။ ခင်ဗျားစိတ်မကောင်းမဖြစ်ပါနဲ့၊မျက်ကွယ်မှာတော့အတင်းအဖျင်း ပြောတာချည်းပါပဲ။ မျက်မှောက်မှာ ကျွန်တော့်ကို ဘုရင်လို့ခေါ်ကြတဲ့လူတွေဟာ ကျွန်တော့်မျက်ကွယ်ကျတော့ပီတမ္ဗရာယလို့ ပြောင်ခေါ်ကြတာဘဲ၊ မျက်မှောက်မှာ ဘာမှမပြောတာပဲကောင်းတယ်လို့ ကျွန်တော်ထင်တယ်၊ ခင်ဗျားမြင်ရတာ မျက်နှာထားတယ်ဆိုးပါကလား။ အဲဒီလိုမျက်နှာမျိုးကိုတွေ့ရရင် ဘယ်သူဖြစ်ဖြစ် နှာခေါင်းရှုံ့မှာတော့ကျိန်းသေတယ်၊ ဘယ့်နှယ့်လဲ ဘုရင်ကြီး။ မနက်စောစောစီးစီး မြစ်ကမ်းပါးကို ဘာဖြစ်လို့ ကြွရောက်လာရသလဲ"

နက္ခတ္တရာယသည် မျက်နှာမကြည်မသာဖြင့် ပြောလေ၏။

"ကျုပ်သွားတော့မယ် အမတ်ကြီး"

"ဘယ်သွားမလို့လဲ၊ မာဏ္ဍလဒေဝရဲ့အိမ်ကိုလား"

"မဟုတ်ပါဘူး အမတ်ကြီး၊ ဟိုအဝေးကို"

"အဝေးကြီးကို ဟုတ်လား၊ ဘာလဲ တောကစားသွားမလို့လား"

နက္ခတ္တရာယသည် ရဃုပတိ၏မျက်နှာကိုတချက်လှမ်းကြည့်လိုက်ပြီးလျှင် စိတ်ပျက်ညှိုးငယ်သော အမူအရာဖြင့် ခေါင်းကိုသာခါပြလိုက်လေ၏။

ရဃုပတိ ကြည့်မနေနိုင်ပေ။ ပြောလိုက်လေ၏။ "အချိန်ကုန်တယ်၊ လှေပေါ်မြန်မြန်တက်"

ပီတမ္ဗရာယသည် ဒေါသလည်းထွက်၊ ယုံမှား သံသယလည်းရှိသည်ဖြစ်၍ ရဃုပတိကို လှမ်းကြည့်လိုက်ပြီးလျှင် "ဗြာဟ္မဏကြီး ကျွန်တော်တို့ရဲ့ဘုရင်ကို

လာပြီး အမိန့်ပေးနိုင်လောက်အောင်ခင်ဗျားက ဘယ်သူမို့လဲ”

နက္ခတ္တရာယက ပြောလေ၏။

“ဘာဖြစ်ဖြစ် ကျွန်တော်တို့ဆီမှာပဲနေပါလား၊ ကျွန်တော်တို့ ဆန်တို့ သစ်သီး တို့ ပေးမှာပေါ့၊ ကျွန်တော်တို့ဘုရင်ကို ခေါ်သွားဖို့ ဘာလိုသလဲ”

ရဃုပတိက ထပ်ပြီးပြောလိုက်ပြန်၏။

“အလကား အချိန်ကုန်နေတယ်၊ ငါသွားတော့မယ်”

“ခင်ဗျားသဘောအတိုင်း သွားချင်သွားနိုင်ပါတယ်၊ မြန်မြန်သာကြွပါ၊ ဘုရင်ကြီးကိုခေါ်သွားပြီး ကျွန်တော်လဲ နန်းတော်ကိုပြန်မယ်”

နက္ခတ္တရာယသည် ရဃုပတိကို ကြည့်လိုက်၏။ ထို့နောက်တဖန် ပီတမ္ဗရာယကို ကြည့်လိုက်ပြီးလျှင် “မဟုတ်ဘူး အမတ်ကြီး၊ ကျုပ်သွားတော့မယ်”

“ကျုပ်လဲလိုက်မယ်လေ၊ ခြွေရံသင်းပင်းနဲ့ကြွမှပေါ့၊ ဘုရင်ပီပီကြွံစမ်းပါ၊ ဘုရင်ကြွရင် အမတ်ကော နောက်ကဘာဖြစ်လို့ မလိုက်ရမှာလဲ”

နက္ခတ္တရာယသည် ရဃုပတိကို တချက်လှမ်းကြည့်လိုက်ပြန်လေ၏။ ရဃုပတိက ပြောလိုက်လေသည်။

“ဘယ်သူမှ မလိုက်ရဘူး”

ပီတမ္ဗရာယသည် မျက်နှာညှိုးငယ်သွားပြီးလျှင် နက္ခတ္တရာယ၏ လက်ကို ကိုင်ပြီးပြောလေ၏။ “ ဒီမှာ၊ ကျွန်ုပ် ခင်ဗျားကို ဘုရင်လို့ခေါ်နေတဲ့ စိတ်ထဲက တော့ ကိုယ့်ရင်သွေးလိုပဲ ချစ်နေတယ်၊ ကျွန်ုပ်မှာ သားသမီးတစ်ယောက်မှ မရှိဘူး၊ ခင်ဗျားကို ကျွန်ုပ်မပိုင်ဆိုင်ဘူး၊ ဘယ်မှမသွားနဲ့လို့ အတင်းမပိတ်ပင် မတားမြစ်နိုင်ဘူး။ ါပေမယ့် တစ်ခုတော့မှာလိုက်ချင်တယ်။ ခင်ဗျားဘယ်ကို သွားသွား မသေခင်တစ်ခေါက်တော့ ဒီကိုပြန်လာခဲ့ပါ။ ကျွန်ုပ်ဆီမှာရှိတဲ့ ပစ္စည်း ဥစ္စာအားလုံးကို ခင်ဗျားကို အပ်နှံချင်ပါတယ်။ အဲဒါတစ်ခုပဲ ကျွန်ုပ် မှာလိုက် ပါရစေ”

နက္ခတ္တရာယနှင့် ရဃုပတိတို့လှေပေါ်တက်သွားကြလေသည်။ လှေသည် တောင်ဘက်သို့ ထွက်သွားလေ၏။ ပီတမ္ဗရာယသည် ရေချိုးဖို့မေ့သွားလေပြီ။ ရေလဲကိုပုခုံးပေါ်မှာတင်ပြီး မျက်နှာညှိုးငယ်စွာဖြင့် အိမ်ဘက်သို့ပြန်သွားလေ၏။ ဂူဂျရပါရာသည် လူသူဆိတ်သုဉ်းသွားသကဲ့သို့ ဖြစ်နေလေ၏။ ထိုဒေသ၏ ပျော်ရွှင်ချမ်းမြေ့မှုမှာ တစ်ခါတည်းနိဂုံးချုပ်သွားလေတော့သည်။ သဘာဝ၏ ပျော်ရွှင်ချမ်းမြေ့မှုများသာလျှင်ကျန်ရှိတော့၏။ နံနက်ခင်း ကျေးငှက်တို့၏ တွန်ကြူးသံ၊သစ်ရွက်တို့၏လှုပ်ရှားထိခိုက်သံ၊ မြစ်ထဲက လှိုင်းတံပိုးများကမူ ရပ်နားဍမသွားကြပေ။

# အခန်း (၂၆)

ရှည်လျားဝေးလံသော ခရီးဖြစ်၏။ အချို့နေရာတွင် မြစ်ရှိပြီး အချို့နေရာ၌ ညှို့မှိုင်းအုံ့ဆိုင်းနေသော တောတန်းရှိသည်။ အချို့နေရာ၌မူ သစ်ပင်ကြီးတိကျဲတဲနှင့် ကွင်းပြင်ရှိသည်။ တစ်ခါတစ်ရံတွင် လှေနှင့်သွားရပြီး၊တစ်ခါတစ်ရံတွင် ခြေလျင်သွားရသည်။ လားကိုစီးပြီးသွားရသည့်အခါနှင့်လည်း ကြုံရသည်။ တစ်ခါတစ်ရံတွင် နေပူထဲတွင်သွားရပြီး၊ တစ်ခါတစ်ရံ ရေထဲသွားရသည်။ တခါတရံတွင် လူသံသူသံ ဆူညံနေသည့်နေ့ခင်းအချိန်တွင် သွားရပြီး တခါတရံတွင် ညကြီးမင်းကြီး ခရီးနှင်နေရသည်။အရပ်ဒေသမျိုးစုံကို ဖြတ်သွားရသည်။ ရှုခင်းမျိုးစုံကို မြင်ရသည်။ လူမျိုးစုံကိုကြုံရသည်။ အရိပ်ကဲ့သို့ ညစ်နွမ်း၍နေသော နေရောင်ကဲ့သို့ တောက်ပသော ရဃုပတိတစ်ယောက်တည်းသာလျှင် သူ၏နံဘေးက ကပ်ပါလာ၏။ နေ့တွင်လည်း ရဃုပတိ၊ ညတွင်လည်း ရဃုပတိ၊ အိမ်မက်ထဲတွင်လည်း ရဃုပတိ နေရာတကာတွင် ရဃုပတိရှိနေ၏။လမ်းမပေါ်၌ ခရီးသွားများ သွားနေကြသည်။ လမ်းဘေးရှိမြေကြီးပေါ်၌ ကလေးများကစားနေကြသည်။ ဈေးထဲတွင် လူအများဈေးရောင်းဈေးဝယ်လုပ်နေကြသည်။ ရွာထဲရှိအဖိုးကြီးများ ကြွေပစ်တမ်းကစားနေကြသည်။ ရေဆိပ်၌ လုံမပျိုများ ရေခပ်နေကြသည်၊ မြစ်ထဲ၌ လှေထိုးသားများ သီချင်းတကြော်ကြော်နှင့် လှေလှော်နေကြသည်။ သို့ရာတွင် နက္ခတ္တရာယ၏ဘေးတွင်မူ ထိုကြုံလှီလှသော ရဃုပတိသည်သာလျှင် အခါခပ်သိမ်းရှိနေ၏။ ကမ္ဘာလောက၌ အရပ်ထက်ဝန်းကျင်တွင် ဇာတ်အမျိုးမျိုး ထွက်နေကြသည်။ အဖြစ်အပျက်အမျိုးမျိုး ဖြစ်ပျက်နေကြသည်။ သို့ရာတွင် ဤဇာတ်စင်၏ ဆန်းကျယ်သောဇာတ်လမ်းများ၏အကြားမှ နက္ခတ္တရာယ၏ အနာဂတ်သည် နက္ခတ္တရာယအား ရွတ်ဆွဲခေါ်သွားနေ၏။ လူ့လောကသည်

သူ့အတွက် လူသူဆိတ်သုဉ်း၍ နေသည်။ လူအများနေထိုင်ရာ ရပ်ရွာသည် သူ့အတွက်သဲကန္တာရဖြစ်နေသည်။ နက္ခတ္တရာယသည် ခြေကုန်လက်ပန်း ကျပြီးလျှင် သူ၏ဘေးတွင်ရှိသည့် အရိပ်အားမေးလိုက်လေ၏။

"နောက်ထပ် ဘယ်လောက်ဝေးဝေး သွားရအုံးမလဲ"

"အဝေးကြီး သွားရအုံးမယ်"

"ဘယ်ကို သွားရမလဲ"

အဖြေပြန်မရပေ။ နက္ခတရာယသည် ဟင်းကနဲ သက်ပြင်းချပြီးလျှင် ခရီးဆက်ပြန်၏။ သူသည် စိမ်းလန်းစိုပြေသော သစ်ပင်များ ပတ်ရံနေသည့် အရိပ်အာဝါသကောင်းသော လူနေအိမ်ခြေတို့ကို တွေ့ရသောအခါ ဒီအိမ်တွေမှာ နေလိုက်ရရင် ကောင်းမှာပဲဟု စိတ်ကူးပေါ်လာသည်။ ညနေစောင်းအချိန် ကြိမ်လုံးကိုကိုင်ပြီး ကွင်းပြင်ရွာလမ်းမှ ဖုံတထောင်းထောင်းနှင့် နွားမ သားအမိများကို မောင်းလာသည့်နွားကျောင်းသားများကို တွေ့ရသည့်အခါ သူတို့နှင့် လိုက်သွားပြီးအိမ်မှာနားလိုက်ရရင်ကောင်းမှာပဲဟု အတွေးပေါ်လာသည်။ နေပူကျဲတဲတွင် လယ်သမားများ လယ်ထွန်နေကြသည်။ သူတို့ကို ကြည့်ပြီး "ဘယ်လောက်ပျော်စရာကောင်းသလဲ"ဟု နက္ခတ္တရာယ အားကျနေသည်။

ခရီးပန်းလာသဖြင့် နက္ခတ္တရာယသည် ညှိုးနွမ်းနေ၏။ ပိန်ကြုံနေ၏။ ဂျိုးအထပ်ထပ်ဖြစ်နေ၏။ သူသည် ရဃုပတိကို ပြောလိုက်၏။

"ပုရောဟိတ်ကြီး၊ ကျွန်တော်တော့ သေတော့မယ်ထင်တယ်"

"ဒီအချိန်မှာ မင်းကို ဘယ်သူ သေခွင့်ပေးမှာလဲ"

ရဃုပတိစက်ကွင်းက မလွတ်ကင်းသရွေ့ သေတာတောင်ဖြောင့်ဖြောင့် သေရမှာမဟုတ်ဘူးဟု နက္ခတ္တရာယ စဉ်းစားမိလေသည်။ မိန်းမတစ်ယောက်က နက္ခတ္တရာယကို ကြည့်ပြီးလျှင် "သူဟာဘယ်သူ့သားသမီးပါလိမ့်။ သူ့ကို ဘယ်သူက အိမ်ကနှင်ထုတ်ပါလိမ့်"ဟုပြောလေ၏။ ထိုစကားကို ကြားရသည့်အခါ နက္ခတ္တရာယ၏နှလုံးသည် အရည်ပျော်ကျသွားလေသည်။ သူ၏မျက်လုံးများ၌ မျက်ရည်စို့လာလေ၏။ထိုမိန်းမအား အမေဟုခေါ်ပြီးလျှင် သူနှင့်အတူ သူ့အိမ်သို့လိုက်သွားချင်စိတ်ပေါ်လာလေသည်။

နက္ခတ္တရာယသည် ရဃုပတိကြောင့်ကွ္ခရောက်နေရသော်လည်း ရဃုပတိ၏ လောင်းရိပ်အောက်က ထွက်သွားခြင်းမှာ မစွမ်းနိုင်ပေ။ ရဃုပတိ ကြိုးဆွဲသည့် အတိုင်းပင် ကနေရရှာလေ၏။

သွားရင်းလာရင်းနှင့် မြစ်များကို အတွေ့နည်းလာလေ၏။ ကုန်းမြေမာကို တွေ့များလာလေသည်။ မြေမှာနီကျင်နေပြီး ခရောင်းမြေဖြစ်နေသည်။ မြို့ရွာ

အိမ်ခြေနှင့်လည်း အလှမ်းဝေးလာလေသည်။ သစ်ပင်ဝါးပင်များလည်း တစတစ ပါးလာလေသည်။ အုန်းပင်တောတန်းကြီးက ထွက်ခဲ့ပြီးလျှင် ခရီးသွားနှစ်ဦးသည် ထန်းတောကြီးထဲသို့ ရောက်လာကြလေ၏။လမ်းခရီးအကြားတွင် ခြောက်ခန်းနေသော မြစ်ချောင်းများကို တွေ့ရပြီး ခပ်လှမ်းလှမ်းတွင်မူ မိုးသားတိမ်လိပ်များပမာ တောင်တန်းကြီးများကိုမြင်ရလေသည်။ တဖြည်းဖြည်းနှင့် ဘုရင်သုဇာ၏ နေပြည်တော်ရာဇဂြိုဟ်မဟာလ်အနီးသို့ ရောက်လာကြလေ၏။

# အခန်း (၂၇)

နောက်ဆုံးကျတော့ သူတို့သည် သုဇာဘုရင်၏ နေပြည်တော်သို့ ရောက်လာခဲ့ကြလေသည်။ အကျဉ်းဘဝမှ လွတ်မြောက် ထွက်ပြေးလာခဲ့ပြီးလျှင် သုဇာသည် စစ်သည်တပ်သားများကို အသစ်တဖန် ပြန်လည်၍ ရုံးစုနေလေသည်။ သို့ရာတွင် ဘဏ္ဍာတိုက်ထဲတွင်၏ ရွှေ၊ ငွေ၊ ဘဏ္ဍာ အနည်းအကျဉ်းမျှ လောက်သာ ကျန်တော့၏။ ပြည်သူလူထုမှာ အခွန်အတုတ်ဒဏ် ပိနေကြ၏။ ထိုကြားထဲက ဒါရာဘုရင်ကို လုပ်ကြံပြီး အောက်ရန်ဂ်ဂျေဗ်သည် ဒေလီထီးနန်းကို သိမ်းပိုက်လိုက်လေ၏။ ထိုသတင်းကို ကြားရသဖြင့် သုဇာဘုရင်သည် ဂနာမငြိမ် ဖြစ်နေ၏။ စစ်တိုက်ရန်အတွက် စစ်တပ် စသည် အဆင်သင့် မဖြစ်သေးသဖြင့် အချိန်အနည်းငယ်ရလိုသည့်အတွက် သုဇာသည် အကောက်ဉာဏ်ဖြင့် အောက်ရန်ဂ်ဂျေဗ်၏အထံသို့တမန်တစ်ဦးကို စေလွှတ်လိုက်လေ၏။ အချစ်ဆုံးညီတော် အောက်ရန်ဂ်ဂျေဗ်က ထီးနန်းရိပ်ရာကို သိမ်းပိုက်ရရှိသည့်အတွက် သုဇာ၏ သေဆုံးနေပြီးဖြစ်သည့် ကိုယ်ကာယမှာ အသက်တဖန် ပြန်ဝင်လာသည်ဆိုသည့် အကြောင်းနှင့် ယခုအချိန်တွင်ဘုရင်မင်းတရားအသစ်က သုဇာအား ဂ်လားနယ် အုပ်ချုပ်ရေးကိုဆက်လက်တာဝန်ပေးအပ်လျှင် တိုင်းထက်အလွန် ဝမ်းသာရမည် ဆိုသည့်အကြောင်းကို တမန်တော်ဖြင့် အကြောင်းကြားလိုက်လေ၏။

အောက်ရန်ဂ်ဂျေဗ်သည် လေးစားစွာဖြင့် တမန်တော်ကို အတွင်းသို့ခေါ်ပြီးလျှင် သုဇာနှင့်တကွ သုဇာ၏သားသမီးငယ်များသတင်းကို စိတ်ဝင်စားစွာဖြင့် မေးမြန်းပြီး ပြောလေ၏။

"နတ်ရွာစံဘုရင်မင်းတရားကြီး ကိုယ်တိုင်က သုဇာကို ဂ်လားအုပ်ချုပ်ရေးကို တာဝန်ပေးအပ်ထားပြီးမှပဲ နောက်ထပ်ထွေထွေထူးထူး တာဝန်ပေးအပ်နေစရာ

မလိုပါဘူး”

ထိုအချိန်၌ ရဃုပတိသည် သုဇာ၏နန်းတော်တွင်းသို့ ရောက်ရှိသွားလေ၏။ သုဇာသည် အထူးရိုသေလေးစားစွာဖြင့် သူ၏ကျေးဇူးရှင် ရဃုပတိကို ရှေ့တော်သို့ အခေါ်ခိုင်းပြီးလျှင် “ဘာများအကြောင်းထူးသလဲ” ဟု မေးလေ၏။

“အရှင်မင်းကြီးကိုတစ်ခုတောင်းပန်မလို့ပါ”

ဘာများတောင်းပန်မလို့လဲမသိဘူး။ ငွေများတောင်းရင် ဒုက္ခပဲဟု သုဇာသည် စိတ်ပူသွားလေသည်။

ရဃုပတိက ပြောလေ၏။

“ကျွန်ုပ်တောင်းပန်လိုတာကတော့ . . .”

သုဇာသည် စကားကိုဖြတ်ပြီး ပြောလေ၏။

“ပုရောဟိတ်၊ သင် တောင်းပန် တာကို ကျွန်ုပ်ဆောင်ရွက်ပါ့မယ်၊ ဒါပေမယ့် ခဏတော့ဆိုင်းပါအုံး၊ အခု ဘုရင့်ဘဏ္ဍာတိုက်ထဲမှာ ငွေကြေးအလုံအလောက် မရှိသေးလို့ပါ”

ရဃုပတိကပြောလေသည်။

“အရှင်မင်းကြီး၊ ကျွန်ုပ် ရွှေကိုလည်း အလို မရှိပါဘူး၊ ငွေကိုလည်း အလို မရှိပါဘူး၊ ဒိပြင် ဘာပစ္စည်းကိုမှ အလိုမရှိပါဘူး၊ ကျွန်ုပ်လိုချင်တာက သွေးထားပြီးတဲ့ သံကိုပဲအလိုရှိတယ်။ ကျွန်ုပ်ရဲ့တိုင်ကြားချက်ကို လက်ခံပါ။ တရားအဆုံးအဖြတ်ပေးဖို့မျှသာ ကျွန်ုပ် တောင်းပန်ခြင်း ဖြစ်ပါတယ်”

“သိပ်ခက်ခဲတာပဲ၊ အခု တရားအဆုံးအဖြတ်ပေးဖို့ ကျွန်ုပ်မှာ အချိန်မရှိဘူး။ သင်က အချိန်နဲ့မှ မလာဘဲကိုး”

“အချိန်ရှိတယ်၊ မရှိဘူးဆိုတာ အားလုံးအတွက်ဖြစ်ပါတယ်၊ အသင်က ဘုရင်မင်းကြီးမို့ အသင့်အတွက်လည်းဖြစ်တယ်၊ ကျွန်ုပ်က ဆင်းရဲသား ဗြာဟ္မဏမို့ ကျွန်ုပ်အတွက်လည်း ဖြစ်ပါတယ်။ အသင်မင်းကြီးက အချိန်နဲ့မှ တရားအဆုံးအဖြတ်ပေးမယ်ဆိုရင် ကျွန်ုပ်ရဲ့အချိန်ကော ဘယ်သွားထားအုံးမှာလဲ”

သုဇာသည် စိတ်ပျက်သည့်အမူအရာဖြင့် “သိပ်ခွကျတာပဲ၊ ဒီစကားတွေ နားထောင်နေမယ့်အစား အမှုသွား အမှုလာကို နားထောင်လိုက်ရတာက ကောင်းအုံးမယ်၊ ကဲပြောပါ၊ ဘယ်လိုဖြစ်လို့လဲ”

“တရိပူရဘုရင် ဂေါဝိန္ဒမဏိကျက သူ့ညီတော် နက္ခတ္တရာယကို အပြစ်တစ်စုံတစ်ရာ မရှိဘဲနဲ့ တိုင်းပြည်က နှင်ထုတ်လိုက်ပါတယ်”

သုဇာသည် မျက်နှာကို ရှုံ့ပြီးလျှင် “ဗြာဟ္မဏ၊ ဘာဖြစ်လို့ ဘုန်းကြီးအမှုရှာပတ်ချင်ရတာလဲ။ တခြားက အမှုကို ကျွန်ုပ်ဆီဆောင်ကြဉ်းလာပြီး ကျွန်ုပ်ရဲ့

အချိန်ကို ဘာဖြစ်လို့ ဖြုန်းတီးပစ်နေတာလဲ။ အခု အဲဒီအမှုတွေကို အဆုံးအဖြတ် ပေးဖို့ အချိန်မရှိဘူး"

"တရားလို မင်းနေပြည်တော်မှာ ရောက်နေပါတယ်"

"သူကိုယ်တိုင်လာပြီး တိုင်တန်းရင် အဆုံးအဖြတ် ပေးသင့်က ပေးမယ်"

"သူ့ကို ဘယ်တော့ အရှင်မင်းကြီးရှေ့တော်မှောက် ခေါ်ခဲ့ရမလဲ"

ဒီဗြာဟ္မဏဟာ ဘယ်နည်းနှင့်မျှ အလျှော့ပေးမည့်သူဟုတ်ဟန်မတူဟု စဉ်းစားပြီးလျှင် သုဇာသည် "နောက်တစ်ပတ်လောက်ကြာတော့ ခေါ်ခဲ့" ဟု ပြောလိုက်လေ၏။

"အရှင်မင်းကြီးက အမိန့်ပေးပါရင် ကျွန်ုပ် နက်ဖြန်ပဲ သူ့ကို ရှေ့တော်မှောက် အရောက်ခေါ်ခဲ့ပါမယ်"

သုဇာသည် "ကောင်းပြီ၊ နက်ဖြန်ခါပဲ ခေါ်ခဲ့" ဟု ပြီးပြီးပြတ်ပြတ် ပြောလိုက်လေ၏။ ရဃုပတိကျေနပ်ပြီး ထွက်သွားလေသည်။

နက္ခတ္တရာယက ပြောလေသည်။ ဘုရင်သုဇာဆီ သွားတာကတော့ ဟုတ်ပါရဲ့၊ သူ့ကိုဆက်သဖို့ ဘာလက်ဆောင်ပဏ္ဏာယူသွားမလဲ"

ရဃုပတိကပြန်ဖြေ၏။

" ဒါ မင်းပူစရာမလိုပါဘူး"

ယင်းသို့ပြောပြီး ရဃုပတိသည် လက်ဆောင်ပဏ္ဏာအဖြစ် ပေးဖို့ရန်အတွက် ငွေပေါင်းတစ်သိန်းငါးသောင်းကိုယူလာပြီး နက္ခတ္တရာယ၏ရှေ့တွင် ချပြလိုက်လေ၏။

နောက်တစ်နေ့နံနက်စောစောတွင် ကြောက်ဆုတ် ကြောက်ဆုတ်ဖြစ်နေသော နက္ခတ္တရာယကို ခေါ်ခဲ့ပြီးလျှင် သုဇာ၏နန်းတော်တွင်းသို့ ဝင်ရောက်လာလေ၏။ ငွေအသပြာတစ်သိန်းငါးသောင်းကို ခြေရင်းတွင် အပ်နှင်းလိုက်သည့်အခါ သုဇာ၏မျက်နှာသည် ယခင်ကလို မှုံတေတေဖြစ်မနေတော့ပေ။ နက္ခတ္တရာယ၏ အမှုသွားအမှုလာကို စိတ်ပါဝင်စားစွာ နားထောင်လေတော့၏။

သုဇာက မေးလေ၏။

"ဗြာဟ္မဏကြီးက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လို သဘောရသလဲ ပြောစမ်းပါအုံး"

ရဃုပတိကပြောပြသည်။

"ဂေါဝိန္ဒမဏိကျာဘုရင်ကို တိုင်းပြည်ကနှင်ထုတ်ပြီး သူ့နေရာမှာ နက္ခတ္တရာယကို ဘုရင်အဖြစ် တင်မြှောက်ရမယ်ဆိုတဲ့ အမိန့်ကို ပေးဖို့ပါပဲ။

မိမိ၏ညီတော် အောက်ရန်ဂ်ဂျေဗ်၏ ထီးနန်းကို လုယူသိမ်းပိုက်ရေးအတွက်

တစ်ဆံချည်မျှ နောက်တွန့်ခြင်းမရှိသော်လည်း ယခုကိစ္စ၌မူ ဘာကြောင့်မသိ၊ သုဇာ၏ စိတ်ထဲတွင် အင်တင်တင်ဖြစ်နေလေသည်။ သို့ရာတွင် ရဃုပတိ၏ တောင်းပန်ချက်ကို အပြည့်အအဝ ဆောင်ရွက်ပေးခြင်းသည် အခြားသော လုပ်ငန်းကိစ္စများထက် သူ့အတွက် လွယ်ကူသည်ဟု သူအထင်ရှိလေသည်။ ယင်းသို့ ဆောင်ရွက်မပေးလျှင် ရဃုပတိလျှာရှည်၍ ဆုံးတော့မည်မဟုတ်ဟု သူစိုးရွံ့၍ နေလေသည်။ အထူးအားဖြင့် လက်ဆောင်ပဏ္ဏာအသပြာ တစ်သိန်း ငါးသောင်းကို ခြင်းပယ်ပစ်လိုက်ဖို့ရာလည်း မသင့်လျော်ဟု စဉ်းစားမိလေသည်။

"ကောင်းပြီ၊ ဂေါဝိန္ဒမဏိကျကို တိုင်းပြည်က နှင်ထုတ်ပြီး နက္ခတ္တရာယကို နန်းတင်ရမယ်ဆိုတဲ့ အမိန့်အာဏာကို ကျွန်ုပ်ပေးလိုက်မယ်၊ ဗြာဟ္မဏကြီးတို့ပဲ အဲဒီအမိန့်ကို တစ်ပါတည်းဆောင်ကြဉ်းသွားပေတော့"

ရဃုပတိကပြောလေ၏။

"ဘုရင့်တပ်အချို့ကိုလည်း တစ်ပါတည်း ထည့် လိုက်ရလိမ့်မယ်။"

သုဇာသည် အသံခပ်မာမာဖြင့် " ဒီလိုဘယ်ဖြစ်မလဲ၊ ကျွန်ုပ်စစ်ထဲ ဝင်မပါနိုင်ဘူး"

"တိုက်ပွဲမှာ သုံးစွဲဖို့အတွက် ကျွန်ုပ် ငွေသုံးသောင်းခြောက်ထောင်ကို ထပ်ပြီး ပေးပါ့မယ်၊ ပြီးတော့ နက္ခတ္တရာယ တရိပူရာဘုရင်ဖြစ်ပြီးတဲ့ နောက်ကျရင် လည်းပဲ တစ်နှစ်စာ ဘဏ္ဍာတော်ကို သေနာပတိနဲ့တစ်ဆင့် အရှင်မင်းကြီးကို ဆက်သလိုက်ပါ့မယ်"

ယင်းအဆိုပြုချက်ကို အင်မတန်မှ လျော်ကန်သင့်မြတ်သည်ဟု သုဇာက တွက်လေသည်။ သူ၏အမတ်ကလည်း သဘောတူလေသည်။ မဂိုစစ်တပ် တစ်တပ်ကိုခေါ်ပြီးလျှင် ရဃုပတိနှင့် နက္ခတ္တရာယတို့သည် တရိပူရာဘက်သို့ ထွက်လာခဲ့ကြလေ၏။

# အခန်း (၂၈)

အချိန်ကာလနှစ်နှစ်မျှ ကုန်ဆုံးကျော်လွန်ခဲ့ပြီဖြစ်၏။ ယခုအခါတွင် ခုဝ၏ အသက်သည် လေးနှစ်တင်းတင်းပြည့်သွားလေပြီ။ သူသည် စကားတော်တော် ပြောတတ်နေလေပြီ။ သူ့ကိုယ်ကိုလည်း တော်တော် အသက်ကြီးလာပြီဟု သူအထင်ရှိနေသည်။ စကားလုံးဟူသရွေ့ကို ပီပီသသမပြောတတ်သေးသော် လည်း ပြောသရွေ့ကိုမူ ခပ်မာမာပြောလေ့ရှိ၏။ ဘုရင်ကို "ကစားစရာပေးမယ်" ဟု ပြောပြီး မကြာခဏကျေနပ်နှစ်သိမ့်စေ၏။ မျှော်လင့်ချက်ပေးခဲ့၏။ ဘုရင်က တခါတရံ သူမကြိုက်သည့်အရာကိုလုပ်ခဲ့လျှင် ုဝသည် ဘုရင်အား "အိမ်ထဲမှာ ထည့်ပြီးချုပ်ထားမယ်၊ ဘာမှတ်သလဲ" ဟု ခြိမ်းခြောက်လေ့ရှိ၏။ ဘုရင်သည် ယခုအခါတွင်သူ၏အမိန့်ဩဇာကို မလွန်ဆန်ရဲပေ။ ခုဝ သဘောမတူဘဲ မည်သည့်အလုပ်ကိုမျှ လုပ်လိုသည့် စိတ်ဆန္ဒမရှိပေ။

ထိုအတောအတွင်း ခုဝ၌ အဖော်တစ်ယောက်တိုးလာ၏။ ထိုအဖော်မှာ သူ့ထက်ခြောက်လခန့်မျှ အသက်ငယ်သည်။ အိမ်နီးနားချင်းကလေးမလေးတစ်ဦး ဖြစ်၏။ ဆယ်မိနစ်အတောအတွင်းမှာပင် သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး မိတ်ဆွေအရင်းအချာဖြစ်သွားကြလေသည်။ ခုဝ၏လက်ထဲတွင် မုန့်ချို တစ်ခုကိုင်ထား၏။ ချစ်စခင်စ ကြင်နာစဖြစ်သဖြင့် ခုဝသည် သူ၏မုန့်မှ တစ်ဖဲ့ ဖဲ့ပြီးလျှင် သူ့သူငယ်ချင်း၏ ပါးစပ်ထဲထည့်လိုက်ပြီး လက်ကလေးလှုပ်ကာ ရမ်းကာနှင့် "စားပါ" ဟုပြောလေ၏။ သူ့သူငယ်ချင်းသည် မုန့်အရသာ တွေ့သွား သဖြင့် "ပေးအုံး" ဟု ထပ်တောင်းလေ၏။

ထိုအခါ ခုဝသည် မျက်လုံးပြူးသွားသည်။ ချစ်ခင်ရင်းနှီးမှုကို အကြောင်းပြုပြီး ယခုလောက် အမြတ်ထုတ်သည်မှာ မသင့်လျော်ဟု သူတွက်ပုံရသည်။ သူသည်

မျက်နှာကလေးခပ်တည်တည်ဖြင့် "ဟင်း ...တော်တော့၊ မစားနဲ့တော့၊ ဘဘရိုက်လိမ့်မယ်" ဟုပြောပြီး သူ့လက်ထဲကျန်ရှိနေသည့်မုန့်ကို သူ့ပါးစပ်ထဲ အကုန်သွပ်လိုက်လေ၏။ ထိုအခါ ကလေးမလေး၏မျက်နှာမှာ မဲ့လာပြီး ငိုမလို လုပ်တော့၏။ ဓုဝသည်မည်သူငိုသည်ကိုမှ မကြည့်ရက်ပေ။ ချက်ချင်း မျက်နှာပြင်ပြီးလျှင် "မငိုနဲ့၊ နက်ဖြန်ခါကျတော့ ငါပေးမယ်" ဟု သူ့သူငယ်ချင်း အား ချော့မော့လေ၏။

ဓုဝသည် ဘုရင် သူတို့နားရောက်လာသည့်အခါ သူ့ကိုယ်သူ တကယ့် လူကြီးအသွင်မျိုးဖြင့် သူ့မိတ်ဆွေသစ်ကို လက်ညှိုးထိုးပြပြီး "သူ့ကိုမဆူနဲ့ ငိုလိမ့်မယ်၊ သူ့ကို မရိုက်နဲ့နော်" ဟု ပြောလေ၏။ ဘုရင်၏စိတ်ထဲတွင် ထိုကလေးမနှင့် ပတ်သက်ပြီး မလိုသည့်စိတ် နည်းနည်းမျှမရှိပေ။ သို့ရာတွင် ဘုရင်အား သတိပေးထားဖို့ရာ အလွန်လိုအပ်သည်ဟု ဓုဝက ယူဆလေ၏။ လူကြီးများက မျက်နှာထားခပ်တည်တည်ဖြင့် ဓုဝကို အဆုံးအမပေးကြသည်၊ မြည်တွန်ကြသည်။ ဓုဝကလည်း ထိုကဲ့သို့ လူကြီးများနည်းတူ ပြုအပ်ဖို့ရန် သူ့တာဝန်ဟု ယူဆပုံရ၏။ ဘုရင်က ထိုကလေးငယ်မကို မရိုက်ပေ။ ထို့ကြောင့် သူ၏ အဆုံးအမ အချည်းနှီးမဖြစ်ကြောင်း ဓုဝမျက်မြင်ကိုယ်တွေ့သိရှိသွား၏။

ထို့နောက် ဓုဝသည် မျက်နှာခပ်တည်တည်ဖြင့်ပင် "မကြောက်နဲ့နော်" ဟု ထိုကလေးငယ်မအား အားပေးစကား ပြောလေ၏။ ယင်းသို့လုပ်ရန်လည်း မလိုပေ။ အကြောင်းမူကား ထိုကလေးငယ်မသည် သူကိုယ်တိုင် အကြောက် အလန့်မရှိဘဲ၊ ဘုရင့်နားကပ်သွားပြီး ဘုရင့်လက်က လက်စွပ်ကို ကိုင်ကြည့်သော ကြောင့် ဖြစ်လေ၏။

ဓုဝသည် ယင်းသို့အားဖြင့် သူ၏တစ်ခုတည်းသော ကြိုးပမ်းချက်ဖြင့် ပထဝီမြေပြင်ပေါ်၌ ငြိမ်ချမ်းမှု၊ ချစ်ခင်ရင်းနှီးမှုကို ဖန်တီးတည်ဆောက်လိုက်ရသည် ဖြစ်၍ ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဘုရင်မင်းကြီး၏မျက်နှာအနီးသို့ မိမိ၏ စပယ်ပွင့်ကဲ့သို့ ပွင့်လန်းလတ်ဆတ်သည့် မျက်နှာကို ထိုးပေးလိုက်လေသည်။ ဘုရင်က သူ့ကိုခြေင်းစွာ ဆက်ဆံပြုမူလိုက်သည့်အတွက် ဘုရင်မင်းကြီးအား ဆုလာဘ်ချီးမြှင့်ပေးအပ်လိုက်သည်နှင့် တူပေသည်။ ဘုရင်ကြီးက သူ၏မျက်နှာကို နမ်းရှုံ့လိုက်၏။

ထိုအခါ ဓုဝသည် သူ့သူငယ်ချင်း၏မျက်နှာကို မော့စေပြီးလျှင် တိုက်တွန်း တောင်းပန်သည့်အသံဖြင့် "သူ့ကိုလဲ နမ်းလိုက်ပါ" ဟုပြောလေ၏။ ဘုရင်သည် ဓု၏အမိန့်အာဏာကို မလွန်ဆန်ရဲပေ။ထိုကလေးငယ်မသည် သိဟောင်း ကျွမ်းဟောင်းကဲ့သို့ပင် အနည်းငယ်မျှထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ဘုရင်

မင်းကြီး၏ ရင်ခွင်ထဲတွင် သွားထိုင်လိုက်လေ၏။

ထိုအချိန်အထိ ထိုပတ်ဝန်းကျင်၌ မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှု ပေါ်မလာ သေး။ သို့ရာတွင် ခုဝ၏ပလ္လင်တွင် သူတထူးက နေရာယူလိုက်သည်နှင့် တစ်ပြိုင်နက် သူ၏ချစ်ခင်မှုသည် လှုပ်ရှားလာလေတော့၏။ ဘုရင်၏ရင်ခွင်ထဲ၌ သူ တစ်ဦး တည်းပိုင် စိုးမိုးပိုင်ဆိုင်မှု တည်မြဲနေရန်အတွက် ကြိုးပမ်းလိုသည့် ဆန္ဒသည် သူ၏နှလုံးထဲတွင်အင်အားကြီးမားလာလေ၏။ သူ၏မျက်နှာလေးသည် အို လာသည်။ ကလေးငယ်မလေးကို နှစ်ကြိမ်သုံးကြိမ်လောက် အတင်း ဆွဲလေ၏။ ထိုအချိန်မျိုး၌ ထိုကလေးငယ်မအား ရိုက်ပစ်လိုက်ဖို့ရန်မှာ သူ့အတွက် မသင့် လျော်ဟု မယူဆတော့သည့်အခြေသို့ပင် ရောက်ရှိလာလေသည်။ ဘုရင် မင်းကြီး က ကြေကြေအေးအေး ဖြစ်သွားစေရန်အတွက် ခုဝကိုလည်း သူ၏ ရင်ခွင် တစ်ခြမ်းတွင် အထိုင်ခိုင်းလိုက်လေ၏။ သို့ပင်ဖြစ်စေကာမူ ခုဝသည် မကြေမချမ်း ဖြစ်နေသေးသည်။ အခြားရင်ခွင်တစ်ခြမ်းကို သိမ်းပိုက်ရရှိရန်အတွက် သူသည် အသစ်တဖန် ကျူးကျော်ရန်စနေပြန်၏။ ထိုအတောအတွင်း ပုရောဟိတ် အသစ်ဖြစ်သူ ဗိလဝန်အခန်းထဲသို့ ရောက်လာလေ၏။

ဘုရင်မင်းကြီးသည် နှစ်ဦးစလုံးကို ပေါင်ပေါ်ကချပြီးလျှင် ပုရောဟိတ်ကို အရိုအသေပြုလေ၏။ ခုဝအားလည်း "ပုရောဟိတ်ကြီးကို အရိုအသေပေးလိုက်" ဟု ပြောလေ၏။ ခုဝသည် ယင်းသို့ ပြုလုပ်ရန်လိုအပ်သည်ဟု မထင်ပေ။ သူသည် ပါးစပ်ထဲတွင် လက်ထည့်ပြီး တော်လှန်ဆန့်ကျင်သည့် အသွင်မျိုးဖြင့် ရပ်နေလေ၏။ ကလေးငယ်မကမူ သူ့အလိုလို ဘုရင်မင်းကြီးလုပ်သလို အတု လိုက်ပြီး ပုရောဟိတ်အား အရိုအသေပြုလိုက်လေ၏။

ပုရောဟိတ်ဗိလဝန်သည် ခုဝကို ပွေ့ချီလိုက်ပြီးလျှင် "မင်း ဒီသူငယ်ချင်းက ဘယ်သူလဲကွ၊ ဘယ်ကခေါ်လာတာလဲ" ဟု မေးလိုက်လေ၏။
ခုဝသည် အတန်ကြာမျှ တွေဝေစဉ်းစားပြီးလျှင် "ကျွန်တော် မြင်းစီးမယ်"
ဟု ပြောလေ၏။

"ဟုတ်လိုက်တာကွာ၊ အမေးနဲ့အဖြေ တယ်လည်း ဟပ်မိတာပဲ"

ခုဝ၏မျက်လုံးသည် ရုတ်တရက် ကလေးငယ်မဆီသို့ ရောက်သွား၏။ ထိုကလေးငယ်မနှင့်ပတ်သက်ပြီး သူ၏ထင်မြင်ယူဆချက်ကို အထူးအကျဉ်းရုံး၍ ဒီကောင်မလေး သိပ်ဆိုးတယ်၊ သူ့ကို ရိုက်မယ်" ဟု ပြောပြီးလျှင် ခုဝသည် လက်သီးကလေးကို ဆုပ်ပြီး ရွယ်လေ၏။

ဘုရင်ကြီးက မျက်နှာထားဖြင့် "ဟင်းနော် ခုဝ" ဟု လှမ်းပြောလိုက် လေ၏။ ပါးစပ်ဖြင့် တစ်ချက်မှုတ်လိုက်ရုံမျှဖြင့် ဆီမီးသည် ငြိမ်းသွားသကဲ့သို့ တစ်ချက်

ငေါက်လိုက်ရုံမျှဖြင့် ခုဝ၏မျက်နှာမှာ ချက်ချင်း ညှိုးသွားလေသည်။ ပထမသော် မျက်ရည်ထွက်မလာအောင် လက်နှစ်ဖက်ဖြင့် မျက်လုံးများ ပွတ်နေသေးသည်။ သို့ရာတွင် ကြည့်ရင်းကြည့်ရင်းနှင့် သူ၏ နူးညံ့သေးငယ်သည့် နှလုံးသား ကလေးကို မထိန်းနိုင် မချုပ်နိုင်ရှာသဖြင့် ခုဝသည်ငိုချလိုက်လေတော့သည်။

ပုရောဟိတ် ဗိလဝန်သည် ခုဝကို ပွေ့ချီယူပြီးလျှင် အထက်မြှောက်လိုက်၊ အောက်နှိမ့်လိုက်လုပ်လျက် "ဒီမှာ နားထောင်စမ်း၊ ငါ သီချင်းဆိုပြမယ်" ဟု ပြောပြီး အငိုတိတ်အောင် သီချင်းဆိုလေသည်။

ခုဝ၏အငိုသည် ဆုံးခန်းသို့ မရောက်မီစပ်ကြားမှာပင် ဗိလဝန်၏ ဖြတ်ထိုး ဉာဏ်ကြောင့် တိတ်သွားရလေတော့၏။ အစပထမသော် ခုဝသည် ဗိလဝန်၏ အပြုအမူများကို ဆန်းသလိုလို သဘောဖြင့် မျက်လုံးပြူးကြည့်နေသေး၏။ ထိုနောက်မှ သဘောကျပြီး ပြုံးရွှင်လာလေသည်။

"ဆိုဦး"

ခုဝက တောင်းပန်သဖြင့် ပုရောဟိတ်သည် ဆိုရပြန်လေသည်။ ခုဝသည် အကြီးအကျယ် သဘောကျသွားပြီးလျှင် ထပ်တိုက်တွန်းပြန်လေသည်။

"ထပ် ဆိုဦး"

ဘုရင်ကြီးသည် ခုဝ၏ မျက်ရည်စိုစွတ်နေသော ပါးများနှင့် ပြုံးရီနေသည့် နှုတ်ခမ်းများကို ထပ်ခါထပ်ခါ နမ်းရှုံ့လိုက်လေ၏။ ထိုအချိန်၌ ဘုရင်၊ ဘုရင့်ပုရောဟိတ်နှင့်တကွ သူငယ်၊ သူငယ်လေးနှစ်ယောက်တို့သည် စုပေါင်းပြီး ပြဇာတ်တစ်ခု ခင်းကျင်းပြသနေသည်နှင့် တူလှပေသည်။

ပုရောဟိတ် ဗိလဝန်က ဘုရင်ကြီးအား ပြောပြလေ၏။ "အရှင်မင်းကြီး၊ ဒီကလေးတွေနဲ့နေရတာ သိပ်ပျော်စရာကောင်းတာပဲနော်၊ တစ်နေ့လုံး တစ်ညလုံး အသိပညာထက်မြက်တဲ့ ပညာရှင်တွေနဲ့ချည်းနေရင် အသိဉာဏ် တုံးသွားတတ် တယ်၊ ဒါးကို အမြဲမပြတ် သွေးနေရင် စားသွားဟာတဖြည်းဖြည်း ပါးသွားပြီး နောက်ဆုံး စားရိုးပဲ ကျန်မှာပဲ မဟုတ်လား"

ဘုရင်က ပြုံးရယ်ပြီးပြောလေ၏။

"အသိဉာဏ် တုံးနေတဲ့ အမှတ်လက္ခဏာများ ကျွန်ုပ်ဆီမှာ တွေ့ရလို့လား"

"တွေ့ရလို့ မဟုတ်ပါဘူး၊ အသိဉာဏ်တုံးနေတဲ့ အမှတ်လက္ခဏာတစ်ခုဟာ လွယ်ကူနေတဲ့ အကြောင်းအရာတစ်ခုကို ခက်အောင်လုပ်တာပဲ၊ တကယ်လို့သာ ကမ္ဘာပေါ်မှာ ပညာရှိတွေများများမရှိရင် ကမ္ဘာလောကရဲ့ လုပ်ငန်းဆောင်တာတွေ ဟာအများကြီးလွယ်ကူသွားမယ်၊ နည်းလမ်းအမျိုးမျိုးနဲ့ အဆင်ပြေအောင်၊ လွယ်ကူအောင် လုပ်တဲ့အတွက်ကြောင့်ပဲ အဆင်မပြေမှုများ၊ ခက်ခဲမှုများ

ပေါ်ပေါက်လာကြတယ်၊ အသိပညာတွေ တစ်ပုံကြီးရှိနေလို့ ဘာလုပ်မလဲ၊ ကျွန်ုပ်တော့ နားကိုမလည်ဘူး”

“လက်ငါးချောင်းနဲ့ ကမ္ဘာပေါ်မှာရှိတဲ့ အလုပ်တွေကို လုပ်လို့ရတာပဲ တကယ်လို့ ကံမကောင်းအကြောင်းမသင့်တဲ့အတွက် လက်ခုနှစ်ချောင်း ဖြစ်လာရင် တော့ အလုပ်ကို တိုးချဲ့ရတော့မှာပေါ့”

ယင်းသို့ပြောပြီး ဘုရင်မင်းကြီးသည် ခုဝကို လှမ်းခေါ်လိုက်လေသည်။ ၎ဝသည် သူ့မိတ်ဆွေနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ ကစားနေလေသည်။ သူသည် ဘုရင်ခေါ်သံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ချက်ချင်းကစားရာမှ ဘုရင်ကြီး၏အနီးသို့ ထလာခဲ့၏။

ဘုရင်ကြီးသည် ခုဝကို ရှေ့တွင် အထိုင်ခိုင်းပြီးလျှင် “ဟို ငါသင်ပေးထားတဲ့ သီချင်း ပုရောဟိတ်ကြီးကို ဆိုပြလိုက်စမ်း” ဟု ပြောလေ၏၊ ခုဝသည် ဆိုချင်သည့် အမူအရာကိုမပြဘဲ ပုရောဟိတ်ကြီးကို လှမ်းကြည့်နေလေသည်။ ဘုရင်ကြီးက “ခုဝ မင်း မြင်းစီးရမယ်၊ ဆိုပြလိုက်လေ” ဟုပြောလေသည်။

ခုဝသည် အသံစာစာကလေးဖြင့် ဘုရင်ကြီး သင်ပေးထားသော သီချင်းကို ဆိုပြလေသည်။ မပီကလာ ပီကလာနှင့် ဆိုပြသော ခုဝ၏သီချင်းသံကို ကြားရ၍ ပုရောဟိတ် ဗိလဝန်သည် အလွန်ပင် ပီတိဖြစ်သွားလေ၏။ “ခုဝ မင်းကိုငါ ဆုပေးပါတယ်၊ အသက်ရာကျော်ရှည်ပါစေ” ဟု ပြောပြီးလျှင် ပုရောဟိတ်သည် ၎ဝကို ကောက်ချီလျက် “တစ်ခါထပ်ဆိုပါအုံး” ဟု တောင်းပန်ပြန်လေ၏။

ခုဝသည် အင်တင်တင် လုပ်နေလေသည်။ ပုရောဟိတ်သည် မျက်စိကို ပွတ်၍ ငိုမဲ့မဲ့ လုပ်ပြီးလျှင် “မင်းမဆိုရင် ငါငိုလိုက်မယ်” ဟု ပြောလေ၏။

ခုဝသည် ပြာပြာသလဲ ပြန်ပြောလေသည်။ “နက်ဖြန်ခါကျမှ ဆိုပြမယ်၊ မငိုနဲ့ ငိုရင် ဘာဘာရိုက်လိမ့်မယ်”

ပုရောဟိတ်သည် “ဘယ်လောက် နားဝင်ချိုတဲ့ အသံလဲ” ဟုပြောပြီး ဘုရင့်ကို ခွင့်ပန်လျက် မင်းလမ်းမသို့ ထွက်လာခဲ့လေ၏။

လမ်းမ၌ ပုရောဟိတ်ကို ကလေးများက ဝိုင်းထားကြလေသည်။ ပုရောဟိတ်က “ ဒီနေ့ညနေ ငါ့ဆီ မင်းတို့လာရင် ပုံပြောပြမယ်” ဟု ပြောလေသည်။ ကလေးများသည် ကျေနပ်အားရသွားကြပြီး ခုန်ပေါက်ပြေးလွှားကြသည်။ ဆူညံစွာ အော်ဟစ်ကြသည်။

ပုရောဟိတ် ဗိလဝန်သည် မကြာခဏ ညနေချမ်းအခါတွင် ကလေးသူငယ်များကို ခေါ်ပြီး ရာမာယဏ၊ မဟာဘာရတ၊ ပုရာဏ်ထဲက ပုံဝတ္ထုများကို

ကလေးသူငယ်များ နားလည်လွယ်မည့် စကားလုံးများဖြင့်စိတ်ရှည်လက်ရှည် ပြောပြလေ၏။ ကြိုကြားကြိုးကြားတွင်ပျင်းစရာကောင်းသည့် ပုံပြင်များကိုလည်း ပျော်စရာကောင်းအောင် အစာများသွပ်နိုင်သမျှသွပ်ပြီး ကြိုးစားပမ်းစား ပြောပြလေ၏။ သို့ရာတွင် ကလေးများ သန်းဝေပြီး ပုံနားထောင်ရတာ ငြီးငွေ့ လာပုံရသည့်အခါ ကလေးအားလုံးကိုနတ်ကွန်းခြံဝင်းထဲတွင် လွှတ်ထား လိုက်လေသည်။ ထိုခြံဝင်းထဲ၌သစ်သီးသီးသည့် အပင်များ အမြောက်အများ ပေါက်နေကြသည်။ကလေးများသည် မျောက်များပမာ ဆူညံစွာဖြင့် တစ်ကိုင်းမှ တစ်ကိုင်းသို့ကူးပြီး မြူးတူးပျော်ပါးနေကြ၏။ ပုရောဟိတ်ဗိလဝန်သည် ထိုကလေး များကို တစ်နေရာမှကြည့်ပြီး ပီတိဖြစ်နေတတ်ပေသည်။

ပုရောဟိတ် ဗီလဝန် ဘယ်အရပ်ကဆိုသည်ကို မည်သူမျှမသိပေ။ သူသည် ဗြာဟ္မဏတစ်ဦး ဖြစ်သည်မှာ မှန်သော်လည်း ယဇ်ချည်ကြိုးကို ကိုယ်ကာယတွင် ချည်နှောင်မထားတော့ပေ။ ဗလိနတ်စာ ပူဇော်ခြင်း စသည်ကိုပင် ပိတ်ပင်လိုက်ပြီး လျှင် သူသည် သူ့နည်းနှင့်သူမယ်တော်နတ်သမီးကို ပူဇော်ပသလေသည်။ အစပထမသော် လူအပေါင်းကသူ့ကို သဘောမကျသည့် အမူအရာ၊ မကျေနပ် သည့် အမူအရာပြကြ၏။သို့ရာတွင် လူတွေက ဘာပြောပြော ဘာဆိုဆို ပုရောဟိတ်သည်ခန္တီတရားကိုသာ လက်ကိုင်ထားလေ၏။ ထိုအချိန်မှ အစပြုပြီး တစ်စစနှင့်လူတို့သည် ပုရောဟိတ်ဗိလဝန်၏အလိုသို့ လိုက်ပါလာကြလေ၏။ ဗိလဝန်သည် အိမ်ပေါက်စေ့သွားပြီး လူတကာနှင့် စကားပြောသည်။ မာကြောင်း ချာကြောင်းမေးသည်။ လူမမာကို ဆေးပေးသည်။ အားလုံးနှင့် ဒိုးတူပေါင်ဖက် နေခဲ့သည်ဖြစ်၍ သာရေးနာရေး မည်သည့်အရေးနှင့်မဆို သူ့အကြံကို လူတိုင်းက တောင်းကြ၏။ ပုရောဟိတ်ဗိလဝန်ကခုံသမာဒိလူကြီးအနေဖြင့် အချင်းများခြင်း၊ အငြင်းပွားခြင်းများကိုဖြန်ဖြေဆုံးဖြတ်ပေးသည့်အခါ သူ့အဆုံးအဖြတ်၊ သူ့အယူ အဆကိုမည်သူတစ်ဦးတစ်ယောက်ကမျှ တော်လှန်ငြင်းပယ်ခြင်း မရှိကြပေ။

# အခန်း (၂၉)

ယခုနှစ်တွင် တရိပူရပြည်၌ မည်သည့်အခါကမျှ မဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် အဖြစ်ပျက်တစ်ခု ပေါ်ခဲ့လေသည်။ မြောက်အရပ်မှ ကြွက်များသည် တပ်ချီပြီး ရုတ်တရက် တရိပူရ၏ လယ်ကွင်းထဲသို့ ရောက်လာကြသည်။ ထိုကြွက်များသည် ကောက်ပဲသီးနှံများကို အကြွင်းမဲ့ ဖျက်ဆီးပစ်လိုက်ကြ၏။ တောင်သူလယ်သမားများ၏အိမ်၌သိုလှောင်ထားသည့် ဆန်စပါးများကိုပင် သူတို့သည် ချမ်းသာမပေးကြပေ။တိုင်းပြည်နိုင်ငံ၌ အုတ်အော်သောင်းနင်း ဖြစ်နေကြ၏။ မကြာမီပင်အငတ်ဘေးကြီးနှင့် ရင်ဆိုင်လာရလေ၏။ လူတို့သည် အသက်ရှင်ဖို့အရေးတောထဲမှ သစ်ဥ၊ သစ်ဖုကို ရှာဖွေစားသောက်ကြရ၏။ တောများကားမရှားပေ။ ထိုတောများ၌ စားသောက်၍ရသည့် သစ်ပင်၊ နွယ်ပင်များ၊အများအပြား ရှိလေသည်။ သားငါးလည်း ဈေးထဲတွင် ရှားသွားလေပြီ။လူတို့သည် တောထဲမှ တောကျွဲ၊ သမင်၊ ယုန်၊ ရှဉ့်၊ ဝက်၊ ကျေးငှက်စသည့် တိရစ္ဆာန်များကို အမဲလိုက်ပြီး စားကြလေ၏။ ဆင်ကိုပင် ရရ သူတို့သည် ဘာကိုမျှ အလွတ်မပေးကြပေ။ သစ်ကိုင်းတွင် ပျားအုံ များကိုလည်း တွေ့ရ၏။ ဟိုနေရာဒီနေရာတွင် မြစ်ရေကို တမံတုတ်ထားပြီး ထိုမြစ်ရေထဲတွင် အဆိပ်နွယ်ပင်များ ထည့်လိုက်လျှင် ငါးများသေပြီး ရေပေါ် ပေါ်လာကြလေသည်။ ထိုငါးများကို ကောက်ယူပြီး လူတို့သည် စားကြသည်။ ငါးခြောက်ငါးခြမ်းလုပ်ပြီး သိုလှောင်ထားကြသည်။ ယင်းသို့အားဖြင့်လူတို့သည် ဖြစ်သည့်နည်းဖြင့် ကြံဖန်အသက် မွေးကြလေ၏။ သို့ရာတွင်တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားရေးမှာမူ ဗရမ်းပတာဖြစ်၍ နေလေသည်။ နေရာအနှံ့အပြားတွင် သူခိုး၊ ဓားပြ ထနေကြလေ၏။ ပြည်သူလူထုသည် ပုန်ကန်ထကြွဖို့ရန် အရိပ်နိမိတ်ပြလေ၏။

မယ်တော်နတ်သမီး၏ ဗလိနတ်စာကို ပိတ်ပစ်လိုက်သည့်အတွက်ကြောင့် မယ်တော်၏ကျိန်စာသင့်ပြီး ယခုကဲ့သို တိုင်းပြည်အခြေအနေ ဆိုးဝါးလာခြင်း ဖြစ်သည်ဟု လူတွေကထင်မြင်ချက်ပေးကြလေသည်။ ပုရောဟိတ် ဗိလဝန် သည် ထိုကဲ့သို့သော ထင်မြင်ယူဆချက်များကို ပြက်ရယ်ပြုပစ်လိုက်လေ၏။

အခြေအနေဆိုးဝါးလာလေ ဂေါဝိန္ဒမဏိကျာဘုရင်အပေါ် ပြည်သူထု၏ မကျေနပ်ချက် ကြီးမားလာလေလေ ဖြစ်၏။ ပုရောဟိတ်ဗိလဝန်၏ အကြံပေး ချက်အရ ဘုရင်သည် ဒုမ္ဘိက္ခန္တကပ် ဆိုက်ရောက်နေကြသည့် ပြည်သူလူထုများ အား တစ်နှစ် အခွန်အတုတ်လွတ်ငြိမ်းခွင့်ပေးလိုက်လေ၏။ ထိုသို့ စီစဉ်လိုက် သည့်အတွက်အကျိုးသက်ရောက်မှု အတန်ငယ်ရရှိပေ၏။ သို့ရာတွင် လူပေါင်း များစွာတို့သည် မယ်တော်နတ်သမီး၏ကျိန်စာကို ကြောက်ရွံ့ထိတ်လန့်ပြီး စစ်တကောင်းဘက်ရှိ တောင်ခြေဒေသို့ ပြေးကြလေသည်။ အခြေအနေမှာ တဖြည်းဖြည်း ဆိုးဝါးလာသဖြင့် ဘုရင်သည်ပင်လျှင် စိတ်ဇဝေဇဝါ ဖြစ်လာ၏။ သူသည် ပုရောဟိတ် ဗိလဝန်ကို ခေါ်ပြီးလျှင် ပြောလေ၏။

'ပုရောဟိတ်ကြီး၊ ဘုရင်ရဲ့အပြစ်ကြောင့်သာ တိုင်းသူပြည်သားတွေ ဒုက္ခ ရောက်နေကြတာ ဖြစ်လိမ့်မယ်၊ ကျွန်ုပ် မယ်တော်နတ်သ္မီးရဲ့ ဗလိနတ်စာကို ပိတ်ပင်ခဲ့တဲ့အတွက် ပြည်သူပြည်သားတွေ အခုလို အပြစ်ဒဏ်ခံနေကြရသလား မသိဘူး'

ဗိလဝန်သည် ဘုရင်ကြီး၏ ယုံမှားသံသယကို ချေဖျက်လိုက်လေ၏။

'ဘုရင်မင်းကြီး၊ တစ်ခုစဉ်းစားကြည့်စမ်းပါ၊ မယ်တော်ရဲ့မျက်မှောက်မှာ လူပေါင်း ထောင်သောင်းများစွာရဲ့ အသက်ကိုစတေးပြီး ဗလိနတ်စာ ကျွေးတုန်း ကနဲ့ အခု ဘယ်တင်းက ပိုပြီး တိုင်းသူပြည်သားတွေဆုံးရှုံးနစ်နာသလဲ'

ဘုရင်ကြီးသည် အဖြေပြန်မပေးနိုင်ပေ။ သို့ရာတွင် စိတ်နှလုံးထဲတွင် ပေါ်ပေါက်နေသော သံသယမှာ အကြွင်းမဲ့ ပျောက်မသွားသေးပေ။

တိုင်းသူပြည်သားများက သူ့အပေါ် မကျေမနပ်ဖြစ်နေကြသည်။ သံသယ ဖြစ်နေကြသည့်ဟူသော အချက်ကြောင့် သူသည် စိတ်နှလုံး အလွန်ထိခိုက် နေလေ၏။ သူ့ကိုယ်သူပင် သူပြန်ပြီး သံသယ ဖြစ်လာလေ၏။ သူသည် ယုံကြည်ချက်ကို စွန့်လွှတ်လိုက်ပြီးလျှင် ပြောလိုက်လေ၏။

'ကျွန်ုပ်တော့ ဘာမှမသိတော့ဘူး'

'ဘာသိစရာလိုသေးသလဲ၊ ကြွက်တွေ ဘာဖြစ်လို့ ဒါလောက် ဒီကိုလာပြီး လယ်ကို ဖျက်ဆီးပစ်ခဲ့သလဲဆိုတာကို မသိချင်နေပါစေ၊ ကိစ္စမရှိပါဘူး၊ 'ငါဟာ မတရားမလုပ်ဘူး၊ အားလုံးရဲ့ ကောင်းစားရေးအတွက် ငါလုပ်တယ်' ဆိုတဲ့

အချက်ကိုဘဲ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိရှိနားလည်ထားရင် တော်ပြီ။ အဲ့ဒါပဲ သိထားဖို့လိုတယ်၊ အဲဒါကို သိထားပြီးတဲ့နောက် ဘုရားသခင် သူ့အလုပ်ကို သူလုပ်သွားပါလိမ့်မယ်'

'ပုရောဟိတ်ကြီးက အိမ်ပေါက်စေ့လှည့်ပြီး ကိုယ့်တာဝန်ဝတ္တရားကို ဆောင်ရွက်နေတဲ့လူဖြစ်တယ်၊ လူတွေရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်သလောက် လူတွေရဲ့မေတ္တာကို ခံယူရရှိတဲ့ပုဂ္ဂိုလ်ဖြစ်နေတယ်။ အဲဒီလိုကျေနပ်နှစ်သိမ့်နေရင်းနဲ့ပဲ သင်ပုရောဟိတ်ကြီးရဲ့ သံသယစိတ်တွေလဲပဲ ပျောက်ကွယ်သွားတယ်မဟုတ်လား။ ကျွန်ုပ်ကတော့ မကိုဋ်ကြီးဆောင်းပြီး နေ့ညမပြတ် သီဟာသန ပလ္လင်ပေါ်မှာပဲ ထိုင်နေရတယ်။ ကြောင့်ကြမှု၊စိုးရိမ်မှုအမျိုးမျိုးကို ခေါင်းပေါ်မှ ပိုးပြီးနေရတယ်၊ အသင်ပုရောဟိတ်ကြီးရဲ့အလုပ်ကို ကြည့်ပြီး ကျွန်ုပ်တော့ သွားရည်ကျနေရတယ်'

'အရှင်မင်းကြီး၊ ကျွန်ုပ်က အရှင်မင်းကြီးရဲ့ အစိတ်အပိုင်းတစ်ခုပါ။ တကယ်လို့ အရှင်မင်းကြီးကသာ အဲဒီသီဟာသန ပလ္လင်ပေါ်မှာ ထိုင်မနေလို့ရှိရင် ကျွန်ုပ် ဘုရင်မင်းကြီး ခုနကပြောတဲ့အလုပ်တွေကို ဘယ်လုပ်လို့ရမလဲ။ အရှင်မင်းကြီးနဲ့ ကျွန်ုပ်နှစ်ဦးပေါင်းလို့သာ ပြည့်စုံအောင်မြင်ရခြင်း ဖြစ်ပါတယ်' ယင်းသို့ပြောပြီး ဗိလဝန်သည် ထိုနေရာမှ ထွက်ခွာသွားလေ၏။ ဘုရင်မင်းကြီးသည် ဦးခေါင်းပေါ်တွင် မကိုဋ်ဆောင်းပြီး ဆင်ခြင်စဉ်းစားနေလေ၏။ စိတ်အတွင်းမှပင် ပြောနေလေ၏။

'ငါ့မှာ လုပ်စရာအလုပ်တွေ အများကြီးရှိတယ်။ ါပေမယ့် ငါတစ်ခုမှ မလုပ် ရသေးဘူး။ ငါ ကိုယ့်အရေးကိုယ်ကြည့်ပြီးတော့သာ နေတယ်။ ဒါကြောင့်မို့ ငါ့ပြည်သူပြည်သားတွေရဲ့ ယုံကြည်ကိုးစားမှုကို မရရှိခြင်းဖြစ်တယ်။ ငါဟာ တိုင်းပြည်နိုင်ငံကို အုပ်ချုပ်မင်းလုပ်ထိုက်တဲ့ ဘုရင်မဟုတ်ဘူး'

## အခန်း (၃၀)

မဂိုစစ်တပ်၏ တပ်မှူးချုပ်အဖြစ်ဖြင့် ချီတက်လာခဲ့ရာ နက္ခတ္တရာယသည် လမ်းခရီး၌ တေတုလ်အမည်ရှိ ရွာငယ်တစ်ရွာသို့ ရောက်သောအခါ တပ်စခန်းချပြီး နားနေလေ၏။ နံနက်မိုးလင်းသည့်အခါ အစောကြီးပင် ရဃုပတိက လာပြီး ပြောလေသည်။

“ဒီက ရှေ့တစ်ဆင့်ချီတက်ကြစို့၊ အရှင်မင်းကြီး အသင့်ပြင်ဆင်ပါ’ ရဃုပတိ၏နှုတ်မှ ရုတ်တရက်ထွက်ပေါ်လာသော အရှင်မင်းကြီးဟူသော စကားလုံးကို ကြားလိုက်ရသည်မှာ အလွန်တရာမှ နားအရသာ တွေ့သွားလေသည်။ နက္ခတ္တရာယသည် အလွန်အမင်း ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်သွားပြီးလျှင် ထထိုင်လိုက်လေသည်။ သူသည်စိတ်ကူးထဲတွင် တစ်လောကလုံးရှိ လူတွေ၏ ပါးစပ်မှ သူ့အားခေါ်လိုက်သော‘အရှင်မင်းကြီး’ ဟူသော ခေါ်သံကိုသာလျှင် ကြားနေသည်။ သူသည်စိတ်ကူးထဲတွင်ပင် တရိပူရ၏သီဟာသနပလ္လင်ပေါ်တွင် တင့်တယ်စွာစံမြန်းနေသည်။ စိတ်ကူးနှင့် အကျေနပ်ကြီးကျေနပ်နေသဖြင့် နက္ခတ္တရာယကပြောလိုက်လေ၏။

‘ပုရောဟိတ်ကြီး၊ ပုရောဟိတ်ကြီးကို ဘယ်တော့မှ ခွဲမထားဘူး၊ ပုရောဟိတ်ကြီး နန်းတော်ထဲမှာ အမြဲပဲ နေရမယ်။ ပုရောဟိတ်ကြီးဘာအလိုရှိသလဲ။ အားမနာနဲ့၊ ပြောသာပြောပြပါ’

နက္ခတ္တရာယသည် စိတ်ကူးထဲကပင် ရဃုပတိအား တစ်ထိုင်တည်းနှင့် ကြီးမားကျယ်ပြန့်သည့် မြေယာတစ်ခုကို အပိုင်စားပေးသနားလိုက်လေ၏။

ရဃုပတိက ပြောလေ၏။

‘ကျုပ် ဘာမှမလိုချင်ဘူး’

'မယူချင်လို့ ဘယ်ဖြစ်မလဲ၊ တစ်ခုခုတော့ ယူရမှာပေါ့၊ 'ကေလာဆာရ' ဆိုတဲ့ နယ်ကို ကျွန်ုပ် ပုရောဟိတ်ကြီးကို အပိုင်စား ပေးသနားလိုက်တယ်။ အမိန့် စာချွန်ထုတ်ဖို့အတွက် ပုရောဟိတ်ကြီး အခုစီစဉ်လိုက်လေ"

"ဒါတွေနောက်တော့ ကြည့်လုပ်ကြတာပေါ့'

'ဘာဖြစ်လို့ နောက်မှ လုပ်ရမှာလဲ၊ ကျွန်ုပ်အခုပဲ ပေးမယ်၊ 'ကေလာဆာရ' နယ်ဟာ ပုရောဟိတ်ကြီးပိုင်နယ်မြေ ဖြစ်ပြီ။ အဲဒီနယ်က ကျွန်ုပ် အခွန်အတုတ် တစ်ပြားတစ်ချပ်မှ မယူတော့ဘူး'

ယင်းသို့ပြောပြီး နက္ခတ္တရာယသည် ဦးခေါင်းကိုထောင်လျက် ကိုယ်ကို မတ်မတ်ထားပြီး ထိုင်နေလေ၏။ ရဃုပတိက ပြန်ပြောလေသည်။

'သေဖို့အတွက် နှစ်တောင်စာ သုံးတောင်စာ မြေနေရာရရင် တော်ပြီ။ ကျုပ် နောက်ထပ်ဘာမှ မလိုချင်ဘူး'

ယင်းသို့ပြောပြီး ရဃုပတိ ထွက်သွားလေ၏။ သူသည် ဇယသိဟကို သတိရလာလေသည်။ အကယ်၍ ဇယသိဟသာ အသက်နှင့်ကိုယ် ထင်ရှား ရှိနေခဲ့လျှင် သူသည် ဆုအဖြစ်ဖြင့် တစ်ခုခုကို လက်ခံမည်မှာ အမှန် ဖြစ်သည်။ ဇယသိဟ မရှိတော့သည့်အခါ၌မူ သူ့အတွက်တိုင်းနိုင်ငံတစ်ခုလုံးပင် ဖြစ်စေကာမူ မြေကြီးခဲနှင့် ဘာမျှမထူးတော့ပေ။

ယခုအခါ၌ ရဃုပတိသည် နက္ခတ္တရာယအား မင်းမာန၊ ရာဇမာန် တက်လာအောင် လှုံ့ဆွပေးနေလေ၏။ စိတ်နှလုံးနူးညံ့ပျော့ပျောင်းသည့် နက္ခတ္တရာယသည် တရိပူရ ရောက်သွားသည့်အခါ စစ်မတိုက်တော့ဘဲ ဘုရင်မင်းကြီးအား သူ့ကိုယ်ကို အပ်နှင်းလိုက်ပါလျှင် သူ့အကြံကြီး ပြိုကွဲပျက်စီး ရတော့မည်ဟု ရဃုပတိ စိတ်တစ်ထင့်ထင့် ရှိနေလေသည်။ သို့ရာတွင် နူးညံ့ ပျော့ပျောင်းသည့် စိတ်နှလုံးအတွင်း၌ ဖြစ်စေကာမူ တစ်ကြိမ်တစ်ခါလောက် ဘုရင့်သွေး၊ ဘုရင့်မာန် ပေါ်ပေါက်လာလို့ရှိလျှင် စိတ်မချရာ လိုတော့မည် မဟုတ်ပေ။

ရဃုပတိသည် ယခုအခါတွင် နက္ခတ္တရာယအား မထေမဲ့မြင် မပြုတော့ပေ။ လေးလေးစားစားပင် ပြုမူဆက်ဆံလေသည်။ သူသည် မည်သည့်အကြောင်း အရာနှင့် ပတ်သက်၍ဖြစ်ဖြစ် နက္ခတ္တရာယဆီက အမိန့်ကို ခံယူလေ့ရှိ၏။ မဂိုစစ်သားတို့သည် နက္ခတ္တရာယကို 'ဘုရင်မင်းကြီး' ဟု ခေါ်ကြလေသည်။ နက္ခတ္တရာယကို မြင်လျှင် သူတို့သည် ပျာပျာသလဲ မြင်ရာကနေပြီး မတ်တတ် ထရပ်ကြသည်။ လေအဟုန်နှင့်တိုက်သည့်အခါသစ်ပင်ငယ်များသည် ဦးနိမ့် သွားသကဲ့သို့ နက္ခတ္တရာယကို မြင်လိုက်လျှင် တန်းစီနေကြသော မဂိုစစ်သား

တို့သည် ဦးခေါင်းကိုညွတ်ပြီး 'ဆလံ' ပေးကြလေသည်။ မဂို သေနာပတိက ပင်လျှင် နက္ခတ္တရာယအားအရိုအသေပေးလေသည်။ တဝင်းဝင်း တလက်လက်နှင့် ပြိုးပြက်တောက်ပနေသော ရာပေါင်းများစွာသော ဓားလွတ်တို့၏အလယ်၌ ဆင်ကြီး၏ကျောပေါ်ရှိ ဘုရင်တံဆိပ် ခတ်နှိပ်ထားသော ရွှေအခင်းပေါ်တွင် ထိုင်ပြီးလျှင် နက္ခတ္တရာယသည် ခရီးနှင်လျက်ရှိလေသည်။ စိတ်နှလုံးတက်ကြွဖွယ် စစ်ချီသီချင်း၊ ဂီတများကို သီဆိုတီးမှုတ်ကြလေသည်။ ဘုရင့်တံဆိပ် ခတ်နှိပ်ထားသောအောင်လံတော်မှာ တပ်ဦးမှ တဖျပ်ဖျပ်လွင့်၍နေလေသည်။ သူတို့ဖြတ်ပြီး ချီတက်သွားသမျှ ရွာတိုင်းမှ ရွာသူ ရွာသားများမှာ စစ်သားများကို ကြောက်ရွံ့နေကြသဖြင့် အိမ်ကိုပိတ်ပြီး ဝေးရာသို့ထွက်ပြေးတိမ်းရှောင်နေပုံကို တွေ့ရသည့်အခါ နက္ခတ္တရာယသည် ဘဝင်မြင့်သွားလေသည်။ 'ငါအောင်ခရီးကို ချီတက်နေတာဘဲ' ဟူသောအတွေးသည် ပေါ်ပေါက်လာလေသည်။ လက်ဆောင်ပဏ္ဏာများနှင့်တကွနက္ခတ္တရာယဆီသို့ လာရောက်ကြပြီးလျှင် အရိုအသေပြုကြလေသည်။သူတို့ကို ကြည့်ရသည်မှာ စစ်ရှုံးဘုရင်များနှင့် တူလှလေသည်။

တစ်နေ့သ၌ စစ်သားများသည် နက္ခတ္တရာယအနီးသို့ လာကြပြီးလျှင် အရိုအသေပြုလျက် "အရှင်မင်းကြီး" ဟု ခေါ်လိုက်လေ၏။ နက္ခတ္တရာယသည် ကပျာကယာ ကိုယ်ကိုမတ်မတ်ထားပြီး ထိုင်လိုက်လေ၏။

'အကျွန်ုပ်တို့ဟာ အရှင်မင်းကြီးအတွက် အသက်ကိုစွန့်ပြီး လိုက်လာကြတဲ့သူများဖြစ်ကြတယ်။ အကျွန်ုပ်တို့ဟာ ကိုယ့်အသက်ကို နည်းနည်းလေးမှ ငဲ့ကွက်တဲ့လူများ မဟုတ်ကြဘူး။ အကျွန်ုပ်တို့မှာအစဉ်အလာတစ်ခုရှိပါတယ်။ အဲဒီအစဉ်အလာက ဘာလဲဆိုတော့ အကျွန်ုပ်တို့ စစ်လမ်းကြောင်းကျတဲ့နေရာရဲ့ အနီးအနားတစ်ဝိုက်မှာရှိတဲ့ ရွာများကို လုယက်ပြီး ချီတက်ကြတဲ့ အလေ့ပါပဲ။ အဲဒီလိုလုပ်တဲ့အတွက် အပြစ်ရှိတယ်လို့လဲ ဘယ်ကျမ်းဂန်များမှာမှ ရေးမထားပါဘူး'

နက္ခတ္တရာယက ဦးခေါင်းကို ညိတ်ပြီး ပြောနေလေ၏။

'ဟုတ်တယ်၊ သင်တို့ပြောတာ မှန်တယ်'

စစ်သားများက ထပ်ဆက်ကြပြန်သည်။

'ဗြာဟ္မဏကြီးက အကျွန်ုပ်တို့ကို အဲဒီလို မလုဖို့မယက်ဖို့ တားမြစ်ပိတ်ပင်နေတယ်။ အကျွန်ုပ်တို့ဟာ အသက်စွန့်ဖို့ လာကြတဲ့လူများဖြစ်တဲ့အတွက် အဲဒီလို လုတာယက်တာကလေးမှ မလုပ်ရရင် ဘယ်မှာသွားပြီး တရားတော့မလဲ'

နက္ခတ္တရာယသည် ဦးခေါင်းကို ညိတ်ပြီး ပြောလေ၏။

'ဟုတ်တယ်၊ ဒါမှန်တယ်'

'အရှင်မင်းကြီးက အမိန့်ပေးပါရင် အကျွန်ုပ်တို့ ဗြာဟ္မဏရဲ့ စကားကို ဘေးဖယ်ထားပြီး ရွာသူရွာသားတွေဆီက လုယူတိုက်ယူကြဖို့ပါပဲ'

နက္ခတ္တရာယသည် မာနသံဖြင့် ပြောလေ၏။

'ဗြာဟ္မဏက ဘာနိုင်ငံအရေး နားလည်လို့လဲ။ ငါအမိန့်ပေးတယ်။ မင်းတို့ ကိုယ့်သဘောအတိုင်း လုယူ နိုင်တယ်၊ တိုက်ယူနိုင်တယ်'

ယင်းသို့ပြောပြီး နက္ခတ္တရာယသည် သူ၏ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လေ၏။ ရဃုပတိကို ဘယ်မှာမှ မတွေ့ရသည်ဖြစ်၍ စိတ်အေးသွားလေ၏။

ရဃုပတိကို ယင်းကဲ့သို့ တော်လှန်ပစ်လိုက်ရသဖြင့် နက္ခတ္တရာယသည် စိတ်တွင်းမှ ဝမ်းမြောက်ကျေနပ်၍ နေလေ၏။ ဘုရင့်သွေး ဘုရင့်မာန် ရစ်ခြင်းသည် သေရည်အရက်ကဲ့သို့ သူ၏အကြောပေါင်းစုံတွင် ပြန့်နှံ့စိမ့်ဝင်၍ သွားလေ၏။ သူသည် ကမ္ဘာမြေအပြင်ကို အမြင်တစ်မျိုးဖြင့် ကြည့်လေသည်။ စိတ်ကူးယဉ်လေရဟတ်ပေါ် တက်စီးလိုက်သည်ဖြစ်၍ ကမ္ဘာ့အပြင်ကို သေးငယ်သည့် တိမ်တိုက်တိမ်ခဲကလေးပမာ ပျောက်ကွယ်သွားသည်ဟု သူ အထင်ရှိနေသည်။ စပ်ကြားစပ်ကြားတွင် ရဃုပတိအား အနည်းငယ်မှ မမှုတော့သည့် အခြေသို့ပင် ရောက်ရှိလာလေ၏။ သူသည် ရုတ်တရက် ဂေါဝိန္ဒမဏိကျအပေါ် အမျက်ထွက်လာလေသည်။ မကြာခဏ စိတ်တွင်းမှ ပြောနေ၏။

'ငါ့ကို ပြည်နှင်ဒဏ်ပေးတယ်၊ ငါ့ကို သာမန်ပြည်သူ တစ်ဦး တစ်ယောက်လို တရားရုံးတင်ပြီး စစ်တယ်။ ဒီတစ်ခါ ဘယ်သူက ဘယ်သူ့ကိုပြည်နှင်ဒဏ် ပေးမလဲဆိုတာ ကြည့်ကြသေးတာပေါ့။ ဒီတစ်ခါ တရိပ္ပုရ ပြည်သူ ပြည်သားတွေ နက္ခတ္တရာယ အကြောင်းကို ကောင်းကောင်းကြီး သိရမှာပေါ့'

ယင်းသို့ စဉ်းစားတွေးတောပြီး နက္ခတ္တရာယသည် သွေးကြွ၍နေလေသည်။ အပြစ်ကင်းမဲ့သည့် ရွာသူရွာသားတို့အား အကြောင်းမဲ့သက်သက် လုယက်တိုက်ခိုက်ခြင်းကို ရဃုပတိသည် သဘောမတူပေ။ ယင်းသို့မပြုလုပ်ရန် သူသည် အကြိမ်ကြိမ် တားမြစ်၏။ အတန်တန်ပိတ်ပင်၏။ သို့ရာတွင် စစ်သည်တပ်သားများသည် နက္ခတ္တရာယ၏အမိန့်ကို ရထားသည်ဖြစ်ရာ ရဃုပတိကို ဖုတ်လေသည့် ငပိ ရှိတယ်လို့မှ မအောက်မေ့ကြတော့ပေ။ ရဃုပတိသည် နက္ခတ္တရာယဆီသွားပြီး ပြောလေ၏။

'ခိုကိုးရာမဲ့ ဖြစ်နေကြတဲ့ ရွာသူရွာသား တွေကို ဘာဖြစ်လို့ ဒါလောက်

နှိပ်စက်နေရတာလဲ'

နက္ခတ္တရာယက ပြောလေသည်။

'ပုရောဟိတ်ကြီးက ဒီလိုကိစ္စတွေနဲ့ ပတ်သတ်ပြီး ကောင်းကောင်းနားမလည်ပါဘူး၊ စစ်တိုက်ခိုက်နေတဲ့ အခါသမယမှာ စစ်သားတွေ လုတာယက်တာကို တားမြစ်ပိတ်ပင်ပြီး သူတို့စိတ်ပျက်အားလျော့ သွားအောင် လုပ်တာဟာ ကောင်းတာမဟုတ်ဘူး'

နက္ခတ္တရာယ၏စကားကို ကြားရသောအခါ ရဃုပတိသည် အံ့အားသင့်သလိုလို ဖြစ်သွားလေ၏။ နေ့ချင်းညချင်း နက္ခတ္တရာယ နားထင်တွင်း သွေးရောက်လာပုံကို တွေ့ရ၍ စိတ်ထဲက ကြိတ်ပြီးရယ်မိလေ၏။ ထို့နောက် ပြောပြလေသည်။

'အခုသူတို့တတွေ ဒီလို လုယက် တိုက်ခိုက်နေတာကို လက်ပိုက်ကြည့်နေရင် နောက်သူတို့ကို ကွပ်ကဲဖို့ လွယ်တော့မှာ မဟုတ်ဘူး။ သူတို့ တရိပ္ပုရ ရောက်တဲ့အခါကျရင် ဒီနည်းအတိုင်း လုကြယက်ကြလိမ့်မယ်'

နက္ခတ္တရာယက ပြန်ဖြေလေ၏။

'လုပ်ပေစေ၊ အဲဒီလိုလုပ်တဲ့အတွက် ကျွန်ုပ်တို့ အကျိုးမယုတ်ဘူး၊ ကျွန်ုပ်တို့အနေနဲ့ ဒီလိုလုပ်ဖို့ လိုလားနေတာပဲ။ နက္ခတ္တရာယကို ပြည်နှင်ဒဏ်ပေးလိုက်တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူး ခံစားရတယ်ဆိုတာကို တရိပ္ပုရ သိသွားရင် အမြတ်ပဲမဟုတ်လားပုရောဟိတ်ကြီး၊ ဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ပုရောဟိတ်ကြီး ဘာမှ နားမလည်ပါဘူး၊ ပုရောဟိတ်ကြီးက ဘယ်တုန်းကမှ စစ်မတိုက်ဘူးဘဲကိုး'

ထိုစကားကိုကြားရ၍ ရဃုပတိသည် စိတ်ထဲက ကြိတ်ပြီး ဝမ်းသာသွားလေ၏။ သူသည် မည်သို့မျှ ပြန်မပြောတော့ဘဲ ထွက်သွားလေ၏။ သူ၏တောင့်တချက်၊ လိုလားချက်မှာ နက္ခတ္တရာယ ရုပ်သေးရုပ်လုံးလုံးမဟုတ်ဘဲ စွမ်းရည်သတ္တိ ထက်မြက်သည့် ယောကျ်ားတစ်ယောက် ဖြစ်လာဖို့ရန် ဖြစ်လေသည်။

# အခန်း (၃၁)

တရိပ္ပူရ၌ ကြွက်များ အကြီးအကျယ် သောင်းကျန်းသည့် အချိန်သမယမှာ ဝါခေါင်လဖြစ်လေသည်။ ယာခင်းများပေါ်၌ ပြောင်းများသာလျှင် သီးလာကြ၏။ တောင်ကုန်းမြေပေါ်၌ အခြားကောက်ပဲသီးနှံများ ဖြစ်ထွန်းလာလေသည်။ သုံးလမျှသော အချိန်ကာလသည် ထိုနည်းအတိုင်းကုန်ဆုံး ကျော်လွန်လာခဲ့ လေ၏။ နတ်တော်လရောက်လာ၍ ကောက်ပဲသီးနှံများကို ရိပ်သိမ်းဖို့ အချိန်ကျလာသည့်အခါတိုင်း တိုင်းပြည်နိုင်ငံ၌ ပျော်တပြုံးပြုံးမော်မဆုံး ဖြစ်နေကြသည်။ တောင်သူလယ်သမားများသည် မိန်းမ၊ ကလေးသူငယ်၊ လူငယ်လူရွယ်၊ အဖိုးအိုများနှင့်အတူတကွ တံစဉ်ကို လက်ကကိုင်ပြီး လယ်ကွင်းထဲသို့ ဆင်းကြလေ၏။ သူတို့သည် ချိုသာသောအသံဖြင့် တစ်ဦးကိုတစ်ဦး ခေါ်ငင်နှုတ်ဆက်ကြလေသည်။ လယ်သမားမိန်းမများ၏ သီချင်းဆိုသံသည် ကွင်းပြင်တွင်လည်းကောင်း၊ လမ်းတွင်လည်းကောင်း တကျော်ကျော်ဖြစ်နေလေသည်။ ဘုရင့်အပေါ်၌ ပေါ်ပေါက်ခဲ့သော တိုင်းသူပြည်သားတို့၏မကျေနပ်မှုများ လွင့်စင်ပျောက်ကွယ်သွားလေပြီ။ တိုင်းပြည်နိုင်ငံ၌ ငြိမ်းချမ်းသာယာ၍ နေလေ၏။ ထိုအချိန်၌ နက္ခတ္တရာယသည် တိုင်းပြည်သို့ တိုက်ခိုက်သိမ်းယူရန် စစ်သည်တပ်သားများစွာနှင့် တရိပ္ပူရနယ်စပ်ကိုချီတက်ရောက်လာပြီဟူသော သတင်းသည်လည်းကောင်း၊တိုင်းသူပြည်သားတွေကို မညှာမတာ လုယက်တိုက်ခိုက်သည်၊ အနိုင်ကျင့်သည်ဟူသော သတင်းသည်လည်းကောင်း ပြည်သူပြည်သားတို့၏နားသို့ ရောက်ရှိလာလေ၏။ ထိုသတင်းကြောင့် တစ်ပြည်လုံး တုန်လှုပ်ချောက်ချား သွားလေ၏။

ထိုသတင်းစကားသည် ဘုရင်၏နှလုံးသားတွင် ဓားသွားကဲ့သို့ စိုက်ဝင်စူးရှ

သွားလေ၏။ တစ်နေ့လုံး ထိုသတင်းသည် သူ့ကို ဒုက္ခ ပေးနေလေသည်။ နက္ခတ္တရာယ သူ့ကိုတိုက်ခိုက်ရန် ချီတက်လာသည်ဟူသော သတင်းသည် သူ့အတွက် အသစ်အဆန်းဖြစ်နေလေသည်။ သူသည် နက္ခတ္တရာယ၏ ရိုးသားပြီး လှပသောမျက်နှာကိုသူ၏ချစ်မေတ္တာအပြည့်ရှိသော မျက်လုံးများ၏ ရှေ့မှောက်တွင် မြင်နေရသည်။ ထို့ပြင် ဆက်ပြီး ထို နက္ခတ္တရာယသည်ပင် စစ်သည်တပ်သားများနှင့်တကွ လက်ထဲတွင် ဓားကိုင်ပြီး သူ့ကိုတိုက်ခိုက်ရန် လာနေသည်ဟူသောအတွေးသည် ပေါ်လာပြန်လေသည်။ တပ်သားတစ်ယောက် ကိုမျှ မခေါ်ဘဲနှင့် စစ်မြေပြင်ရှိနက္ခတ္တရာယ၏ရှေ့မှောက်သို့ တကိုယ်တည်း သွားရောက်ပြီးလျှင် ရင်ဘတ်ကိုလှစ်ပေးလျက် သူ့တပ်သားပေါင်း ထောင်ပေါင်း များစွာတို့၏ ဓာဒဏ်ချက်များကို တစ်ပြိုင်တည်း နှလုံးသားဖြင့် ခံယူလိုက်မည် ဟူသော အတွေးသည်လည်း ဘုရင်ကြီးတွင် မကြာခဏ ပေါ်လာလေတော့သည်။

သူသည် ခုဝကို ကောက်ချီလိုက်ပြီးလျှင် 'မင်းကော ဒီမကိုဋ်အတွက် ငါနဲ့ ရန်သူဖြစ်အုံးမှာလား' ဟုပြောပြီး မကိုဋ်ကို ကြမ်းပေါ်သွှင့်ပစ်လိုက်လေ၏။ ပုလဲကြီးတစ်လုံးသည် မကိုဋ်မှ ကျွတ်ထွက်ပြီး ကျသွားလေသည်။

ခုဝသည် လက်ကိုဆန့်တန်းပြီး 'ကျွန်တော်ယူမယ်' ဟုပြောလိုက်လေ၏။

ဘုရင်ကြီးသည် ခုဝ၏ဦးခေါင်းတွင် မကိုဋ်ကို စွပ်ပေးလိုက်ပြီးနောက် ခုဝကို ချီပြီးလျှင် 'ကဲ ယူ၊ ငါဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူး' ဟု ပြောလေ၏။ ယင်းသို့ပြောပြီး ဘုရင်ကြီးသည် ခုဝကို အားမလိုအားမရ နှလုံးဖြင့် ဖက်လိုက်လေ၏။

ထိုနောက်တွင် တစ်နေ့လုံး 'ဒါ ဘာမှမဟုတ်ဘူး၊ ငါ့အပြစ်ဒဏ်ကို ငါခံရတာပဲ' ဟု တွေးတောပြီး သူ့ကိုယ်သူ စောဒကတက်ကြည့်နေလေ၏။ အပြစ်တစ်စုံတစ်ရာမရှိဘဲနှင့် ညီအစ်ကိုချင်း မည်သည့်နည်းနှင့်မျှ တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း မဖြစ်နိုင်ဘူး။ ယင်းသို့စဉ်းစားပြီး သူ့ကိုယ်သူဖြေလေ၏။ ယခုကဲ့သို့ ဖြစ်ရခြင်းမှာ ဘုရားသခင်၏ စီမံဖန်တီးချက်အရသာ ဖြစ်ရမည်။ ဘုရားသခင်၏ နန်းတော်မှလာသည့် အမိန့်အတိုင်းသာ ဖြစ်ရမည်။ ထိုအမိန့်ကို နက္ခတ္တရာယလိုလူကဘယ်ချိုးဖျက်နိုင်ပါမည်နည်း။ ယင်းသို့စဉ်းစားလိုက်သောအခါ သူ၏ ဏ်ရာရရှိနေသောနှလုံးမှာ အနည်းငယ်သက်သာရာ ရသွားလေ၏။ သူသည်သူ့ခေါင်းပေါ်သို့သာလျှင် အပြစ်ဟူသမျှကို ပုံချ၏။ သို့ဖြစ်၍ နက္ခတ္တရာယ၏အပေါ်မှ အပြစ်တည်းဟူသော ဝန်ထုပ်ဝန်ပိုးကြီးသည် ပေါ့ပါးသွားသည်ဟု ထင်မှတ်ရလေ၏။

ပုရောဟိတ် ဗိလဝန်က လာပြီးပြောလေ၏။

'အခုအချိန်ဟာ ကောင်းကင်ကို မော့ကြည့်ပြီး စိတ်ကူးခန်းဝင်နေဖို့ အချိန် မဟုတ်ဘူး အရှင်မင်းကြီး'

ဘုရင်က ပြန်ဖြေသည်။

'ဒီဟာ ဘာမှမဟုတ်ဘူး၊ ကျွန်ုပ်ကျူးလွန်ခဲ့တဲ့ အကုသိုလ်ရဲ့အကျိုးပါပဲ'

ဗိလဝန်က စိတ်ပျက်သည့်အမူအရာဖြင့် ပြောလေ၏။

'ဒီလိုစကားတွေချည်း ကြားနေရလို့ ကျွန်ုပ်တော့ စိတ်အပျက်ကြီး ပျက်နေပြီ' ဒုက္ခရောက်တာဟာ မကောင်းမှု အကုသိုလ်ရဲ့ အကျိုးအာနိသင် သက်သက်သာ ဖြစ်တယ်' လို့ ဘယ်သူကပြောသလဲ။ ကုသိုလ်ကောင်းမှုနဲ့ တရားမျှတမှုရဲ့ အကျိုးအာနိသင် ဟာလဲပဲ ဆင်းရဲဒုက္ခဖြစ်နိုင်တာပဲ။ သူတော်ကောင်း သူမြတ် လောင်း အမြောက်အမြားဟာ တစ်သက်လုံး ဒုက္ခကြီးစွာနဲ့ပဲ နေထိုင်သွားကြ ရတယ် မဟုတ်လား။ အမှန်မှာတော့ တရားမှုရဲ့ အကျိုးအာနိသင်ဟာ ချမ်းသာ သုခ မဟုတ်ဘူး၊ တရားမှုရဲ့အကျိုးဟာ တရားမှုသာလျှင် ဖြစ်တယ်'

ဘုရင်မင်းကြီးသည် အဖြေပြန်မပေး၊ တွေဝေ၍သာနေ၏။

ဗိလဝန်က မေးလိုက်လေ၏။

'ဒီလို အကျိုးဖြစ်ထွန်းပေါ်လာလောက်အောင် အရှင်မင်းကြီးက ဘယ်လို အပြစ်ကိုများ ကျူးလွန်မိလို့လဲ'

'ကိုယ့်ညီကို တိုင်းပြည်က နှင်ထုတ်ခဲ့တယ်'

'ကိုယ့်ညီကို တိုင်းပြည်က နှင်ထုတ်တာမဟုတ်ဘူး၊ အပြစ်ရှိတဲ့ တရားခံကို တိုင်းပြည်က နှင်ထုတ်ခဲ့တာပါ'

'အပြစ်ရှိတဲ့ တရားခံဖြစ်ပေမယ့် ကိုယ့်ညီကိုနှင်ထုတ်ပစ်ရင် အပြစ်ဖြစ်တာပဲ။ အဲဒီပြစ်မှုရဲ့ အကျိုးပေးက လွတ်မြောက်ဖို့ရာ မလွယ်ကူဘူး၊ 'ကောက်ရဝ' မျိုးနွယ်တွေဟာ အကျင့်ပျက်ပြီး ဆိုးသွမ်းနေတာတော့ ဟုတ်တယ်၊ ဒါပေမယ့် သူတို့ကို သတ်ပြီး 'ပဏ္ဍဝ' မျိုးနွယ်တွေ နန်းတက်တော့ မင်းစည်းစိမ်ကို သူတို့ အေးအေးချမ်းချမ်း ခံစားစံစားလို့ ရရဲ့လား။ နောက်ကျတော့ ယဇ်ပူဇော်ပြီး အာပတ်ဖြေလိုက်ကြရတာပဲ မဟုတ်လား။ ပဏ္ဍဝတွေဟာ ကောက်ရဝတွေဆီက ထီးနန်းကို တိုက်ယူတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် 'ကောက်ရဝ' တွေက သေနေတဲ့ကြားထဲကပဲ 'ပဏ္ဍဝ' တွေဆီက ထီးနန်းကို ရတယ်။ ဆိုလိုတာက 'ပဏ္ဍဝ' တွေဟာနောင်တအကြီးအကျယ်ရပြီး မင်းစည်းစိမ်ကို မခံစားမစံစား နိုင်ကြတော့ဘူး။ ကျွန်ုပ် နက္ခတ္တရာယကို နှင်ထုတ်လိုက်တယ်၊ နက္ခတ္တရာယက အခု ကျွန်ုပ်ကို နှင်ထုတ်မလို့ လာနေတယ်'

'ကောက်ရဝတွေကို ပဏ္ဍဝတွေ တိုက်တာက အပြစ်ဒဏ်ပေးဖို့ ရည်ရွယ်ချက်နဲ့

တိုက်တာမှ မဟုတ်ဘဲ။ သူတို့ရဲ့ထီးနန်းကို သိမ်းပိုက်လိုတဲ့လောဘနဲ့ တိုက်တာပဲ။ အရှင်မင်းကြီးကတော့ အပြစ်ဒဏ် စီရင်တဲ့သဘောနဲ့ ကိုယ့်ဆင်းရဲချမ်းသာကို ဘာမှမငဲ့ကွက်ဘဲတရားကိုစောင့်လိုက်တာပဲ။ အဲ့ဒီလိုလုပ်တဲ့အတွက် အပြစ်ဖြစ်တယ်လို့ကျွန်ုပ်တော့ ကြည့်မမြင်ဘူး။ ါပေမယ့်လို့ အရှင်မင်းကြီးက အပြစ်ရှိတယ်လို့မြင်ရင်တော့ အပြစ်ဖြေတဲ့ နည်းလမ်းမရှိဘူး မဟုတ်ပါဘူး။ ရှိပါတယ်၊ ကျွန်ုပ်လဲ ဗြာဟ္မဏတစ်ဦးပဲ မဟုတ်လား။ ကျွန်ုပ်ကို နှစ်သက်ကျေနပ်အောင် ပြုမူလိုက်ရင် အပြစ်ပြေပျောက်သွားနိုင်ပါတယ်'

ဘုရင်က ပြုံးပြီး နေလေ၏။ ဗိလဝန်က ပြောပြန်လေသည်။

'ဘာပဲဖြစ်ဖြစ် စစ်တိုက်ဖို့သာ ပြင်ဆင်ပါ။ နှောင့်နှေးနေဖို့ အချိန်မဟုတ်တော့ဘူး'

ဘုရင်က ပြောလေ၏။

'ကျွန်ုပ် စစ်မတိုက်ဘူး'

'ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ အရှင်မင်းကြီး ထိုင်ပြီး အကြံသာထုတ်နေပါ။ ကျွန်ုပ် အခုသွားပြီး စစ်သားစုမယ်၊ အခုဆိုရင် တိုင်းသူပြည်သားတွေဟာ အားလုံးလိုလိုပဲ လယ်ထဲဝင်ကုန်ကြပြီ။ စစ်သားကို လိုသလောက်စုလို့ရဖို့ မလွယ်တော့ဘူး'

ယင်းသို့ပြောပြီး ဘုရင်ကြီးဆီက အဖြေတစ်စုံတစ်ရာကို မစောင့်တော့ဘဲ ဗိလဝန်သည် ထွက်ခွာသွားလေ၏။

မုဝ၏စိတ်ထဲတွင် ရုတ်တရက် မည်သို့အတွေးပေါ်လာသည်မသိ။ ဘုရင့်အနီးသို့ ကပ်သွားပြီးလျှင် ဘုရင်၏မျက်နှာကို ကြည့်လျက်။

'ဦးလေး ဘယ်မှာလဲ' ဟု မေးလိုက်လေ၏။

ဘုရင်ကြီးက 'ဦးလေး လာလိမ့်မယ်' ဟု ပြန်ပြောလိုက်လေ၏။ သူ၏မျက်လုံးများတွင်မူ မျက်ရည်စို့လာလေသည်။

# အခန်း (၃၂)

ပုရောဟိတ် ဗိလဝန်၏ အပေါ်၌ ကြီးလေးသော တာဝန်ကြီးတစ်ခု ကျရောက်လာလေသည်။ သူသည် စစ်တကောင်းဘက်ရှိ တောင်ကုန်းဒေသများသို့ လက်ဆောင်ပဏ္ဏာအမျိုးမျိုးနှင့်တကွ တမန်တော်များကို စေလွှတ်လေ၏။ ထိုဒေသရှိ 'ကုကီ' လူမျိုး၏ အမှုးအချုပ်များအထံသို့ စစ်တပ်အကူအညီ ပေးရန် တမန်တော်များမှတစ်ဆင့် အကြောင်းကြားလိုက်လေ၏။ စစ်ဟူသော စကားကို ကြားလိုက်ရသည်နှင့် သူသည် ဝမ်းသာအားရဖြင့် ထခုန်ကြလေသည်။ 'ကုကီ' လူမျိုးတို့၏ အမှုးအချုပ်ခေါင်းဆောင်များသည် 'စစ်' ဟူသော အမှတ်အသားအဖြစ် ဓားကောက်ကို အဝတ်နီဖြင့်ပတ်ပြီး တမန်များမှတစ်ဆင့် ရွာတိုင်းရွာတိုင်းသို့ ပို့ကြလေ၏။ အချိန်အနည်းငယ်အတွင်းမှာပင် 'ကုကီ' လူမျိုးစစ်တပ်ကြီးသည် တပ်ချီပြီး စစ်တကောင်းတောင်ပေါ်မှ တရိပူရ တောင်ပေါ်သို့ ရောက်ရှိလာကြလေ၏။ သူတို့ကို စည်းနှင့်ကမ်းနှင့် ထားဖို့ရန်မှာ မလွယ်ကူပေ။

ပုရောဟိတ်ဗိလဝန်သည် ကိုယ်တိုင် တရိပူရရှိ ကျေးရွာတိုင်းသို့ သွားပြီး လယ်သမားများထဲက လက်ရွေးစင် လူငယ်လူရွယ်များကို စစ်ထဲထည့်ဖို့ရန် စုဆောင်းခေါ်ငင်လာခဲ့လေသည်။ ရှေ့သို့ချီတက်ပြီး မဂိုစစ်တပ်ကို ထိုးစစ်ဆင်ဖို့ရန် မသင့်လျော်ဟု ပုရောဟိတ်က တွက်လေသည်။ ရန်သူစစ်တပ်သည် မြေပြန့်နာပြင်ကို ဖြတ်ကျော်လာခဲ့ပြီးနောက်ဖြတ်ကျော်ချီတက်ဖို့ရန် ခဲယဉ်းသည့် တောင်ကုန်းများပေါ်သို့ရောက်ရှိလာသည့်အခါမှ တောင်ကြားတောကြား လျှို့ဝှက်သည့်ဌာနများမှပြောက်ကျားစနစ်ဖြင့် ရန်သူအပေါ်ကို ရုတ်တရက် ဝင်စီးမည်ဟု ဆုံးဖြတ်ချက်ချထားလေသည်။ သူသည် သူတို့ဘက်မှ အရေးနိမ့်မှာ

စိုးရိမ်သောကြောင့် ကြီးမားသော ကျောက်တုံးကြီးများကို ချပြီး ဂေါမတီမြစ်ရေကို တာတမံ တုတ်တားလိုက်လေ၏။ တကယ်လို့ သူတို့ အရေးနိမ့်ပြီး မကို စစ်တပ်နယ်ကျွံလာခဲ့သော် တာတမံများကို ချိုးပစ်လိုက်ပါက ရန်သူစစ်တပ်သည် ရေဘေးသင့်ပြီး ပျက်စီးဆုံးပါးသွားဖွယ်ရာ ရှိသည်ဟူသော အကြံဖြင့် ယင်းသို့ မြစ်ရေကို တာတမံ တုတ်တားခြင်း ဖြစ်လေသည်။

တစ်ဖက်၌ကား နက္ခတ္တရာယသည် ကျေးရွာများကို လုရင်းတိုက်ရင်းနှင့် တရိပူရတောင်ကုန်းသို့ ရောက်ရှိလာလေ၏။ ထိုအချိန်တွင် လယ်သမားများမှာ ကောက်ရိတ်သိမ်းပြီးကြလေပြီ။ သူတို့သည် လေးနှင့်မြှားကို ကိုင်ပြီး စစ်တိုက်ထွက်ရန် အသင့်ဖြစ်နေကြလေ၏။ 'ကုကီ' လူမျိုး စစ်တပ်ကလည်း ဒီရေပမာ လဟော ချီတက်လာသဖြင့် သူတို့၏အဟုန်ကို ဟန့်တားဖို့ရာ ခမလွယ်တော့ပေ။

ဂေါဝိန္ဒမဏိကျာက ပြောလေ၏။

'ကျွန်ုပ် စစ်မတိုက်ဘူး' 'အရှင်မင်းကြီး၊ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ' ဗိလဝန်ပုရောဟိတ်က မျက်စိမျက်နှာပျက်ပြီး ပြောလေသည်။

'ကျွန်ုပ်ဟာ တိုင်းပြည်နိုင်ငံကို စိုးမိုးအုပ်ချုပ်နေထိုင်တဲ့ လူမဟုတ်ဘူး။ အခုဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေဟာ ကျွန်ုပ်ဘုရင်အဖြစ်နဲ့ မထိုက်တန်ဘူးဆိုတဲ့သဘောကို ပြနေတဲ့ အမှတ်လက္ခဏာတွေပဲ။ တိုင်းသူပြည်သားတွေဟာ ကျွန်ုပ်အပေါ်မှာ အယုံအကြည်ကင်းမဲ့နေကြပြီ။တိုင်းပြည်မှာ အငတ်ဘေးကြီးလဲ ဆိုက်ရောက်ခဲ့တယ် အခု စစ်ဖြစ်ပြန်ပြီ။အဲဒီဟာတွေဟာ ထီးနန်းကို စွန့်လိုက်ဆိုတဲ့ ဘုရားသခင်ရဲ့အမိန့် မဟုတ်လို့ တခြား ဘာဟုတ်အုံးမလဲ'

'ဒါတွေဟာ ဘုရားသခင်ရဲ့အမိန့် ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ ဘုရားသခင်က တိုင်းပြည်အုပ်ချုပ်ဖို့တာဝန်ကို အရှင်မင်းကြီးအားအပ်နှင်းထားတယ်။ တိုင်းပြည်နိုင်ငံကို အုပ်ချုပ်မင်းလုပ်တဲ့နေရာမှာ အနှောင့်အယှက် အခက်အခဲမရှိတဲ့အခါတုန်းကတော့ သင်မင်းကြီးဟာ လွယ်လင့်တကူနဲ့ပဲ ကိုယ့်တာဝန်ကို ထမ်းရွက်ခဲ့တယ်။တိုင်းပြည်နိုင်ငံရဲ့တာဝန်ဟာ တကယ်တမ်း ကြီးလေးလာတဲ့အခါကျတော့ အဲဒီတာဝန်ကို ဘေးဖယ်ထားပြီးတော့ 'ဘုရားသခင်အမိန့်' လေး၊ ဘာလေးနဲ့ ကိုယ့်ကိုယ်ကို လှည့်စားပြီး သင်မင်းကြီး ကိုယ်လွတ်ရုန်းထွက်ချင်တယ်'

ထိုစကားကိုကြားရသဖြင့် ဂေါဝိန္ဒမဏိကျာသည် စိတ်ထိခိုက်သွားလေသည်။ သူသည် မည်သို့မျှ အဖြေပြန်မပေးပဲ အတန်ကြာမျှထိုင်နေလေ၏။ ထို့နောက်တွင် မနေနိုင်တော့ဘဲ ပြောရလေတော့၏။

'ပုရောဟိတ်ကြီး၊ ကျွန်ုပ် အရေးနိမ့်ပြီ။ နက္ခတ္တရာယက ကျွန်ုပ်ကိုသတ်ပြီး ထီးနန်းရရှိသွားပြီ။ အဲဒီလိုပဲ မှတ်လိုက် ပါတော့'

'အရှင်မင်းကြီး ပြောသလို တကယ့်တကယ် အမှန်အတိုင်း ဖြစ်သွားလို့ ရှိရင်တော့ ကျွန်ုပ် အရှင်မင်းကြီးအတွက် ဘာမျှ ထွေထွေထူးထူး စဉ်းစား မနေတော့ပါဘူး။ ဒါပေမယ့် အရှင်မင်းကြီး တာဝန်ကိုရှောင်ပြီး တိမ်းရှောင် ထွက်ပြေးမယ်ကြံရင်တော့ ကျွန်ုပ် ဝမ်းနည်းပက်လက် ဖြစ်လို့ဆုံးတော့မှာ မဟုတ်ဘူး'

ဘုရင်က ပြန်ပြောလေသည်။

'ကိုယ့်ညီရဲ့သွေး မြေကျအောင် လုပ်ရမှာ လား'

'တာဝန်ဝတ္တရားရဲ့ရှေ့မှောက်မှာ ညီအစ်ကိုဆိုတာ မရှိပါဘူး၊ ကုရုခေတ္တ စစ်ပွဲတုန်းက ကရိရှနက အဇ္ဇုနကို ဘယ်လို အဆုံးအမ ဥပဒေသ ပေးခဲ့သလဲ။ မှတ်မိရဲ့လား။ စဉ်းစားကြည့်စမ်းပါအုံး'

'ပုရောဟိတ်ကြီးဆိုလိုတာက ကျွန်ုပ်ကိုယ်တိုင် လက်နဲ့ ဓားကို ကိုင်ပြီး နက္ခတ္တရာယကို သတ်ပစ်လိုက်ရမယ်ပေါ့'

'ဟုတ်တယ်'

ဓုဝသည် ရုတ်တရက် ရောက်လာပြီး မျက်နှာထားတည်တည်ဖြင့် 'ဟင်း ဒီလိုမပြောကြနဲ့' ဟု ပြောလိုက်လေ၏။

ဓုဝသည် ကစားနေသည်။ ဘုရင်နှင့် ပုရောဟိတ်တို့၏ အပြန်အလှန် ငြင်းခုံနေသည်ကို ကြားရ၍ သူတို့နှစ်ဦး ရန်ဖြစ်နေတာဖြစ်မှာပဲ ဟု တွေးလေ သည်။ သို့ဖြစ်၍ ယခုလိုအခါမျိုးတွင် နှစ်ဦးလုံးအား မာန်မဲကြိမ်းမောင်းရန် လိုအပ်သည်ဟု သဘောရပြီးလျှင် ဓုဝသည် ချက်ချင်း ထိုနေရာသို့လာရောက်ပြီး ခေါင်းကလေး ရမ်းကာ ရမ်းကာနှင့် 'ဟင်း.... ဒီလိုမပြောကြနဲ့' ဟု ဒီပြောလေ၏။ ပုရောဟိတ်ကြီးသည် အထူးပင် ကျေနပ်အားရသွားလေသည်။ သူသည် ရယ်လိုက်ပြီး ဓုဝကို ကောက်ချီလေ၏။ ဘုရင်ကြီးကမူ မရယ်နိုင်ရှာပေ။ သူငယ်လေး၏နှုတ်မှ နတ်ဒေဝတာ စကားကို ကြားလိုက်ရခြင်း ဖြစ်သည်ဟု သူ စဉ်းစားနေမိသည်။

သူသည် တည်ကြည် ထက်မြက်သော အသံဖြင့် ပြောလိုက် လေ၏။ 'ပုရောဟိတ်ကြီး၊ ကျွန်ုပ် စိတ်ပိုင်းဖြတ်ပြီးပြီ။ သွေးမြေကျတာကို ကျွန်ုပ် ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး။ ကျွန်ုပ် ဘယ်တော့မှ စစ်မတိုက်ဘူး'

ပုရောဟိတ် ဗိလဝန်သည် အတန်ကြာမျှ ခပ်မဆိတ်နေသည်။ ထို့နောက် ပြောလေ၏။

'အရှင်မင်းကြီး၊ စစ်မတိုက်ချင်ဘူးဆိုရင် တစ်နည်းလုပ်ပါ။ နက္ခတ္တရာယနဲ့ တွေ့ဆုံစေ့စပ်ပြီး စစ်ရပ်စဲသွားအောင် ကြိုးစားပေတော့'

'အဲဒီနည်းလမ်းကို ကျွန်ုပ် သဘောတူပါတယ်'

' ဒီလိုဆိုရင် အဲဒီအကြံကို စာနဲ့ရေးပြီး နက္ခတ္တရာယဆီသို့ ပို့ရလိမ့်မယ်'

နောက်ဆုံး၌ ထိုနည်းလမ်းကိုပင် သတ်မှတ် ရွေးချယ်လိုက်ကြ၏။

# အခန်း (၃၃)

နက္ခတ္တရာယသည် စစ်တပ်နှင့်တကွ ရှေ့သို့ ချီတက်နေသည်။ ဘယ်နေရာမှာမှ နမ်းတစ်စေ့မျှပင် အဆီးအတား မတွေ့ရပေ။ တရိပူရရှိ ဘယ်ရွာကို ရောက်ရောက် ရောက်လေရာ ရွာတို့က သူ့ကို ဘုရင်အဖြစ် အသိအမှတ် ပြုကြ၏။ နက္ခတ္တရာယသည် ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း၌ ဘုရင့်အရသာ တွေ့၍ နေသည်။ သူ၏လောဘရမ္မက်သည်ဒီဂရီတက်နေသည်။ လေးဘက်လေးရပ်တွင်ရှိသော ရှည်လျားပြန့်ကျယ်သည့် လယ်ယာများ၊ ကျေးရွာများ၊ တောင်တန်းများ၊ မြစ်ချောင်းများသည် အားလုံးပင် ငါတစ်ဦးတည်းပိုင် ဖြစ်၏ ဟူသောအတွေးသည် သူ့စိတ်နှလုံးတွင် ပေါ်ပေါက်လာလေသည်။ ထိုပိုင်ဆိုင်မှုကို ရရှိလာသည်နှင့်တစ်ပြိုင်နက် သူသည် သူ့ကိုယ်သူ တကယ့် ဘုန်းရှင်ကံရှင်၊ တန်းခိုးရှင်ဟု အောက်မေ့လာလေသည်။ သူ့စစ်တပ်၊ သူ့တိုင်းပြည်နိုင်ငံသို့ ရောက်လာသည့် စစ်တပ်ဟု သူက နှလုံးပိုက်ထားသည်။ သူတို့ကို မျက်နှာလွှဲခဲပစ်ထား၍ မတော်။ သူတို့ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်သွားကြလျှင် သူ၏ဂုဏ်ကျေးဇူး။ သူ၏သဘောထား၊ သူ၏ရက်ရောမှုတို့ကို ထုတ်ဖော်ချီးကျူးကြမည်။ 'တရိပူရ ဘုရင်က နှယ်နှယ်ရရ ဘုရင်မဟုတ်ဘူး' ဟု မှတ်ချက်ချကြလိမ့်မည်။ ဤသို့ သူကမျှော်လင့်နေသည်။ ယင်းသို့အားဖြင့် သူသည် မဂိုတပ်သားတို့၏ အချီးအမွမ်းကို ခံယူရရှိရေးအတွက် စိတ်စောလျက်ရှိ၏။ သူ့မျက်ကွယ်သို့ ရောက်သွားသည့်အခါ မဂိုတပ်သားများ သူ့အတင်းကို ပြောမှာ အလွန်စိုးရိမ်နေလေသည်။

ရဃုပတိက အံ့သြသည့် အမူအရာဖြင့် ပြောလေ၏။

'ပြန်လှန်စစ်ပြုမယ့် အရိပ်နိမိတ်လဲ လုံးလုံး မတွေ့ရပါကလား'

'ဟုတ်တယ်၊ မတွေ့ရဘူး ပုရောဟိတ်ကြီး။ သူတို့ကြောက်နေကြတယ် ထင်တယ်' နက္ခတ္တရာယသည် ယင်းသို့ပြောပြီး ကျယ်လောင်စွာ ရယ်လိုက်လေ၏။

ရဃုပတိသည် ရယ်စရာအကြောင်း ထွေထွေထူးထူး ကြည့်မမြင်။ သို့ပင်ဖြစ်စေကာမူ သူလည်း ရောယောင်ရယ်လိုက်လေ၏။ နက္ခတ္တရာယက ပြန်ပြော၏။

'မဂိုစစ်တပ်နဲ့ နက္ခတ္တရာယ ချီတက်လာတယ်ဆိုတာ သာမန်အကြောင်းမှ မဟုတ်ဘဲ'

'အင်း ဒီတစ်ခါ ဘယ်သူက ဘယ်သူ့ကို ပြည်နှင်ဒဏ်ပေးမလဲဆိုတာ ကြည့်ရအုံးမှာပေါ့'

'ကျွန်ုပ်စိတ်ရှိရင် ပြည်နှင်ဒဏ်လဲ ပေးနိုင်တယ်။ ထောင်သွင်းအကျဉ်းချ နိုင်တယ်၊ ကြိုးဒဏ်လဲ ပေးနိုင်တယ်။ ဒါပေမယ့် ဘယ်လို အပြစ်ဒဏ်ကို ပေးရမယ်ဆိုတာ ကျွန်ုပ် အခု မဆုံးဖြတ်သေးဘူး'

ယင်းသို့ပြောပြီး နက္ခတ္တရာယသည် နက်နက်နဲနဲ စဉ်းစား၍ နေလေသည်။

ရဃုပတိက ပြောလေ၏။

'ဒီလောက် တွေးခေါ်နေဖို့ မလိုသေးပါဘူး။ အချိန်အများကြီး ရှိပါသေးတယ်။ ဒါပေမယ့် ကျုပ် စိုးရိမ်နေတာ တစ်ခုရှိတယ်။ ဂေါဝိန္ဒမဏိကျ‌က သင်မင်းကြီးကို စစ်မတိုက်ဘဲနဲ့ အနိုင်ယူသွားမှာစိုးရိမ်နေတယ်'

'ဟာ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ'

'ဂေါဝိန္ဒမဏိကျ‌က စစ်တပ်ကို ဝှက်ထားပြီး ညီအစ်ကိုချင်းမေတ္တာကို ပြလိမ့်မည်။ လည်ပင်းယှဉ်ဖက်ပြီး 'ငါ့ညီလာပါ၊ မုန့်စားရအောင်၊ ထမင်းစားရအောင် အိမ်လိုက်ခဲ့ပါ' လို့ ပြောလိမ့်မယ်၊ အဲဒီအခါကျတော့ အရှင်မင်းကြီးက ငိုငိုရီရီနဲ့ 'နောင်တော်အမိန့်အတိုင်း ညီတော် အခုပဲ လိုက်ခဲ့ပါ့မယ်' လို့ ပြန်ပြောလိမ့်မယ်။ အဲဒီလိုပြောပြီး ဂေါဝိန္ဒမဏိကျ နောက်က မြည်းသတ္တဝါလို ဦးခေါင်းငိုက်စိုက်ချပြီး တကောက်ကောက်နဲ့ လိုက်သွားလိမ့်မယ်။ အဲဒီအခါ ကျတော့ မဂိုစစ်သားတွေက ဘာလုပ်မယ်ထင်သလဲ။ ပွဲကျပြီး သူတို့အိမ် သူတို့ ပြန်သွားကျတော့မှာပေါ့'

နက္ခတ္တရာယသည် ရဃုပတိနှုတ်မှ ထွက်လာသော စူးရှထက်မြက်သည့် ယင်းလှောင်ပြောင်သရော်ချက်ကို ကြား၍ စိတ်အလွန်ထိခိုက်သွားလေ၏။ သူသည် ရယ်ဖို့ရန် ကြိုးစားသေး၏။ သို့ရာတွင် မရယ်နိုင်၊ မပြုံးနိုင် ဖြစ်နေလေသည်။

'ပုရောဟိတ်ကြီးက ကျွန်ုပ်ကို အဲဒီလိုလုပ်ရအောင် သူငယ်နှစ်စား များမှတ်နေသလား။ အဲသလို ဘယ်တော့မှ မဖြစ်စေရဘူး သိလား'

ထိုနေ့၌ပင် ဂေါဝိန္ဒမဏိကျထံမှ သဝဏ်လွှာကိုယူပြီး တမန်တစ်ဦး နက္ခတ္တရာယ၏ယာယီနန်းသို့ ရောက်ရှိလာလေ၏။ ထိုသဝဏ်လွှာသည် ရဃုပတိလက်ထဲ ရောက်သွားလေသည်။ ရဃုပတိသည် သဝဏ်လွှာကို ဖွင့်ဖတ်ကြည့်၏။ ဂေါဝိန္ဒမဏိကျက ချစ်ခြင်းမေတ္တာကို ဖော်ပြပြီး မျက်နှာချင်းဆိုင် တွေ့ဆုံဖို့ရန် တောင်းပန်ထားလေ၏။ ရဃုပတိသည် စာကို နက္ခတ္တရာယအား မပြပေ။ တမန်ကိုသာ ပြောပြီး လွှတ်လိုက်လေသည်။

'ဒုက္ခခံပြီး ဒါလောက်ဝေးဝေးကို ဂေါဝိန္ဒမဏိကျလာနေဖို့ မလိုပါဘူး။ နက္ခတ္တရာယ ဘုရင်ကြီးကပဲ ဓားကိုကိုင်ပြီး စစ်တပ်နဲ့တကွ သူ့ကိုတွေ့ဖို့ အမြန်ပဲ လာပါလိမ့်မယ်။ အခု မကြာခင်ပဲ ညီတော်နဲ့တွေ့ရတော့မှာ မစောင့်နိုင်တော့ဘူးလား။ ရှစ်နှစ်တိတိ ပြည်နှင်ဒဏ် ခံရတဲ့အတွက် ကွဲကွာနေရတာကိုတော့ ဘယ်လိုလုပ်ပြီး အောင့်အီးသည်းခံ နေခဲ့သလဲ'

'ရဃုပတိသည် နက္ခတ္တရာယဆီသို့ သွားပြီး ပြောလေ၏။ 'ဂေါဝိန္ဒမဏိကျက တိုင်းပြည်က နှင်ထုတ်ထားတဲ့ သူ့ညီတော်ဆီကို ချစ်မေတ္တာ ပြည့်လျှမ်းနေတဲ့ စာတစ်စောင် ရေးလိုက်ပါလား'

နက္ခတ္တရာယသည် ဂရုမစိုက်သည့် ဟန်အမူအရာဖြင့် ရယ်လိုက်ပြီးလျှင် 'အဟုတ်လား၊ ဘယ်လိုစာမျိုးလဲ မှန်းစမ်းပါ။ ကြည့်ရအောင်' ယင်းသို့ပြောပြီး လက်လှမ်းလိုက်လေ၏။ ရဃုပတိက ပြန်ပြောလေသည်။ 'အဲဒီစာ အရှင်မင်းကြီးကို ပြဖို့မလိုဘူးလို့ ကျုပ်ထင်ထားတာနဲ့ စာရတဲ့အချိန်မှာပဲ ဆုတ်ပြီး လွှင့်ပစ်လိုက်တယ်။ ပြီးတော့ စစ်တိုက်ခြင်းမှတစ်ပါး တခြား ဘာပြန်ကြားစရာမှ မလိုဘူးလို့ ပြောလွှတ်လိုက်တယ်'

နက္ခတ္တရာယသည် ရယ်ပြီးပြောလေ၏။

'ကောင်းတယ် စစ်တိုက်ခြင်းမှတစ်ပါး အခြားဘာမှ အဖြေပေးစရာ မရှိဘူးလို့ ပုရောဟိတ်ကြီး ပြောလိုက်တာ သိပ်ကောင်းတဲ့ ပြန်ကြားချက်ပဲ'

'အဲဒီပြန်ကြားချက်ကို ကြားရရင်တော့ ဂေါဝိန္ဒမဏိကျက အောက်မေ့လိမ့်မယ်။ ငါတိုင်းပြည်က နှင်ထုတ်လိုက်တဲ့အခါတုန်းကတော့ ညီတော်ဟာ ရိုးရိုးသားသားပဲ ထွက်သွားရှာတယ်။ အဲဒီညီတော် ပြန်လာတဲ့အခါကျတော့ တယ်ငြိုဟ်မွေနေပါလားလို့'

'အင်း အောက်မေ့မှာပေါ့၊ ငါ့ညီတော်ဟာ သာမည လူမဟုတ်ဘူး။ နှင်ထုတ်တဲ့အခါ ထွက်သွားပြီး ပြန်ခေါ်တဲ့အခါလဲ ဖြောင့်ဖြောင့်တန်းတန်း

ပြန်လာတဲ့လူစားမျိုး မဟုတ်ဘူးဆိုတာ သဘောပေါက်သွားမှာပေါ့'

ယင်းသို့ပြောပြီး နက္ခတ္တရာယသည် အားရကျေနပ်လှသဖြင့် ဟား ဟား ဟားနှင့် ကျယ်လောင်စွာ ရယ်လိုက်ပြန်လေ၏။

# အခန်း (၃၄)

နက္ခတ္တရာယထံမှ ပြန်ကြားချက်ကို ကြားသိရသောအခါ ဂေါဝိန္ဒမဏိကျ သည် အကြီးအကျယ် စိတ်ထိခိုက်သွားလေသည်။ ဒီတစ်ကြိမ်တော့ ဘုရင် မင်းကြီး စစ်တိုက်ဖို့ရာ သဘောမတူဘဲနေတော့မှာ မဟုတ်ဘူးဟု ပုရောဟိတ် ဗိလဝန်က တွေးပြီးဝမ်းသာနေမိသည်။ သို့ရာတွင် ဘုရင်ဂေါဝိန္ဒမဏိကျ က ပြောလေ၏။

'အခု ပြန်ကြားလိုက်တဲ့စကားဟာ နက္ခတ္တရာယရဲ့စကား မဟုတ်ဘူး။ ဟို ပုရောဟိတ်က ပြောလိုက်တာဖြစ်မယ်။ နက္ခတ္တရာယရဲ့ ပါးစပ်က ဒီလိုစကားမျိုး ဘယ်နည်းနဲ့မှ ထွက်ရက်မှာ မဟုတ်ဘူး'

'ဒါဖြင့် အရှင်မင်းကြီးက အခု ဘယ်လို ကြံချင်လို့လဲ'

'ကျွန်ုပ် နက္ခတ္တရာယနဲ့ ဘယ်နည်းနဲ့ဖြစ်ဖြစ် တစ်နည်းနည်းနဲ့ တွေ့ဆုံဆွေးနွေး လိုက်ရရင် ပြဿနာတွေအားလုံး ပြေသွားနိုင်ပါတယ်'

'မတွေ့ဆုံရရင်တော့'

'သူနဲ့မတွေ့ဆုံရရင်တော့ ကျွန်ုပ် ထီးနန်းကို စွန့်ပြီး ထွက်ခွာသွားတော့မှာပဲ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်ုပ် တစ်ကြိမ်ကြိုးစားကြည့်ပါဦးမယ်'

တောင်ပေါ်၌ နက္ခတ္တရာယ၏ ယာယီတဲနန်း ရှိလေသည်။ လေးဘက် လေးတန်တွင် တောများ အုပ်ဆိုင်းနေသည်။ ဝါးတောကြိမ်တော၊ ကျူတောများ ပတ်ရံ၍ နေသည်။ မြေအပြင်မှာ သစ်ပင်နွယ်ပင်အမျိုးမျိုးဖြင့် ဖုံးအုပ်၍နေ၏။ စစ်သည်တပ်သားများသည် တောဆင်များသွားသည့် လမ်းကြောင်းအတိုင်း တက်လာကြလေရာ တောင်ပေါ်သို့ရောက်ရှိလာကြလေ၏။ နေကျသွားသည့် အချိန်ဖြစ်လေသည်။ နေမင်းသည်တောင်၏အနောက်ဖက်တွင် ပုန်းကွယ်သွား

လေပြီ။ အရှေ့ဘက်တွင်ကား အမှောင်လွှမ်းလာလေ၏။ နေဝင်သွားပြီဖြစ်၍ ထိုးလာသော အမှောင်ရိပ်နှင့် သစ်ပင်ရိပ်များ ပေါင်းစပ်ရောနှော သွားကြသည် ဖြစ်၍ တောထဲတွင် အချိန်မတိုင်ခင်ပင် ညနေဆည်းဆာ ကျရောက်လာလေသည်။ ချမ်းအေးသော ညချမ်းဆည်းဆာအခါတွင် ပထဝီမြေကြီးမှ မြူနှင်းကဲ့သို့ အခိုးများ ထွက်နေလေ၏။ ပုရစ်အော်သံများသည် တိတ်ဆိတ်လှသော တောထဲတွင် ညံ၍နေလေသည်။

ပုရောဟိတ် ဗိလဝန် ယာယီတဲနန်းသို့ ရောက်သွားသောအခါ နေသည် လုံးဝဝင်သွားခဲ့လေပြီ။ သို့ရာတွင် အနောက်ဖက် ကောင်းကင်တစ်ခွင်၌မူ ရွှေရောင်ခြည်များ တောက်ပနေတုန်းပင် ရှိသေး၏။ အနောက်ဖက် မြေပြန့်ပေါ်ရှိ ထူထပ်ညို့မှိုင်းနေသော တောတန်းတစ်ခွင်မှာ ရွှေရောင်ခြည် အရိပ်ထိုးနေသဖြင့် ငြိမ်သက်နေသော စိမ်းဖန့်ဖန့် ပင်လယ်သမုဒရာနှင့် အသွင်တူနေလေ၏။ စစ်သည် တပ်သားများသည် နက်ဖြန်ခါ ရှေ့ဆက်လက်ချီတက်ကြတော့မည်။ ရဃုပတိ သည် တပ်စိပ်တစ်စိပ်နှင့် စစ်သေနာပတိကိုခေါ်ပြီး လမ်းအရှာထွက်သွားလေရာ အခုထက်တိုင် ပြန်လည်ရောက်ရှိမလာကြသေးပေ။ ရဃုပတိမရှိသည့် အချိန် ကာလအတွင်း၌ နက္ခတ္တရာယ၏အထံသို့ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ခွင့် မပေးသော်လည်း ရသေ့အသွင်ဆောင်လာသော ဗိလဝန်ကိုမူ မည်သူကမျှ တားမြစ်ပိတ်ပင်ရမှန်း သတိမရကြပေ။

'ဗိလဝန်သည် နက္ခတ္တရာယ၏အနီးသို့ လာပြီးလျှင် ပြောလေ၏။ 'အရှင်မင်းကြီး၊ ဂေါဝိန္ဒမဏိကျက အရှင်မင်းကြီးကို တသပြီး ဟောဒီစာကို ရေးပေးလိုက်ပါတယ်'

ယင်းသို့ပြောပြီး စာကို နက္ခတ္တရာယအား ပေးလိုက်လေ၏။ နက္ခတ္တရာယ သည် တုန်နေသောလက်ဖြင့် စာကိုလှမ်းယူလိုက်လေ၏။ ထိုစာကို ဖွင့်ကြည့်ဖို့ရန် အတွက် သူသည် ရှက်သလိုလို ကြောက်သလိုလို ဖြစ်နေသည်။ ဂေါဝိန္ဒမဏိကျ နှင့် သူ၏အကြားတွင် ရဃုပတိကအဆီးအတားအဖြစ်ဖြင့် ရပ်တည်နေသရွေ့ နက္ခတ္တရာယသည်တင်းမာ၍နေသည်။ ဂေါဝိန္ဒမဏိကျ၏တမန် သူ့ထံ လာရပ်သည့်အခါ၌မူသူသည် စိတ်တစ်မျိုးပြောင်းသွား၏။ ရှုံ့သလိုလို ဖြစ်သွား၏။ အကယ်၍ ရဃုပတိရှိနေလျှင် ဒီတမန်ကို သူ့ထံ ဝင်ခွင့်ပေးမှာ မဟုတ်ဘူးဟုလည်း စဉ်းစားနေမိသည်။ စိတ်ထဲတွင် ချီတုံချတုံ အကြာကြီး ဖြစ်နေပြန်သည်။ နောက်မှ စာကို ဖွင့်ဖတ်လေ၏။

စာထဲတွင် ဂေါဝိန္ဒမဏိကျက သူ့ကို အနည်းငယ်မျှ ပြစ်တင်ရှုတ်ချထားခြင်း မရှိပေ။ သူအရှက်ရသွားစေမည့် စကားမျိုးကိုလည်း တစ်ခွန်းတစ်ပါဒမျှ

သုံးထားသည်ကို မတွေ့ရပေ။ ဂေါဝိန္ဒမဏိကျသည် သူ့ညီကို နည်းနည်းကလေးမျှ မောက်မာမှု၊ တင်စီးမှုမပြပေ။ နက္ခတ္တရာယ စစ်တပ်နဲ့ချီတပ်ပြီး တိုက်ခိုက်ရန် လာသည်ဆိုသည့်အကြောင်းကိုပင် သူ့စာတွင် ဘယ်နေရာမှာမျှ ဖော်ပြထားခြင်း မရှိပေ။ ညီအစ်ကိုနှစ်ဦး၏အကြားတွင် ယခင်အခါက ရှိခဲ့သောသဘောထား သည် ယခုလည်း ဖောက်ပြန်ပျက်စီးခြင်းမရှိပဲ တည်မြဲနေတုန်းပင် ဖြစ်သည်။ စာတစ်ခုလုံးတွင် ရေးသားထားသည်မှာ သူ၏နက်နဲသော ချစ်ခင်ကြင်နာခြင်းနှင့် ဝမ်းနည်းခြင်းအကြောင်းသာလျှင် ဖြစ်နေပေ၏။ သို့ဖြစ်၍ ထိုစာကို ဖတ်လိုက် ရသည့် နက္ခတ္တရာယသည် စိတ်နှလုံးအထူးထိခိုက်သွားလေ၏။

စာကို ဖတ်ရင်း ဖတ်ရင်းနှင့် သူ၏မျက်နှာ အမူအရာမှာ တဖြည်းဖြည်း ပြောင်းလဲသွားလေ၏။ သူ၏နှလုံးပေါ်၌ ဖုံးအုပ်ထားသော ကျောက်သား အဖုံးသည် အစိတ်စိတ် အမွှာမွှာ ကွဲအက်သွားလေပြီ။ စာသည် သူ၏ တုန်နေသော လက်ထဲတွင် လှုပ်ရမ်း၍နေသည်။ သူသည် ထိုစာကို အတန်ကြာစွာ ဦးခေါင်းပေါ်တင်ထား၏။ ထို့နောက် အဖန်ဖန် အထပ်ထပ် ပြန်ဖတ်၏။ ထိုစာ၌ ရေးထားသော နောင်တော်၏ ဆုတောင်းမေတ္တာသည် အေးမြသော စမ်းရေအလျဉ်ကဲ့သို့ သူ၏ပူလောင်နေသော နှလုံးသားပေါ်တွင် စီးကျနေလေ၏။ အချိန်အတန်ကြာမြင့်သည့်တိုင်အောင် နက္ခတ္တရာယသည် စိတ်လက် မချမ်းမသာ ဖြစ်ပြီးလျှင် အလွန်အလှမ်းဝေးကွာသည့် အနောက်ဘက်ရှိ ညနေဆည်းဆာ ရောင်ဖြင့် တင့်တယ်လှပ၍နေသော ညို့ညို့မှိုင်းမှိုင်း တောတန်းတခွင်ဘက်သို့ ငေးမျှော်ကြည့်ရှုနေမိလေ၏။ အရပ်ထက်ဝန်းကျင်ရှိ တိတ်ဆိတ်၍နေသော ညနေဆည်းဆာသည် ငြိမ်သက်နေသည့် ပင်လယ်သမုဒ္ဒရာပမာ သာယာ တင့်ရွှန်း၍ နေလေ၏။ ကြည့်ရင်းကြည့်ရင်းပင် သူ၏မျက်လုံးများ၌ မျက်ရည်များ စို့လာပြီးလျှင် ပါးပြင်ပေါ်သို့ စီးကျလာသည်ကို တွေ့ရ၏။ နက္ခတ္တရာယသည် ရှက်ခြင်း၊ နောင်တရခြင်းတို့ကြောင့် သူ့လက်နှစ်ဘက်ဖြင့် မျက်နှာကို အုပ်လိုက်လေသည်။ ထို့နောက် ငိုပြီးပြောပြလေသည်။

'ညီတော် ထီးနန်း စည်းစိမ်ကို အလိုမရှိတော့ပါဘူး နောင်တော်။ ညီ တော်ရဲ့အပြစ်တွေကို တစ်ခုမကျန် ခွင့်လွှတ်ပြီး ညီတော်ကို နောင်တော့်ခြေရင်းမှာ ခိုလှုံခွင့်ပေးပါတော့။ ညီတော် နောင်တော့်အနားမှာပဲ နေပါရစေ။ ညီတော်ကို နောက်ထပ် နှင် မထုတ်ပါနဲ့'

ဗိလဝန်သည် စကားတစ်ခွန်းမျှ မပြောပေ။ တိတ်တဆိတ်ထိုင်ပြီး ချစ်ကြည်လေးစားသော အကြည့်ဖြင့်သာလျှင် ကြည့်နေလေ၏။ ထို့နောက် နက္ခတ္တရာယ အနည်းငယ်ဆောက်တည်ရာရလာရာမှ ပြောလေ၏။ 'ညီတော်

မင်းသား၊ ဂေါဝိန္ဒမဏိကျ ညီတော်မင်းသား လာမယ့်လမ်းကို ေမျှော်စောင့်စားနေပါတယ်။ သိပ်အချိန်ဖင့်နွဲ့မနေပါနဲ့တော့'

နက္ခတ္တရာယက မေးလိုက်လေ၏။

'သူ ကျွန်ုပ်ကို ခွင့်လွှတ်ပါ့မလား'

'သူလား၊ သူက ညီတော်မင်းသားကို နဲနဲလေးမှ စိတ်မကွက်ဘဲဟာ ဘာဖြစ်လို့ ခွင့်မလွှတ်ရမှာလဲ။ ညဉ့်နက်သွားရင် လမ်းသွားဖို့ အခက်အခဲတွေ့လိမ့်မယ်။ မြင်းတစ်ကောင်ကို အမြန်စီစဉ်လိုက်ပါ။ တောင်ခြေမှာ ဘုရင်ကြီးရဲ့ အထောက်တော် စောင့်နေပါတယ်'

'ကျွန်ုပ် တိတ်တိတ်ကလေး လိုက်မယ်။ တပ်သားတွေကို ပြောနေလို့ မဖြစ်တော့ဘူး။ မြန်နိုင်သမျှ မြန်မြန် ဒီက ထွက်မှ ဖြစ်လိမ့်မယ်'

'ညီတော်မင်းသား ပြောတာမှန်ပါတယ်'

'ငါ သုံးပွင့်ဆိုင်တောင်ထိပ်ကို ဟောဒီ ရသေ့နဲ့အတူ သိဝနတ်ပူဇော်ဖို့ သွားဦးမယ်' ယင်းသို့ပြောပြီးလျှင် နက္ခတ္တရာယသည် ဗိလဝန်နှင့်အတူ မြင်းစီးလျက် ထွက်သွားလေ၏။ အခြွေအရံတပ်သားအချို့က နောက်က လိုက်လိုလှသော်လည်း နက္ခတ္တရာယသည် မလိုက်ရန် တားမြစ်ပိတ်ပင်ထားခဲ့လေသည်။

သူတို့ အပြင်ဘက်ထွက်ခါရှိသေး မြင်းခွာသံများနှင့် စစ်သည်တပ်သားတို့၏ ဆူညံသံကို ကြားရလေ၏။ နက္ခတ္တရာယသည် အထူးပင် ထိတ်လန့်သွားလေသည်။ တခဏအတောအတွင်းမှာပင် ရဃုပတိသည် စစ်သည်တပ်သားများနှင့်အတူတကွ ရောက်ရှိလာလေ၏။ ရောက်လာသည်နှင့် တစ်ပြိုင်နက် 'အရှင်မင်းကြီး၊ ဘယ်ကြွမလို့လဲ' ဟု လှမ်းမေးလိုက်လေ၏။ နက္ခတ္တရာယသည် မည်သို့မျှ ပြန်မဖြေတတ် ဖြစ်နေသည်။

နက္ခတ္တရာယ နှုတ်ပိတ်နေသည်ကို တွေ့ရ၍ ဗိလဝန်က ဝင်ပြောလေ၏။

'ဂေါဝိန္ဒမဏိကျဘုရင်နဲ့ တွေ့ရအောင် သွားမလို့'

ရဃုပတိသည် ဗိလဝန်ကို ခြေဆုံးခေါင်းဆုံး တစ်ကြိမ်ကြည့်လိုက်လေ၏။ ထို့နောက် မျက်မှောင်ကြုတ်ပြီးလျှင် သူ့ကိုယ်သူထိန်းလျက် ပြောလေ၏။

' ဒီနေ့ ဒီလို အချိန်မတော်ကြီးမှာ ကျွန်ုပ်တို့ ကိုယ့်ဘုရင်မင်းကြီးကို သွားခွင့်မပြုနိုင်ပါဘူး၊ ဒါလောက် လောနေစရာလဲ မလိုပါဘူး၊ နက်ဖြန်ခါ ဒီမနက်ကျရင် ခရီးထွက်ရတော့မှာပဲဟာ၊ ဟုတ်တယ်မဟုတ်လား အရှင်မင်းကြီး' နက္ခတ္တရာယသည် အသံတိမ်တိမ်ကလေးဖြင့် ပြောလေ၏။

'ဟုတ်တယ်၊ နက်ဖြန်ခါမနက်ပဲ သွားတော့မယ့်ဟာ၊ ဒီနေ့ အချိန်မကောင်း

တော့ပါဘူး၊ မိုးချုပ်သွားပြီ'

ဗိလဝန်သည် အကြီးအကျယ် စိတ်ပျက်သွားပြီးလျှင် ထိုညအဖို့ ယာယီတဲတစ်ခု၌သာ အိပ်နေရ၏။ နောက်တစ်နေ့ နံနက်မိုးလင်းသည့်အခါ သူသည် နက္ခတ္တရာယဆီသို့ သွားဖို့ရန် ကြိုးစားသေးသည်။ သို့ရာတွင် အစောင့်များက သူ့ကို သွားခွင့်မပြုပေ။ လေးဘက်လေးတန်တွင် အစောင့်အကြပ်များ တင်းကြပ်စွာ ချထားလေသည်။ ဘယ်နည်းနှင့်မျှ မဝင်နိုင်အောင် ဖြစ်နေသည်။ နောက်ဆုံးတွင် ဗိလဝန်သည် ရဃုပတိဆီသွားပြီး 'ခရီးထွက်ဖို့ အချိန်ကျပြီ၊ ညီတော်မင်းသားကို သွားပြီး အကြောင်းကြားပါတော့' ဟု ပြောလေ၏။

'ဘုရင်မင်းကြီးက မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ'

'ကျွန်ုပ် သူနဲ့ တစ်ခါလောက် တွေ့ပါရစေ'

'တွေ့ဖို့ မလိုတော့ဘူးလို့ သူက ပြောထားတယ်'

'ဘုရင် ဂေါဝိန္ဒမဏိကျအတွက် သူ့ဆီက ပြန်ကြားချက်ရဖို့ လိုနေပါတယ်'

'ပြန်ကြားချက်အရင်တစ်ခါက ပေးပြီးမှပဲ'

ကျွန်ုပ် သူ့ပါးစပ်နဲ့ကိုယ်တိုင်ပြောတဲ့ ပြန်ကြားချက်ကို နားထောင်ချင်ပါတယ်'

'ကျွန်ုပ် ဘာမှ မတတ်နိုင်ဘူး'

နောက်ထပ် ကြိုးစား၍လည်း အပိုပင်ဖြစ်မည်ဟု ဗိလဝန်သဘောပေါက်သွားလေ၏။ အချိန်ကုန် လူပန်းဖြစ်ရုံမှတစ်ပါး ဘာမျှအကျိုးထူးတော့မည် မဟုတ်။ ယင်းသို့တွေးတောပြီး သူသည် ထွက်သွားလေ၏။ ရဃုပတိကိုမူ ပြောပစ်ခဲ့သည်။ 'ဗြဟ္မဏ၊ သင်ဘာဖြစ်လို့ ဖျက်လို့ဖျက်ဆီး လုပ်နေရတာလဲ၊ ဒါ ဗြာဟ္မဏအလုပ်လား'

## အခန်း (၃၅)

နက္ခတ္တရာယ၏ ယာယီတဲနန်းမှ ဗိလဝန် ပြန်ရောက်လာသောအခါ ဂေါဝိန္ဒမဏိကျ ဘုရင်မင်းကြီးက 'ကုကီ' အမျိုးသား စစ်တပ်များကို ငွေကြေး အထိုက်အလျောက်ပေးပြီး ပြန်လွှန်လိုက်ပြီဖြစ်ကြောင်း သိရလေ၏။ ထိုစစ်သည် တပ်သားများသည် စစ်မတိုက်ရတော့သဖြင့် တိုင်းပြည်အနှံ့အပြားတွင် ရမ်းကားစ ပြုကြလေတော့၏။ တရိပူရ စစ်တပ်ကိုလည်း ဘုရင်မင်းကြီးသည် ဖျက်ဆီး ပစ်လိုက်လေသည်။ ဘုရင်မင်းကြီးအမိန့်ဖြင့် တရိပူရစစ်သားများသည် အသီးသီး ကိုယ့်အိမ်ကိုပြန်သွားကြလေပြီ။ စစ်တိုက်ခိုက်မည့် အရိပ်အရောင်ဟူ၍ မရှိတော့ပေ။ ဗိလဝန်သည် ဘုရင်မင်းကြီးအား အကြောင်းခြင်းရာ ဥသုံကို လျှောက်ထား ပြောပြလေ၏။

ဘုရင်က ပြောလေသည်။

'ဒီလိုဆိုရင် ပုရောဟိတ်ကြီး၊ ကျွန်ုပ်သွားပါရ စေတော့။ နက္ခတ္တအတွက် ထီးနန်းစည်းစိမ်ကို ထားခဲ့ပြီး ကျွန်ုပ်တော့ သွားတော့မယ်'

'အရှင်မင်းကြီး၊ ခိုကိုးရာမဲ့နေတဲ့ ပြည်သူပြည်သားတွေကို သူတစ်ပါးရဲ့ လက်ထဲ ဝကွက်အပ်ပြီး ကိုယ်လွတ်ရုန်းသွားမယ်လို့ ရည်ရွယ်ထားသလား၊ အဲဒီလို ကိုယ်လွတ်ရုန်း ပြေးထွက်သွားဖို့ အကြံကိုတော့ ကျွန်ုပ် ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး။ ကိုယ့်သားသမီးကို မိထွေးလက်ထဲ အပ်ထားပြီး စိတ်ချ လက်ချနေလို့ ရမှာတဲ့လား၊ အဲဒီလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

'ပုရောဟိတ်ကြီး ပြောလိုက်တဲ့စကားဟာ ကျွန်ုပ်ရဲ့အသဲနှလုံးမှာ စူးဝင်သွား ပါတယ်၊ ဒီတခါတော့ သည်းခံပါ ပုရောဟိတ်ကြီး၊ ကျွန်ုပ်ကို နောက်ထပ် ဘာမှ မပြောနဲ့တော့၊ ကျွန်ုပ်သွားမယ့်လမ်းကို မဟန့်တားချင်ပါနဲ့၊ ကျွန်ုပ်

သွေးမြေမကျစေရဘူးလို့ အဓိဋ္ဌာန်ပြုထားတာ ပုရောဟိတ်ကြီး အသိမဟုတ်လား၊ ကျွန်ုပ် အဲဒီအဓိဋ္ဌာန်ကို ဘယ်နည်းနဲ့မှ မဖျက်နိုင်ဘူး ပုရောဟိတ်ကြီး'

'ဒါဖြင့် အရှင်မင်းကြီး အခု ဘယ်လိုလုပ်မယ်လို့ ကြံရွယ်သလဲ'

'နားထောင်ပါ၊ ပြောပြမယ်၊ ကျွန်ုပ် ခုဝကိုခေါ်ပြီး တောထဲကို သွားတော့မယ်၊ ကျွန်ုပ်ရဲ့ဘဝဟာ ပြည့်စုံအောင်မြင်မှုကို မရခဲ့ဘူး၊ ပြုလုပ်မယ်လို့ ရည်ရွယ်မှန်းထားတဲ့ အလုပ်တွေကို ဘာတစ်ခုမျှ မပြုလုပ် မဆောင်ရွက်ရသေးဘူး၊ ကုန်ဆုံး ကျော်လွန်သွားခဲ့တဲ့ ဘဝရဲ့အစိတ်အပိုင်းကို တစ်ဖန် ပြန်လှည့်လာစေပြီး နည်းသစ်အသွင်သစ်နဲ့ ပုံသွင်းလို့မရနိုင်တော့ဘူး၊ မသိမမြင်အပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးက ကျွန်ုပ်တို့တစ်တွေကို မြှားကဲ့သို့ ပစ်လိုက်တယ်လို့ ကျွန်ုပ်ထင်တယ်။ ရည်မှန်းချက်ပစ်ကွင်းကိုရောက်မယ့်လမ်းက နဲနဲကလေးလွဲသွားရင် နောက်ထပ်အကြိမ်တစ်ရာ၊ အကြိမ်တစ်ထောင် ကြိုးစားအားထုတ်ပေးတဲ့ ရည်ရွယ်ချက်ပစ်ကွင်းဘက် ပြန်လှည့်လာဖို့ မလွယ်တော့ဘူး။ ဘဝရဲ့ အစပိုင်းလောက်ကတည်းက ကျွန်ုပ်ဟာ အဲဒီရည်မှန်းချက်ပစ်ကွင်းကို သွားတဲ့လမ်းက လွဲချော်ခဲ့တယ်။ ဒါ့ကြောင့်မို့ ကျန်ရှိတဲ့အချိန်ကာလမှာ ကျွန်ုပ်ဟာ အဲဒီရည်မှန်းချက်ပစ်ကွင်းကို ရှာလို့ရတော့မှာမဟုတ်ဘူး။ ကြံတိုင်းလဲ မဖြစ်ဘူး။ နီးကြားနေပြီး ကိုယ့်ကိုယ်ကို ကာကွယ်နိုင်တဲ့ အခြေရှိတဲ့ အခါတုန်းကတော့ ကျွန်ုပ်ဟာ သတိလက်လွတ်ဖြစ်နေခဲ့တယ်၊ နစ်မြုပ်သွားတဲ့အချိန်ကျတော့ သတိ ပြန်ရလာတယ်။ ပင်လယ်သမုဒ္ဒရာထဲမှာ ရေနစ်တဲ့အခါ လူတွေဟာ ဆွဲမိဆွဲရာ သစ်ကိုင်းခြောက်ကို လှမ်းဆွဲသလိုပဲ ကျွန်ုပ်လဲပဲ ခုဝကလေးကို လှမ်းဆွဲထားရတယ်။ ခုဝရဲ့အကူအညီနဲ့ပဲ ကမ်းကိုအရောက်ကူးတော့မယ်။ ကျွန်ုပ် ခုဝကို အစကနဦးကစပြီး လူတစ်လုံးသူတစ်လုံးဖြစ်အောင် လုပ်မယ်။ အဲဒီလိုလုပ်ရင်းနဲ့ ကျွန်ုပ်လဲ ကျွန်ုပ်ရဲ့လူ့ဘဝကို အကျိုးကျေးဇူးများအောင် အောင်မြင်မှုရအောင် ပြုပြင် နေထိုင်သွားမယ်။ ပုရောဟိတ်ကြီး၊ ကျွန်ုပ်ဟာ လူတစ်ယောက်လို့တောင် ခေါ်သင့်ခေါ်ထိုက်တဲ့လူ မဟုတ်သေးဘူး။ ဘုရင်အဖြစ်နဲ့ နေလို့ကော ဘာလုပ်မှာလဲ'

ဘုရင်မင်းကြီးသည် အဆုံးဝါကျကို စိတ်ပါလက်ပါနှင့် ခပ်ကျယ်ကျယ်ပင် ပြောချလိုက်လေ၏။ ထိုစကားကို ကြားလိုက်ရသဖြင့် ခုဝသည် ဘုရင်မင်းကြီး ဒူးခေါင်းပေါ်တွင် သူ့ခေါင်းကလေးဖြင့် ခွေပြီး 'ကျွန်တော်ဘုရင်' ဟု ပြောလိုက်လေ၏။

ဗိလဝန် ပုရောဟိတ်သည် ပြုံးရယ်ပြီးလျှင် ခုဝကို ကောက်ချီလိုက်လေ၏။ ၎င်း၏မျက်နှာကို အချိန်အတန်ကြာမျှ ကြည့်နေပြီးလျှင် ဘုရင်မင်းကြီးအား

ပြောလေ၏။

'တောထဲမှာ လူတစ်လုံး သူတစ်လုံး လုပ်လို့ရပါ့မလား၊ တောထဲမှာက သစ်ပင်လောက်ပဲ ကြီးထွား သန်မာအောင် လုပ်လို့ရတာ၊ လူအဖို့အရာ ကတော့ လူတောထဲမှာနေမှသာ ကြီးပွားတိုးတက်အောင် လုပ်လို့ရမှာ မဟုတ်လား'

ဘုရင်က ပြန်ပြောလေ၏။

'ကျွန်ုပ်တောထဲကို သွားတာက လူ့လောကနဲ့ အတန်ငယ် ကင်းကွာသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့သွားတာ၊ လူ့လောကနဲ့ အဆက်အသွယ်ကိုတော့ လုံးဝ ဖြတ်လိုက်မှာ မဟုတ်ဘူး။ အဲဒီလို လုပ်တာကလဲ တစ်သက်လုံးအတွက် မဟုတ်ဘူး၊ အချိန်ကာလ အပိုင်းအခြားနဲ့ပါ'

တစ်ဖက်၌မူ နက္ခတ္တရာယသည် စစ်တပ်နှင့်တကွ ချီတက်လာခဲ့ရာ မြို့တော်အနီးသို့ ရောက်ရှိလာလေ၏။ သူတို့သည် ပြည်သူပြည်သားတို့၏ ဥစ္စာရွှေငွေ၊ ဆန်ရေစပါးများကို လုကြယက်ကြလေ၏။ တိုင်းသူပြည်သားတို့ကမူ သူတို့တွေ့ကြုံခံစားရသည့် ဆင်းရဲဒုက္ခအတွက် ဘုရင် ဂေါဝိန္ဒမဏိကျ ကိုသာ လျှင် ဆဲရေးတိုင်းထွာကြ၏။ ယင်းသို့ဖြစ်ရခြင်းမှာ ဘုရင်၏အပြစ်ကြောင့်သာလျှင် ဖြစ်သည်ဟု သူတို့သည် ဘုရင့်အပေါ်သို့သာလျှင် အပြစ်ကို ပုံချကြလေသည်။

ဘုရင်မင်းကြီးသည် ရဃုပတိနှင့် တစ်ကြိမ်လောက် တွေ့ဆုံချင်သည့် စိတ်ဆန္ဒ ပေါ်ပေါက်လာလေ၏။ ရဃုပတိကို အခေါ်ခိုင်းသဖြင့် ရဃုပတိ ရောက်လာသည်။ ဘုရင်က ရဃုပတိကို ပြောပြလေသည်။ 'တိုင်းသူပြည်သားတွေကို ဘာဖြစ်လို့ အကြောင်းမဲ့ နှိပ်စက်နေရတာလဲ၊ ကျွန်ုပ် နက္ခတ္တရာယအတွက် ထီးနန်းကိုစွန့်ပြီး ထွက်သွားမယ်လို့ ရည်ရွယ်ထားတယ်၊ မဂိုစစ်တပ်ကို ပြန်လွှတ်လိုက်ပါ'

'အရှင်မင်းကြီး အမိန့်ရှိတဲ့အတိုင်း လုပ်ပါ့မယ်။ အရှင်မင်းကြီး ထွက်သွားတာနဲ့တစ်ပြိုင်နက် မဂိုစစ်တပ်ကိုလဲ ပြန်လွှတ်လိုက်ပါ့မယ်၊ 'တရိပူရ' ဒုက္ခရောက်နေတာကို ကျွန်ုပ်လဲ မကြည့်ရက်ပါဘူး'

ဘုရင်မင်းကြီးသည် ထိုနေ့တွင်ပင် ထီးနန်းစွန့်ပြီး ထွက်ခွာသွားဖို့ ပြင်ဆင်လေ၏။ ဘုရင့်အသွင်ကို ဖျောက်ပြီး သစ်ခေါက်ဆိုးအဝတ်ကို ဝတ်လေ၏။ နက္ခတ္တရာယအား မင်းကျင့်တရားနှင့်ပတ်သက်၍ ညွှန်ကြားပြောပြသည့် စာတစ်စောင်ကို အလွန်နူးညံ့ပျော့ပျောင်းစွာ ရေးပြီး ထားခဲ့လေ၏။

နောက်ဆုံးတွင် ဘုရင်သည် ဓုဝကို ကောက်ချီလိုက်ပြီးလျှင် 'ဓုဝမင်း ငါနဲ့အတူ တောထဲကို လိုက်ခဲ့မလား' ဟု မေးလေ၏။

ဓုဝက ဘုရင်၏ လည်ပင်းကိုဖက်ပြီး ပြန်ဖြေသည်။

'လိုက်မှာပေါ့'

ထိုအခိုက် ဓုဝကို ခေါ်သွားဖို့ရန်အတွက် သူ့ဦးကြီးဆီက အခွင့်တောင်းရန် လိုအပ်သည်ဟု သတိရလာသဖြင့် ဘုရင်မင်းကြီးသည် ကေဒါရေရွှရကို အခေါ် ခိုင်းလေ၏။ ရောက်လာသောအခါ ကေဒါရေရွှအား ပြောပြသည်။

'ကေဒါရေရွှရ၊ သင်သဘောတူရင် ကျွန်ုပ် ဓုဝကို ကျွန်ုပ်နဲ့အတူ ခေါ်သွား မလို့၊ အဲ့ဒါ ဘယ်လိုသဘောရသလဲ'

ဓုဝသည် တစ်နေ့လုံး တစ်ညလုံး ဘုရင်မင်းကြီးနှင့်သာလျှင်နေသည်။ သို့ဖြစ်၍ သူ့ဦးကြီးနှင့် ရင်းနှီးမှုသိပ်မရှိတော့ပေ။ ခပ်စိမ်းစိမ်း ဖြစ်နေလေ၏။ ထို့ကြောင့် ဓုဝကို သူနှင့်အတူ ခေါ်သွားရာ၌ သူ့ဦးကြီး ကေဒါရေရွှရက ထွေထွေထူးထူး ကန့်ကွက်လိမ့်မည် မဟုတ်ဟု ဘုရင်မင်းကြီးက အထင်ရှိ လေသည်။

ဘုရင်၏စကားကို ကြားရသည့်အခါ ကေဒါရေရွှရက ပြောလေ၏။

'ကျွန်တော်မျိုး ဘယ်လိုလုပ်ပြောရမလဲ အရှင်မင်းကြီး'

ထိုစကားကို ကြားရသောအခါ ဘုရင်မင်းကြီးသည် မျက်စိများ ပြာသွား လေ၏။ သူ့အပေါ်တွင် မိုးကြိုးပစ်ချလိုက်သကဲ့သို့ ထင်ရလေသည်။ သူသည် အချိန်အတန်ကြာမျှ တွေဝေစဉ်းစားနေပြီးနောက် ပြောလေ၏။

'ကေဒါရေရွှရ၊ သင်လဲပဲ ကျွန်ုပ်နဲ့ အတူလိုက်ခဲ့ပါ'

'မလိုက်ပါရစေနဲ့ အရှင်မင်းကြီး၊ ကျွန်တော်မျိုး တောထဲကို မသွားချင်ပါဘူး'

ဘုရင်မင်းကြီးသည် ထပ်ပြီး ပြောပြန်လေ၏။

'ကျွန်ုပ် တောထဲကို မသွားပါဘူး၊ ဥစ္စာရွှေငွေ၊ အခြွေအရံ သင်းပင်းတွေနဲ့ မြို့ထဲမှာပဲ နေမယ်'

'ကျွန်တော်မျိုး ကိုယ့်ရပ်ကိုယ့်ရွာကို ခွာမသွားနိုင်ပါဘူး'

ဘုရင်မင်းကြီးသည် မည်သို့မျှ ဆက်မပြောတော့ပဲ သက်ပြင်းကြီးကိုသာ တစ်ချက်မှုတ်ထုတ်လိုက်လေ၏။ သူ၏မျှော်လင့်ချက်အပေါ်၌ ဆီးနှင်းဖုံးလွှမ်း သွားလေပြီ။ ခဏအတောအတွင်းမှာပင် ပထဝီမြေကြီးသည် သူ့အတွက် ဖောက်ထိုးမိုးမျှော် ဖြစ်သွားသည်ဟု အောက်မေ့ရလေသည်။ ဓုဝသည် သူ့ ဘာသာသူ ကစားနေလေ၏။ ဘုရင်မင်းကြီးသည် သူ့ကို အချိန်အတန်ကြာမျှ ငေးစိုက်ကြည့်ရှုနေသည်။ ထို့နောက် ဓုဝက ဘုရင်မင်းကြီး၏ အဝတ်စကိုဆွဲပြီး 'လာပါ ကစားရအောင်' ဟု ဆွဲခေါ်လေ၏။ ဘုရင်၏နှလုံးသည် အရည်ပျော်ပြီး မျက်လုံးထဲမှ ထွက်လာသကဲ့သို့ထင်ရသည်။ သူသည် မျက်ရည်များကို

အနိုင်နိုင် ချုပ်တည်းထားလေ၏။ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ပြီးလျှင် အက်ကွဲနေသော နှလုံးသားဖြင့် ပြောလေ၏။

'ဒါဖြင့် ခုဝ ဒီမှာနေခဲ့တော့၊ ငါတစ်ယောက်ထဲ သွားတော့မယ်'

ဘဝ၏ကြွင်းကျန်လျက်ရှိသေးသော ကန္တာရခရီးခဲကြီးမှာ လျှပ်စက် ပြက်လိုက်သကဲ့သို့ သူ၏မျက်လုံးထဲတွင် အထင်းသားအကွင်းသား ပေါ်လာ လေ၏။

ကေဒါရေဋ္ဌရသည် ခုဝကစားနေသည်ကို ဖျက်လိုဖျက်ဆီးလုပ်ပြီး 'လာ ငါနဲ့ လိုက်ခဲ့' ဟု ပြောပြောဆိုဆို လက်ကို အတင်းဆွဲခေါ်လေ၏။ ခုဝက ငိုပြီး 'ဟင့်အင်း မလိုက်ဘူး' ဟု ပြောလေ၏။

ဘုရင်သည် အံ့အားသင့်ပြီး ခုဝဘက်သို့ လှည့်ကြည့်လိုက်လေ၏။ ခုဝသည် ဘုရင်မင်းကြီးဆီကို ပြေးသွားပြီးလျှင် ဘုရင်မင်းကြီးအား အတင်းဖက်လျက် ဘုရင်မင်းကြီး ဒူးနှစ်ဖက်ကြားထဲတွင် မျက်နှာကလေးကိုဝှက်ထားလေ၏။ ဘုရင်မင်းကြီးသည် ခုဝကို ပွေ့ချီလိုက်ပြီးလျှင်သူ၏နှလုံးသားဖြင့် ကပ်ထား လေ၏။ သူ၏ကျယ်ပြန့်သော နှလုံးသည် ကွဲထွက်မည့်ဆဲဆဲ ဖြစ်နေသည်။ သို့ရာတွင် ခုဝကလေးကို ရင်မှာကပ်ထားသဖြင့် နှလုံးတွင် အအေး ဓာတ်ရလာ လေ၏။ ဘုရင်ကြီးသည် ထိုနည်းအတိုင်း ခုဝကို ရင်မှာအပ်ပြီး အခန်းထဲတွင် လူးလာတုံ့ခေါက် လျှောက်၍နေ၏။ ခုဝသည် သူ၏ ပခုံးပေါ်တွင် ဦးခေါင်း ကလေးမှေးတင်ပြီး ငြိမ်သက်၍နေလေသည်။

ခရီးထွက်မည့်အချိန်သို့ ရောက်လာလေ၏။ ရင်ခွင်ထဲတွင် အိပ်ပျော်နေသည်။ အိပ်ပျော်နေသော ခုဝကို မိမိ၏ရင်ခွင်ထဲမှ ဖြေးညှင်းစွာ ကေဒါရေဋ္ဌရလက်ထဲသို့ ပေးခဲ့ပြီးလျှင် ဘုရင်မင်းကြီးသည် ထွက်ခွာလာခဲ့လေ၏။

မြန်မာ့စာအုပ်တိုက်
http://myanmarpyithar.net

# အခန်း (၃၆)

စစ်သည်တပ်သားများနှင့်တကွ နက္ခတ္တရာယသည် နေပြည်တော်ထဲသို့ အရှေ့ဘက်တံခါးဝမှ ဝင်လာလေ၏။ ပစ္စည်းဥစ္စာအချို့ကို ယူခဲ့ပြီး အခြွေအရံနှင့်တကွ ဂေါဝိန္ဒမဏိကျသည် နေပြည်တော်၏ အနောက်ဘက်တံခါးမှ ထွက်သွားလေသည်။ ပြည်သူပြည်သားတို့သည် တူရိယာများကို တီးလျက် အောင်စည်အောင်မောင်းများကို ဆော်ရွှမ်းလျက်၊ ခရုသင်းများကို မှုတ်လျက်၊ အောင်ခွန်း အောင်သံများကို ဟစ်ကြွေးလျက် နက္ခတ္တရာယကို ကြိုဆိုကြလေ၏။ ဂေါဝိန္ဒမဏိကျ မြင်းစီးပြီး ထွက်သွားသည့် လမ်းတွင်ကား သူ့ကိုမည်သူကမျှ ဂုဏ်ပြုရစကောင်း၊ အရိုအသေပြုရစကောင်းဟု မအောက်မေ့ကြပေ။ လမ်းဘေးရှိ အိမ်များမှ ခပ်စွာစွာ မိန်းမများသည် လမ်းမသို့ထွက်ပြီး သူ့ကို ရေရွတ်ကြလေသည်။ ထမင်းငတ်နေသည်က တစ်ကြောင်း၊ သူတို့၏ကလေးများက တဆူဆူ တပူပူ လုပ်နေကြသည်က တစ်ကြောင်းကြောင့် သူတို့သည် အလိုလို စိတ်တိုနေကြ၏။ သူတို့အိမ်၌ စားစရာဆန်မရှိခြင်း၊ သူတို့ကလေးများ ထမင်းမစားရသဖြင့် တပူပူ တဆူဆူ ဖြစ်နေရခြင်း၏ တရားခံမှာ ဒီဘုရင်သာ ဖြစ်သည်ဟု သူတို့တွက်ကြလေသည်။ သရောကြီးခိုင်းသည့် တစ်ချိန်တုန်းက ဘုရင့်တံခါးဝသွားပြီး စားဖွယ်သောက်ဖွယ် တောင်းစားနေသည့် အမတ်ကြီးများ မှာလည်း လက်ညှိုးတငေါက်ငေါက်နှင့် ဘုရင်မင်းကြီးကိုရန်တွေ့နေကြသည်။ ကလေးငယ်များမှာလည်း သူတို့၏မိခင်များကသင်ပေးသဖြင့် လက်ခုပ်လက်ဝါး တီးလျက် ဘုရင်မင်းကြီးနောက်လိုက်ပြီး ပြောင်လှောင် သရော်ကြလေသည်။ လက်ဝဲလက်ျာ ဘေးနှစ်ဘက်ကို ဘယ်ဘက်မှ မကြည့်ဘဲ၊ ဘယ်သူ ပြောသည်ကိုမျှ ဂရုမစိုက်ဘဲ ဘုရင်မင်းကြီးသည် ဣန္ဒေရစွာနှင့်ပင် ခရီးသွား

လျက်ရှိ၏။ လယ်သမားတစ်ယောက်သည် သူ့လယ်တောမှ ပြန်လာလေသည်။ သူသည် ဘုရင်မင်းကြီးကိုတွေ့ရသောအခါ ကြည်ညိုလေးစားသော အမူအယာဖြင့် အရိုအသေပြုလိုက်လေ၏။ ဘုရင်မင်းကြီးသည် ရင်နင့်သွားလေသည်။ သူသည် မြင်းဇက်ကြိုးကိုဆွဲ၍ရပ်လိုက်ပြီး ထိုလယ်သမားထံမှ ချစ်ခင်ရင်းနှီးသော အမူအယာဖြင့် ထွက်ခွာသွားခွင့်ပေးဖို့ တောင်းပန်လေ၏။ သူ၏ ပြည်သူပြည်သား အားလုံးတို့တွင် ဘုရင်အဖြစ်က လျှော့ကျနေစဉ် သူ့အား ရိုသေလေးစားပြီး သူထွက်ခွာသွားသည်ကို ဝမ်းနည်းညှိုးငယ်သောအမူအယာဖြင့် ကြည့်ကျန်ရစ်သူမှာ ထိုလယ်သမားတစ်ဦးသာလျှင် ရှိပေ၏။ ဘုရင်မင်းကြီး၏နောက်သို့ လိုက်လျက် ဟားတိုက်ပြီး ပြောင်လှောင်သရော်နေကြသည့် ကလေးသူငယ်များကို တွေ့ရသည့်အခါ ထိုလယ်သမားသည် ဒေါသထွက်ပြီးလျှင် ထိုကလေးသူငယ်များအား မာန်မဲကြိမ်းမောင်းပြီး နှင်ထုတ်ပစ်လေ၏။ ဘုရင်မင်းကြီးက ထိုသို့ မလုပ်ရန် လယ်သမားအား တားမြစ်လိုက်လေသည်။

ထို့နောက်တွင် ဘုရင်မင်းကြီးသည် လမ်းနဘေး ကေဒါရေရွှရ အိမ်ရှိရာ နေရာသို့ ရောက်လာလေ၏။ ထိုအခါ သူသည် တောင်ဘက်သို့ တစ်ချက် စောင်းငဲ့ကြည့်လိုက်လေ၏။ ဆောင်းဦးတုန်နက်ခင်းအချိန် ဖြစ်လေသည်။ နှင်းထုကြီးကိုဖြိုခွဲပြီး ထွက်ပေါ်လာသော နေမင်း၏ရောင်ခြည်ကို တွေ့မြင်နေရပြီ။ အိမ်ကိုတွေ့လိုက်ရသောအခါ ဘုရင်မင်းကြီးသည် လွန်ခဲ့သည့် ဝါဆိုလ၏ တစ်နေ့သော နံနက်ခင်းက အကြောင်းကို ပြန်ပြောင်းသတိရလာလေသည်။ ကောင်းကင်၌ မိုးတိမ်များ မဲမှောင်နက်ချိတ်နေသည်။ မိုးကလည်း သည်းထန်စွာ ရွာနေသည်။၏ ကြုံလိုသေးကွေးသော အထွက်နှစ်ရက်နေ့ လခြမ်းကလေးကဲ့သို့ ဟာသီသည် သတိမေ့မျောပြီး ကုတင်ဘေးတွင် တစ်ဖက်စောင်းကလေး အိပ်နေရှာသည်။ သူငယ်ကလေး တာတာကမူ ဘာမျှမသိရှာဘဲ သူ့အင်္ကျီစကလေးကို ပါးစပ်နှင့်ကိုက်ရင်း သူ့မမ၏မျက်နှာကို ကြည့်လိုက်။ သူ့လက်ချောင်းကလေးဖြင့် သူ့မမ၏မျက်နှာကို ပွတ်လိုက်လုပ်နေသည်။

ဘုရင်ကြီးသည် တစ်ခုပြီးတစ်ခု သတိရလာ၏။ ယနေ့ နတ်တော်လ နှင်းစွတ်စိုရွှဲနေသော လတ်ဆတ်သန့်ရှင်းသည့် နံနက်ခင်းသည် ဝါဆိုလ၏ မိုးတိမ်အုံ့ဆိုင်းနေသော နံနက်ခင်းတွင် ကွယ်ပျောက်နေသကဲ့သို့ ရှိသည်။ ဘုရင်မင်းကြီးသည် ဤကဲ့သို့ အတွေးပေါ်လာလေသည်။ ယနေ့ သူ့ကို ဘုရင်အဖြစ်က လျှော့ကျစေခဲ့ပြီး ဂုဏ်သိက္ခာကင်းမဲ့စွာဖြင့် နေအိမ်က နှင်ထုတ်လိုက်သော မမြင်အပ်သည့်အရာသည်ပင်လျှင် ဤသေးငယ်သော အိမ်တံခါးဝ၌ ဝါဆိုလ၏မှိုင်းညို့နေသည့် နံနက်ခင်းက သူ၏လမ်းကို ကြည့်နေခဲ့လေသည်။

ဤနေရာ၌သာလျှင် ထိုမမြင်အပ်သည့်အရာနှင့် ပထမဆုံးတွေ့ခြင်း ဖြစ်လေသည်။ ဘုရင်မင်းကြီးသည် တွေဝေစဉ်းစားပြီးလျှင် ထိုအိမ်၏ရှေ့၌ ခဏရပ်လိုက်လေ၏။ ထိုအချိန်၌ လမ်းပေါ်တွင် သူ၏နောက်လိုက်ခြွေရံမှတစ်ပါး အခြား မည်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ဘုရင်မင်းကြီးနောက် ဟားတိုက်ပြီး လိုက်လာကြသော ကလေးသူငယ်များသည် လယ်သမားက မောင်းထုတ်လိုက်သည်ဖြစ်၍ တိမ်းရှောင်ထွက်ပြေးသွားကြလေ၏။ သို့ရာတွင် လယ်သမား အဝေးသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် သူတို့သည် တစ်ခါပြန်ပြီး ဝိုင်းအုံလာကြပြန်လေသည်။ ထိုသူငယ်များ၏ ဆူဆူညံညံအသံကို ကြားရမှ ဘုရင်မင်းကြီးသည် အသိပြန်ရလာပြီးလျှင် သက်မကြီးတစ်ချက် ချလိုက်ပြီးနောက် ဖြေးညှင်းလေးကန်စွာဖြင့် ခရီးဆက်လက်ထွက်ခွာသွားလေ၏။

ထိုသူငယ်တို့၏ ဆူဆူညံညံအသံကြားထဲမှ ချိုသာသော အသံတစ်သံသည် ရုတ်တရက် ဘုရင်မင်းကြီးနားထဲ ဝင်ရောက်လာလေသည်။ သူငယ် ခုဝကလေး လက်နှစ်ဖက်ကို ဆန့်တန်းပြီး ပြုံးကာရယ်ကာနှင့် သူ့ဘက်သို့ အတင်းပြေးလာသည်ကို ဘုရင်ကြီးမြင်ရလေသည်။ ကေဒါရေရွှရသည် ဘုရင်သစ်၏ထံသို့ မျက်နှာလုပ်ဖို့ရန် ထွက်သွားလေသည်။ အိမ်၌ ခုဝနှင့် အစေခံ အဖွားကြီး တစ်ယောက်သာလျှင် ကျန်ခဲ့လေသည်။ ဂေါဝိန္ဒမဏိကျသည် မြင်းကို ရပ်ပြီး အောက်သို့ ဆင်းလိုက်၏။ ခုဝသည် အတင်းပြေးလာပြီးလျှင် ဘုရင်ကြီးကို ဖက်တက်၏။ ဘုရင်ကြီး၏ အဝတ်ကိုဆွဲပြီး ဒူးနှစ်လုံးအကြားတွင် သူ၏ မျက်နှာကို ဖွက်လိုက်၏။ ထို့နောက် သူ၏ ပီတိသောမနဿ အတန်ငယ် အနည်ကျသွားသောအခါ ခုဝသည် ဘုရင်မင်းကြီးအား 'ကျွန်တော် မြင်းစီးမယ်' ဟု ပြောလိုက်လေ၏။

ဘုရင်မင်းကြီးသည် သူ့ကို မြင်းပေါ်တင်လိုက်သည်။ မြင်းပေါ်ရောက်သွားသောအခါ သူသည် ဘုရင်မင်းကြီး၏လည်ပင်းကို ဖက်လိုက်လေသည်။ ခုဝသည် ဘုရင်မင်းကြီး၏အမူအရာ မှုမမှန်ပုံကို ချက်ချင်း သိရှိရိပ်မိသွား၏။ အိပ်ပျော်နေသည်ကို နိုးကြားလာစေရန်၏ လူတို့သည် နည်းအမျိုးမျိုးကို အသုံးပြုသကဲ့သို့ ခုဝသည် ဘုရင်မင်းကြီးကို ဆွဲလှုပ်လိုလှုပ် ဖက်လိုဖက် နမ်းလိုနမ်းဖြင့် အမျိုးမျိုးလုပ်ပြီးလျှင် ဘုရင်မင်းကြီး၏ပင်ကိုယ်သဘာဝ ဖြစ်ပေါ်လာအောင် ကြိုးစားလေသည်။ နောက်ဆုံး အောင်မြင်မှုမရရှိတော့သည့်အဆုံး၌ လက်ကို ပါးစပ်ကလေးထဲတွင် ထည့်ပြီး မျက်စိလေး ကလယ်ကလယ်နှင့် အသာထိုင်နေလိုက်တော့၏။ ဘုရင်မင်းကြီးသည် ခုဝ၏သဘောကို နားလည်သွားသည်ဖြစ်၍ ခုဝကို ထပ်ခါထပ်ခါ နမ်းရှုံ့လိုက်လေသည်။

နောက်ဆုံး၌ ဘုရင်ကြီးသည် မတတ်သာတော့ဘဲ ပြောရတော့သည်။

'ခုဝ ငါသွားတော့မယ်'

ခုဝသည် ဘုရင်မင်းကြီး၏ မျက်နှာကို ကြည့်ပြီးလျှင် ပြောလေ၏။

'ကျွန်တော်လည်း လိုက်မယ်'

'မင်း ဘယ်လိုက်မလို့လဲ၊ မင်း ဦးကြီးဆီမှာ နေခဲ့လေ'

'ဟင့်အင်း မနေဘူး၊ ကျွန်တော်လဲ လိုက်မယ်'

ထိုအခိုက် အိမ်က အစေခံ အဖွားကြီးသည် ပါးစပ်က ဗြစ်တောက် ဗြစ်တောက်နှင့် ပြောပြီး ထိုနေရာသို့ ရောက်လာလေ၏။ ခုဝ၏ လက်ကို ဆောင့်ဆွဲလိုက်ပြီးလျှင် 'သေနာကောင်လေး၊ ချက်ချင်း အိမ်ပြန်' ဟု ကြိမ်းမောင်း လိုက်လေ၏။

ခုဝ ထိတ်လန့်ကြောက်ရွံ့သွားလေသည်။ လက်နှစ်ဖက်ဖြင့် ဘုရင်မင်းကြီးကို တွယ်ကပ်ပြီး ဘုရင်မင်းကြီး၏ ရင်ခွင်ထဲတွင် သူ၏ မျက်နှာကို ဝှက်ထားလေ၏။ ဘုရင်က တွေးတောစဉ်းစားကြည့်သည်။ ရင်ဘတ်ထဲက အကြောအချဉ်တွေကို ဖြတ်တောက်ပစ်၍ ရချင်ရမယ်၊ ဒီလက်နှစ်ဖက်ရဲ့ ဖွဲ့နှောင်ထားခြင်းကိုတော့ ဖြတ်တောက်ပစ်၍ ရမှာမဟုတ်ဘူး။ ဒါပေမယ့် ဖြတ်တောက်ပစ်ရတော့မယ်။ တဖြည်းဖြည်း ခုဝ၏ လက်ကလေးများကို ဖြည်ပြီးလျှင် ဘုရင်မင်းကြီးသည် ခုဝကို အဖွားကြီး၏ လက်ထဲ အတင်းထည့်လိုက်လေ၏။ ခုဝသည် ကြုံကြုံပါ အောင် ငိုကြွေးလေတော့သည်။ လက်ကလေးမြှောက်မြှောက်ပြီး 'ကျွန်တော်လဲ လိုက်မယ်၊ ကျွန်တော်လဲ လိုက်မယ်' ဟုလည်း အော်နေလေသည်။ ဘုရင် မင်းကြီးသည် နောက်ဖက်သို့ ပြန်လှည့်မကြည့်တော့ဘဲ မြင်းပေါ်အမြန် တက်ပြီး အတင်နှုန်းစိုင်း ထွက်သွားလေတော့၏။ အဝေးသို့ ရောက်သွားလေလေ ခုဝ၏ငိုသံကို ကြားနေရလေလေဟု ထင်ရလေသည်။ ခုဝသည် လက်ကလေး နှစ်ဖက်ကို မြှောက်ကာမြှောက်ကာနှင့် 'ဘဘရေ ကျွန်တော်လဲ လိုက်မယ်' ဟု လှမ်းခေါ်သလားဟု အောက်မေ့ရသည်။ ဘုရင်မင်းကြီး၏ မျက်လုံးများမှ မျက်ရည်များ စီးကျလာလေ၏။ သူသည် လမ်းပန်းများနှင့် ဆိပ်ကမ်းများကို ဘာတစ်ခုမျှ ကြည့်၍ မမြင်တော့ပေ။ နေမင်းနှင့်ကတွ ကမ္ဘာလောကတစ်ခုလုံး သူ၏မျက်ရည်အလျှဉ်ထဲမှာ မြုပ်နစ်သွားပြီဟု အောက်မေ့ရသည်။ မြင်းသည် သူ့အလိုလိုပင် သွားနေ၏။

လမ်းခရီးတစ်နေရာ၌ မဂိုစစ်တပ်မှ တပ်သားတစ်စုတို့၏ လာနေကြသည်ကို တွေ့ရသည်။ သူတို့သည် ဘုရင်မင်းကြီးကိုကြည့်ပြီး ပြောင်လှောင်ရယ်မော ကြလေ၏။ ဘုရင်မင်းကြီး၏ နောက်လိုက်ခြွေရံများအား မချေမငံပြောပြီး

ရန်စလာကြလေ၏။ ဘုရင်မင်းကြီး၏ မှူးမတ်တစ်ဦးကလည်း မြင်းစီးပြီး ထိုနေရာသို့ ဖြတ်လာလေသည်။ သူသည် ထိုအခြင်းအရာကို တွေ့ရသည့်အခါ ဘုရင်မင်းကြီးဆီ ပြေးလာပြီး ပြောလေ၏။

'အရှင်မင်းကြီး၊ ဒီလိုစော်ကား မော်ကား လုပ်တာကို နဲနဲကလေးမှ မခံနိုင်ဘူး။ အရှင်မင်းကြီးရဲ့ နိမ့်ကျနေတဲ့ အခြေအနေကို တွေ့ရလို့ သူတို့ ဒီလိုမရိုမသေ လုပ်တာ။ ဟောဒီဓားနဲ့ ဒိုင်းလွှား ကိုယူပြီး ဘုရင်မင်းကြီး ဒီမှာ ခဏစောင့်ဆိုင်း နေပါ။ ကျွန်တော်မျိုး လူသွားစုပြီးဒီမိစ္ဆာ ကောင်တွေကို ဆုံးမပြလိုက်ဦးမယ်' ဘုရင်က ပြန်ပြောလေသည်။

'နယနရာယ၊ ဓားတို့ ဒိုင်းလွှားတို့ကို ကျွန်ုပ် အလိုမရှိပါဘူး၊ ဒါတွေ ကျွန်ုပ် ဘာလုပ်မှာလဲ၊ ကျွန်ုပ် သူတို့စော်ကားတာကို ခံနိုင်ရည်ရှိပါတယ်။ ဓားလွတ် အားကိုးနဲ့ ကျွန်ုပ် ကမ္ဘာမြေအပြင်ပေါ်က လူတွေဆီက ရိုသေလေးစားမှုကို မခံယူလိုပါဘူး။ ကမ္ဘာမြေ အပြင်ပေါ်က ရိုးရိုးလူတွေဟာသာတဲ့အခါမှာ ဖြစ်စေ၊ နာတဲ့အခါမှာ ဖြစ်စေ၊ ဘယ်လိုအခါ မျိုးမှာပဲ ဖြစ်ဖြစ်ငြိုငြင်ကျကျ ပြားကျကျ ခံနိုင်ရည်ရှိကြသလို ကျွန်ုပ်လည်း လောကဓံကိုခံနိုင်ရည်ရှိပါတယ်။ ကျွန်ုပ်ရဲ့ သွေးချင်းသားချင်းတွေက ကျွန်ုပ်ကို ပြန်ရန်မူကြတယ်။ ကျွန်ုပ်ကို မှီခိုနေကြတဲ့ လူတွေက ကျွန်ုပ်ကို သစ္စာဖောက်ကြ တယ်။ ကျွန်ုပ်ရှေ့မှာ ဦးနှိမ်နေကြတဲ့ လူတွေဟာ အခု ဦးခေါင်းကိုမော့ပြီး ကျွန်ုပ်ကို အဖက်လုပ်ပြီး လှည့်တောင် မကြည့် ကြတော့ဘူး။ တစ်ချိန်တုန်းကတော့ အဲဒါမျိုးတွေကို မခံချင်တဲ့စိတ် ကျွန်ုပ်မှာ ပေါ်ခဲ့ဖူးတာပေါ့။ ဒါပေမယ့် အခုအခါမှာတော့ အဲဒါတွေကိုခံရတာ ကျွန်ုပ် စိတ်ထဲမှာ အရသာတွေ့နေတယ်။ ကျွန်ုပ် အကျိုးလိုလားတဲ့ လူတွေကိုလည်း ကျွန်ုပ်သိပါတယ်။ နယနရာယ၊ အသင် ပြန်သာသွားပါ။ နက္ခတ္တရာယကို ရိုသေလေးစားစွာနဲ့ ကြိုဆိုရအောင် ပြန်သာသွားပါ။ ကျွန်ုပ်သိပါတယ်။ ကျွန်ုပ်ကို ရိုသေလေးစားသလို နက္ခတ္တရာယကို ရိုသေလေးစားကြပါ။ အသင်တို့တစ်တွေ အားလုံးစုပေါင်းပြီး နက္ခတ္တရာယကို လမ်းကောင်း လမ်းမှန်ပေါ်က သွားအောင်၊ တိုင်းသူပြည်သားတွေရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်အောင် နည်းလမ်း ညွှန်ပြပြီး ကြည့်ရှုစောင့်ရှောက်ကြပါ။ အဲဒါ အသင်တို့နဲ့ ခွဲခါနီး ကျွန်ုပ်ရဲ့ မှာထားချက်ဖြစ်ပါတယ်။ ပြီးတော့ တစ်ခုပြောရအုံးမယ်။ ကျွန်ုပ်ရဲ့ဂုဏ်ကျေးဇူးကို ပြောပြီးတော့၊ ကျွန်ုပ်နဲ့ နှိုင်းယှဉ်ပြီးတော့ နက္ခတ္တရာယကို နဲနဲကလေးမှ အပြစ်မတင်ကြပါနဲ့၊ ကဲ ကျွန်ုပ် သွားပါရစေတော့'

ယင်းသို့ပြောပြီး ဘုရင်မင်းကြီးသည် သူ၏ မှူးမတ်ကို လည်ချင်းယှဉ်ဖက် နှုတ်ဆက်ပြီးလျှင် ရှေ့သို့ ခရီးဆက်သွားလေ၏။ မှူးမတ်လုပ်သူကလည်း

ဘုရင်ကြီးကို ဦးညွှတ်အရိုအသေပြုလျက် တတွေတွေ စီးကျလာသော မျက်ရည်များကို သုတ်ပြီးလျှင် ထိုနေရာမှ ထွက်လာခဲ့လေသည်။

ဘုရင်မင်းကြီးသည် ဂေါမတီမြစ်ကမ်းပါးရှိ ကုန်းမြင့်အနီးသို့ ရောက်လာသည့်အခါ ဗိလဝန် ပုရောဟိတ်သည် တောထဲမှ ထွက်လာပြီး ဘုရင်ကြီး၏ ရှေ့သို့လာလျက် လက်ကို မြှောက်ပြီးလျှင် 'အရှင်မင်းကြီး သက်တော်ရှည်ပါစေ' ဟု နှုတ်ဆက်လိုက်လေ၏။

ဘုရင်မင်းကြီးသည် မြင်းပေါ်က ဆင်းပြီး သူ့ကိုပြန်လှန်နှုတ်ဆက်လေသည်။

ဗိလဝန်က ပြောလေသည်။

'ကျွန်ုပ် အရှင်မင်းကြီးကို နှုတ်ဆက်မလို့ လာတာ'

'ပုရောဟိတ်ကြီး၊ ပုရောဟိတ်ကြီးဟာ ဘယ်ကိုမှ မသွားဘဲ နက္ခတ္တရာယအနားမှာ နေပြီးတော့ သူ့ကို အကြံကောင်း ဉာဏ်ကောင်းများပေးပြီး တိုင်းကျိုးပြည်ကျိုးကို သယ်ပိုးဆောင်ရွက် နေဖို့ကောင်းပါတယ်'

'ဟင့်အင်း၊ အရှင်မင်းကြီးမရှိတော့တဲ့နေရာမှာ ကျွန်ုပ်လဲ မပျော်တော့ဘူး၊ ဒီမှာနေပြီး ကျွန်ုပ် ဘာအလုပ်မှ လုပ်လို့ရတော့မှာ မဟုတ်ဘူး'

ဒါဖြင့်ရင် ပုရောဟိတ်ကြီးက ဘယ်ကိုသွားမှာလဲ၊ ပုရောဟိတ်ကြီး ကျွန်ုပ်ကို သနားပါ။ ပုရောဟိတ်ကြီးကို တွေ့ရတဲ့အခါ ကျွန်ုပ်ရဲ့ နှလုံးထဲမှာ တအားတက်လာပါတယ်'

'ကျွန်ုပ်အတွက် လုပ်ငန်း ဘယ်မှာရှိတယ်ဆိုတာ ကျွန်ုပ် အခု အရှာထွက်မယ်။ အရှင်မင်းကြီးရဲ့ အနီးမှာနေနေ၊ အဝေးမှာနေနေ အရှင်မင်းကြီးအပေါ်မှာထားတဲ့ ကျွန်ုပ်ရဲ့ ချစ်မေတ္တာကတော့ ဘယ်တော့မှ ပြိုကွဲမသွားနိုင်ပါဘူး။ အဲဒါကိုတော့ အရှင်မင်းကြီး စိတ်ချယုံကြည်ပါ။ ဒါပေမယ့် အရှင်မင်းကြီးနဲ့အတူ တောထဲလိုက်လို့တော့ ဘာလုပ်မှာလဲ'

ဘုရင်မင်းကြီးသည် ချိုသာအေးမြသော အသံဖြင့် ပြောလိုက်၏။

ဒါဖြင့် ကျွန်ုပ်ကို သွားခွင့်ပြုပါတော့'

ယင်းသို့ပြောပြီး ဘုရင်ကြီးသည် နှစ်ကြိမ်မြှောက် ဦးညွှတ်နှုတ်ဆက်လိုက်လေသည်။ ဗိလဝန်က တစ်လမ်းသို့ ထွက်သွားပြီး ဘုရင်မင်းကြီးက အခြားတစ်လမ်းသို့ ထွက်သွားလေသည်။

## အခန်း(၃၇)

နက္ခတ္တရာယသည် ခတ္တမဏိကျှဟူသော အမည်နာမကို ယူပြီးလျှင် အခမ်းအနားဖြင့် ထီးနန်းကို သိမ်းပိုက်လေ၏။ ဘုရင့်ဘဏ္ဍာတိုက်တွင် ဥစ္စာဘဏ္ဍာသိပ်မရှိလှပေ။ တိုင်းသူပြည်သားတို့၏အထံမှ လုယက်ပြီး ဝန်ခံကတိပေးထားသည့်အတိုင်း မဂိုစစ်တပ်အား ဥစ္စာဘဏ္ဍာများကို ချီးမြှင့်ပေးအပ်ပြီး ပြန်လွှတ်လိုက်ရလေ၏။ ခတ္တမဏိကျှသည် တိုင်းပြည်ဆင်းရဲမွဲတေပြီး အငတ်ငတ်အပြတ်ပြတ် ဖြစ်နေသည့်အခါ၌ အုပ်ချုပ်မင်းလုပ်ရလေ၏။ အရပ်ထက်ဝန်းကျင်မှ ဆဲဆိုရေရွတ်သံ၊ ငိုကြွေးသံကိုသာလျှင် ကြားနေရသည်။

ဂေါဝိန္ဒမဏိကျှ ထိုင်ခဲ့သည့် နေရာ၊ ဂေါဝိန္ဒမဏိကျှ အိပ်ခဲ့သည့် အိပ်ရာ၊ ဂေါဝိန္ဒမဏိကျှ၏ ချစ်ခင်ရင်းနှီးသော အလုပ်အကျွေးများသည် တိတ်တိတ်ကြိတ်ပြီး ခတ္တမဏိကျှကို ကျိန်ဆဲသကဲ့သို့ ထင်ရလေ၏။ ခတ္တမဏိကျှသည် ထိုအရာများကို မရှုစိမ့်နိုင်အောင် ဖြစ်လာလေသည်။ သူသည် ဂေါဝိန္ဒမဏိကျှ အသုံးပြုခဲ့သည့် အားလုံးသော အသုံးအဆောင်များ၊ အမှတ်အသားများကို သူ၏မျက်မှောက်မှ ဖယ်ရှားပစ်စပြုလာလေ၏။ ဂေါဝိန္ဒမဏိကျှ အသုံးပြုခဲ့သော ပစ္စည်းပစ္စယများကို ချိုးဖဲ့ဖျက်ဆီးပစ်လိုက်လေသည်။ ဂေါဝိန္ဒမဏိကျှ၏ ချစ်ကျွမ်းဝင်သော အလုပ်အကျွေးများ အလုပ်တာဝန်မှ ထုတ်ပစ်လိုက်လေသည်။ ခတ္တမဏိကျှသည် ဂေါဝိန္ဒမဏိကျှဟူသော အမည်နာမမျှကိုပင် မကြားနိုင်အောင် ဖြစ်နေလေ၏။ဂေါဝိန္ဒမဏိကျှအကြောင်းကို စလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကိုစောင်းပြီးပြောသည်ဟုအထင်ရှိလေသည်။ အားလုံးက သူ့ကို ဘုရင်မင်းကြီးဟုခေါ်ပြီးအရိုအသေအလေးအမြတ် ပြုသင့်သလောက် မပြုကြဘူးဟု သူအမြဲယူဆနေသည်။ သို့ဖြစ်၍ သူသည် မကြာခဏ လူအပေါင်းနှင့်အကြောင်းမဲ့

ရန်ဖြစ်နေလေ၏။ မှူးမတ်များလည်း စိတ်ပျက်နေကြလေပြီ။ သူ့လက်အောက်တွင် အားလုံးပင် ကျီးလန့်စာစားနေကြရလေ၏။

ခတ္တမဏိကျသည် တိုင်းနိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး ဘာမျှနားမလည်။ သို့ပင်ဖြစ်စေကာမူ တစ်စုံတစ်ယောက်က အကြံဉာဏ်ပေးသည့် အခါတိုင်းတွင်လည်း နာယူခြင်းမရှိသည့်အပြင် မာန်မဲလိုက်သေး၏။ 'ငါ ဒီလောက်မှ နားမလည်ဘူးလား၊ မင်းက ငါ့ကို အရူး အအ,လို့ အောက်မေ့နေသလား'

လူအားလုံးက သူ့ကို ထီးနန်းကိုတင်းအဓမ္မ လုယက်သိမ်းပိုက်သူဟု အသိအမှတ်ပြုပြီး စိတ်ထဲကကြိတ်ပြီး ကျိန်ဆဲနေကြသည်ဟု သူ့စိတ်ထဲတွင် မသိုးမသန့် ဖြစ်နေသည်။ သို့ဖြစ်၍ သူသည် လက်နက်အားအစွမ်းဖြင့် သူ့ကိုယ်ကို ဘုရင်အဖြစ် ဖန်တီးထားလေ၏။ သူ့သဘောတစ်ခုတည်းဖြင့် သူထင်တာလုပ်ပြီးလျှင် နေရာအနှံ့အပြားတွင် သူ၏အချုပ်အချာအာဏာ စိုးပိုင်မှုကို ထုတ်ပြန်ကြေညာလေသည်။ သူ့သဘောတစ်ခုတည်းဖြင့် သူထင်တာလုပ်နိုင်သည်ဆိုသည့်အချက်ကို ထင်ရှားပြရန်အတွက် သူသည် အပြစ်ဒဏ်မပေးသင့်သည့်သူများကို အပြစ်ဒဏ်ပေးပြလေသည်။ အပြစ်ဒဏ် ပေးသင့်သူများကို လွှတ်ပြလေသည်။ ပြည်သူပြည်သားတို့က ထမင်းငတ်ပြီး သေတော့မည့်ဆဲဆဲဖြစ်နေစဉ် သူက နေ့ညမပြတ် စားသောက်ပွဲ၊ ကပွဲ စသည်ဖြင့် ပွဲသဘင်အမျိုးမျိုး ကျင်းပနေသည်။ သူ့အရင်က ဘယ်ဘုရင်မျှ ဘုရင်အဖြစ်ဖြင့် သူ့လိုထင်တိုင်း မရမ်းခဲ့ပေ။

အရပ်ထက်ဝန်းကျင်တွင် ပြည်သူပြည်သားများသည် ဆန္ဒပြလျက်ရှိကြ၏။ ယင်းသို့ ဆန္ဒပြနေသဖြင့် ခတ္တမဏိကျသည် ပိုမို၍ ဒေါသထွက်လာလေသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ သူ့ကို စော်ကားခြင်း၊ မထေမဲ့မြင် ပြုခြင်းမျှသာ ဖြစ်သည်ဟု သူက ယူဆလေသည်။ သူသည်၏ တိုင်းသူပြည်သားတို့၏ မကျေမနပ်မှုများပိုမိုလွန်ကဲလာစေရန် တိုင်းသူပြည်သားတို့အား လက်နက်ဖြင့် ခြိမ်းချောက်ပြီး ပါးစပ်ကို ပိတ်ထားလေ၏။ တစ်တိုင်းပြည်လုံးသည် အိပ်မောကျနေသည့် ညဥ့်နက်သန်းခေါင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေ၏။ နူးညံ့ပျော့ပျောင်းသည့် သဘောရှိသော နက္ခတ္တရာယသည် ခတ္တမဏိကျအဖြစ်ဖြင့် ယင်းကဲ့သို့ ပြုမူခြင်းမှာ အံ့ဩစရာမရှိပေ၊ ဤကဲ့သို့သော စိတ်နှလုံးအားပျော့သည့် ပုဂ္ဂိုလ်မျိုးသည် စိုးမိုးလက်ဝယ်ရရှိသည့်အခါ၌ ရက်စက်ကြမ်းကြုတ်သည်၊ ငါတကော ကောတတ်သည်မှာ များလှလေပြီ။ ယင်းကဲ့သို့ စိတ်နှလုံးပျော့ညံ့သော ဘုရင်တို့၏ ဖောက်ပြန်မှုကြောင့် တိုင်းသူပြည်သားများ ဒုက္ခရောက်ရသည်မှာ အကြိမ်များလှလေပြီ။

ရဃုပတိ၏အလုပ်သည် ဆုံးခန်းသို့ ရောက်သွားခဲ့လေပြီ။ သူ၏နှလုံးထဲတွင် စွဲကပ်နေသော ဂလဲ့စားချေလိုသည့် ရန်ငြိုးသည် ယခုအခါတွင် မရှိတော့ပေ။ သူ စတင်လာခဲ့သည့်အလုပ်သည် ပြီးစီးအောင်မြင်သွားပြီဖြစ်၍ သူ၏ရန်ငြိုးသည် သူ၏စိတ်ထဲမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေပြီ။ နည်းအမျိုးမျိုး၊ အကြံဉာဏ်အမျိုးမျိုးဖြင့် အခက်အခဲအမျိုးအမျိုး၊ အဆီးအတား အမျိုးအမျိုးကို ကျော်လွှားဖြတ်သန်းပြီးလျှင် တစ်နေ့လုံး တစ်ညလုံး တစ်ခုတည်းသော ရည်ရွယ်ချက် ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် နေရသည်မှာ အရသာတစ်မျိုးဖြစ်ခဲ့လေသည်။ နောက်ဆုံး၌ ထိုရည်ရွယ်ချက် ပြည့်ဝအောင်မြင်သွားလေပြီ။ ကမ္ဘာမြေအပြင်ပေါ်၌ သူ့အတွက်တခြားသုခရှာမတွေ့တော့ပေ။

ရဃုပတိသည် သူ၏နတ်ကွန်းသို့ သွားကြည့်သည့်အခါ နတ်ကွန်းထဲ၌ သက်ရှိပုဂ္ဂိုလ်ဟူ၍ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။ ဇယသီဟ မရှိတော့ပြီ ဆိုသည့်အကြောင်းကို သူသည် ကောင်းစွာသိပြီးဖြစ်၏။ သို့ရာတွင် နတ်ကွန်းထဲသို့ ဝင်လိုက်သည့်အခါ ဇယသီဟမရှိတော့ဘူးဟူသော အသိသည် အသစ်တဖန် ပြန်ပေါ်လာလေ၏။ ဇယသီဟ ရှိသေးသလိုလိုထင်မိပြီးသည့်နောက်မှ သူမရှိတော့ဘူးဟု သတိရလာလေ၏။ ရုတ်တရက် လေတစ်ချက် ဝှေ့လိုက်သဖြင့် ပြူတင်းပေါက်တံခါး ပွင့်သွားလေသည်။သူသည် အထိတ်တလန့်ဖြင့် ဇယသီဟများ ရှိနေမလားဟုဦးခေါင်းပြူကြည့်လိုက်၏။ သို့ရာတွင် ဇယသီဟကို မတွေ့ရပေ။ ဇယသီဟ သူ့အခန်းထဲမှာများ ရှိနေမလားဟု အတွေးပေါ်လာပြန်လေသည်။ သို့ရာတွင် သူသည် အချိန်အတန်ကြာမျှ ထိုအခန်းထဲ မဝင်ရဲအောင် ဖြစ်နေလေ၏။ သွားပြီးကြည့်၍ ဇယသီဟကို မတွေ့လျှင်ဟူသော အတွေးဖြင့် ရင်ထဲတွင် တထိတ်ထိတ် ဖြစ်နေသည်။

နောက်ဆုံး၌ ညနေဆည်းဆာ၏ မှုန်ရီသောအရောင်နှင့် တောရိပ်တို့ ရောစပ်သွားသည့်အခါ ရဃုပတိသည် တစ်လှမ်းချင်း အခန်းထဲသို့ဝင်သွားသည်။ လူသူကင်းဆိတ်နေသည့်အခန်းမှာ အရိုးအိုးအရိုးဂူနှင့် ပုံသဏ္ဌာန် တူ၍ နေလေသည်။ အခန်းထဲ၌ ထောင့်တစ်ထောင့်တွင်သစ်သားသေတ္တာတစ်ခုကို တွေ့ရသည်။ ထိုသေတ္တာနံဘေး၌ဖုံအလိမ်းလိမ်းကပ်နေသော ဇယသီဟ၏ ဖိနပ်တစ်ရံ တွေ့ရ၏။ နံရံတွင်ကားဇယသီဟကိုယ်တိုင် ထုလုပ်ထားသည့် ကာလီနတ်သမီး၏ရုပ်ထုတစ်ခု ဆွဲချိတ်ထားသည်။ အရှေ့ဘက်ထောင့်၌ မီးအိမ်တစ်ခု ရှိလေသည်။ ယမန်နှစ်ကစပြီး ထိုမီးခွက်ကို မည်သူမျှ ထွန်းဟန်မတူပေ။ ထိုမီးအိမ်၏အပေါ်၌ ပင့်ကူအိမ်များ ရှုပ်ယှက်ခတ်နေ၏။ အနီးရှိနံရံပေါ်၌ကား ထိုမီးခွက်၏ မှိုင်းများဖြင့် ပေကျံ၍နေလေသည်။ အိမ်ထဲ၌

ထိုပစ္စည်းများမှတစ်ပါး အခြားဘာမျှမရှိပေ။ ရဃုပတိသည် ရှည်လျားသော သက်ပြင်းကြီးတစ်ချက် ချလိုက်လေသည်။ ထိုသက်မချသံသည် လူသူ ကင်းမဲ့နေသည့် အခန်းထဲတွင် ပဲ့တင်ညံသွားလေသည်။ အိမ်မြှောင်တစ်ကောင် သည် ကျွတ်၊ ကျွတ်နှင့် စုတ်ထိုးနေသည်။ ဖွင့်ထားသည့် ပြူတင်းပေါက်မှ လေအေးကလေး ဝင်လာလေသည်။ ရဃုပတိသည် သေတ္တာ၏အပေါ်၌ ထိုင်လိုက်ပြီးလျှင် ထိတ်လန့်တုန်လှုပ်၍ နေ၏။

ယင်းသို့အားဖြင့် သူသည် တစ်လတိတိ ထို လူသူမရှိသည့်နေရာ၌ အချိန်ကုန်လွန်ခဲ့လေ၏။ သို့ရာတွင် ဤနည်းအတိုင်း ဆက်လက်နေ၍ မရတော့ပေ။ နတ်ကွန်းမှာ နေရသည့် ပုရောဟိတ်အလုပ်ကို စွန့်လိုက်ရလေ တော့သည်။ သူသည် နန်းတော်ကိုသွားပြီး ဘုရင်၏တိုင်းပြည်အုပ်ချုပ်ရေးတွင် ဝင်ရောက်စွက်ဖက် ကြည့်လေ၏။ အသိဉာဏ်ခေါင်းပါးခြင်း၊ ရက်စက်ခြင်း၊ မငြိမ်းချမ်းခြင်းများ စုပေါင်းပြီး ခတ္တမဏိကျအမည်ဖြင့် တိုင်းပြည် အုပ်စိုးနေ ကြောင်းကို သူတွေ့ရလေသည်။ သူသည် တိုင်းပြည်နိုင်ငံ၌ ငြိမ်းချမ်းသာယာ အောင် ကြိုးပမ်းကြည့်လေသည်။ ခေတ္တမဏိကျကို နည်းလမ်းညွှန်ကြားသည်။ ခတ္တမဏိကျက စိတ်ဆိုးမာန်ဆိုးနှင့် ပြောလေ၏။

'ပုရောဟိတ်ကြီး၊ တိုင်းပြည်အုပ်ချုပ်ရေးကို ပုရောဟိတ်ကြီးက ဘာနားလည် လို့လဲ၊ ပုရောဟိတ်ကြီး ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဘာမှ နားမလည်ပါဘူး'

ရဃုပတိသည် ဘုရင်၏ရာဇဂုဏ် မောက်နေပုံကို တွေ့ရ၍ အံ့အားသင့်နေ သည်။ သူသည် ယခုအခါတွင် နက္ခတ္တရာယ မဟုတ်တော့ပြီဖြစ်ကြောင်း သိရလေ၏။ ရဃုပတိအပေါ် ဘုရင်၏မကျေနပ်မှုသည်လည်း တစ်စတစ်စ တိုးတက်လာလေသည်။ ငါ့ကို ဘုရင့်အဖြစ်သို့ရောက်အောင် ပို့ပေးသူမှာ သူသာ ဖြစ်၏ဟု ရဃုပတိက ယူနေသည်ဟု ခတ္တမဏိကျ ထင်နေသည်။ ထို့ကြောင့် ရဃုပတိကိုကြည့်ချင်သည့်စိတ်ပင် အလျှင်းမရှိတော့ပေ။

နောက်တစ်နေ့တွင် ခတ္တမဏိကျသည် ရှင်းရှင်းနှင့် ဘွင်းဘွင်းပင် ပြော လိုက်လေ၏။

'ပုရောဟိတ်ကြီး၊ ကိုယ့်နတ်ကွန်း သွားပြီး ကိုယ့်အလုပ် လုပ်မှာသာ လုပ်ပါ။ ဒီနန်းတော်မှာ ပုရောဟိတ်ကြီးမလိုပါဘူး'

ရဃုပတိသည် ခတ္တမဏိကျကို စိုက်ပြီးကြည့်လိုက်၏။ ခတ္တမဏိကျသည် မျက်နှာလွှဲပြီး ထိုနေရာမှ ထွက်ခွာသွားလေ၏။

## အခန်း(၃၈)

နက္ခတ္တရာယ မြို့တွင်းသို့ စဝင်လာသည့်နေ့ကပင် ဂျွေါရေချုရသည် နက္ခတ္တရာယကို တွေ့ဆုံရန် သွားလေ၏။ သို့ရာတွင် အပြင်းအထန် ကြိုးစားသော်လည်း တွေ့ခွင့်မရပေ။ စစ်သည်စစ်သားများ၊ အစောင့်များက ကြမ်းမောင်းပြီး သူ့ကို ရိုက်ပုတ်နှင်ထုတ်လိုက်ကြသည်ဖြစ်၍ သူသည် အသက်ကို ဖက်နှင့် ထုတ်ပြီး ပြန်ပြေးလာခဲ့ရလေ၏။ ဂေါဝိန္ဒမဏိကျ လက်ထက်တုန်းက သူသည် နန်းတော်တွင်း၌ နန်းအဆောင်အယောင်ဖြင့် စည်းစိမ်ရှိစွာ နေခဲ့ရလေသည်။ ညီတော် နက္ခတ္တရာယနှင့်လည်း ချစ်ကျွမ်းမှု ရှိခဲ့လေသည်။ ထို့နောက် နန်းတော်နှင့် အဆက်ပြတ်သွားပြီးသည့် နောက်ပိုင်းတွင်ကား သူ့အတွက် စားရေးနေရေး အတွက်ပင်အခက်အခဲတွေ့လာရလေ၏။ ဂေါဝိန္ဒမဏိကျဘုရင်၏ ဘုန်းလက်ရုံး ရိပ်အောက်တွင် မှီခိုနေခဲ့ရသည့်အခါတုန်းက သူ့ကို လူတွေ ကြောက်ကြသည်။ ရိုသေကြသည်။ ယခုအခါ၌မူ ဘယ်သူကမျှ သူ့ကို ဆေးဖော်ကြောဖက် မလုပ်ကြတော့ပေ။ ယခင်အခါတုန်းက တစ်စုံတစ်ယောက်သည် ဘုရင်မင်းကြီးနှင့် ပတ်သက်ပြီး ကိစ္စတစ်စုံတစ်ရာပေါ်လာလျှင် သူ့ကို ခယလေသည်။ ယခုအခါ တွင်မူ သူ့ကို ယောင်၍မျှပင် လှည့်မကြည့်တော့ပေ။ ယင်းကဲ့သို့သော စော်ကားချက်များကို ခံနေရသည့်အပြင် နောက်ဆုံးတွင် သူ့အတွက် စားရေးသောက်ရေးသည်ပင်လျှင် ပြဿနာတစ်ခု ဖြစ်လာခဲ့လေ၏။ သို့ဖြစ်၍ သူသည် ဘုရင့်နန်းတော်တွင်းသို့ ဖြစ်သည့်နည်းဖြင့် ဝင်ရောက်လိုသည့်ဆန္ဒ ရှိနေ၏။ ဘုရင့်နန်းတော်နှင့် အဆက်အသွယ်ရရှိသွားလျှင် ယခင်ကကဲ့သို့ သူ့အတွက် လွယ်ကူချောင်ချိမှု ရှိလိမ့်မည်ဟု သူ အထင်ရှိနေပေသည်။

သူသည် တစ်နေ့သ၌ လက်ဆောင်ပစ္စည်းများကို ရှာကြံဆောင်ကြဉ်းခဲ့ပြီး

လျှင် နန်းတော်ထဲသို့ ခတ္တမဏိကျာဘုရင်အား ဖူးတွေ့ရန်အလို့ငှာ အရဲစွန့် ဝင်သွားလေ၏။ သူသည် မှိုရသော မျက်နှာမျိုးဖြင့် ဦးနှိမ်ရိုကျိုးပြီးလျှင် ခတ္တမဏိကျာ၏ ရှေ့မှောက်သို့ သွားပြီးရပ်လေ၏။

ဘုရင်သည် သူ့ကိုတွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် ဒေါသထွက်သွားလေ၏။

'ဘာဖြစ်လို့ မျက်နှာက ပြုံးဖြဲဖြဲလုပ်နေရတာလဲ၊ သင်က ကျုပ်ကို ပြောင်စရာများ အောက်မေ့နေသလား။ သင် ဘာဖြစ်လို့ ဒီကိုလာရသလဲ'

ညီလာခံသဘင်၌ ရှိနေကြသော မှူးမတ်အားလုံးကလည်း ဝိုင်းပြီး ကေဒါရေရွှရအား ပြောင်လှောင်ကြလေ၏။ ထိုအခါ ကေဒါရေရွှရသည် မျက်စိမျက်နှာ ပျက်သွားလေသည်။

ခတ္တမဏိကျာက ပြန်ပြောလေ၏။

'သင် ငါ့ ဘာပြောချင်လို့လဲ။ ပြောစရာ ရှိတာ မြန်မြန်ပြော။ ပြောပြီး ပြန်သွားပါ'

ကေဒါရေရွှရသည် ဘာပြောရမည်ကို သတိမရ ဖြစ်နေသည်။ ခဲခဲယဉ်းယဉ်းဖြင့် အကြံဉာဏ်ထုတ်ပြီး အသင့်ပြင်လာခဲ့သော စကားလုံးများမှာ ဝမ်းဗိုက်ထဲမှာပင် ပျောက်ကွယ်သွားကြလေပြီ။

နောက်ဆုံးတွင် ဘုရင်ခတ္တမဏိကျာက 'ပြောစရာမရှိရင်လဲ ပြန်သွားပါ' ဟု ပြောမှ ကွေဒါရေရွှရက တစ်ခုခုတော့ပြန်ပြောမှ ဖြစ်မည်ဟု သတိရလာလေ၏။

မျက်လုံးတွင် လည်းကောင်း၊ မျက်နှာတွင် လည်းကောင်း၊ အသံတွင် လည်းကောင်း၊ ဂရုဏာရသကို ပေါ်နိုင်သမျှပေါ်အောင် ဖော်ပြီးလျှင်ကေဒါရေရွှရက ပြောလိုက်လေသည်။

'အရှင်မင်းကြီး ခုဝကို သတိမရတော့ဘူးလား'

ခတ္တမဏိကျာသည် ယမ်းပုံမီးကျ ဖြစ်သွားလေ၏။ မိုက်လှ အ,လှသော ကွေဒါရေရွှရသည် အခြေပွာယ်ကို နားမလည်သေးဘဲ ဆက်ပြောပြန်လေ၏။

'အရှင်မင်းကြီးကို ဦးလေး၊ ဦးလေးလို့ ခေါ်ခေါ်ပြီး အခုတောင် ငိုနေတုန်း ရှိပါသေးတယ်'

'သင့်တူက ကျုပ်ကို ဦးလေးလို့ ခေါ်သလား၊ သင်က အဲဒီလိုပဲ သင်ပေးထားသလား'

ကေဒါရေရွှရသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် လက်အုပ်ချီပြီးလျှင် ပြောလေ၏။

'အရှင်မင်းကြီး'

ခတ္တမဏိကျသည် စောင့်ဆိုင်းမနေတော့ပဲ ပြောလေ၏။

'ဟော့ ဒီမှာ ဘယ်သူမှ မရှိကြဘူးလား၊ဒီအဖိုးကြီးနဲ့ သူ့တူကို ငါ့တိုင်းနိုင်ငံက ချက်ချင်းနှင်ထုတ်ပစ်လိုက်စမ်း'

ရုတ်တရက် အစောင့်များက ကွေ့ါရေ့ရှရ၏ပခုံးကို ဖမ်းချုပ်ပြီး ဆောင့်ဆွဲလိုက်လေရာ ကွေ့ါရေ့ရှရသည် မြွားအဟုန်ကဲ့သို့ အပြင်ဖက်သို့ ရောက်လာလေ၏။ အစောင့်များသည် သူ့လက်ထဲက လက်ဆောင်ပစ္စည်းကို လုယူပြီး ဝေယူကြလေ၏။ ကွေ့ါရေ့ရှရသည် ဓုဝကို ခေါ်ပြီးလျှင် ထိုခဏ၌ပင် တရိပူရပြည်မှ ထွက်ခွာသွားရလေသည်။

# အခန်း (၃၉)

ရဃုပတိသည် နတ်ကွန်းသို့ တစ်ဖန် ပြန်လာခဲ့ပြန်လေ၏။ မည်သူတစ်ဦး တစ်ယောက်မျှ သူ့ကို လောကွတ်ပျူငှာဖြင့် ခရီးဦးကြိုဆိုသည်ကို မတွေ့ရပေ။ ကျောက်ဖြင့် ဆောက်လုပ်ထားသည့် နတ်ကွန်းသည် ရပ်တည်၍ နေ၏။ ထိုကျောက်နတ်ကွန်း၌ စိတ်နှလုံး၏ အရိပ်အရောင်ဟူ၍ ဘယ်မှာမှ ကြည့်မမြင်ပေ။ ရဃုပတိသည် ဂေါမတီမြစ်ကမ်းပါးရှိ ကျောက်ဖြူလှေခါးပေါ်တွင် သွားပြီး ထိုင်လိုက်သည်။ လှေခါး၏ လက်ဝဲဘက်ရှိ ဇယသီဟ စိုက်ထားခဲ့သော ပန်းပင်ပေါ်၌ပန်းများဝေအောင် ပွင့်နေသည်ကို တွေ့ရလေသည်။ ထိုပန်းပွင့်များကို ကြည့်ပြီး ရဃုပတိသည် ဇယသီဟ၏ လှပသော မျက်နှာ၊ စင်ကြယ်သော နှလုံး၊ ရိုးသားသော အပြုံးတို့ကို သတိရလာလေ၏။ ခြသေ့်ကဲ့သို့ ရဲရင့်သော၊ သမင်ကဲ့သို့ နူးညံ့ပျော့ပျောင်းသော ဇယသီဟ၏ ရုပ်ပုံသည် ရဃုပတိ၏ စိတ်နှလုံးထဲတွင် အကွင်းသား အကွက်သား ပေါ်လာလေသည်။

ယခင့်ယခင်အခါက ရဃုပတိသည် မိမိကိုယ်ကို ဇယသီဟထက် ပိုပြီး ဉာဏ်ပညာရှိသည်၊ မြင့်မြတ်သည်ဟု အယူရှိခဲ့လေသည်။ ယခုအခါ၌မူ သူ့အယူအဆ ပြောင်းသွားလေပြီ။ သူ့ထက်ပိုပြီး ဇယသီဟက ဉာဏ်ပညာရှိသည်၊ မြင့်မြတ်သည်ဟု သူအယူရှိလာလေသည်။ သူ့အပေါ်၌ ဇယသီဟ ထားရှိခဲ့သော ရိုးသားဖြူစင်သည့် ချစ်ခင်လေးစားမှုကို ပြန်ပြောင်းသတိရပြီးလျှင် ရဃုပတိသည် ဇယသီဟကို လေးစားကြည်ညိုသည့်စိတ် ပြင်းပြင်းပြပြ ဖြစ်လာလေသည်။ ထို့နှင့်တစ်ပြိုင်နက် မိမိကိုယ်ကို ရွံချချင်သည့်စိတ်လည်း ပေါ်ပေါက်လာလေ၏။ ဇယသီဟကို သူပြုမူဆက်ဆံခဲ့သော မဖွယ်မရာအပြုအမူများကို သတိရလာသောအခါ သူ၏အသည်းနှလုံးသည် ကွဲအက်မတတ် ဖြစ်သွားလေသည်။

သူသည် တစ်ကိုယ်တည်း တွေးတောနေမိသည်။

'ငါဟာ ဘယ်လိုအခွင့်အရေးနဲ့ ဇယသီဟကို စော်ကားမော်ကား လုပ်ခဲ့တာလဲ။ ဇယသီဟကို စော်ကားမော်ကား လုပ်ရလောက်အောင် ငါက ဘာမို့လို့လဲ။ တကယ်လို့ အခုနေအခါ ဇယသီဟ ကိုများ ခဏလောက်တွေ့ရင် ငါ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံပြီး သူ့ကို တောင်းပန်ချင်လှပါတယ်'

ရဃုပတိသည် ဇယသီဟ၏အကြောင်းကို တစ်ခုပြီးတစ်ခု သတိရလာလေသည်။ ဇယသီဟ၏ဘဝတစ်ခုလုံးသည် သူ၏နှလုံးထဲတွင် လာပေါ်နေလေသည်။ သူ၏စိတ်နှလုံးသည် ဇယသီဟ၏ မြင့်မြတ်ရိုးသားသော အကျင့်စာရိတ္တထဲတွင် မြုပ်နှစ်သွားသည်ဖြစ်၍ သူသည် ဒေါသတရား၊ မာန်မာနတရားတို့ကို မေ့ပျောက်သွားလေ၏။ သူ၏ဦးထိပ်ပေါ်၌ ပိနေသော ကမ္ဘာလောက၏ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုသည် ဦးထိပ်ပေါ်မှလျှောကျသွားလေပြီဟု ထင်နေရသည်။ သူ ဘုရင်အဖြစ် တင်မြှောက်လိုက်သည့် နက္ခတ္တရာယက သူ့ကို ပြန်ပြီး မထေမဲ့မြင် ပြုလုပ်နေသည်။ သူမွေးသည့်မျောက်က သူ့ကိုပြန်ချောက်နေသည်ဟူသော အတွေးမျိုး ပေါ်ပေါက်လာသော်လည်း ရဃုပတိသည် အနည်းငယ်မျှ ဒေါသမထွက်ပေ၊ စိတ်မကောင်း မရှိပေ။ ယခုအခါတွင် သူသည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို လည်းကောင်း၊ ချောက်ခြင်း မြှောက်ခြင်းကို လည်းကောင်း ညီတူညီမျှပင် သဘောထားလေသည်။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချောက်ခြင်း၊ မြှောက်ခြင်းတို့ကို သူသည် ရယ်ချင်လာလေသည်။ သူလိုလားနေသော တစ်ခုတည်းသောအရာမှာ ဇယသီဟ၏ဝိညာဉ် ကျေနပ်နှစ်သိမ့်သွားစေမည့် အလုပ်တစ်ခုကို ပြုလုပ်ရန် ဖြစ်လေ၏။ အရပ်ထက်ဝန်းကျင်ကို လှမ်းပြီး ကြည့်လိုက်သည်။ ဘယ်လိုအလုပ်မျိုးမျှ ကြည့်မမြင်ပေ။ အရပ်ထက်ဝန်းကျင်၌ သုညအတိသာဖြစ်နေ၏။ ထို လူသူကင်းဆိတ်နေသည့် နတ်ကွန်းက သူ့ကို ဖိနှိပ်ထားသည့်ဟု ထင်ရသည်။ ထို လူသူကင်းဆိတ်နေသည့် နတ်ကွန်းက အသက်မရှူနိုင်အောင် ပိတ်ထားသည်ဟု အောက်မေ့ရသည်။ သူသည် မြင့်မြတ်သော အလုပ်တစ်ခုကို လုပ်ပြီး ကိုယ့်စိတ်နှလုံး၏ဝေဒနာကို ငြိမ်းအေးပျောက်ကင်းသွားအောင် လုပ်လိုလှ၏။ သို့ရာတွင် သူသည် ထို လူသူဆိတ်သုဉ်းနေသည့် နတ်ကွန်းဘက်သို့ ကြည့်လိုက်လေရာ လှောင်ချိုင့်ထဲတွင် ပိတ်မိနေသည့် ငှက်ကလေးကဲ့သို့ သူ၏နှလုံးသည် တုန်လှုပ်သွားလေ၏။

သူသည် ထိုနေရာမှ ထလာခဲ့ပြီးလျှင် စိတ်တည်ငြိမ်ခြင်း မရှိသဖြင့် နတ်ကွန်း၏အနီးရှိ ဥယျာဉ်ထဲတွင် လမ်းသလား၍ နေလေ၏။ နတ်ကွန်းသို့မဟုတ် ဘုရားကျောင်းအတွင်းရှိ လှုပ်ရှားခြင်း မရှိသော သက်မဲ့ရုပ်ထုများကို

ရွံ့မုန်းသည့်စိတ် ဖြစ်ပေါ်လာလေသည်။ ဤကျောက်ရုပ်ထုများကို ကိုးကွယ်ဆည်းကပ်ပြီး အကျိုးပြုနေခြင်းမှာ အချည်းနှီး အလဟဿသာ ဖြစ်၏ဟု သူထင်မြင်လာလေသည်။

ညဉ့် နှစ်ပဟိုရ်လောက် ရှိသည့်အခါတွင် ရဃုပတိသည် မီးခတ်ကျောက်ဖြင့် မီးခတ်ပြီ မီးအိမ်တစ်ခုကို မီးထွန်းညှိလိုက်လေ၏။ ထိုနောက် မီးအိမ်ကိုလက်ကကိုင်ပြီး နတ်ကွန်းထဲ ဝင်သွားလေသည်။ အထဲသို့ ရောက်သွားသောအခါ နတ်ဆယ့်လေးပါးယှဉ်ပြီး ရပ်နေသည်ကိုတွေ့ရလေ၏။ လွန်ခဲ့သည့်နှစ်ဝါဆိုလ အကာလ ညအခါ မှုံမွှားသော မီးရောင်အောက်၌ စေတနာရှင်၏အလောင်းရှေ့ရှိ သွေးစီးချောင်း၏အကြားဝယ် နှလုံးမဲ့စွာ အသိဉာဏ်မဲ့စွာဖြင့်မလှုပ်မယှက်ရပ်တည်နေကြသကဲ့သို့ပင် ယခုလည်း ထိုနည်းအတိုင်းပင် သူတို့သည် ရပ်တည်နေကြသည်။ ရဃုပတိသည် ကျယ်လောင်စွာ အော်လိုက်လေ၏။

'ဘာလဲ ဒါတွေအလကားပဲ၊ အို ဇယသီဟ၊ မင်းဟာ အဖိုးမဖြတ်နိုင်တဲ့ကိုယ့်နှလုံးသွေးကို ဘယ်သူ့ကို ပေးအပ်လိုက်တာလဲ၊ ဒီမှာ ဘယ် နတ်ဒေဝတာမှ မရှိဘူး။ မင်းနှလုံးသွေးကို သောက်တာ ရက်စက်ဘီလူး ရဃုပတိသာဖြစ်တယ်'

ယင်းသို့ပြောပြီးလျှင် ရဃုပတိသည် ကာလီနတ်သမီး ရုပ်တုကို သူ့နေရာမှ ရုတ်တိုက် ဆွဲယူခဲ့ပြီးလျှင် နတ်ကွန်း၏တံခါးဝက ရပ်ပြီး တအားကုန်အဝေးသို့ လွှင့်ပစ်လိုက်လေ၏။ အမိုက်မှောင်ထဲတွင် ထိုကျောက်ရုပ်ထုသည်ကျောက်လှေကားမှ လိမ့်ခေါက်ကွေးနှင့် လိမ့်ဆင်းသွားပြီးလျှင် ဂေါမတီမြစ်ရေထဲ ဝုန်းကနဲ ကျသွားလေ၏။ ကျောက်ရုပ်ထုအသွင်ဆောင်ပြီး ဤနေ့ဤရက်အထိ သွေးကို သောက်မျိုလာခဲ့သည့် အဝိဇ္ဇာတည်းဟူသော ဘီလူးမ၊ အသိဉာဏ်မဲ့ခြင်းတည်းဟူသော ဘီလူးမသည် ယနေ့ ဂေါမတီ၏ ရင်ခွင်ထဲရှိ အရာအထောင်သော ကျောက်တုံးကျောက်ခဲတို့၏အကြားတွင် ပျောက်ကွယ်သွားလေပြီ။ ရဃုပတိသည် မီးခွက်ကို ငြိမ်းပြီးလျှင် နတ်ကွန်း၏ အပြင်ဘက်လမ်းပေါ်သို့ ထွက်လာခဲ့လေ၏။ သူသည် ထိုည ညတွင်းချင်းပင် နေပြည်တော်ကို စွန့်ခွာပြီး ထွက်သွားလေသည်။

## အခန်း(၄၀)

ဗိလဝန်ပုရောဟိတ် နဝါခါလီခရိုင်အတွင်းရှိ နိဇန်ပူသို့ ရောက်ရှိနေသည်မှာ ရက်ပေါင်းအတန်ကြာ ကာလကပင် ဖြစ်လေ၏။ ထိုအရပ်ဒေသ၌ ရောဂန္ထရ ကပ်ဘေးကြီး ဆိုက်ရောက်နေ၏။

တပေါင်းလ ကုန်ဆုံးသွားပြီဖြစ်၍ တစ်နေ့လုံး မိုးတိမ်များ အုံ့ဆိုင်း၍ နေလေသည်။ ကြိုကြား ကြိုကြားတွင် မိုးလည်း တစ်ဖျောက်နှစ်ဖျောက် ရွာလိုက်သည်။ ညနေချမ်းအချိန်တွင် လေပြင်းမုန်တိုင်းလည်း တိုက်ခတ်လာတတ်သည်။ အစပထမတွင် အရှေ့ဘက်အရပ်မှ လေတိုက်ခတ်လာလေသည်။ ည၌နှစ်ပဟိုရ်လောက်ရှိသောအခါတွင် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်မှ အရှိန်ပြင်းလှသော မုန်တိုင်းလေသည် ဝေ့ရမ်းတိုက်ခတ်လာလေသည်။ နောက်ပိုင်းကျသောအခါတွင် မိုးဖွဲများကျလာသဖြင့် မုန်တိုင်းအဟုန်သည် အတန်ငယ်လျော့သွားလေသည်။ မိုးသည်းထန်စွာ ရွာသွန်းလိုက်သည်။ ထိုအချိန်၌ ရေတက်လာပြီဟူသော ဟစ်ကြွေးသံသည် ထက်ဝန်းကျင်တွင် ပျံ့နှံ့ဆူညံသွားလေသည်။ အချို့သည် အိမ်ခေါင်မိုးအထပ်သို့ တက်ကြ၏။ အချို့က တောင်ကမူပေါ်သို့ ပြေးတက်ကြ၏။ အချို့မှာ သစ်ကိုင်းပေါ်သို့ တက်ကြ၏။ အချို့ကမူ ဘုရားတန်ဆောင်း ထိပ်ပေါ်တွင် နေရာယူကြ၏။ မှောင်မိုက်နေသော အကာလ ညအခါ မိုးကလည်း သည်းထန်စွာ ရွာသွန်းနေသည်။ ရေတက်လာသောအသံမှာလည်း တစ်စတစ်စနှင့် အနီးသို့ကပ်လာလေသည်။ ကြောက်ရွံ့ထိတ်လန့်ပြီး ရွာသူ ရွာသားတို့မှာခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြသည်။ ကြည့်ရင်းကြည့်ရင်းနှင့် ရေသည်အနီးသို့ ရောက်လာလေ၏။ လှိုင်းတစ်လုံး နှစ်လုံးပင် လိမ့်လာလေပြီ။ ဒုတိယလှိုင်းလုံး လိမ့်လာပြီးသည့် နောက်တွင်မူ

ရွာအပေါ်တွင် ရှစ်တောင်မျှ ရေလွှမ်းသွားတော့၏။

နောက်တစ်နေ့နံနက် နေထွက်လာသည့်အခါတွင် ရေအရှိန် အနည်းငယ်တန့်သွားပြီး တစ်ရွာလုံး ရေထဲမှာ မြုပ်နေသည်ကို တွေ့ရလေ၏။ ရေထဲတွင် လုံးလုံးနစ်မြုပ်မသွားပဲ ကျန်နေသော အိမ်မှာ အနည်းငယ်မျှသာလျှင် ရှိ၏။ သို့ရာတွင် လူသူဟူ၍ မတွေ့ရပေ။ အခြားအခြားသော ရွာများမှ လူသေကောင်များနှင့်ကျွဲနွား စသည့် တိရစ္ဆာန်အသေကောင်များ မျောလာသည်ကို တွေ့ရသည်။ ကြီးမားသော သရက်ပင်နှင့် ပိန္နဲပင်များမှာ အမြစ်အရင်း၌ ရေစားပြီး လဲပြိုနေကြ၏။ သစ်ပင်အချို့မှာ ရေထဲတွင် မျောပါလာလေသည်။အိမ်နံရံများ ပြိုကျသွားကြသဖြင့် အိမ်အမိုးများသည် တစ်ခြားရပ်ရွာမှ ဖရိုဖရဲပြန့်ကျဲပြီး မျောလာကြလေသည်။ မြေအိုးပေါင်းများစွာမှာ ရေပေါ်တွင်ပေါလောပေါ်နေကြ၏။ ရွာရှိ အိမ်ကလေးပေါင်း မြောက်များစွာမှာ ဝါးပင်၊သရက်ပင်၊ ပိန္နဲပင်စသော သစ်ပင်ကြီးများ ဝိုင်းရံ၍ နေလေသည်။ သို့ဖြစ်၍ လူပေါင်းများစွာတို့မှာ တစ်ခါတည်း မျောမသွားသေးဘဲ ထိုသစ်ပင်တို့နှင့် သွား၍ငြိနေကြလေ၏။ လူပေါင်းများစွာတို့သည် တစ်ညလုံး ထိုရေလှိုင်းထဲတွင် ယိမ်းထိုးနေသည့် ဝါးပင်များကို ဆုပ်ကိုင်ပြီး ထိုဝါးပင်များနှင့်အတူ လိုက်ပြီး ယိမ်းထိုးနေကြရ၏။ အချို့မှာ ဆူးပင်များမှ ဆူးများနှင့်ငြိပြီး တစ်ကိုယ်လုံးရစရာမရှိအောင် စူးရှပေါက်ပြဲကုန်ကြလေ၏။အချို့လူများမှာလည်း သူတို့တွယ်ထားသည့် သစ်ပင်များအမြစ်ပြုတ်ပြီး မျောသွားသဖြင့် ထိုသစ်ပင်များနှင့် တစ်ပါတည်း မျောသွားကြလေ၏။

ရေကျသွားသည့်အခါ အသက်မသေဘဲ ကျန်နေသူများသည် အမြင့်မှဆင်းလာပြီးလျှင် လူသေကောင်များအကြားတွင် ကိုယ့်သားချင်း ကိုယ့်ဆွေမျိုးများကို ရှာဖွေကြလေ၏။ များစွာသော လူသေကောင်တို့မှာ တစ်ခြား ရပ်ရွာများမှ မျောလာသည်ဖြစ်၍ သူတို့ကို သိသူမရှိကြပေ။ သို့ဖြစ်၍ ထိုလူသေကောင်များကို မည်သူကမျှ ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းကို မပြုလုပ်ကြပေ။ လင်းတများသည် အုပ်လိုက်ပျံကျလာပြီးလျှင် ထိုအသေကောင်များကို ထိုးဆိတ်ပြီး စားကြလေသည်။ အိမ်ခွေးများ တောခွေးများသည် ရေဘေးထဲတွင် ပါသွားကြကုန်ပြီ ဖြစ်၍ လင်းတငှက်များနှင့် အစာလုဖက် မရှိတော့ပေ။

ထိုရွာ၌ အိမ်ပေါင်းဆယ့်နှစ်အိမ်မှာ ပထန်တို့၏အိမ်ဖြစ်လေသည်။ သူတို့၏နေရာမှာ ကုန်းအမြင့်တွင် ဖြစ်သည်။ သို့ဖြစ်၍ သူတို့သည် ရေဘေးကြောင့် ဆုံးရှုံးနစ်နာမှု မရှိကြပေ။ အသက်မသေဘဲ ကျန်ရှိသူများအနက် အိမ်ကျန်ရှိနေသူများ ထိုအိမ်များတွင် နေကြပြီး အိမ်မရှိတော့သည့် လူများက နေရာထိုင်ခင်း

ရှာဖွေရန် တစ်ခြားရပ်ရွာသို့ ထွက်သွားကြလေသည်။ တစ်ခြားရပ်ရွာတွင် ရောက်ရှိနေသူများကလည်း ကိုယ့်ရပ်ကိုယ့်ရွာ ပြန်လာပြီး အိမ်သစ်ယာသစတည်ကြလေ၏။ အကျဉ်းချုပ်ပြောဆိုရလျှင် တဖြည်းဖြည်း တစ်စစနှင့် လူနေအိမ်ခြေများ များလာပြီး ရွာတည်မိသွားကြပြန်လေ၏။ ရွာတည်၍ နေသားမှ မကျသေးမီ ပုပ်ပွနေသော လူသေကောင်အလောင်းများကြောင့် တစ်ကြောင်း၊ ရေကန်တွင်းမှ ရေများ မသန့်ရှင်းမစင်ကြယ်တော့သည်က တစ်ကြောင်း၊ လေများကလည်း မသန့်ပြန့်တော့သည်က တစ်ကြောင်း၊ ရွာထဲတွင် ဝမ်းရောဂါ ကောက်ဖြစ်ပါတော့၏။

ဝမ်းရောဂါသည် ပထန်တို့၏ အိမ်စုတွင် ပထမစ၍ ဝင်ရောက်လာလေ၏။ လူသေကောင်များကို မြေမြှုပ်ချိန်၊ တစ်ဦးနှင့်တစ်ဦး ကြည့်ရှုပြုစုချိန်ပင် မရလိုက်ကြပေ။ အားလုံးလိုလို ကိစ္စချောကုန်ကြလေသည်။ မူဆလမန်တွေဟာ နွားကို သတ်ကြတယ်၊ ဒါကြောင့်မို့လို့ ဒီလိုအသေဆိုးနဲ့ သေကြတာဟု ဟိန္ဒူတွေက တစ်ယောက်တစ်ခွန်း ပြောကြသည်။ အမျိုးဇာတ် ရန်ငြိုးကြောင့်လည်းကောင်း၊ အမျိုးဇာတ်ပျက်သွားမည် စိုးသောကြောင့်လည်းကောင်း၊ ဘယ်ဟိန္ဒူကမျှ သူတို့ကို ရေတစ်မှုတ် မတိုက်ကြပေ။ ဘယ်လို အကူအညီမျိုးမှလည်း မပေးပေ။

ပရောဟိတ် ဗိလဝန် ထိုရွာသို့ ရောက်လာသောအချိန်မှာ ရွာ၏ အခြေအနေသည် အလွန်ဆိုး၍နေလေ၏။ ဗိလဝန်နှင့်အတူ တပည့်အချို့လည်း ပါသွားကြလေ၏။ ထိုတပည့်များသည် ဝမ်းရောဂါကို ကြောက်ရွံ့သဖြင့် ထိုရွာမှ ပြန်ပြေးဖို့ ပြင်ကြလေ၏။ ဗိလဝန်က သူတို့ကိုမာန်မဲကြိမ်းမောင်းပြီး ဟန့်တားထားလေသည်။ သူတို့သည် ဒုက္ခသည်ပထန်တို့ကို ပြုစုကြသည်။ ဒုက္ခသည်တို့ကို စားဖွယ်သောက်ဖွယ်အပြင် ရေနှင့်ဆေးဝါးတို့ကို ပေးကမ်းကြလေသည်။ လူသေကောင်များကိုလည်း မြေကြီးထဲ မြှုပ်ပေးကြလေသည်။ ဟိန္ဒူလူမျိုးတို့သည် ဟိန္ဒူရသေ့၏ ဤကဲ့သို့သော အကျင့်ဖောက်ပြန်မှုကို ကြည့်ပြီး အံ့အားသင့်နေကြသည်။

ဗိလဝန်က ပြောလေသည်။

'ငါဟာ ရသေ့ရဟန်း ဖြစ်တယ်၊ ငါ့မှာ ဘာဇာတ်မှ မရှိဘူး။ ငါ့ဇာတ်က လူသားဆိုတဲ့ ဇာတ်ပဲ၊ လူတွေသေတော့မယ် ဖြစ်နေတဲ့အခါ ဇာတ်စကားပြောနေလို့ ဘာလုပ်မလဲ။ ဘုရားသခင် ဖန်ဆင်း ထားတဲ့လူဟာ လူရဲ့ချစ်မေတ္တာကို လိုလားရင် အမျိုးဇာတ်ကို ဘာစဉ်းစားနေဖို့ လိုသလဲ'

ဟိန္ဒူလူမျိုးတို့သည် ဗိလဝန်၏ လူမျိုးမရွေး၊ မျက်နှာမရွေး၊ သူတစ်ပါး

အကျိုးကို သယ်ပိုးဆောင်ရွက်ပုံကို တွေ့ရသည်ဖြစ်၍သူ့ကိုအပြစ်မတင်ရဲအောင်၊ မရှုံ့ချရဲအောင် ဖြစ်နေကြလေသည်။ ဗိလဝန်၏အလုပ်သည် မှန်မမှန် ကောင်း မကောင်းဟူ၍လည်းအဆုံးအဖြတ်မပေးနိုင်အောင် ဖြစ်နေကြလေ၏။ သူတို့၏ သျှတ္တရကျမ်းဂန်အသိကမူ မရဲတရဲဖြင့် 'မမှန်ဘူး၊ မကောင်းဘူး' ဟု အဆုံးအဖြတ် ပေးလေ၏။ သို့ရာတွင် သူတို့၏နှလုံးထဲတွင် ကိန်းအောင်နေသည့် လူသား စိတ် ဓာတ်ကမူ 'မှန်တယ်၊ ကောင်းတယ်' ဟူ၍ အဆုံးအဖြတ် ပေးလေသည်။ ဗိလဝန်ကမူ မည်သူ ကဲ့ရဲ့ကဲ့ရဲ့၊ မည်သူ ချီးမွမ်းချီးမွမ်း ဂရုစိုက်ခြင်း အလျဉ်းမရှိဘဲ သူ့အလုပ်ကိုသာ သူလုပ်နေ၏။ သေမင်းခံတွင်းဝသို့ ရောက်နေကြသည့် ပထန် များသည် သူ့ကို နတ်ဒေဝတာဟူ၍ မှတ်ထင်အောက်မေ့ ကြသည်။ သူသည် ပထန် သားသမီးငယ်များကို ဝမ်းရောဂါဖြစ်နေသည့်နေရာ၌ မထားလိုသဖြင့် ဟိန္ဒူတို့၏ရပ်ကွက်သို့ ခေါ်ဆောင်လာခဲ့လေ၏။ ဟိန္ဒူလူမျိုး တို့သည် အကြီး အကျယ် စိတ်ပျက်နေကြလေ၏။ ဘယ်သူကမျှ ထိုကလေးငယ် များအတွက် နေရာထိုင်ခင်းမပေးကြပေ။ ထိုအခါ ဗိလဝန်သည် ထိုကလေး သူငယ်များကို တန်ဆောင်းကြီးတစ်ခုထဲ ခေါ်သွားပြီး ထားလေ၏။

နံနက်စောစော၌ထပြီး ဗိလဝန်သည် ထိုကလေးသူငယ်များအတွက် ဆွမ်းခံထွက်လေသည်။ ဆန်တောင်း ထွက်လေသည်။ သို့ရာတွင် ဘယ်သူက ဆွမ်းလောင်းမည်နည်း၊ ဆန်ပေးမည်နည်း၊ ရပ်ရွာထဲတွင် ဘယ်ကလာပြီး ဆန်ရှိမည်နည်း။ အစာရေစာမစားရသဖြင့် လူပေါင်းများစွာတို့မှာ သေတော့မည့် ဆဲဆဲ ဖြစ်နေကြလေသည်၊ ရွာရှိ မူဆလမန် မြေပိုင်ရှင်များ၏ အိမ်များမှာ အဝေးတွင် ရှိလေသည်။ ဗိလဝန်သည် ထိုသူတို့ထံသို့အထိရောက်အောင် သွားလေသည်။ ထိုသူတို့အားခဲခဲယဉ်းယဉ်း နားချပြီးလျှင် ဒါကာမှ ဆန်အဝယ် ခိုင်းလေ၏။ ဗိလဝန်သည် ကိုယ်တိုင် ရောဂါသည်တို့ကို ကြည့်ရှုစောင့် ရှောက်သည်။ သူ့တပည့်များက ဆန်များကို ဝေငှကြလေသည်။ မကြာခဏ အချိန်အားလပ်လျင် ဗိလဝန်သည် ကလေးသူငယ်များဆီသွားပြီး ကစားလေ သည်။ ကလေးသူငယ်များက သူ့ကိုတွေ့ရသည့်အခါ ဝမ်းသာအားရပြီး ထဆူကြ လေသည်။ ညနေစောင်းသည့်အခါ ထိုဘုရားတန်ဆောင်းက ဖြတ်သွားလျှင် ဘုရားတန်ဆောင်းထဲ၌ ကြက်တူရွေးရာထောင် အိပ်တန်းတက်နေကြသကဲ့သို့ ထင်ရလေ၏။ ဗိလဝန်၏အထံတွင် တီးမှုတ်စရာ တူရိယာတစ်ခု ရှိသည်။ သူသည် စိတ်ပန်းလူပန်းဖြစ်သည့်အခါမျိုးတွင် ထိုတူရိယာကို တီးမှုတ်ပြီး သီချင်းဆိုလေ့ရှိသည်။ ထိုအခါမျိုးတွင် ကလေးသူငယ်များ သူ့အနီးတွင် ဝိုင်းလာပြီး တစ်ချို့က သီချင်းကို နားထောင်ကြသည်။ အချို့က တူရိယာကြိုးကို

လက်နှင့် သွားဆွဲကြည့်သည်။ အချို့က ဗိုလဝန်၏သံယောင် လိုက်ပြီး သီချင်းအော်ဟစ်ဆိုကြသည်။

ထို့နောက်တွင် ဝမ်းရောဂါသည် မူဆလမန်တို့၏ ရွာကိုစွန့်ခွာပြီး ဟိန္ဒူတို့၏ ရွာသို့ ရောက်လာလေ၏။ ရွာထဲ၌ မင်းမဲ့တိုင်းပြည် ဖြစ်နေ၏။သူခိုး၊ ဓားပြများ ထကြွသောင်းကျန်းနေကြသည်။ ရရာကို လုယက်ကြ၏။ မူဆလမန် တို့သည် အသင်းအစုဖွဲ့ပြီး ဓားပြတိုက်ကြလေသည်။ သူတို့သည် ရောဂါသည် များကို အိပ်ရာက အတင်းတွန်းဖယ် လွှင့်ပစ်ပြီးလျှင်အိပ်ရာခုတင်မှစပြီး ရရာကို လုယူကြလေ၏။ ဗိုလဝန်သည် အသက်ကိုစွန့်ပြီးသူတို့ကို တားမြစ် လေသည်။ သူတို့သည် ဗိုလဝန်၏စကားကို မတော်လှန်ရဲကြပေ။ ယင်းသို့အားဖြင့် ဗိုလဝန်သည် ငြိမ်းချမ်းသာယာရေးကို တတ်နိုင်သမျှ ထိန်းသိမ်းထားလေ၏။ တစ်နေ့သ၌ ဗိုလဝန်၏တပည့်တစ်ယောက်သည် ဗိုလဝန်ဆီသို့လာပြီး အကြောင်းကြားလေ၏။

'တစ်ခြားအရပ်က လူစိမ်းတစ်ယောက် ဝမ်းရောဂါဖြစ်လို့ ညောင်ပင် အောက် မှာ လဲနေတယ်၊ သေမှာက များတယ်၊ သူနဲ့ ကလေးတစ်ယောက်လည်း ပါလာ တယ်'

ဗိုလဝန်သည် ထိုစကားကိုကြားရသည့်အခါ ညောင်ပင်အောက်သို့ သွားကြည့်သေး၏။ ထိုအခါ ကွေ့ါရေရှုရ သတိမေ့မျောနေသည်ကို လည်းကောင်း၊ နဘေးမြေကြီးပေါ်တွင် ခုကလေး အိပ်ပျော်နေသည်ကို လည်းကောင်း တွေ့ရ လေသည်။ ကွေ့ါရေရှုရသည် အသက်ထွက်တော့မည့် ဆဲဆဲ ဖြစ်နေသည်။ လမ်းခရီးတွင် ပင်ပန်းလာသည် ဖြစ်သောကြောင့်လည်းကောင်း၊အစာရေစာ ပျက်နေသည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့်လည်းကောင်းချည့်နဲ့ပိန်ချုံး၍နေ၏။ သို့ဖြစ်၍ ရောဂါက အလွယ်တကူဖြင့်ပင် သူ့ကို ဝင်ရောက်ဖိစီး နှိပ်စက်ခဲ့ လေသည်။ ဘယ်လိုမှ ဆေးမတိုးတော့ပေ။ထိုသစ်ပင် ရင်း၌ပင် အသက်ထွက် သွား ရရှာလေသည်။ ခုဝကို ကြည့်ရသည်မှာ အစာ မစားရသည်မှာ ကြာလှပြီ ဖြစ်၍ ဆာလောင်လှသဖြင့် ငိုရင်းက အိပ်ပျော်သွားပုံ ရလေသည်။ ဗိုလဝန်သည် ခုဝကို ကောက်ချီပြီးလျှင်သူ၏ သူငယ်ဂေဟာသို့ ခေါ်ဆောင်လာခဲ့လေသည်။

## အခန်း(၄၁)

ထိုအချိန်က စစ်တကောင်းမှာ ရခိုင်ပြည်၏ လက်အောက်ခံဖြစ်လေသည်။ ရခိုင်ဘုရင်သည် ဂေါဝိန္ဒမဏိကျစစ်ပြေးဘုရင်အဖြစ်ဖြင့် စစ်တကောင်းသို့ ရောက်လာသည်ဆိုသည့်သတင်းကို ကြားရသည့်အခါ ဂေါဝိန္ဒမဏိကျထံသို့ ရိုသေလေးစားစွာဖြင့် တမန်တစ်ဦးကို စေလွှတ်လိုက်လေ၏။ အကယ်၍ ဂေါဝိန္ဒမဏိကျသည် မိမိ၏ထီးနန်းကို ပြန်ပြီးသိမ်းပိုက်လိုသည့်ဆန္ဒရှိလျှင် ရခိုင်ဘုရင်က အကူအညီပေးနိုင်ပါသည် ဆိုသည့်အကြောင်းကိုလည်း တမန်မှတစ်ဆင့် ပြောကြားလိုက်လေ၏။

ဂေါဝိန္ဒမဏိကျသည် ထိုတမန်အား 'ကျွန်ုပ် ထီးနန်းကို အလိုမရှိတော့ပါဘူး' ဟု ပြောလေ၏။

ထိုအခါ တမန်က ပြောလေ၏။ ' ဒီလိုဆိုရင် အရှင်မင်းကြီး ရခိုင်မင်းနေပြည်တော်ကို ကြွပြီး ရိုသေလေးစားအပ်သည့် အထူးဧည့်သည်တော်အဖြစ်ဖြင့် ပျော်သလောက် နေတော်မူပါ'

'ကျွန်ုပ် မင်းနေပြည်တော်မှာလည်း နေချင်စိတ် မရှိဘူး။ စစ်တကောင်းနယ်တစ်နယ်မှ နေရာတစ်နေရာလောက်ရရင် ရခိုင်ဘုရင်ကို ကျေးဇူးတင်လို့ ဆုံးတော့မှာ မဟုတ်ပါဘူး'

'အရှင်မင်းကြီးနေချင်တဲ့နေရာမှာ နေနိုင်ပါတယ်၊ ဒီတိုင်းနိုင်ငံကို အရှင်မင်းကြီး ကိုယ့်တိုင်း ကိုယ့်နိုင်ငံလိုပဲ သဘောထားစေချင်ပါတယ်'

တမန်တော်က ဤသို့ ပြန်ပြောခဲ့လေသည်။

ရခိုင်နေပြည်တော်မှ အလုပ်အကျွေးပေါင်း အမြောက်အများကို ဂေါဝိန္ဒမဏိကျထံသို့ ပို့ထားလေ၏။ ဂေါဝိန္ဒမဏိကျသည် ထိုအလုပ်အကျွေးများ

သူ့ထံတွင် ထားသည်ကို တားမြစ်ပိတ်ပင်ခြင်း မပြုလုပ်ပေ။ ငါ့အပေါ်မှာ စိတ်မချလို့ ရခိုင်ဘုရင်က လူတွေလွှတ်ထားတာ ဖြစ်ချင်ဖြစ်မယ်ဟု သူစိတ်ကူးမိသောကြောင့် ဖြစ်လေသည်။

မဟာနီ မြစ်ကမ်းပါး၌ ဘုရင်မင်းကြီးသည် သူနေဖို့ရန်အတွက် သစ်ခတ်တဲကို ဆောက်လုပ်လေသည်။ ကြည်လင်သန့်ပြန့်သောရေ ရရှိသည့် မြစ်ငယ်ကလေးသည် ကြီးကြီးငယ်ငယ် အသွယ်သွယ်သော ကျောက်တုံး ကျောက်ခဲများ၏အပေါ်မှ ကျော်လွှားဖြတ်သန်းပြီး စီးဆင်းနေသည်။ ကမ်းနှစ်ဖက်တွင်ကား မဲနက်နေသည့် တောင်များ တည်ရှိနေပေသည်။ မဲနက်နေသည့် ကျောက်များအပေါ်၌ ပေါက်နေသည့် ရောင်စုံရေညှိပင်များမှ အောက်ဖက်သို့ တွဲရရွဲ ဆွဲကျနေကြသည်။ တောင်၌ ဟိုနေရာ သည်နေရာတွင် လိုဏ်ခေါင်းကလေးများရှိလေသည်။ ထိုလိုဏ်ခေါင်းများ၏အထဲ၌ အမျိုးမျိုးအစားစားသော ငှက်များနေကြ၏။အချို့နေရာများတွင် တောင်ထွတ်တောင်ထိပ်များသည် အတန်ပင်မြင့်များသည်ဖြစ်၍ အချိန်မနည်းကြီးကြာမှ နေရောင်ခြည် တစ်ပြောက်နှစ်ပြောက်မြစ်ရေထဲ ကျရောက်လာလေ၏။ တောင်၏အပေါ်၌ သစ်ပင်ကြီးငယ်အသွယ်သွယ်တို့သည် ပုံသဏ္ဍာန်အမျိုးမျိုးရှိသောအရွက်များကို ဖြန့်ပြီးယိမ်းထိုး လှုပ်ရှားနေကြ၏။ အချို့နေရာများတွင် မြစ်ကမ်းပါးနှစ်ဖက်တွင် ထူထပ်အုံ့ဆိုင်းသောတောတန်းသည်အဝေးသို့အထိ ပြန့်ပြူးသွားလေသည်။ စိမ့်ညို့သော တော၏အလယ်၌အချို့နေရာတွင် ငှက်ပျောတောကိုလည်း တွေ့ရလေသည်။ အချို့နေရာများတွင် စမ်းချောင်းကလေးများ ရှိလေသည်။ ထိုစမ်းချောင်းများမှရေများသည် အဟုန်ပြင်းစွာဖြင့် မြစ်ထဲသို့ စီးဝင်သွားကြသည်။ မြစ်ရေအလျဉ်သည် ကျောက်ခဲများအပေါ်မှ ဖြတ်ပြီး အောက်ဖက်သို့ စီးဆင်းနေသည်။ ထိုရေစီးသံသည် တောင်ကမ်းပါးရံနှင့် ရိုက်ခတ်ပြီး ပဲ့တင်ထပ်၍ နေသည်။

ဂေါဝိန္ဒမဏိကျသည် ဤမြစ်ကမ်းပါးရှိ အေးမြသော အရိပ်အောက်၌ ထို သာယာနာပျော်ဘွယ် ရေစီးသံကို နားထောင်ရင်း တောင်ခြေရှိ တိတ်ဆိတ်ငြိမ်းချမ်းလှသည့် သစ်ခတ်တဲ၌ နေထိုင်ပြီးလျှင် ငြိမ်းချမ်းရေး အရသာကို ခံစား၍နေလေ၏။ တိတ်ဆိတ်လှသည့် ပတ်ဝန်းကျင်သဘာဝ၏ အေးမြငြိမ်းချမ်းသောမေတ္တာဘတ်သည် လေးဘက်လေးတန်မှ စမ်းရေကဲ့သို့သူ၏နှလုံးပေါ်တွင် စီးကြပြီးလျှင် သူ၏မနသီက အပူဟူသမျှကို လွင့်ရှားပျောက်ကွယ်သွားစေလေ၏။ ဂေါဝိန္ဒမဏိကျသည် တဖြည်းဖြည်းနှင့်သူ၏နှလုံးအိမ်အတွင်းမှ ဒေါသ၊ မာန၊ အာဃာတ စသော အပြစ်ဒေါသဟူသမျှကို အပြင်သို့ ထုတ်ပစ်လိုက်လေသည်။ သူသည် သူ၏နှလုံးမှ တံခါးကို ဖွင့်ထားလိုက်သည်။ နှလုံးထဲသို့ လတ်ဆတ်

သော ရောင်ခြည်နှင့်အေးမြသော လေပြည်လေညင်းသည် ဝင်ရောက်လာပြီးလျှင် အတွင်းမှ အမိုက်မှောင်နှင့် ပူလောင်ခြင်းဟူသမျှကို အပြင်ဘက်သို့ လုံးဝ ထုတ်ပစ်လိုက်လေ၏။ အချို့မှာ သူ့ဆီမှ လက်တစ်ဖက်ဖြင့် ဖြန့်ပြီး လက်ဆောင် ပစ္စည်းများကို ခံယူပြီး အခြားလက်တစ်ဖက်ဖြင့် သူ့ကို သစ္စာဖောက်သည့် အလုပ်ကို လုပ်လေသည်။ အချို့မှာ သူ၏ ချီးမြှောက်ဂုဏ်ပြုချက်ကို ခံယူပြီး သူ့ကို စော်ကားမော်ကား လုပ်ကြလေသည်။ယင်းအရာအားလုံးကို ဂေါဝိန္ဒမဏိကျသည် အကြွင်းမဲ့ မေ့ပစ်လိုက်လေပြီ။ဤတောင်ခြေရှိ သဘာဝ၏ ဆန်းသစ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ကြောင့်ကြမဲ့ခြင်းများကို ကြည့်ရှုပြီးလျှင် သူကိုယ်တိုင်လည်း ဆန်းသစ်သွားသည်၊ ငြိမ်းချမ်းသွားသည်၊ ကြောင့်ကြပူပင်ခြင်း ကင်းသွားသည် ဟုထင်ရလေသည်။ သူသည် သူ၏ ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာကို ကမ္ဘာလောက၏ အရပ်ဆယ်မျက်နှာသို့ ဖြန့်လိုက်သည်ဟုအောက်မေ့လိုက်ရလေသည်။ မိမိ၏ အာသာရမ္မက် ဟူသမျှကိုပယ်ရှားလိုက်ပြီးလျှင် သူသည် လက်အုပ်ချီပြီး ပြောလေသည်။

'အို...ဘုရားသခင်၊ သင်ဘုရားသခင်သည် စည်းစိမ်သမ္ပတ္တိ တောင်ထိပ်က လိမ့်ကျလာတဲ့ အကျွန်ုပ်ကို ရင်ခွင်ဖြင့် မချီပြီး ဒီလမ်းခရီးမှာ ကယ်ဆယ်ထားပါသည်။ အကျွန်ုပ်လျှောကျသွားတော့မည့်ဆဲဆဲဖြစ်ခဲ့ပါသည်။ သို့ရာတွင် သီသီလေး လွတ်သွားခဲ့ပါသည်။ အကျွန်ုပ် ဘုရင်အဖြစ်နှင့်တုန်းက ကိုယ့်တန်ဖိုး၊ ကိုယ့် အသုံးဝင်မှုကို မသိခဲ့ပါ။ ယနေ့အကျွန်ုပ်သည် ကိုယ့်တန်ဖိုး၊ ကိုယ့်အသုံးဝင်မှု၊ ကမ္ဘာလောကတစ်ခုလုံးမှာပြန့်နေတာကို တွေ့ရပါသည်။'

သူသည် ရှေ့သို့ဆက်၍ မပြောနိုင်ဖြစ်နေသည်။ လည်ချောင်း တစ်ဆို့လာ၏။ မျက်လုံးများမှလည်း မျက်ရည်များ စီးကျလာလေ၏။ ထို့နောက် အတန်ငယ် ကြာသောအခါ ဆက်ပြီး ပြောပြန်လေ၏။ 'ဘုရားသခင်၊ သင်ဘုရားသခင်သည် အကျွန်ုပ်၏ ချစ်မငြီးသော ခုဝကို အကျွန်ုပ်နှင့် ခွဲထားလိုက်ပါသည်။ ထိုသို့ ခွဲလိုက်သဖြင့် ပေါ်ပေါက်ခဲ့သော ဝေဒနာသည် အကျွန်ုပ်၏ နှလုံးထဲတွင် ယခုထက်တိုင်ပင် အကြွင်းမဲ့ ပျောက်ကင်းမသွားသေးပါ။ အသင်ဘုရားသခင် စီစဉ်လိုက်သည်မှာ ကောင်းသောအစီအစဉ်ပင် ဖြစ်သော်လည်း အကျွန်ုပ်၏ စိတ်နှလုံးမှာ မကြာခဏဆိုသလို မငြိမ်မသက် ဖြစ်နေခဲ့ပါသည်။ အကျွန်ုပ်သည် ထိုကလေးငယ်အပေါ်မှာ အချစ်ကြီး ချစ်နေမိတဲ့အတွက် ကိုယ့်တာဝန်ဝတ္တရား များကို မေ့လျော့ပြီး ကိုယ့်ဘဝ၏ ရည်ရွယ်ချက်ကို သူ့အပေါ်မှာပဲ ပုံချထားခဲ့ပါသည်။ သင်ဘုရားသခင်သည် အကျွန်ုပ်ကို ဘေးဒုက္ခမှ ကယ်တင်ခဲ့ပါသည်။ အကျွန်ုပ်သည် ခုဝကို မိမိ၏ကောင်းမှု ဟူသမျှ၏ ဆုလာဘ်ဟု

သဘောထားပြီး လက်ခံခဲ့ပါသည်။ သို့သော်လည်း သင် ဘုရား သခင်က သူ့ကို ခေါ်ဆောင်သွားပြီး 'ကောင်းမှု၏ ဆုလာဘ်ဟာ ကောင်းမှု ဖြစ်တယ်' ဆိုတဲ့ သင်ခန်းစာ ပေးခဲ့ပါသည်။ ဘုရားသခင်၏ အဲဒီသင်ခန်းစာ ကြောင့် ယခုအချိန်မှာဆိုလျှင် အကျွန်ုပ်ဟာ မုဝနှင့် ကွေကွင်းရသည့်ဒုက္ခကို သုခလို့ပဲ အမှတ်ထားပြီး သင်ဘုရားသခင်၏ ချီးမြှောက်ချက်ကို ကျေးဇူးတင်မဆုံး ရှိနေပါသည်။ အို. . .ဘုရားသခင်၊ အကျွန်ုပ်သည် အဖိုးအခ သဘောမျိုးဖြင့် အလုပ်၏အကျိုးကျေးဇူးကို မျှော်ကိုးပြီး အလုပ်လုပ်သော အလုပ်သမားကဲ့သို့ အလုပ်ကို မလုပ်လိုပါ၊သင်ဘုရားသခင်၏ ချစ်မေတ္တာ လောင်းရိပ်ထဲကနေပြီး တော့သာလျှင်အသင်ဘုရားသခင်၏အကျိုးကို သယ်ပိုး ဆောင်ရွက်လိုပါသည်'။ ငြိမ်းချမ်းသာယာသော သဘာဝသည် လူသူကင်းမဲ့သောနေရာ၌

ချစ်မေတ္တာ ရေလျှဉ်ကို စုဆောင်းသိမ်းလေသည်။ ထို့နောက် ထိုချစ်မေတ္တာ ရေလျှဉ်ကို လူ့လောကအတွင်းရှိ အိမ်တကာသို့ မြစ်ရေနဒီ အဖြစ်ဖြင့် စီးဆင်းစေခဲ့သည်။ အကြင်သူသည် ထိုချစ်မေတ္တာ ရေလျှဉ်ကိုခံယူသောက်သုံး၏။ ထိုသူ၏ အပူသည် ငြိမ်းအေးသွားလေသည်။ ထိုသူ၏အာသာသည် ပြည့်ဝသွားလေသည်။ ထိုချစ်မေတ္တာရေလျှဉ်ကို လက်နှင့်မထိသူများအားလည်း သဘာဝက မည်သို့မျှ အနိုင်အထက်မပြုလုပ်ပေ။ ဂေါဝိန္ဒမဏိကျသည် ယင်းအချက်ကို သိမြင်လာ လေသည်။ 'ငါလည်း ဤလူသူကင်းမဲ့သည့် နေရာ၌ စုဆောင်းသိမ်းထားသည့် ချစ်မေတ္တာကို လူတို့အား ဖြန့်ဖြူးဝေငှရအောင် သွားမည်' ယင်းသို့ စဉ်းစားပြီး သူသည် ထိုသစ်ခက်တဲကို စွန့်ခွဲ၍ ထွက်လာခဲ့လေ၏။

ရတ်တရက် ထီးနန်းကိုစွန့်လိုက်ပြီး မထင်မရှားနေရခြင်းမှာ အပြောလွယ်ကူ သလောက် လက်တွေ့ကျတော့မလွယ်ကြောင်းတွေ့ရလေသည်။ ဘုရင့်အဆောင် အယောင်ကို စွန့်ပယ်ပြီး သစ်ခေါက်ဆိုးအဝတ်ကို ဝတ်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ပေ။ထီးနန်းကိုစွန့်ခြင်းမှာ လွယ်ကူသည်ဟုပဲ ထားပါဦး မွေးက တည်းကစွဲလာသည့် အသေးအဖွဲ အလေ့အကျင့်ကလေးများကို တစ်ထိုင်တည်း စွန့်ပယ်လိုက်ဖို့ရာမှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ ထိုကဲ့သို့သော အလေ့ ကျင့်မျိုးကို ကျွန်ုပ်တို့သည် လွယ်လင့်တကူ မစွန့်ပစ်နိုင်ကြပါ။ ထိုအလေ့အကျင့် များသည် သူတို့၏ထက်လှသော အာသာရမ္မက်များဖြင့် ကျွန်ုပ်တို့၏ အကြော အချဉ်ထဲတွင် စိမ့်ဝင်နေကြသည်။ သူတို့၏အာသာရမ္မက်ကို အချိန်နှင့် ဖြည့်တင်း မပေးခဲ့လျှင် သူတို့သည် ကျွန်ုပ်တို့၏သွေးကို စုပ်ယူလိမ့်မည် ဖြစ်ပေသည်။

ဂေါဝိန္ဒမဏိကျ ထိုလူသူ ဆိတ်သုဉ်းသည့် သစ်ခက်တဲ၌ နေသည့်ရက် အတောအတွင်း မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ စိတ်နှလုံးခိုင်ခံ့စွာဖြင့်ပင်

နေထိုင်လာခဲ့သည့်ဟု မမှတ်လိုက်ပါနှင့်။ သူ၏ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ သူ၏ ရာထောင်မက များပြားလှသည့် အလေ့အထများနှင့် တိုက်ပွဲဝင်နေရလေသည်။ ပစ္စည်း တစ်စုံတစ်ခု မရသဖြင့် သူ၏စိတ်နှလုံးအလိုမကျဖြစ်ခဲ့သော သူသည် မိမိကိုယ်မိမိ ပြစ်တင်ရှုံ့ချလေသည်။ သူသည်သူ့စိတ်နှလုံး၏ ပါးစပ်ပေါက်တစ်ရာရှိသော အာသာရမ္မက်ကိုဘာအစာမျှမကျွေးဘဲ တဖြည်းဖြည်း လုံးပါးပါးသွားအောင် လုပ်နေလေ၏။သူသည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ မိမိအလေ့အကျင့်အမျိုးမျိုးပေါ်တွင်အနိုင်ရှိသဖြင့် ချမ်းသာသုခ ဖြစ်နေလေ၏။ လူတို့သည် မြင်းရိုင်းကိုအဟုန်ဖြင့် အတင်းမောင်းနှင်ပြီး မောသွားအောင်၊ ငြိမ်သွားအောင်ပြုလုပ်ကြသကဲ့သို့ ဂေါဝိန္ဒမဏိကျသည် သူ့အလေ့အကျင့်ဖြစ်နေသည့်ပစ္စည်းဝတ္ထုတို့ကိုမရသဖြင့် အလိုမပြည့်ဖြစ်နေသည့် မိမိ၏စိတ်နှလုံးကို ချို့တဲ့ခေါင်းပါးခြင်းတည်းဟူသော သဲကန္တာရထဲမှာ မကြာခဏ အပြေးခိုင်းပြီး ငြိမ်သွားအောင်၊ ဣန္ဒြေရသွားအောင်လုပ်ရလေသည်။ ထိုအလေ့အကျင့်တို့ကြောင့် သူသည် အချိန်ကြာမြင့်သည့်တိုင်အောင်တည်ငြိမ်မှု မရရှိခဲ့ပေ။

ဂေါဝိန္ဒမဏိကျ တောင်ကုန်းဒေသကို စွန့်ခွာပြီးလျှင် ပင်လယ်တောင်ဘက်ပိုင်းသို့ ထွက်လာခဲ့လေသည်။ သူသည်အထုံဝါသနာတွေ အာသာရမ္မက်တွေကို စွန့်လွှတ်လိုက်သည်ဖြစ်၍ စိတ်နှလုံးထဲတွင် လွတ်လပ်မှုအရသာတစ်မျိုးကို ခံစားလာရသည်။ယခုအခါတွင် အနှောင့်အယှက် အဖျက်အဆီးလုပ်မည့်အရာ သူ့မှာမရှိတော့ပေ။ ရေ့သို့တိုးတက်ရာ၌ အခု သူ့ကိုဘယ်သူကမျှ ဘယ်အရာကမျှ တားဆီးပိတ်ပင်ထားခြင်းငှာ မစွမ်းနိုင်တော့ပေ။ သူသည် သဘာဝကို ကျယ်ကျယ်ပြန့်ပြန့်ကြည့်လေသည်။ မိမိကိုယ်ကိုလည်း ထိုသဘာဝ၏ အနုမြူတစ်ခု အနေသာ မှတ်ထားလေ၏။ သူသည်စိမ်းလန်းစိုပြေသော သစ်ပင်ပန်းပင်နှင့် နွယ်ပင်များ၌လည်းကောင်း၊နေမင်း၏ ရွှေရောင်ခြည်များ၌လည်းကောင်း သဘာဝ၏အပိုင်းအခြားမရှိသော အသရေကို တွေ့ရလေသည်။ လူတို့၏ ပြုံးရယ်ခြင်း၊ စကားပြောခြင်း၊ထိုင်ခြင်း၊ ထခြင်း၊ သွားခြင်း၊ လာခြင်းတို့၌ ထူးကဲသော အရသာတစ်မျိုးကို တွေ့ရလေသည်။

မြင်မြင်သမျှလူများကို အပါးခေါ်ပြီး စကားစမြည် ပြောရသည်မှာ သူ့အဖို့ သုခတွေရနေသည်။ သူ့ကို ဂရုမစိုက်သည့် လူများအပေါ်တွင်လည်း သူသည် စိတ်ကောင်းစေတနာကောင်း ထားလေသည်။ သူ့စိတ်နှလုံးထဲ၌ အားမဲ့သူတို့ကို အကူအညီပေးလိုသည့် ဆန္ဒ၊ ဒုက္ခသည်တို့ကိုအကျိုးပြုစေလိုသည့် ဆန္ဒသည် ပြင်းပြစွာ နိုးကြားပေါ်ပေါက်လာသည်။သူသည် သူ၏ ရှိသမျှအင်အား ရှိသမျှသုခကို သူတစ်ပါးအတွက် စွန့်လွှတ်လိုက်လေသည်။ သူ့အကျိုးအတွက်

ဘာမျှလုပ်စရာ မလိုတော့ပေ။ ဤကမ္ဘာလောကၡ္ဌ အခြားသူများ မမြင်ရသည့် အရာများသည်အသစ်အဆန်းအဖြစ်ဖြင့် သူ၏ ရှေ့မှောက်တွင် ပေါ်လာကြလေသည်။ကလေးသူငယ်နှစ်ယောက် လမ်းပေါ်၌ကစားနေသည်ကို တွေ့ရသည့်အခါ၌လည်းကောင်း ညီအစ်ကိုနှစ်ယောက်၊ သားအမိ သို့မဟုတ် သားအဖအတူထိုင်နေသည်ကို တွေ့ရသည့်အခါ၌လည်းကောင်း၊ သူတို့သည် ဖုန်တလိမ်းလိမ်းကပ်၍နေသည်ဖြစ်စေ၊ ဆင်းရဲမွဲတေနေသည်ဖြစ်စေ၊ အထီးကျန်ဖြစ်စေ သူတို့၏အထံ၌ ဂေါဝိန္ဒမဏိကျသည် သူ၏အလွန်ကျယ်ပြန့်ကြီးမားသော နှလုံးသမုဒ္ဒရာ၏ဆုံးစမရှိသော ချစ်မေတ္တာကို တွေ့မြင်နေသည်။ရင်ခွင်ထဲတွင် ကလေးငယ်ကို ပွေ့ချီထားသည့် တစ်ယောက်သောမိခင်ကိုတွေ့ရသည့်အခါ သူသည် ထိုမိခင်ကို အတိတ်နှင့် အနာဂတ်က ကလေးသူငယ်ဟူသမျှ၏ မိခင်အဖြစ်ဖြင့် မြင်နေသည်။ မိတ်ဆွေနှစ်ဦး ချစ်ကြည်ရင်းနှီးစွာ စကားပြောဆိုနေကြသည်ကို တွေ့ရသည့်အခါ သူသည်လူသားအားလုံးကို ထိုကဲ့သို့သော မိတ်ဆွေချစ်၊ ညီအစ်ကိုချစ်ဖြင့် ရစ်ပတ်တွယ်နှောင်ထားသည်ကို မြင်နေရသည်။ ယခင်အခါက အမိမဲ့အဖြစ်ဖြင့် မြင်ခဲ့ရသော ပထဝီမြေပြင်ကို သူသည်ယခုအခါတွင်အောက်သို့ မျက်လွှာချပြီး အချိန်ကာလကြာမြင့်စွာက နိုးကြားနေသော မိခင်၏ရင်ခွင်ထဲတွင် မြင်နေရသည်။ ကမ္ဘာလောက၏ ဆင်းရဲခြင်း၊စိတ်မချမ်းသာခြင်း၊ သောကရောက်ခြင်း၊ ခိုက်ရန်ဒေါသဖြင်ခြင်း စသည်တို့ကိုကြည့်ပြီး၍လည်းကောင်း ယခုအခါ သူသည် စိတ်မထိခိုက်တော့ပေ။ သူသည် အခု ဘယ်သူ၏ ဆင်းရဲဒုက္ခကို မြင်ရမြင်ရ စိတ်မပျက်တော့ပေ။ မင်္ဂလာရှိသည့် အမှတ်အသားတစ်ခုမျှကို တွေ့လိုက်ရသည်နှင့်သူ၏မျှော်လင့်ချက်သည် အမင်္ဂလာ အရာအထောင်တို့ကို ထိုးဖောက်ကျော်လွှန်ပြီး ပွင့်လန်း၍သွားလေသည်။ နူးညံ့ပျော့ပျောင်းသော ကလေးသူငယ်တစ်ဦးအသွင်ကဲ့သို့ ဤသူ့ဋ္ဌက္ခ အပြည့်ဖြစ်သည့်ကမ္ဘာလောက ကို ချစ်မေတ္တာပြည့်ဝနေသော ရင်ခွင်ထဲတွင် တွေ့ရသည့်နေ့မျိုး၌ ဖြစ်ပေါ်လာမည့် ထူးကဲဆန်းသစ်သော ချစ်မေတ္တာနှင့်လွတ်လပ်မှုမျိုးသည် ကျွန်ုပ်တို့၏ တစ်သက်တာ၌ ဘယ်တော့မှပေါ်မလာတော့ပြီလော။ ကျွန်ုပ်တို့ကို တစ်စုံတစ်ဦး က အခြေပျက်အနေပျက်ဖြစ်အောင် မလုပ်နိုင်သည့် ကျွန်ုပ်တို့ကို တစ်စုံတစ်ဦးက လူ့အခွင့်အရေး၊ လောကအခွင့်အရေး ဆုံးရှုံးနစ်နာသွားအောင် မပြုလုပ်နိုင်သည့် ကျွန်ုပ်တို့ကို တစ်စုံတစ်ဦးက ရဲတိုက်တစ်ခုခုထဲထည့်ပြီးဖမ်းဆီးချုပ်နှောင် မထားနိုင်သည့် နေ့ရက်မျိုးကော ရောက်မလာနိုင်ဘူးလား။ တစ်နေ့သောအခါ ကျလျှင် ကျွန်ုပ်တို့အတွက်လည်း ထူးခြားသော ပွေသံတစ်ခုသည် မြည်လာရပေမည်။ ထူးခြားသော ဝသန္တဥတုတစ်ခုသည် ပေါ်လာရပေမည်။ ပြီးတော့

ကမ္ဘာလောကတစ်ခုလုံး ပီတိသောမနသသ ပြည့်ဝနေရမည်။ ဆင်းရဲဒုက္ခဟူသမျှကို ဂရုမစိုက် အမှုမထားရသည့်နေ့ရက်မျိုးလည်း တစ်နေ့သောအခါကျလျှင် ရောက်လာနိုင်ပေသည်။ဆန်းသစ်သော လွတ်လပ်မှုအရိပ်အောက်ဝယ် ဂေါဝိန္ဒမဏိကျအဖို့ ယနေ့ ထိုနေ့ ထိုရက်မျိုးသို့ ရောက်ရှိလာခဲ့ပေ၏။

စစ်တကောင်း၏ တောက်ဘက်၌ ရာမူမြို့သည် ယခုလည်းဆယ်ကောသ အဝေးတွင် ရှိလေသည်။ ညနေဆည်းဆာမတိုင်မီဂေါဝိန္ဒမဏိကျသည် အလန်ခါလီ အမည်ရှိ ရွာငယ်တစ်ခုသို့ရောက်လာသည့်အခါ ရွာစွန်ရွာဖျားရှိ အိမ်တစ်အိမ်မှကလေးတစ်ယောက်၏ငိုသံကို ကြားရလေ၏။ ဂေါဝိန္ဒမဏိကျ၏ နှလုံးသည်ရုတ်တရက်ခြည်းထကြွလှုပ်ရှားလာ၏။ သူသည် ထိုခဏ၌ပင် ထိုအိမ်ထဲသို့ဝင်သွားလေ၏။ အိမ်ထဲရောက်သည့်အခါ လူရွယ်တစ်ဦး ပိန်ကြုံချည့်နဲ့နေသော ကလေးငယ်တစ်ယောက်ကို ချီပြီး အိမ်ထဲ၌ လမ်းလျှောက်နေသည်ကို တွေ့ရလေ၏။ ကလေးငယ်သည်လန့်လန့်နေလေသည်။ မကြာခဏလည်း အသံကပ်ကလေးဖြင့်ငိုငိုနေရှာသည်။ အိမ်ရှင်လူရွယ်သည် ထိုကလေးငယ်ကို သူ၏ရင်ခွင်ဖြင့်အပ်၍ချီပြီးလျှင် ကြိုးစားပြီး သိပ်ရှာသည်။ ရသေ့အသွင်ဆောင်ထားသည့်ဂေါဝိန္ဒမဏိကျကို တွေ့လိုက်ရသည့်အခါ လူရွယ်သည် တက်ကြွသွားပြီးလျှင် ပျာယိပျာယာနှင့် 'ရသေ့ကြီး ဒီကလေးကို ဆုမွန်ပေးသနားပါ' ဟု ပြောလိုက်လေ၏။ ဂေါဝိန္ဒမဏိကျသည် သူ့ကိုယ်ပေါ်မှ စောင်ကိုခွာပြီးလျှင် ကလေးကို ခြုံပေးလိုက်လေ၏။ ကလေးသည် သူ၏ ချည့်နဲ့နေသော ဦးခေါင်းကလေးကို တစ်ကြိမ်ထောင်ပြီး ဂေါဝိန္ဒမဏိကျကို ကြည့်လိုက်လေ၏။ ကလေး၏မျက်လုံးအောက်ဘက်၌ ညိုရှုံ့နေသည်။ သူ၏ နွမ်းခြောက်လျက်ရှိသော မျက်နှာတစ်ခုလုံး၌ မျက်လုံးနှစ်လုံးမှတစ်ပါး တခြား ဘာအရာမျှ မရှိသလိုဖြစ်နေ၏။ ဂေါဝိန္ဒမဏိကျ မြင်လိုက်ရသောအခါ ကလေးသည် တစ်ကြိမ် သူ၏ ဖြူဖတ်ဖြူရော်ဖြစ်နေသော ပါးလွှာသည့် နှုတ်ခမ်းကလေးများကို လှုပ်ပြီး မပီမသနှင့် ပါးစပ်က တစ်ခုခု ပြောလိုက်၏။ ထို့နောက် သူ့ဖခင်၏ ပခုံးပေါ်တွင် ခေါင်းကလေးမှေးတင်ပြီး ငြိမ်သက်သွားပြန်လေသည်။ ကလေးဖခင်သည် ကလေးကို အောက်တွင် ချထားလိုက်ပြီးလျှင် ဘုရင်မင်းကြီးကို ရှိခိုးဝတ်ပြု၏။ ထို့နောက် ဘုရင်မင်းကြီး ခြေထောက်မှ မြူမှုန်များကို ယူပြီးလျှင် ကလေး၏ ဦးခေါင်းနှင့် ကိုယ်ကာယတွင် လိမ်းပွတ်ပေးလေသည်။

ဘုရင်ကြီးသည် ကလေးကို ကောက်ချီလိုက်ပြီးလျှင် ထိုလူရွယ်အား မေးလိုက်လေ၏။

'ဒီကလေးရဲ့ အဖေနာမည်က ဘယ်သူတဲ့လဲ'

လူရွယ်က ပြန်ဖြေသည်။

'ဒီကလေးရဲ့အဖေက ကျွန်ုပ်ပါပဲ၊ ကျွန်ုပ်ရဲ့ နာမည်က ယာဒဝလို့ခေါ်ပါတယ်'

ယာဒဝသည် မျက်လုံးတွင် မျက်ရည်ဝိုင်းလာပြီးလျှင် ဆက်ပြောလေသည်။

'ကံကြမ္မာဆိုးဟာ တစ်ယောက်ပြီးတစ်ယောက် ကျွန်ုပ်ရဲ့ ကလေးတွေကို လုယူသွားပါတယ်။ ဒီတစ်ယောက်ပဲ အခု ကျန်တော့တယ်'

ယင်းသို့ပြောပြီး သူသည် သက်ပြင်းတစ်ချက် ချလိုက်လေ၏။

ဘုရင်မင်းကြီးသည် အိမ်ရှင်လူရွယ်အား ပြောလေသည်။

'ဒီနေ့ည ငါဒီမှာ မင်းတို့ရဲ့ဧည့်သည် အာဂန္တုအဖြစ်နဲ့ တည်းခိုမယ်။ ငါဘာမှမစားဘူး။ ငါ့အတွက် ဘာမှ စီစဉ်ချက်ပြုတ်နေဖို့ မလိုဘူး။ ငါဒီမှာ အိပ်ရုံပဲ အိပ်မယ်'

ယင်းသို့ပြောပြီးလျှင် ဘုရင်မင်းကြီးသည် ထိုညအဖို့ ထိုအိမ်၌ပင် တည်းခိုနေထိုင်လေ၏။ ဘုရင်မင်းကြီး၏နောက်လိုက်အလုပ်အကျွေးများကမူ ရွာအတွင်းရှိ ကြေးရတတ်တစ်ဦး၏ အိမ်သို့သွားပြီး တည်းခိုနေထိုင်ကြသည်။ တဖြည်းဖြည်းနှင့် ညချမ်းဆည်းဆာ ကျရောက်လာလေ၏။ အနီးတွင်မှော်ပင်များ ဖုံးအုပ်နေသည့် ရေကန်တစ်ကန် ရှိသည်။ ထိုရေကန်၏အပေါ်မှအငွေ့များ၊ အခိုးများ၊ ထွက်နေသည်။ လယ်သမားများ၏ နွားတင်းကုတ်မှ ကောက်ရိုးနှင့် အမှိုက်သရိုက်များကို မီးရှို့သဖြင့် မီးခိုးများသည်အပေါ်သို့တက်သွားပြီးလျှင် ရေ့ဘက်ရှိ ကွင်းပြင်နှင့် ရေပြင်ကြီးပေါ်တွင်ပျံ့နှံ့သွားလေသည်။ ချုံပုတ်များထဲမှ ပုရစ်တို့သည် ကွဲထွက်မတတ် အသံဖြင့် အော်နေကြသည်။ လေတိုက်ရပ်သွားလေပြီ။ သစ်ရွက်မျှပင် လှုပ်သည်ကို မတွေ့ရတော့ပေ။ ဂေါဝိန္ဒမဏ္ဍပ်သည် မီးအိမ်မှ ဖြာထွက်နေသောဖျော့တော့သော မီးရောင်အောက်၌လူမမာကလေးငယ်၏ ညှိုးနွမ်းနေသောမျက်နှာကို တွေ့မြင်ရသည်။ သူသည် ကလေးငယ်ကိုစောင်ခြုံပေးပြီးလျှင် အနီး၌ထိုင်ပြီး ပုံအမျိုးမျိုးကို ပြောပြနေလေ၏။ညချမ်းဆည်းဆာ ကုန်ဆုံးကျော်လွန်သွားပြီ။ အဝေးမှ တောခွေးတို့၏ အော်သံကို ကြားရ၏။ ကလေးသည် ပုံကိုနားထောင်ရင်းနှင့် သူ၏ဝေဒနာကို မေ့သွားပြီး အိပ်ပျော်သွားလေ၏။ ဘုရင်မင်းကြီးသည် နဘေးရှိ အိမ်တစ်အိမ်တွင် သွားပြီးအိပ်လေ၏။ သို့ရာတွင် သူသည် အိပ်၍ မပျော်ပေ။တစ်ညလုံး ဓုဝကိုသာလျှင် သတိရနေ၏။ သူသည် တစ်ကိုယ်တည်း စဉ်းစားနေမိသည်။

'ငါ. . . ဓုဝနဲ့ ကွဲသွားပြီးတဲ့နောက်မှာ မြင်မြင်ကရာ ကလေးဟူသရွေ့ကို ဓုဝလိုပဲ အောက်မေ့နေမိတော့တယ်'

နံနက်အလင်းဘက်သို့ နီးကပ်လာသောအခါ သူငယ်ကလေးသည် အိပ်ရာက နိုးပြီး သူ့ဖခင်နှင့် စကားပြောနေသည်ကို ဘုရင်မင်းကြီး ကြားရလေ၏။

'အဖေ အခုတီးနေတာ ဘာလဲ'

'အခု တီးနေတာ ဗုံပေါ့ သား'

'ဗုံ ဘာဖြစ်လို့ တီးတာလဲ'

'နက်ဖြန်ကျရင် ဘုရားပွဲလေ'

'နက်ဖြန်ခါ ဘုရားပွဲလား၊ ဘုရားပွဲနေ့ကျရင် ကျွန်တော့်ကို ဘာပေးမလဲ'

'ဘာပေးရမှာလဲ သားရဲ့'

'ကျွန်တော့်ကို ရှောစောင်အနီလေး ပေးပါလား'

'ရှောစောင်အနီလေး ဘယ်ကရမှာလဲ၊ ဖေ့ဆီမှာ ဘာမှ မရှိဘူးသား'

'အဖေ့ဆီမှာ ဘာမှမရှိဘူးလား အဖေ'

'အဖေ့ဆီမှာ ဘာမှ မရှိဘူး၊ အဖေ့ဆီမှာ သားပဲရှိတယ်'

နှလုံးကွဲမတတ်ဖြစ်နေသော ဖခင်၏သက်မချသံကို နဘေးအိမ်တွင် အိပ်နေသော ဘုရင်မင်းကြီးသည် အတိုင်းသား ကြားလိုက်ရသည်။

ကလေးသည် နောက်ထပ် ဘာမျှ မပြောတော့ပေ။ ဖခင်၏ရင်ခွင်ထဲမှာ အိပ်ပျော်ပြီဟု အောက်မေ့ရသည်။

မိုးမလင်း တလင်းမှာပင် ဂေါဝိန္ဒမဏိကျသည် အိပ်ရာမှ ထလိုက်လေ၏။ အိမ်သူအိမ်သားတွေကို အကြောင်းမကြားဘဲနှင့် သူသည် မြင်းပေါ်တက်စီးပြီးလျှင် ရာမူမြို့ဘက်သို့ ထွက်လာခဲ့လေသည်။ သူသည်ဘာမျှ မစားမသောက်ပေ။ ဘယ်မှာမှ မရပ်မနား။ လမ်းခရီး၌ချောင်းငယ်တစ်ခု တွေ့သည်။ မြင်းပေါ်က မဆင်းဘဲနှင့် ချောင်းကိုဖြတ်ကူးလေ၏။ နေ့လယ် မွန်းတည့်နေခြစ်ခြစ်တောက်ပူနေချိန်တွင်ဘုရင်မင်းကြီးသည် ရာမူမြို့သို့ ရောက်သွားလေ၏။ မြို့တွင် သူသည်ကြာကြာမဆိုင်းပေ။ နေမဝင်ခင်ပင် ယာဒဝ၏အိမ်သို့ ပြန်ရောက်လာခဲ့လေ၏။ ယာဒဝကို ကွယ်ရာခေါ်သွားလေသည်။ သူသည် လွယ်အိတ်ထဲမှ ရှောစောင်အနီလေးတစ်ထည်ကို ထုတ်ပြီးလျှင် ယာဒဝ၏ လက်ထဲထည့်လျက် ပြောလေ၏။

' ဒီနေ့ ဘုရားပွဲနေ့၊ ဒီရှောစောင် မင့်သားကို ပေးလိုက်'

ယာဒဝသည် ငိုယိုပြီးလျှင် ဂေါဝိန္ဒမဏိကျ၏ ခြေထောက်ကို ဖက်လျက် ပြောလေ၏။

'ရသေ့ကြီး ရသေ့ကြီးယူလာတဲ့ ဥစ္စာ ရသေ့ကြီးပဲ ပေးပါ'

'ဟင့်အင်း ငါမပေးဘူး၊ မင်းပဲပေး၊ ငါပေးလို့ ဘာမှ ကျေးဇူးမရှိဘူး၊ ငါက

ပေးတယ်ဆိုတာတောင် သူ့ကို မပြောနဲ့။ ငါ မင့်ကလေးရဲ့ မျက်နှာပေါ်မှာ ပေါ်လာတဲ့ ကျေနပ်အားရတဲ့အပြုံးကို ကြည့်ပြီးမှ သွားမယ်'

လူမမာကလေး၏ အလွန်ချည့်နဲ့ ညှိုးနွမ်းနေသောမျက်နှာ ရွှင်ပြုံးလာသည်ကို တွေ့ရမှ ဘုရင်မင်းကြီးသည် ထိုနေရာမှ ထွက်ခွာသွားလေသည်။ ဘုရင်မင်းကြီးသည် စိတ်မချမ်းသာဖြစ်ပြီးလျှင်တစ်ကိုယ်တည်း တွေးတောမိလေသည်။

'ငါဟာ ဘာမှ မသုံးမကျဘူး၊ ဘာအလုပ်မှ မလုပ်တတ်ဘူး၊ နှစ်ပေါင်းများစွာ ကာလအထိ ငါဟာ မင်းစည်းစိမ်ကိုပဲ ခံစား စံစားလာခဲ့တယ်။ ဘာကိုမှ သင်ကြားတတ်မြောက်ခြင်း မရှိခဲ့ဘူး။ ဘယ်လိုလုပ်ရင် ဒီသူငယ်ရဲ့ အနာရောဂါ ပျောက်ကင်းသက်သာသွားမယ်ဆိုတာ ငါနားမလည်ဘူး၊ ငါဟာ ဘာမလုပ်တတ်၊ ညာမလုပ်တတ်နဲ့ ထိုင်ပြီး စိတ်မကောင်း ဖြစ်နေဖို့လောက်ပဲ တတ်တယ်။ တကယ်လို့ ဒီနေရာမျိုးမှာ ဗိလဝန် ပုရောဟိတ် သာရှိခဲ့ရင် တစ်နည်းနည်းနဲ့ ဒီကလေးငယ်ရဲ့ ရောဂါဝေဒနာကို ကုမှာ အမှန်ပဲ။ ငါလဲပဲ ပုရောဟိတ် ဗိလဝန်လိုဆိုရင် ဘယ်လောက်ကောင်းမလဲ'

ထိုနောက် ဂေါဝိန္ဒမဏိကျသည် 'ငါ ဒီတစ်ခါတော့ ဟိုဟိုဒီဒီလျှောက် သွားမနေတော့ဘူး၊ လူတောထဲမှာပဲနေပြီး အလုပ်ဘယ်လို လုပ်ရတယ်ဆိုတာ လေ့လာဆည်းပူးတော့မယ်' ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်လေသည်။

ရခိုင်ဘုရင်ထံမှ ခွင့်ပန်ပြီးလျှင် ဂေါဝိန္ဒမဏိကျသည် ရာမူမြို့၏တောင်ဘက်၌ ဘုရင့်အနွယ်တော် မဂလူမျိုးတို့၏ ရဲတိုက်ထဲ၌နေထိုင်လေ၏။

ရွာထဲရှိ ကလေးသူငယ်မှန်သမျှသည် ရဲတိုက်ထဲက ဂေါဝိန္ဒမဏိကျထံသို့ စုလာကြလေသည်။ ဂေါဝိန္ဒမဏိကျသည် ထိုကလေးများကို စုပြီးလျှင် စာသင်ကျောင်းတစ်ကျောင်း ဖွင့်ထားလေ၏။ သူသည် ကလေးများကို စာသင်ပေးသည်။ ကလေးများနှင့် အတူကစားသည်။ မကြာခဏ ကလေးများ၏အိမ်သို့ လိုက်သွားပြီး ကလေးများနှင့်အတူနေသည်။ ကလေးများ မကျန်းမမာဖြစ်ခဲ့သော် ကြည့်ရှုစောင့်ရှောက်သည်။ ထိုကလေးများသည် အားလုံး မိုးပေါ်မှကျလာသည့် နတ်မျိုးနွယ်များမဟုတ်ကုန်။ သူတို့၏အသိဉာဏ်တွင် လူနှင့်ဘီလူး ဘာ ထူးခြားချက်မျှ ရှိမည်မဟုတ်ပေ။ လောဘ၊ ဒေါသ၊ ဟိံသာ စသော သဘော တရားများ သူတို့၏သန္တာန်တွင် အားကောင်းလျက်ရှိသည်။ အိမ်တွင်လည်း သူတို့၏မိဘများက သူတို့ကို ဘယ်လိုမှ မဆုံးမ၊ မသွန်သင်ကြပေ။ သို့ဖြစ်၍ ဂေါဝိန္ဒမဏိကျသည် ထိုကလေးအရိုင်းများကို ပညာသင်ပေးဖို့ အထူးလိုအပ်သည် ဟု သဘောရလေ၏။ ယခင်က ဟာလာဟင်းလင်း ဖြစ်နေခဲ့သော ရဲတိုက်သည် ကလေးသူငယ်များဖြင့် အပြည့်ဖြစ်သွားလေသည်။ လူ့ဘဝသည် ဘယ်လောက်

မြင့်မြတ်သည်။ လူ့ဘဝကို ဘယ်လိုကြိုးစားပြီး ကာကွယ်သင့်သည် ဆိုသည့် အချက်ကို ဂေါဝိန္ဒမဏိကျသည် ကောင်းစွာသိလေသည်။ သူသည် သူ၏ ပတ်ဝန်းကျင်ရှိလူများ တာဝန်ကျေပွန်နေသည်ကို မြင်တွေ့လိုသည်။ ထို့အပြင် အကျိုးကျေးဇူးအနန္တနှင့်ပြည့်ဝသော လူ့ဘဝကို အကျိုးရှိစေလိုသည်။ အသုံးဝင် စေလိုသည်။ ဂေါဝိန္ဒမဏိကျသည် ထိုအချက်များ ပြည့်စုံအောင်မြင်ရေးအတွက် ကြိုးပမ်းရင်းနှင့် သူ့ကျန်ရှိနေသည့်ဘဝကို ကုန်လွန်စေလိုသည်။ ယင်းအတွက် သူသည် အခက်အခဲ ဟူသမျှ၊အနှောင့်အယှက် ဟူသမျှကို ရင်ဆိုင်နိုင်စွမ်း ရှိလေသည်။ မကြာခဏဝမ်းနည်းခြင်း ဖြစ်ရသည့်အကြောင်းမှာ သူသည် ကိုယ့်လုပ်ငန်းကိုပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင်ဖြင့် ပြီးစီးအောင်မြင်အောင် မပြုလုပ် မဆောင်ရွက်နိုင်ခြင်း ဖြစ်လေ၏။ ဗိလဝန် ပုရောဟိတ်သာ သူနှင့်အတူ ရှိလျှင်ဘယ်လောက် ကောင်းမည်နည်းဟု ဂေါဝိန္ဒမဏိကျ စိတ်ကူးမိလေသည်။ ယင်းသို့အားဖြင့် ဂေါဝိန္ဒမဏိကျသည် ရာပေါင်းများစွာသော ဓုဝတို့နှင့် အတူတကွ အချိန်ကို ကုန်လွန်စေခဲ့လေ၏။

# အခန်း (၄၂)

ဘုရင်သုဇာသည် သူ၏ညီတော် အောက်ရန်ဂျေ(ဗ) စစ်တပ်ကို အရှုံးပေးလိုက်ရပြီး ထွက်ပြေးရလေတော့၏။ အေလဟာဘတ်အနီး တိုက်ပွဲတွင် အရေးနိမ့်သွားရခြင်း ဖြစ်လေသည်။ ရန်သူကို အရှုံးပေးလိုက်ရပြီး အခြေပျက် အနေပျက်ဖြစ်သွားသောကြောင့် သုဇာသည် မိမိဘက်သားများကိုပင် မယုံကြည်ရဲအောင်ဖြစ်နေလေသည်။ သူသည် ဘယ်သူ့ကိုမျှ သိပ်စိတ်မချရသဖြင့် ရုပ်ပြောင်းပြီးလျှင်တစ်ကိုယ်တည်းတိမ်းရှောင်ထွက်ပြေးသွားလေ၏။ သူဘယ်အရပ်ကို ရောက်ရောက် ရောက်ရာအရပ်၌ သူ့နောက်သို့ ရန်သူ့စစ်တပ်သည် အောင်တံခွန်အောင်လံထူပြီး ရောက်လာလေသည်။ သူ့နောက်တွင် ရန်သူစစ်တပ်၏ မြင်းခွာသံများ ဆူညံနေသည်ဟု အောက်မေ့ရလေသည်။ နောက်ဆုံးတွင်သူသည်ပတ္တနားသို့ ရောက်လာလေ၏။ ပတ္တနားသို့ ရောက်သောအခါဘုရင်အသွင်တစ်ဖန်ပြန်ပြောင်းပြီးလျှင် သူ၏မိသားစုနှင့် ပြည်သူပြည်သားတို့အား သူတို့နေရာသို့ ရောက်လာသည်ဆိုသည့် သတင်းကို ပို့လိုက်လေ၏။ သူပတ္တနားသို့ရောက်၍ မကြာမီပင် အောက်ရန် ဂျေဗ်၏သား မုဟမ္မက်သည် စစ်သည်တပ်သားများနှင့်တကွ ပတ္တနားအနီးသို့ရောက်လာသည်။ သုဇာသည် ပတ္တနားကိုစွန့်ခွာပြီးလျှင် မုံဂေရ်ဘက်သို့ ထွက်ပြေးရပြန်လေသည်။

မုံဂေရ်တွင် သူ့တပ်မှ တပ်ပျက်ပြီး ထွက်ပြေးကြသော သူ၏တပ်သားအချို့နှင့် မိတ်သင်္ဂဟအချို့သည် ဟိုနေရာဒီနေရာမှသူ့ဆီလာရောက် ပေါင်းဆုံကြလေသည်။ ထိုနေရာ၌ သူသည်စစ်တပ်အသစ်ကို ပြန်လည်စုရုံးလေသည်။ တေရိယာဂရီနှင့် ရိုကလီဂလီရှိ ခံတပ်များကို ပြန်ပြုပြင်၍လည်းကောင်း၊ မြစ်ကမ်းပါးရှိတောင်ထိပ်ပေါ်၌ တံတိုင်းများတို့ ကာရံ၍လည်းကောင်း သူသည်

ထိုနေရာ၌ စိတ်ချလက်ချ နေထိုင်လေ၏။

ထိုအတွင်း အောက်ရန်ဂျေဗ်သည် သူ၏အကျွမ်းကျင်ဆုံး သေနာပတိဖြစ်သူ မီရဂျုမလာကို သားတော်မုဟမ္မက်၏အထံသို့ အကူအညီပို့လိုက်လေ၏။ မုဟမ္မက်သည် မုံဂေရ် ခံတပ်အနီးသို့ပြောင်ပြောင်ပင်လာပြီး တပ်စွဲလေ၏။ သေနာပတိ မီရဂျုမလာက ပုန်းလျှိုးကွယ်လျှိုးဖြင့် အခြားလမ်းကြောင်း တစ်ခုမှ မုံဂေရ်ဘက်သို့ချီတက်လေ၏။ သုဇာဘုရင်သည် မုဟမ္မက်ကို တိုက်ထုတ်နေစဉ် မီရဂျုမလာသည် စစ်တပ်ကြီးတတပ်ဖြင့် ဗဆန္တပူသို့ ရောက်ရှိလာပြီဟူသော သတင်းကို ရုတ်တရက် ကြားရလေ၏။ သုဇာသည် ထိတ်ထိတ်ပျာပျာ ဖြစ်ပြီးလျှင် ထိုခဏ၌ပင် သူ၏စစ်သည်တပ်သားအားလုံးနှင့် မုံဂေရ်ကို စွန့်ခွာခဲ့ကာ ရာဂျမဟလ်ဘက်သို့ ပြေးလေ၏။ ရာဂျမဟလ်၌ သူ၏ တစ်အိမ်ထောင်လုံး နေထိုင်လျက်ရှိ၏။ အောက်ရန်ဂျေဗ် ဘုရင်မင်းမြတ်၏ စစ်တပ်သည် ထိုနေရာအထိ လျင်မြန်စွာ ချီတက်လိုက်လာပြီး သူ့ကို တိုက်ခိုက်လေ၏။ သုဇာသည် ခြောက်ရက်တိတိ အသက်စွန့်ပြီး ရန်သူစစ်တပ်ကို ရှေ့သို့ မတိုးနိုင်အောင် ခုခံဟန့်တားလေ၏။ သို့ရာတွင် ဟန်ပုံမပေါ်သည်ကို တွေ့ရသည့်အခါ တစ်နေ့တွင် သူသည် မုန်တိုင်းထန်နေသည့်ကာလ ညအခါကြီး၌ သားမယားနှင့် တကွ ဖြစ်နိုင်သလောက် ရွှေငွေရတနာများ သယ်ပိုးဆောင်ကြဉ်းပြီးလျှင် မြစ်ကို ကူးပြီး တောဏ္ဍာသို့ ထွက်ပြေးလေ၏။ ထို့နောက် တောဏ္ဍာ ခံတပ်ကို အလျင်အမြန် ပြုပြင်လိုက်လေသည်။

မိုးဥတု ကျရောက်လာလေပြီ။ မိုးရေကြောင့် ချောင်းများ၊ မြောင်းများ ပြည့်လျှံသွားလေပြီ။ လမ်းပမ်းများမှာ မသာလှတော့ပေ။ အောက်ရန်ဂျေဗ်ဘုရင်မင်းမြတ်၏စစ်တပ်သည် ရှေ့သို့ မချီတက်နိုင်တော့ပေ။

ဤစစ်ပွဲမတိုင်မီက သားတော် မုဟမ္မက်နှင့် သုဇာ၏သမီးစုလျားရစ်ပတ် လက်ထက်ဖို့ရန်အတွက် စေ့စပ်ကြောင်းလမ်းပြီးသား ဖြစ်၏။ သို့ရာတွင် စစ်မက်ဖြစ်ပွားလာသည် ဖြစ်၍ ထိုစေ့စပ်ကြောင်းလမ်းချက်ကို နှစ်ဖက်စလုံးမှ မေ့သွားကြလေ၏။

မိုးကြောင့် တိုက်ပွဲဆိုင်းငံ့ထားရသည်။ မီရဂျုမလာသည် ရာဂျမဟလ်မှ အတန်ငယ် ဝေးကွာသော နေရာသို့အထိ သူ့တပ်စခန်းကို ရွှေ့လာလေ၏။ ထိုအချိန်၌ သုဇာ၏ တပ်သားတစ်ဦးသည် တောဏ္ဍာတပ်စခန်းမှ တိတ်တဆိတ် ထွက်လာပြီးလျှင် မုဟမ္မက်ကို စာတစ်စောင်လာပေးလေ၏။ သားတော်မုဟမ္မက်သည် စာကိုဖွင့်ကြည့်လိုက်သောအခါ သုဇာ၏သမီးကိုယ်တိုင် ရေးထားသည်ကို တွေ့ရ၏။ 'သားတော်၊ နမတော်၏ကံကြမ္မာက ဒီလိုပဲ ဖန်လာသလား မသိဘူး။

ကိုယ့်ကြင်ဖော်ကြင်ဖက်ဆိုတဲ့ အသိအမှတ်ဖြင့် နမတော်နလုံးကို အပ်နှံထားတဲ့ ပုဂ္ဂိုလ်ဟာ၊ လက်စွပ်ချင်းလဲလှယ်ပြီး နမတော်ကို သိမ်းပိုက်မယ်လို့ ဝန်ခံကတိပေးထားတဲ့ပုဂ္ဂိုလ်ဟာ ဒီကနေ့ ကြောက်မက်ဖွယ် ဓားသံလျက်ကို ကိုင်ပြီး နမတော်ရဲ့ဖခင်ကို ကွပ်မျက်ဖို့လာနေပါသလား။ နမတော် ဒါကိုပဲ ကြည့်နေရတော့မှာလား သားတော်။ အဲဒါဟာ သားတော်နဲ့ နမတော်ရဲ့ စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲ ကျင်းပနေတာလား။ ဒါကြောင့်မို့ ယနေ့နမတော်တို့ရဲ့ ရာဂျမဟာလ်ဟာ သွေးရောင်လွှမ်းနေတာလား။ အဲဒီအထိမ်းအမှတ်နဲ့ သားတော်ဟာ ဒေလီကသံထူးကြိုးကိုယူဆောင်လာခဲ့တာလား၊ အဲဒါ အချစ်ဆူးကြိုးပဲလား' ထိုစာကို ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် ရုတ်တရက် မြေငလျင်တုန်လှုပ်သွားသကဲ့သို့ သားတော် မုဟမ္မက်၏နလုံးသည် ကွဲအက်လုမတတ် ဖြစ်သွားလေ၏။ သူသည် ခေတ္တခဏမျှပင်အငြိမ်မနေနိုင်တော့ပေ။ ထိုခဏမှစပြီး သူသည် ဘုရင်ဖြစ်လိုသည့်အာသာ၊ဖခင် ဘုရင်မင်းမြတ်၏ အချီးအမြှောက် စသည်တို့ကို ဖွဲ့ဆန်ကွဲလောက်မျှပင် တန်ဘိုးမထားတော့ပေ။ သူသည် ပထမအရွယ်၏ တောက်လောင်နေသည့် မီးလျှံထဲ၌ မိမိ၏အရှုံးအမြတ် တည်းဟူသော အမြော်အမြင်ကိုဖုတ်ကြည်းသင်္ဂြိုဟ်ပစ်လိုက်လေသည်။ သူသည် သူ့ဖခမည်းတော်၏ လုပ်ငန်းဟူသမျှကို တရားမှုကင်းမဲ့သည်၊ ရက်စက်ကြမ်းကြုတ်သည်ဟု အယူရှိလာလေသည်။ ဖခမည်းတော်၏ အလိမ်အညာတို့နှင့် ပြည့်ဝနေသည့် ကြမ်းတမ်းရက်စက်သည့် ဝါဒနှင့်ဆန့်ကျင်ပြီး သူသည် ယခင့်ယခင်အခါကလည်း သူ၏အယူအဆကို သူ့ဖခင်၏ရှေ့မှောက်တွင် တင်ပြခဲ့ဖူးလေသည်။ ထိုအကြောင်းကြောင့်ပင် ဘုရင်မင်းကြီးက သူ့ကို မကြာခဏ အမျက်တော်ရှခဲ့ဖူးလေသည်။ ယနေ့သူသည် သူ၏စစ်ဗိုလ်မှူးထဲမှ အရေးပါအရာရောက်သူများကို ခေါ်ပြီးလျှင် သူ့ဖခင်ဘုရင်မင်းကြီး၏ ရက်စက်ပုံ၊ မရိုးသားပုံ၊ မညာတာပုံများကို ပြောပြပြီးလျှင် 'ကျွန်ုပ် တောဏ္ဍာမှာရှိတဲ့ ဦးကြီးနဲ့ တွေ့ရအောင် သွားမည်။ တကယ်လို့ သင်တို့အထဲက ကျွန်ုပ်အား အူလိုက်သဲလိုက် ချစ်ခင်လေးစားတဲ့ လူများရှိရင် ကျွန်ုပ်နဲ့အတူ လိုက်ခဲ့ကြ' ဟု ပြောပြလေ၏။ ထိုသူတို့သည် 'ဆလံ' များပေးကြပြီးလျှင် ပြန်ပြောကြလေ၏။ 'သားတော်ပြောသည်မှာ အင်မတန်လျော်ကန်လှပါတယ်။ နက်ဖြန်ခါကျရင် စစ်သည်တပ်သားထဲက တော်တော်များများဟာ တောဏ္ဍာတပ်စခန်းထဲမှ လာတွေ့ကြပါလိမ့်မယ်' မုဟမ္မဟက်သည် ထိုနေ့၌ပင် မြစ်ကိုဖြတ်ပြီး သုဇာ၏တပ်စခန်းသို့ ရောက်သွားလေ၏။

တောဏ္ဍာ၏တပ်စခန်းထဲ၌ ဝမ်းသာအားရ ဖြစ်နေကြသည်။ စစ်ရေးစစ်ရာ

များကို လုံးဝပင် မေ့ပျောက်သွားကြလေ၏။ ဤနေ့ရက်အထိ ယောကျ်ားများသာလျှင် အလုပ်တာဝန်ကို ထမ်းရွက်လာခဲ့ကြ၏။ ထိုအချိန်၌မူ သုဇာ၏ အိမ်ထောင်စု၌ မိန်းမများကလည်း တာဝန်ကိုယူကြသည်မှာ လက်မလယ်နိုင်အောင် ဖြစ်နေကြလေသည်။ သုဇာသည် အလွန်ချစ်ခင်ရင်းနှီးစွာ၊ အလွန်ဝမ်းမြောက် ရွှင်လန်းစွာဖြင့် မုဟမ္မက်ကို ကြိုဆိုဧည့်ခံလေသည်။ အဆက်မပြတ်သွေးချောင်းစီးလာခဲ့ပြီးသည့်နောက် ရုတ်တရက် သွေးအလျဉ် ရပ်သွားသည်ဖြစ်၍ ပိုမို၍ သွေးစည်းနေကြသည်နှင့် တူလေသည်။ ပျော်ပွဲရွှင်ပွဲများနှင့်တကွ မုဟမ္မက်နှင့် သုဇာ၏သမီးတို့ လက်ထပ်မင်္ဂလာပွဲကိုကျင်းပလိုက်လေသည်။ လက်ထပ်မင်္ဂလာပွဲ ကျင်းပပြီးသည်နှင့်တစ်ပြိုင်နက်ဘုရင်မင်းကြီး၏စစ်တပ် ချီတက်လာပြီဆိုသည့်သတင်းရောက်ရှိလာလေသည်။

သုဇာ၏စစ်စခန်းသို့ မုဟမ္မက် ရောက်သွားလျှင် ရောက်သွားချင်း စစ်ဗိုလ်မှူးများက မီရဂျူမလာကို အကြောင်းကြားလိုက်လေသည်။ စစ်တပ်မှ အချို့အဝက်မှာ မုဟမ္မက်နှင့်အတူ လိုက်မသွားပေ။ မုဟမ္မက်သည် သူ့အလိုလိုချောက်ထဲခုန်ဆင်းခြင်း ဖြစ်သည်။ သူနှင့်အတူ သွားပေါင်းခြင်းမှာ ရူးခြင်းသက်သက်မျှသာ ဖြစ်သည်ဟု ထိုစစ်သားများက အယူရှိကြလေသည်။

ဘုရင်မင်းကြီး၏တပ်သားအများအပြားမှာ သူတို့နှင့်လာရောက် ပေါင်းလိမ့်မည်ဟု သုဇာနှင့် မုဟမ္မက်တို့က ယုံကြည်ထားလေသည်။ထိုယုံကြည်ချက်ဖြင့် မုဟမ္မက်သည် သူ၏အလံကို လွှင့်ထူရင်း စစ်မြေပြင်သို့ချီတက်လေ၏။ ဘုရင်မင်းကြီး၏ တပ်ခွဲကြီးတစ်ခုသည် မုဟမ္မက်ဘက်သို့ချီတက်လာလေသည် မုဟမ္မက်သည် အထူးဝမ်းသာသွားလေ၏။ အနီးရောက်သောအခါ သူတို့သည် မုဟမ္မက်၏ စစ်တပ်ကို လကြမ်းပစ်ခတ်လေတော့သည်။ မုဟမ္မက်သည် ကျောချမှပင် ဓားပြမှန်းသိတော့၏။ သို့ရာတွင် အချိန်နောက်ကျသွားလေပြီ။ သုဇာ၏သားအကြီးမှာ တိုက်ပွဲတွင် ကျဆုံးသွားလေ၏။

ထိုည၌ ကံဆိုးမိုးမှောင်ကျနေသည့် သုဇာသည် သူ၏သားမက်နှင့် သူ၏အိမ်ထောင်မိသားစုကို ခေါ်ခဲ့ပြီးလျှင် လှေဖြင့် ဒါကာဖက်သို့ ထွက်ပြေးလေ၏။ မီရဂျူမလာသည် ဒါကာအထိ သုဇာနောက်သို့ လိုက်ရန်မလိုဟု ယူဆလေ၏။ သူသည် သူအနိုင်ရရှိခဲ့သော ဒေသတို့တွင် ငြိမ်ဝပ်ပိပြားရေးရဖို့အတွက် လုံးပမ်းနေလေ၏။

သုဇာအရေးနိမ့်သွားသည့်အခါ သူ၏ အပေါင်းအသင်းများသည် တစ်ဦးပြီးတစ်ဦး မျက်နှာ လွှဲသွားကြလေ၏။ ထိုကြားထဲကပင် မုဟမ္မက်ကမူ သူ၏အသက်စည်းစိမ် ဂုဏ်သိမ် စသည်တို့ကို အနည်းငယ်မျှ အမှုမထားဘဲ သုဇာ

ဘက်က မားမားမတ်မတ် ရပ်တည်ခဲ့လေ၏။ သို့ဖြစ်၍ သုဇာ၏နှလုံးသည် ဖယောင်းကဲ့သို့ အရည်ပျော်ကျသွားလေ၏။ သူသည် အသက်ထက်ပင် မုဟမ္မက်ကို ချစ်မြတ်နိုးနေသည်။ ထိုအချိန်၌အောက်ရန်ဂျေဗ်၏ သူလျှို အထောက်တစ်ဦးကို စာတစ်စောင်နှင့် အတူအကွ ါကာတွင် ဖမ်းမိလေ၏။ သုဇာ၏လက်ထဲသို့ စာရောက်သွားလေ၏။ စာထဲ၌အောက်ရန်ဂျေဗ်သည် သူ့သား မုဟမ္မက်ကို ရေးသားထားသည်။ 'သားတော်မုဟမ္မက်၊ ဖခင်ပေးအပ်ပြီး လွှတ်လိုက်တဲ့တာဝန်ကို သားတော်ဟာကျေပွန်အောင် မဆောင်ရွက်ခဲ့ဘူး၊ သားတော်ဟာ ကိုယ့်တာဝန်ဝတ္တရားကို မထမ်းရွက်ဘဲ တစ်ကိုယ်ကျိုးကို ကြည့်ခဲ့တယ်၊ မိန်းမရဲ့ကျော့ကွင်းမှာမိပြီးသားတော်ဟာ ကိုယ့်တာဝန်ဝတ္တရားကို မျက်နှာလွှဲခဲ့တယ်။ဝမ်းနည်းဖွယ်ကောင်းသည့်အချက်မှာ တစ်နေ့ကျလျှင် မဂိုနိုင်ငံတော်တစ်ခုလုံးရဲ့ အုပ်ချုပ်ရေးကို တာဝန်ယူရမည့်လူက ဒီကနေ့အဖို့မှာ မိန်းမတစ်ယောက်ရဲ့ကျေးကျွန်ဖြစ်နေခြင်းပါပဲ။ ဘာပဲဖြစ်ဖြစ် ဘုရားသခင်ရှေ့မှာ ကျိန်စာဆိုပြီး သားတော်ဟာ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံလျှင် ဖခင် သားတော်ကို အပြစ်ခွင့်လွှတ်ပါတယ်။ သို့သော်လည်းသင်သားတော် ယူသွားတဲ့တာဝန်ကို ကျေပွန်အောင် ဆောက်ရွက်ပြီးပြန်လာမှသာလျှင် သင်သားတော်ဟာ ဖခင်၏ အချီးအမြှောက်ကို ခံယူနိုင်ခွင့်ရှိလိမ့်မယ်'

သုဇာသည် ထိုစာကို ဖတ်ပြီးသောအခါ မိုးကြိုးအပစ်ခံရသကဲ့သို့ ဖြစ်သွားလေ၏။ 'ငါဘယ်တော့မှ ဖခင်ရဲ့ရှေ့မှာ မတောင်းပန်ဘူး၊ ဒါ ဖခင်ရဲ့ ဉာဏ်နီဉာဏ်နက်မျှသာ ဖြစ်တယ်' ဟု မုဟမ္မက်က မကြာခဏ ပြန်ပြော နေလေသည်။ သို့ရာတွင် သုဇာ၏သံသယသည် ပျောက်ကွယ်မသွားပေ။သူသည် သုံးရက်တိတိ စဉ်းစားစိတ်ကူးနေ၏။ လေးရက်မြောက်ကျသည့်အခါ သူက ပြောပြလေ၏။ မုဟမ္မက်၊ ငါတို့မှာယုံကြည်ချက် နှောင်ကြိုးဟာ ရှော့ရဲ သွားပြီ၊ ဒါကြောင့် သင်မုဟမ္မက်ဟာ ကိုယ့်ကြင်ဖက်ဇနီးကိုခေါ်ပြီး သွားချင်တဲ့ နေရာကို ထွက်သွားပေတော့။ သင်နဲ့အတူနေရတာ ငါ့စိတ်နှလုံးထဲမှာ ငြိမ်းချမ်းမှု မရှိဘူး၊ ငါဘဏ္ဍာတိုက်ကို ဖွင့်ပေးမယ်၊ ကြိုက်သလောက် ရွှေငွေဘဏ္ဍာများကို ယူသွားပေတော့'

မုဟမ္မက်သည် မျက်ရည်စက်လက်နှင့် ခွဲသွားရရှာသည်။ သူ၏ ကြင်ဖက်လည်း သူနှင့်အတူ ပါသွားလေသည်။

သုဇာက အကြံဖြစ်၏။

'ငါစစ်မတိုက်တော့ဘူး၊ စစ်တကောင်း သင်္ဘောဆိပ်ကနေ သင်္ဘောစီးပြီး မက္ကာကို သွားတော့မယ်'

ဤသို့ကြံစည်ပြီးလျှင် သုဇာသည် ဒါကာမှ ရပ်ဖျက်ပြီး ထွက်လာခဲ့လေ၏။

## အခန်း(၄၃)

မိုးဥတုကာလ တစ်နေ့သောအခါ၌ မွန်းလွဲ သုံးပဟိုရ် အချိန်လောက်တွင် ရသေ့တစ်ဦးသည် ကလေးသုံးယောက်၊ အခိုင်းအစေ လူရွယ်တစ်ယောက်အတူ ဂေါဝိန္ဒမဏိကျနေထိုင်သည့် ရဲတိုက်သို့သွားရာလမ်းမပေါ်၌ လျှောက်သွားနေသည်။ ကလေးသူငယ်များမှာ အလွန်မောပန်းနေပုံရသည်။ လေက ပြင်းထန်စွာ တိုက်ခတ်နေပြီး မိုးကလည်း အဆက်မပြတ် ရွာသွန်းနေသည်။ အငယ်ဆုံး ကလေး၏အရွယ်မှာ ဆယ့်လေးနှစ်ထက် ပိုမည်မဟုတ်ပေ။ သူသည် ချမ်းလှသဖြင့် ခိုက်ခိုက်တုန်လေ၏။ ယင်းသို့ပြောပြီး သူသည် ငိုလေတော့၏။

ရသေ့ကြီးသည် ဘာမျှမပြောဘဲ သက်ပြင်းကြီးတစ်ချက် ရှူထုတ်လိုက်ပြီးလျှင် သူငယ်ကို ဆွဲဖက်ထားလိုက်လေ၏။

သူငယ်အကြီးက သူငယ်အငယ်ကို 'လမ်းမှာ ဒီလိုငိုနေလို့ အပိုပေါ့၊ တိတ်။ အဖေ့ကို ဘာဖြစ်လို့ ဒုက္ခပေးနေရတာလဲ' ဟု မာန်မဲကြိမ်းမောင်း လိုက်လေ၏။

သူငယ်အငယ်သည် အငိုရပ်သွားပြီးလျှင် ကြိတ်ပြီး ရှိုက်၍သာနေလေ၏။ သူငယ်အလတ်က ရသေ့ကြီးအား 'အဖေ ကျွန်တော့်တို့ ဘယ်ကိုသွားနေတာလဲ' ဟု မေးလိုက်လေ၏။

ရသေ့ကြီးက ပြန်ပြောလေ၏။

'ဟိုရှေ့မှာ ရဲတိုက်ကို မြင်ရတယ် မဟုတ်လား၊ အဲဒီကို သွားနေတာ'

'အဲဒီမှာ ဘယ်သူရှိသလဲ အဖေ'

'ဘုရင်တစ်ဦး ရသေ့ဝတ်ပြီး နေတယ်လို့ ကြားရတာပဲ'

'ဘုရင်က ဘာဖြစ်လို့ ရသေ့လုပ်တာလဲ အဖေ'

'မသိဘူး ကလေး၊ တစ်ဆင့်စကား ကြားရတာကတော့ သူညီက စစ်တပ်နဲ့ သူ့ကို ခွေးလိုဝက်လို တိုင်းပြည်က နှင်ထုတ်လိုက်တယ်တဲ့။ တိုင်းပြည် စည်းစိမ်နဲ့ ဂုဏ်သိမ်အားလုံး လက်လွှတ်ပြီး သူ့ခမျာ ထွက်ပြေးလာရရှာတယ်။ သစ်ခေါက်ဆိုးအဝတ်မှတစ်ပါး အခု သူ့ဆီမှာဘာပစ္စည်းမှ ရှိတော့မှာမဟုတ်ဘူး။ နေဖို့အတွက်ဆိုရင်လဲ မှောင်နေတဲ့ဂူတစ်ခုပဲ ရှိမယ်။ သူ့ညီရဲ့ အဆိပ်ပြင်းတဲ့ အစွယ်ကြောင့် သူ့ခမျာအခု ဘယ်နေရာမှာမှ မှီခိုနေထိုင်စရာ ရှိပုံမရတော့ဘူး'

ယင်းသို့ပြောပြီးလျှင် ရသေ့သည် သူ၏နှုတ်ခမ်းကို ကိုက်လိုက်ပြီး နှလုံး၌ တက်ကြွလာသော အဟုန်ကို ထိန်းချုပ်ထားလိုက်လေ၏။

သူငယ်အကြီးက မေးလိုက်ပြန်သည်။

'အဖေ၊ အဲဒီရသေ့ဟာ ဘယ်အရပ်က ဘုရင်လဲ'

'မသိဘူး ကလေး'

'တကယ်လို့ ကျွန်တော်တို့ကို နေရာထိုင်ခင်းမပေးရင် ဘယ့်နဲ့လုပ်ပါ့မလဲ'

'နေရာမပေးရင် တို့ သစ်ပင်အောက်မှာ အိပ်မှာပေါ့၊ တို့ဖို့တစ်ခြား ဘယ်နေရာ ရှိမလဲ'

နေမဝင်ခင် ရဲတိုက်၌ ရသေ့နှစ်ဦး တွေ့ကြသည်။ နှစ်ဦးသားသည် တစ်ဦးကို တစ်ဦးကြည့်ပြီး အံ့သားသင့်နေကြသည်။

ဝေါဝိန္ဒမဏိကျသည် သေချာစွာ ကြည့်ရှုအကဲခတ်နေ၏။ရသေ့အသစ်သည် အမှန်စင်စစ်အားဖြင့် ရသေ့နှင့်မတူပေ။ ကိုယ်ကျိုးနှင့်ယှဉ်နေသည့် အာသာဆန္ဒတို့ကို နှလုံးတွင်းမှဖယ်ထုတ်ပြီး တစ်ခုတည်းသောမြင့်မြတ်သည့် ရည်ရွယ်မှန်းထားချက်ကြောင့် မျက်နှာတွင်ပေါ်နေသည့် အသွင်မျိုး၊ အရောင်မျိုး ရသေ့သစ်၏ မျက်နှာတွင် မမြင်ရပေ။ သူသည် အစဉ်မပြတ် သွေးလန့်နေသည်။ သံသယရှိနေသည်။ သူ၏ နှလုံးထဲမှ မွတ်သိပ်နေသော အာသာဆန္ဒတို့သည် သူ၏ တောက်ပနေသော မျက်လုံးများမှ မီးအလျှံများကို သောက်စားဝါးမျိုနေသလားဟု အောက်မေ့ရသည်။ သူ၏ စိတ်နှလုံးအတွင်း ထိန်းချုပ်ထားရသည့် ဒေါသတရား၊ ဟိံသာတရားသည် သူ့ကိုယ်ကို သူပြန်ပြီးသတ်ဖြတ်ကိုက်စားနေသည်ဟု ထင်ရသည်။

သူနှင့်ပါလာသည့် ကလေးသုံးယောက်ကကော။ သူတို့၏ နူးညံ့ပျော့ပျောင်းသော အသွင်အပြင်၊ နွမ်းလျမောဟိုက်နေသည့် ကိုယ်ကာယ၊ မာနတရားကွယ်ဝှက်နေသည့် အားတုံ့အားနာမှုတို့ကို ကြည့်ခြင်းအားဖြင့် သူတို့၏ဘဝသည် မွေးကတည်းကပင် ရွှေပေါ်မြတင် ဖြစ်လာခဲ့ကြသည်မှာ အထင်အရှားဖြစ်နေ၏။ မြေကြီးပေါ်၌ ယခုကဲ့သို့ ခြေလျင်လျှောက်ရသည်မှာ သူတို့အဖို့ ယခုအကြိမ်သည်

ပထမဆုံးအကြိမ် ဖြစ်ပေလိမ့်မည်။ ခြေလျင်လျှောက်လျှင် ခြေထောက်၌ ဖုန်ပေသည်ဟူသော အသိဉာဏ်မျိုးယခင်အခါက သူတို့တွင် ပေါ်ခဲ့ဖူးဟန် မတူပေ။ ပထဝီမြေကြီး၏ဤဖုန်အလိမ်းလိမ်း ဖြစ်နေသော ဆင်းရဲနွမ်းပါးမှုကြောင့် သူတို့သည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပထဝီမြေကြီးကို နှလုံးနာနေပုံရသည်။ ဖဲမွေ့ရာနှင့် မြေအပြင်၏ ဤခြားနားချက်ကို ကြည့်ပြီး သူတို့သည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပထဝီမြေကြီးကို ကျိန်ဆဲနေပုံရသည်။ ပထဝီမြေကြီးသည် သူတို့ကို မနာလိုမရှုစိမ့်သည်ဖြစ်၍ မိမိ၏ဖဲမွေ့ရာကြီးကိုတော်ရာ လွှင့်ပစ်ထားသည်ဟု ထင်ရသည်။ သူတို့သည်ဒုက္ခရောက်နေကြသည်ဖြစ်၍ မြင်မြင်ကရာကို သိမ်းကြုံးပြီး ရန်တွေ့နေကြ၏။ ကျောမွဲသူဆင်းရဲသားများ အဝတ်အစား အစုတ်အပြတ်နှင့် သူတို့အနီးသို့တောင်းရမ်းဖို့ စွန့်စားလာရောက်သည်ကို တွေ့ရသည့်အခါ သူတို့ကနှာခေါင်းရှုံ့ကြသည်။ ခွေးဝဲစား အနားကပ်မလာအောင် လူတို့သည်အစာအကြွင်းအကျန်များကို အဝေးကနေပြီး ပစ်ကျွေးသကဲ့သို့ သူတို့သည်စုတ်ပြတ်ညစ်နေသည့် သူတောင်းစား အဝတ်အပြတ်များကို တွေ့ရသည့်အခါ အဝေးကနေ မျက်နှာလွှဲပြီး ပိုက်ဆံတစ်ပြားတစ်ချပ်ကို ပစ်ပေးလေသည်။

ဂေါဝိန္ဒမဏိကျကမူ ဤမျှလောက် ရှည်ရှည်ဝေးဝေးအထိ စဉ်းစားမိမည် မဟုတ်ပေ။ ရသေ့သစ်သည် အာသာရမ္မက်အားလုံးကို စွန့်ပယ်ပြီး လွတ်လွတ်လပ်လပ် လူ့လောကအကျိုးကို သယ်ပိုးဆောင်ရွက်ရန် ထွက်လာသူမဟုတ်ဟူ၍ကား အသွင်အပြင်လက္ခဏာပုံပန်းကို မြင်လိုက်ရရုံဖြင့်ပင် သူ သိရှိသွားလေ၏။ အမှန်စင်စစ်သော်ကား သူသည် မိမိ၏ရည်မှန်းချက် မပြည့်စုံသဖြင့် အောင့်သက်သက်နှင့် အိမ်က ထွက်လာရသူ ဖြစ်ပေလိမ့်မည်။ ဤကမ္ဘာလောက၌ အလိုရှိသည့် အရာကို ဘာဖြစ်၍ မရရှိရမှာနည်းဟု သူက တွက်ထားပုံရသည်။ ကမ္ဘာလောက၌ မိမိကံအားလျှော်စွာရရှိသော အရာဝတ္ထုဖြင့် သူသည်ရောင့်ရဲတင်းတိမ် မနေလိုပေ။ ကမ္ဘာလောကက သူ့ကို သူအလိုရှိသလောက် စည်းစိမ်သုခကို မပေး။ ထို့ကြောင့် ကမ္ဘာလောကကို စိတ်ကွက်ပြီးလျှင် ကမ္ဘာလောကနှင့် အဆက်အသွယ်ဖြတ်လာခဲ့ခြင်း ဖြစ်လေသည်။

ရသေ့အသစ်သည် ဂေါဝိန္ဒမဏိကျကို တွေ့ရသည့်အခါ သူ၏ ယခင်က အတွေးသည် လုံးဝပြောင်းလဲသွားလေ၏။ သူသည် ဂေါဝိန္ဒမဏိကျကိုဘုရင်ဟု ခေါ်ရမလား၊ သို့မဟုတ် ရသေ့ဟု ခေါ်ရမလားဟု မဝေခွဲနိုင်အောင် ဖြစ်နေလေ၏။ ခါင်းပေါင်းကြီးပေါင်းထားသောတောင့်တင်းသန်မာသည့်ပုဂ္ဂိုလ်ကို တွေ့ရမလား၊ သို့မဟုတ် ပြာလိမ်းပြီးမြေကြီးပေါ်မှာအိပ်နေသည့် ညစ်နွမ်း ပေရေ

နေသော ရသေ့ကိုပဲ တွေ့ရမလားဟု ယခင်က စိတ်ထဲတွင် တွေး ထားခဲ့၏။ သို့ရာတွင် လက်တွေ့၌မူ နှစ်မျိုးတွင် တစ်မျိုးမှမဟုတ်သည်ကို တွေ့နေရ၏။ ဂေါဝိန္ဒမဏိကျ သည်သူ့အလိုအလျောက် အရာဝတ္ထုအားလုံးကို စွန့်လွှတ်လိုက်ပြီ ဖြစ်သော်လည်း ထိုအရာဝတ္ထုအားလုံးသည် သူပိုင်ပစ္စည်းသာလျှင် ဖြစ်နေ၏။ သူသည် တစ်စုံတစ်ခုကို ရလိုသည့်စိတ်ဆန္ဒမရှိသော်လည်း အားလုံးကိုရနေ၏။ သူသည် မိမိ၏ကိုယ်ကို အပ်နှင်းထားသကဲ့သို့ တစ်ကမ္ဘာလုံးကလည်း သူ့အကျိုးအတွက် မိမိ၏ကိုယ်ကို အပ်နှင်းထားလေသည်။ ဘုရင့်အဆောင်အယောင်ဟူ၍ သူ့တွင် ဘာတစ်ခုမျှ မရှိသော်လည်း သူသည် ဘုရင်ဟု ခေါ်ထိုက်နေသူ ဖြစ်၏။ ထိုနည်းအတူ လောကီလူ့လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေလင့်ကစား သူသည် ရသေ့ရဟန်းတစ်ဦး ဖြစ်နေ၏။ သို့ဖြစ်၍ ရသေ့သစ်သည် သူ့အား ဘုရင်ဟု ခေါ်ရမလော သို့မဟုတ် ရသေ့ဟု ခေါ်ရမလောဟု ဝေခွဲမရနိုင် ဖြစ်နေခြင်း ဖြစ်လေ၏။

ဘုရင်သည် ဧည့်သည်များကို ရိုသေလေးစားစွာဖြင့် ဧည့်ခံပြုစုလေ၏။ သို့ရာတွင် ဧည့်သည်များက ဘုရင်ကို ဆက်ဆံသည်မှာ မောက်မောက်မာမာ ရှိလှပေသည်။ ဘုရင့်အပေါ်မှာ ပိုင်စိုးပိုင်နင်း ရှိနေသကဲ့သို့ပင် ထင်ရလေသည်။ မိမိတို့ အဆင်ပြေရေးအတွက် လိုအပ်သည့်အရာဝတ္ထုဟူသမျှကို ဘုရင်အား အားမနာပါးမနာ ပြောပြကြသည်။

ဘုရင်သည် အလွန်ချစ်ခင်ရင်းနှီးသည့် အမူအရာဖြင့် အကြီးဆုံးသူငယ်အား မေးလေ၏။ 'လမ်းသွားရတာ တော်တော်ပင်ပန်းနေတယ် ထင်တယ်၊ ဟုတ်လား ကလေး'

သူငယ်သည် ရည်ရည်မွန်မွန် ပြန်မပြောဘဲ ရသေ့သစ်၏အနီး၌သာ ကပ်ထိုင်နေလေ၏။ ဘုရင်သည် သူငယ်များကို ကြည့်ပြီးလျှင် ပြုံးရွှင်သော မျက်နှာဖြင့် ပြောလေ၏။ 'ကလေးတို့ရဲ့ ဒီအသားအရေ နုနုထွတ်ထွတ် ကလေးတွေဟာ လမ်းခရီးသွားဖို့ မသင့်လျော်ပါဘူး။ ကလေးတို့ ဒီရဲတိုက်ထဲမှာ တည်းနေကြအုံး သိလား။ ငါကောင်းကောင်း ကြည့်ရှုထားမယ်။ ဘယ်လို ဒုက္ခမျိုးမှ မရောက်စေရဘူး'

ဘုရင်ကြီး၏ ထိုစကားကို ပြန်ပြောသင့်သလား။ အကယ်၍ သင့်လျှင် ဘယ်လို ပြန်ပြောရမည်နည်းဟု ထိုသူငယ် အများက ဘယ်မှာ သိရှိနားလည်မည်နည်း။ သူတစ်ထူးနှင့် ဘယ်လိုဆက်ဆံရမည်ဆိုသည်ကို သူတို့ သိပင်မသိပေ။ သူတို့သုံးဦးသည် ရသေ့၏မျက်နှာကို ကြည့်ပြီး အနီးကပ် ထိုင်နေကြလေ၏။ "လူကြီးက သူ့ညစ်ညမ်းတဲ့လက်ကြီးနဲ့ ငါတို့ကို ဆွဲကိုင်နေချင်ပုံ

ရသည်ဟု သူတို့က စိုးရိမ်နေဟန်ရှိသည်။

ရသေ့သစ်သည် ဣန္ဒြေဖြင့် 'ကောင်းပြီ၊ ကျွန်ုပ်တို့ သင့်ရဲ့တိုက်မှာ ရက်အနည်းငယ်လောက်တော့ နေနိုင်ပါတယ်' ဟု ပြောလိုက်လေ၏။ ဘုရင်မင်းကြီး၏အပေါ်၌ ချီးမြှောက်ခြင်းကြီး ချီးမြှောက်လိုက်သည်နှင့် တူနေသည်။ သူသည် စိတ်ထဲက တွေးနေသည်။

'တကယ်လို့သာ သူဟာ ငါ့ကို သုဇာလို့သာ သိသွားရင် ငါ့အခု ချီးမြှောက်ချက်ကြောင့် သူဘယ်လောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလိုက်မလဲ မသိဘူး'

ကလေးသုံးယောက်သည် ဘုရင်မင်းကြီးနှင့် ဘယ်လိုနည်းနှင့်မှ ရင်းနှီးမသွားကြပေ။ ရသေ့ကလည်း ဘုရင်မင်းကြီးကို ခပ်မှန်မှန်ပင် နေလာခဲ့လေ၏။ ရသေ့သည် ဂေါဝိန္ဒမဏိကျောကို မေးလေ၏။

'တစ်ချိန်တုန်းက သင်ဟာ ဘုရင်ဖြစ်ခဲ့ဖူးတယ်လို့ ကြားတယ်၊ ဘယ်က ဘုရင်လဲ'

ဂေါဝိန္ဒမဏိကျောက ပြန်ဖြေ၏။

'တရိပူရက'

ကလေးများသည် တရိပူရဆိုသောဒေသကို မကြားဖူးသော်လည်း ဂေါဝိန္ဒမဏိကျော၏ တရိပူရကို နည်းနည်းကလေးမျှ အထင်မကြီးကြပေ။

ရသေ့က အနည်းငယ် အံ့အားသင့်သလို ဖြစ်သွားပြီး ထပ်မေးပြန်လေ၏။

'သင် ဘာဖြစ်လို့ ထီးနန်းကို လက်လွှတ်လာခဲ့ရတာလဲ'

ဂေါဝိန္ဒမဏိကျောသည် အတန်ကြာမျှ တိတ်နေ၏။ ထို့နောက်မှပြောလေ၏။

'ဘင်္ဂလားဘုရင် သုဇာက ကျွန်ုပ်ကို ကျွန်ုပ်တိုင်းပြည်က နှင်ထုတ်လိုက်လို့ ထိုစကားကို ကြားရသည့်အခါ ကလေးများသည် မျက်လုံးပြူးပြီး ရသေ့၏ မျက်နှာကို လှမ်းကြည့်လိုက်ကြ၏။ ရသေ့လည်း မျက်နှာပျက်သွားလေ၏။ သူသည် အတိတ်က အကြောင်းတစ်ခုကို ပြန်ပြောင်းသတိရလာပုံရသည်။

ထိုနောက် ဂေါဝိန္ဒမဏိကျောအား ပြောလေ၏။

'သင့်ညီက သင့်ကို တိုင်းပြည်က နှင်ထုတ်ပြီး အခုလို ရသေ့ဘဝရောက်အောင် ပို့လိုက်တာနဲ့ တူပါတယ်'

ဘုရင်မင်းကြီးသည် အံ့အားသင့်ပြီး 'ရသေ့ကြီး ဘယ်လိုလုပ်သိသလဲ' ဟု မေးလေ၏။ ထိုနောက်မှ 'ဒါ အံ့သြစရာ မဟုတ်ပါဘူး၊ တစ်ယောက်ယောက်ဆီက ကြားတာဖြစ်မှာပေါ့' ဟု စဉ်းစားမိလေ၏။

ရသေ့က ချက်ချင်း ပြန်ပြောလေ၏။

'ကျွန်ုပ် သိတာမဟုတ်ပါဘူး၊ မှန်းပြီးပြောတာပါ'

ညကျသောအခါ ရသေ့သည် သူငယ်များကို သူ့အနားခေါ်ပြီး အတူအိပ်လေ၏။ သူသည် တစ်ညလုံး အိပ်၍မပျော်ပေ။ နိုးနေရင်းက အိမ်မက်ဆိုးမြင်မက်နေ၏။ ခဏခဏလည်း လန့်လန့်နေသည်။

နောက်တစ်နေ့နံနက်တွင် ခပ်စောစောပင် ရသေ့က ပြောလေသည်။

'အရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လာလို့ ကျွန်ုပ်တို့ဳမှာ ဆက်မနေနိုင်တော့ဘူး၊ ဒီနေ့ပဲ ဒီက သွားရလိမ့်မယ်'

ဂေါဝိန္ဒမဏိကျက ပြောလေ၏ 'ကလေးတွေ သိပ်ပင်ပန်းနေပါတယ်။ သူတို့ဒီမှာ ခပ်ကြာကြာလေး အပန်းဖြေပါစေအုံး။ ပြီးတော့မှ ရသေ့ကြီးသွားလိုရာ သွားတာပေါ့'

ထိုစကားကို ကြားရသည့်အခါ ကလေးများသည် မခံချင်ဖြစ်သွားကြ၏။ သူတို့အထဲက အကြီးဆုံးကလေးက ရသေ့အား ပြောလိုက်လေ၏။

'ကျွန်တော်တို့ နို့စို့ကလေးတွေ မဟုတ်ပါဘူး၊ အရေးကိစ္စ ပေါ်လာရင် ကျွန်တော်တို့ ဆင်းရဲဒုက္ခကိုခံနိုင်ရည် ရှိပါတယ်'

ဂေါဝိန္ဒမဏိကျ၏ ချစ်ခင်ကြင်နာစွာ ပြောဆိုသော စကားများကို သူတို့ဘာကြောင့် မနှစ်သက်သည်မသိပေ။ သူတို့သည် ဂေါဝိန္ဒမဏိကျ၏ ချစ်ခင်ယုယမှုကို မခံလိုကြပေ။

ဂေါဝိန္ဒမဏိကျသည် ရသေ့ကို နောက်ထပ်နေဖို့ပြောရန် မလိုတော့ဟု ယူဆလိုက်၏။ သို့ဖြစ်၍ နောက်ထပ်ဘာမျှ ဆက်မပြောတော့ပဲ ဆိတ်ဆိတ်သာ နေလိုက်လေ၏။

ရသေ့နှင့်ကလေးများ ရဲတိုက်မှထွက်သွားမည် လုပ်နေခိုက်မှာပင် နောက်ထပ်ဧည့်သည်တစ်ဦးရဲတိုက်သို့ ရောက်လာလေ၏။ ထိုဧည့်သည်ကို မြင်ရသောအခါ ဘုရင်ရော ရသေ့ပါ နှစ်ဦးလုံး အံ့အားသင့်နေကြသည်။ရသေ့သည် မျက်နှာအကြီးအကျယ် ပျက်နေသည်။ ဘာလုပ်ရမည်ဆိုသည်ကိုမသိတော့ပေ။ သူသည် ကျိုးကန်းတောင်းမှောက် ဟိုကြည့် ဒီကြည့် ဖြစ်နေ၏။ ဘုရင်က သူ့ဧည့်သည်ကို နှုတ်ဆက်လိုက်လေသည်။ ဧည့်သည်မှာ တခြားလူမဟုတ်။ ရဃုပတိ ဖြစ်လေ၏။ ရဃုပတိက ဘုရင်အား ဆုမွန်ပေးလိုက်သည်။

'ဘုရင်မင်းကြီးသက်တော်ရှည်ပါစေ'

ဘုရင်မင်းကြီးသည် ပျာပျာသလဲ မေးလိုက်လေ၏။

'ပုရောဟိတ်ကြီး၊ နက္ခတ္တရာယဆီက လာတာမဟုတ်လား၊ ဘာသတင်းများထူးသလဲ၊ သူ ကျန်းကျန်းမာမာ ရှိပါရဲ့နော်'

ရဃုပတိက ပြန်ဖြေသည်။

'နက္ခတ္တရာယ ကျန်းမာပါတယ်။ သင်မင်းကြီး သူ့အတွက် ဘာမှစိတ်ပူစရာ မလိုပါဘူး' ထို့နောက် ကောင်းကင်ပေါ်သို့ လက်ညှိုးထိုးပြီးလျှင် သူသည် ဆက်ပြောပြန်သည်။

'ကျွန်ုပ်ကို ဇယသီဟက အရှင်မင်းကြီးထံ လွှတ်လိုက်တယ်။ သူဟာ အသက်နဲ့ကိုယ် ထင်ရှားတော့ မရှိတော့ဘူး။ ဒါပေမယ့် ကျွန်ုပ် သူ အလိုဆန္ဒပြည့် အောင် ဖြည့်နေရမှ ကျေနပ်မယ်။ ဒါမှမဟုတ်ရင် ကျွန်ုပ်အတွက် ငြိမ်းချမ်းမှု ရတော့မှာ မဟုတ်ဘူး၊ အသင်မင်းကြီးအနားမှာနေပြီး အသင်မင်းကြီးရဲ့ အဖော် သဟဲအဖြစ်နဲ့ အကျွန်ုပ် အသင်မင်းကြီးရဲ့ အလုပ်ဟူသမျှကို ဝိုင်းဝန်းကူညီ လုပ်ပေးလိုပါတယ်'

အစပထမတွင် ဘုရင်မင်းကြီးသည် ရဃုပတိ၏စကားအဓိပ္ပာယ်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ ရဃုပတိ ရူးများရူးသွားပြီလားဟုလည်း တစ်ကြိမ်သံသယ ဖြစ်လိုက်မိသေးသည်။

ဘုရင်မင်းကြီးသည် ဘာမျှ ပြန်မပြောဘဲ ငုတ်တုတ်ထိုင်နေ၏။

ရဃုပတိက ဆက်ပြောပြန်သည်။

'ကျွန်ုပ်အားလုံး တွေ့ကြုံပြီးပြီ။ ဘယ်မှာမျှ သုခဆိုတာမရှိဘူး။ အကြမ်း ဖက်ပြီး သတ်ဖြတ်ညှဉ်းဆဲတဲ့နေရာမှာလဲ သုခမရှိဘူး။ တိုင်းပြည်အုပ်ချုပ် မင်းလုပ် တဲ့နေရာမှာလဲ သုခမရှိဘူး။ အရှင်မင်းကြီးလိုက်တဲ့ လမ်းမှာသာ သုခဆိုတာ ရှိတယ်။ ကျွန်ုပ်ဟာ သင်မင်းကြီးကို ရန်ငြိုးထားခဲ့ တယ်၊ အာဃာတပွားခဲ့တယ်၊ ဂွခပေးခဲ့တယ်။ သင်မင်းကြီးကို ကျွန်ုပ်ရဲ့ မျက်မှောက်မှာ သတ်ဖြတ်ပြီး ယဇ်နတ် ပူဇော်ပစ်လိုက်တယ်။ ယနေ့တော့ ကျွန်ုပ်ဟာ အသင်မင်းကြီးဆီကို ကျွန်ုပ်ရဲ့ ကိုယ်ကို အပ်နှင်းဖို့ လာရောက်ခဲ့ရပါပြီ'

ဂေါဝိန္ဒမဏိကျက ပြောလေသည်။ 'ပရောဟိတ်ကြီးဟာ ကျွန်ုပ်ကို ကျေးဇူး အများကြီး ပြုပါတယ်။ ကျွန်ုပ်ရဲ့ရန်သူဟာ အရိပ်ပမာ ကျွန်ုပ်နဲ့ ကပ်ပါနေ ပါတယ်။ သင် ပုရောဟိတ်ကြီးက ကျွန်ုပ်ကို အဲဒီရန်သူလက်က လွတ်မြောက် အောင် လုပ်ခဲ့ပါတယ်'

ရဃုပတိသည် ဂေါဝိန္ဒမဏိကျ ပြောသည့်စကားများကို ဂရုတစိုက် နားထောင်နေခြင်းမရှိဘဲ သူ့စကားကို ဆက်ပြောပြန်လေ၏။

'အရှင်မင်းကြီး၊ အကျွန်ုပ် ဒီလောက် နှစ်ရှည်လများ သက်ရှိသတ္တဝါတွေရဲ့ သွေး မြေကျစေပြီး တင်ဆက်ပသလာခဲ့တဲ့ ဟိံသာတရားတည်းဟူသော ရက္ခိုက် ဘီလူးမဟာ အခု ကျွန်ုပ်ရဲ့ နှလုံးသွေးကိုသောက်နေပါပြီ။ သွေးငတ်မွတ်နေတဲ့ အဲဒီ ကျိုက်ဘီလူးမကို စွန့်ပစ်ပြီး ကျွန်ုပ် အရှင်မင်းကြီးထံ အခု ရောက်လာခြင်း

ဖြစ်ပါတယ်။ အဲဒီ ရက္ခိုက်ဘီလူးမဟာ အခု အရှင်မင်းကြီးရဲ့ တိုင်းနိုင်ငံမှာ မရှိတော့ဘူး။နတ်ကွန်းတွေမှာလည်း မရှိတော့ဘူး။ သူ အခု နန်းတော်ထဲဝင်ပြီး ပလ္လင်ပေါ်မှာ စံနေပါတယ်'

ဘုရင်က ပြောသည်။

'နတ်ကွန်းမှာ မရှိတော့လို့ရှိရင် လူတွေရဲ့ နှလုံးထဲကလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားတော့မှာပေါ့'

နောက်ဖက်မှ ကျက်မိနေသော အသံတစ်သံ ပေါ်လာလေ၏။ 'မဟုတ်ဘူး အရှင်မင်းကြီး၊ လူတွေရဲ့ နှလုံးကသာ နတ်ကွန်းအစစ် ဖြစ်တယ်။အဲဒီနေရာမှာပဲ ဓားကိုသွေးတယ်။ အဲဒီနေရာမှာပဲ လူအရာအထောင်ကို သတ်ဖြတ်လုပ်ကြံတယ်။ နတ်ကွန်းမှာက အစစ်မဟုတ်ဘူး။ သာမန် ဇာတ်ကတာမျှလောက်ပါ'

ဘုရင်မင်းကြီးသည် တအံ့တသြနှင့် နောက်ဖက်လှည့်ကြည့်လိုက်သောအခါ ပြုံးရွှင်စွာရပ်နေသော ဗိလဝန်ကို တွေ့ရလေ၏။ ဘုရင်မင်းကြီးသည် ဗိလဝန်ကို ဦးညွတ်ပြီးလျှင်အက်ကွဲနေသော အသံကြီးဖြင့် ' ဒီနေ့ ကျွန်ုပ် ဝမ်းသာအားရ ဖြစ်ပုံကိုဖြင့်ပြောတောင် မပြချင်တော့ဘူး' ဟု ပြောလိုက်လေ၏။

ဗိလဝန်က ပြောလေ၏။

'အရှင်မင်းကြီးဟာ မိမိကိုယ်ကို အောင်နိုင်တဲ့ အတွက် အားလုံးကို အောင်နိုင်ခြင်းဖြစ်တယ်။ ဒါကြောင့်မို့ ဒီကနေ့ အရှင်မင်းကြီး ရဲ့တံခါးဝမှာ ရန်သူနဲ့မိတ်ဆွေ အားလုံး ညီတူညာတူ လာရပ်ကြခြင်းဖြစ်တယ်'

ရသေ့ကလည်း ရှေ့သို့တိုးလာပြီး ပြောလေ၏။

'အရှင်မင်းကြီး ကျွန်ုပ်လဲ အရှင်မင်းကြီးရဲ့ ရန်သူကြီးတစ်ယောက်ပဲ။ ကျွန်ုပ်လည်း ဒီကနေ့ ကိုယ့်ကိုယ်ကို အရှင်မင်းကြီးရဲ့လက်ထဲ အပ်နှင်းပါတယ်'

ထို့နောက် သူသည် ရဃုပတိကို လက်ညှိုးညွှန်ပြီး ပြန်ပြောလေ၏။

'ဟောဒီ ဗြဟ္မဏကြီးဟာ ကျွန်ုပ်ကိုသိပါတယ်။ သုဇာဘုရင်ဆိုတာ ကျွန်ုပ်ပါပဲ၊ အရှင်မင်းကြီးကို အပြစ်မရှိဘဲနဲ့ တိုင်းပြည်က နှင်ထုတ်လိုက်တဲ့လူဟာ ကျွန်ုပ်ပါပဲ။ အဲဒီအပြစ်ဒဏ်ကိုလည်း ကျွန်ုပ်ခံနေရပါတယ်။ ကျွန်ုပ်ညီတော်ရဲ့ ဟိံသာ ဘီလူးမဟာ ကျွန်ုပ်သွေးကို ချဉ်ခြင်းဖြစ်ပြီး ကျွန်ုပ်နောက်ကို နောက်ယောင်ခံ လိုက်နေပါတယ်။ ကျွန်ုပ်ဟာ ကိုယ့်တိုင်းပြည်မှာ ခြေချစရာတောင် နေရာမရှိ ဖြစ်နေပါတယ်။ ကျွန်ုပ် အခုလိုအသွင်ဖျောက်မထားရင် နေကိုမနေရဲပါဘူး။ သင်မင်းကြီးဆီမှာ ကျွန်ုပ်ကိုယ့်ကိုယ်ကိုအပ်နှံပြီး အသင်မင်းကြီးရဲ့ အကာ အကွယ်အစောင့်အရှောက်ကို ယူလိုပါတယ်'

ဘုရင်မင်းကြီးသည် သုဇာကို လည်ချင်းယှဉ်ဖက်လိုက်ပြီးလျှင် ပြောလေ၏။

ဒီနေ့အဖြစ်မျိုးတော့ ကျွန်ုပ်အတွက် တစ်သက်မမေ့တော့ပါဘူး’

ရဃုပတိကပြောလေ၏။

‘အရှင်မင်းကြီး၊ အရှင်မင်းကြီးကို ရန်သတ္တရု ပြုတာလဲပဲ အကျိုးကျေးဇူး ရှိတယ်။ ကျွန်ုပ်ဟာ အရှင်မင်းကြီးကို ရန်ငြိုးထားတဲ့ အတွက်ကြောင့်ပဲ ဒီကနေ့ ဒီအရှင်မင်းကြီးဆီလာပြီး ဦးညွှတ်ရတယ်။ နို့မဟုတ်ရင် အရှင်မင်းကြီးရဲ့သဘောကို ဘယ်တော့မှ ခုလောက်နားလည်သဘောပေါက်မှာ မဟုတ်ဘူး’

ဗိလဝန်က ပြုံးပြီးပြောလေ၏။

‘မှန်တယ်၊ ထောင်ချောက်ထဲမှာ မိနေပြီးတဲ့ နောက် အဲဒီထောင်ချောက်ထဲက ရုန်းထွက်ဖို့ ကြိုးစားရင် ထောင်ချောက်ထဲမှာ ထပ်ပြီး မိနေတတ်တယ်’

ရဃုပတိက ပြောလေ၏။

‘အခုတော့ ကျွန်ုပ်အဖို့မှာ ဘယ်လိုအခက်အခဲမျိုး၊ ဘယ်လိုဒုက္ခမျိုးမှ မရှိတော့ဘူး။ ကျွန်ုပ် အခု ငြိမ်းချမ်းရေးရသွားပြီ။

ဗိလဝန်က ပြောလေ၏။

‘ငြိမ်းချမ်းမှု၊ သာယာမှုဆိုတာဟာ ကိုယ့်နှလုံးတွင်းမှာသာရှိတယ်။ လူတွေက အဲဒါကို မရှာကြဘူး။ ဘုရားသခင်က အဲဒီ အမြိုက်အရသာကိုမြေအိုးထဲမှာ ထားခဲ့သလိုပဲ။ ဒါပေမယ့် အဲဒီအထဲမှာအမြိုက်အရသာရှိတယ်လို့ ဘယ်သူကမျှ မယုံကြည်ကြဘူး။ အိုးထိခိုက်ပြီးကွဲသွားမှပဲ ဟာဒီလိုအရာမျိုးလည်း ဒီအထဲမှာ ရှိပါကလားဆိုပြီး အမြိုက်အရသာ ကို မြည်းမိကြတော့တယ်’

ထိုအခိုက် ဟေး၊ ဟားနှင့် ဆူညံပြီး ကလေးသူငယ်ပေါင်းများစွာတို့သည် ရဲတိုက်အတွင်းသို့ ရောက်လာကြလေ၏။ ဘုရင်မင်းကြီးသည် ကလေးများဘက်သို့ ညွှန်ပြပြီး ဗိလဝန်ကို ပြောလိုက်လေသည်။

‘ပုရောဟိတ်ကြီး ဟိုမှာ ကြည့်။ အဲဒီကလေးတွေ အားလုံးဟာ ကျွန်ုပ်ရဲ့ ခုဝချည်းပါပဲ’

ဗိလဝန်က ပြောလေသည်။

‘ခုဝတစ်ယောက်အတွက် သင်မင်းကြီး ဒီလောက်များပြားတဲ့ ခုဝတွေကို ရတယ်။ အဲဒီ ခုဝတစ်ယောက်ကိုလဲ သင်မင်းကြီးဆီ ခေါ်လာခဲ့ပါ့မယ်’

ယင်းသို့ပြောပြီး ဗိလဝန်သည် အပြင်သို့ ထွက်သွားလေ၏။ အတန်ကြာသောအခါ ခုဝကို ချီပြီး ပြန်လာပြီးလျှင် သူသည် ခုဝကို ဘုရင်မင်းကြီး၏ ရင်ခွင်ထဲ ထည့်လိုက်လေ၏။ ဘုရင်မင်းကြီးသည် ခုဝကို အတင်းပွေ့ချီပြီး ‘ခုဝ’ ဟု ခေါ်လိုက်လေ၏။

ခုဝသည် မည်သို့မျှ ပြန်မပြောပေ။ တိတ်ဆိတ်စွာဖြင့် ဘုရင်မင်းကြီး၏

ဦးခေါင်းပေါ်၌ သူ့ဦးခေါင်းတင်ပြီး မေးနေလေ၏။ နေ့ရက်ပေါင်းများစွာ ကြာမြင့်ပြီး သည့်နောက်မှ ပြန်လည်တွေ့ဆုံရသည်ဖြစ်၍ ထိုသူငယ်၏သေးငယ်သော နှလုံး အတွင်း၌ ရှက်ခြင်း၊ ရွံ့ခြင်းများဖြစ်ပေါ်နေဟန်တူသည်။ သူသည် ဘုရင်မင်းကြီး ၏ လည်ပင်းကိုဖက်ပြီးသူ၏မျက်နှာကလေးကို ကွယ်ဝှက်ထားလေသည်။

ဘုရင်ကြီးက ပြောလိုက်လေသည်။

'အားလုံးအဆင်ပြေသွားပြီ။ နက္ခတ္တရာယ တစ်ယောက်က 'နောင်တော်လို့ ခေါ်ဖို့ပဲ ရှိတော့တယ်'

သုဇာက ဝင်ပြီးပြောလေ၏။

'အရှင်မင်းကြီး၊ ဒီပြင်လူတွေအားလုံးက ညီအစ်ကိုအရင်းသဖွယ် ဆက်ဆံကြ ပါတယ်။ ကိုယ့်ညီအရင်းခေါက်ခေါက်ကပဲ ညီအစ်ကိုလို မဆက်ဆံတာ'

သုဇာ၏နှလုံးထဲတွင် စိုက်ဝင်နေသော ထိုတံစို့လုံကျင်သည် ထိုအချိန် အထိပင် ထွက်မသွားသေးပေ။

ဤနေရာ၌ ထုတ်ဖော်ပြောဖို့ရန် လိုအပ်မည်ထင်၏။ သုဇာနှင့် ပါလာသော ကလေးသုံးယောက်မှာ ယောကျ်ားအသွင်ပြောင်းထားသော သုဇာ၏သမီး သုံးယောက်ဖြစ်သည်။ သုဇာသည် မက္ကာသွားမည်ဆိုပြီးစစ်တကောင်း သင်္ဘော ဆိပ်သို့ သွားခဲ့လေသည်။ သို့ရာတွင် မိုးသည်းထန်စွာ ရွာသွန်းနေသောကြောင့် သူသည် သင်္ဘောမရပေ။ သို့ဖြစ်၍စိတ်ပျက်ပြီးပြန်လာခဲ့ရာ လမ်းခရီး၌ ဤကဲ့သို့ ဂေါဝိန္ဒမဏိကျနှင့် ရဲတိုက်၌ တွေ့ဆုံခြင်း ဖြစ်လေ၏။ ရဲတိုက်တွင် နေ့ရက်အတန်ကြာမျှနေထိုင်ပြီးသည့်နောက် အောက်ရဂျေဗ်ဘုရင်၏ တပ်သားများ သူ့နောက် သတင်းအနံ့ခံပြီး လိုက်လာသည်ဟူသော သတင်းကို ကြားရလေသည်။ ဂေါဝိန္ဒမဏိကျ၏ အလုပ်အကျွေးများသည် မြင်းလားများကို စီစဉ်ပြီးလျှင် သုဇာကို သူ၏မိတ်ဆွေ ရခိုင်ဘုရင်၏အထံသို့ ပို့လိုက်လေ၏။ ခွဲခွာခါနီး၌သုဇာက သူ၏အဖိုးတန် ဓားကို ဘုရင်မင်းကြီးအား လက်ဆောင် အဖြစ် ပေးထားခဲ့လေ၏။

ဘုရင်မင်းကြီးသည် ရဃုပတိ၊ ဗိလဝန်နှင့် အတူတကွ တစ်ရွာလုံးရှိ လူများ အား အစစအရာရာ ပြုပြင်မြှင့်တင်ပေးလေ၏။ ဘုရင်မင်းကြီး၏ ထိုရဲတိုက်မှာ ထိုရွာ၏ အသက်သွေးခဲသဖွယ် ဖြစ်နေတော့၏။

ယင်းသို့အားဖြင့် နှစ်ပရိစ္ဆေ ခြောက်နှစ်ကာလ ကြာရှိသွားသောအခါ ခတ္တမဏိကျသည် ကွယ်လွန်သွားလေသည်။ တရိပူရမှ တမန်ရောက်လာပြီး ဂေါဝိန္ဒမဏိကျအား ထီးနန်းကို ပြန်လည်သိမ်းပိုက်ရန် တောင်းပန်လေ၏။ ဂေါဝိန္ဒမဏိကျသည် အစပထမတွင် 'ကျွန်ုပ် တရိပူရကို မပြန်တော့ဘူး' ဟု

ငြင်းဆန်နေသေးသည်။

ဗိလဝန်က ဖြောင်းဖျပြော၏။

'အရှင်မင်းကြီး၊ ဒီလိုမလုပ်ပါနဲ့။ တရား ကိုယ်တိုင်က တံခါးဝလာပြီး ခေါ်ငင် နေတဲ့ဟာကို ဒီလို ခါးခါးသီးသီး ငြင်းပယ်တာ မသင့်လျော်ပါဘူး'

ဘုရင်မင်းကြီးက သူ၏ကျောင်းသား ကလေးငယ်များကို ကြည့်ပြီးလျှင် ပြောလေ၏။

'ကျွန်ုပ်ရဲ့ ဒီကနေ့အထိ မျှော်လင့်လာတဲ့ မျှော်မှန်းချက်၊ ဒီကနေ့အထိ လုပ်လာတဲ့ လုပ်ငန်းဟာ မပြည့်မစုံနဲ့ တစ်ပိုင်းတစ်ပျက် ဖြစ်နေမှာပေါ့'

'အရှင်မင်းကြီးရဲ့အလုပ်ကို ဒီမှာ ကျွန်ုပ် ဆက်လုပ်နေရစ်ပါ့မယ်'

ဒီလိုလဲ မဖြစ်သေးဘူး၊ ပုရောဟိတ်ကြီး ဒီမှာနေခဲ့ရင် ဟိုမှာ ကျွန်ုပ် လုပ်ကိုင်ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားဟာလဲ ပြည့်စုံအောင်မြင်မှာမဟုတ်ဘူး'

' ဒီလိုမဟုတ်ပါဘူး အရှင်မင်းကြီး၊ အခု အသင်မင်းကြီးအတွက် ကျွန်ုပ် မလိုတော့ပါဘူး၊ အသင်မင်းကြီးကိုယ်တိုင် ကိုယ့်တာဝန်ကိုယ် နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်ပါပြီ၊ ကျွန်ုပ် မကြာခဏဆိုသလို အရှင်မင်းကြီးနဲ့ တွေ့ဆုံရအောင် လာပါ့မယ်'

ဘုရင်မင်းကြီးသည် ခုဝကိုခေါ်ပြီး ပြည်တော်ဝင်ခဲ့လေသည်။ ယခုအခါတွင် ခုဝသည် ယခင်အခါကလို ကလေးမဟုတ်တော့ပေ။ ဗိလဝန်၏ကျေးဇူးကြောင့် သင်ကရိုက်ဘာသာ သင်ကြားတတ်မြောက်ပြီး ကျမ်းစာများကို ဖတ်နေလေပြီ။ ရဃုပတိသည် ပုရောဟိတ်အလုပ်ကို တစ်ဖန်ပြန်ပြီး လုပ်လေ၏။ ယခုတစ်ကြိမ် နတ်ကွန်းထဲရောက်သွားသည့်အခါ၌မူ သူသည် သေဆုံးနေပြီးဖြစ်သော ဇယသီဟကို အသက်တစ်ဖန် ပြန်ပြီးရှင်နေသလိုလို တွေ့ရလေ၏။

**ပါရဂူ**

သူ၏စိတ်နှလုံးသည် အားအမဲ့သူတို့ကို အကူ
အညီ ပေးလိုသည့်ဆန္ဒ ဒုက္ခသည်တို့ကို
အကျိုးပြုစေလိုသည့် ဆန္ဒသည် ပြင်းပြစွာ
နိုးကြားပေါ်ပေါက်လာလေသည်။ သူသည်
သူ၏ ရှိသမျှအင်အား ရှိသမျှဥစ္စာကို
သူတပါးအတွက် စွန့်လွှတ်လိုက်လေသည်။
သူ့ကိုယ်ကျိုးအတွက်ဘာမျှ လုပ်စရာ
မလိုတော့ပေ။

# ပါရဂူ

## သူ့လိုဘုရင်

တကိုး၏ဝတ္ထု။



http://myanmarpyithar.net